ပိဋကတ်ပါဠိတော်

မြန်မာပြန်ကျမ်းများ၏

အဆီအနှစ်အရသာကို ဖေါ်ထုတ်သည့် မိတ်ဆက်စာတမ်းဖြစ်သော

# ပါဠိတော်မြန်မာပြန်ကျမ်းများ

၏

## ကျမ်းဦးမှတ်ဖွယ်များ

ရန်ကုန်မြို့

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်

သာသနာတော်နှစ် ၂၅၀၉ ကောဇာသက္ကရာဇ် ၁၃၂၇ ခရစ်နှစ် ၁၉၆၅

၄၀၆၉၈

ပိဋကတ်ပါဠိတော်

မြန်မာပြန်ကျမ်းများ၏

အဆီအနှစ်အရသာကို ဖော်ထုတ်သည့် မိတ်ဆက်စာတမ်းဖြစ်သော

# ပါဠိတော်မြန်မာပြန်ကျမ်းများ

၏ သာသနာတော်တွန်းကားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး - ရန်ကုန်။

## ကျမ်းဦးမှတ်ဖွယ်များ

ရန်ကုန်မြို့

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်

သာသနာတော်နှစ် ၂၅၀၈ ကောဇာသက္ကရာဇ် ၁၃၂၆ ခရစ်နှစ် ၁၉၆၅

## ပါဠိတော် မြန်မာပြန်ကျမ်းများနှင့် မိတ်ဆက်စာတမ်း

# အမှာစာ

သမုဒ္ဒရာရေတစက်တပေါက်ကို လျှာပေါ်၌ တင်ရုံမျှနှင့်ပင် အတိုင်းမသိ ကျယ်ပြန့်နက်ရှိုင်း မြားမြောင်လှသည့် သမုဒ္ဒရာရေထုကြီးတခုလုံး၏ ငန်သောအရသာကို သိနိုင်ပေသည်။ သကြား တမှုန့်တပွင့်မျှကို လျှာပေါ်၌ တင်ကာမျှနှင့်ပင် မြားမြောင်လှသည့် သကြားတို့၏ ချိုမြသော အရသာကို သိနိုင်ပေသည်။ ထိုနည်းတူပင် ရှင်တော်ဘုရား ဟောကြားတော်မူသည့် တရားတော် ၏ အဆီအနှစ်ဝိမုတ္တိအရသာကို ယခုရေးသားထုတ်ဝေသည့် 'ပါဠိတော်မြန်မာပြန်များ၏ ကျမ်းဦး မှတ်ဖွယ်'အနည်းငယ်မျှကို ဖတ်ရုံ လေ့လာရုံမျှနှင့်ပင် သိနိုင်မည်ပင် ဖြစ်ပါသည်။ မြတ်စွာဘုရား၏ တရားတော်သည် အတိုင်းမသိ ကျယ်ပြန့်သည်၊ နက်နဲသည်၊ ခက်ခဲသည်၊ သိမ်မွေ့လှသည်။ ထိုသို့ ကျယ်ပြန့်နက်နဲ ခက်ခဲသိမ်မွေ့လှသည့် တရားတော်၏ အဆီအနှစ်တို့ကို ဤကျမ်းဦးမှတ်ဖွယ်များကို လေ့လာရုံမျှနှင့်ပင် သိနိုင်ပေရာ ဤကျမ်းဦးမှတ်ဖွယ်များသည် စာဖတ်သူ ပညာရှင်တို့ကို မူရင်းပိဋကတ်တော်မြန်မာပြန်ကျမ်းတို့ဆီသို့ လမ်းညွှန်ခေါ်ဆောင်သည့် နိဗ္ဗာန်လမ်းပြ မီးရှူး တန်ဆောင်များပင် ဖြစ်ပါသည်။ 'အရိပ်ပြ-အကောင်ထင်၊ အပွေးမြင်-အပင်သိ' ဆိုသကဲ့သို့ ဤစာကို 'မြိန်း' ရုံမျှနှင့်ပင် လေ့လာသူ သုတေသီတို့သည် ပိဋကတ်ပင်လယ်ကြီး၏ အရသာကို သိနိုင်ကြမည်ပင် ဖြစ်ပါသည်။ တနည်းအားဖြင့် ဥပမာတင်ရပါမူ သင်အပ်ပြီး၍ ယဉ်ကျေးပြီး ဖြစ်သော ချိုး, ခါ, ငှက်တိန်ညင်ကလေးများသည် သာယာသော တွန်သံဖြင့် မိမိတို့၏ ဘဝတူ ဆွေရင်းမျိုးချာတို့အား သွေးဆောင်ဖြားယောင်းခေါ်ယူဘိသကဲ့သို့ ဤကျမ်းဦးမှတ်ဖွယ်တို့သည် လည်း မြန်မာပြန်ပိဋကတ်ကျမ်းများကို မတွေ့ဘူး မမြင်ဘူး မဖတ်ဘူးသေးသည့် ပညာရှင် သူတော်ကောင်းတို့အား ဖြားယောင်းဖိတ်ခေါ်သည့် 'စာတိန်ညင်' များဖြစ်ပါစေဟုပင် ရည်မှန်း မိပါသည်။

စားကောင်းသောက်ဖွယ်တို့ကို စားရလျှင် မိမိချစ်သူကို အောက်မေ့တမ်းတမြဲ ဖြစ်ဘိသို့ ပိဋကတ်ပါဠိတော်မြန်မာပြန်ကျမ်းတို့၏ အရသာကိုလည်း တအူတုံဆင်း ဆွေရင်းမျိုးချာဖြစ်ကြ သည့် ပြည်ထောင်စုဘွား တိုင်းရင်းသားသူတော်ကောင်းတို့အားလည်း ခံစား စံစားစေလိုသည့် စေတနာဖြင့် ဤ'ကျမ်းဦးမှတ်ဖွယ်စာတမ်း'ကို ဖြန့်ချိထုတ်ဝေလိုက်ရပေသည်။

# ပိဋကတ်မြန်မာပြန်များအကြောင်း

၄၅-နှစ်(၄၅-ဝါ)အတွင်း ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူသည့် တရားစကားတော်များကို၎င်း ထို ၄၅-နှစ်အတွင်း၌ဖြစ်စေ ထိုနောက်မှဖြစ်စေ ဗုဒ္ဓရှင်တော်ဘုရား၏ တပည့်သားတို့က ဗုဒ္ဓရှင်တော်ဘုရား၏ နည်းနာနိဿယကိုယူ၍ ဟောကြားတော်မူခဲ့ကြသည့် တရားစကားတော်များကို၎င်း ပါဠိတော်(စကားတော်အစဉ်)ဟု ခေါ်ဝေါ်ကြရလေသည်။

ထိုပါဠိတော်(စကားတော်အစဉ်)တို့ကို သံဂါယနာတင်မူ ပြုတော်မူကြသည့် အရှင်မြတ်တို့က—

| | | |
|---|---|---|
| ၁။ | ဝိမုတ္တိရသအားဖြင့် | ၁ |
| ၂။ | ဓမ္မဝိနယအားဖြင့် | ၂ |
| ၃။ | ဝစနအားဖြင့် | ၃ |
| ၄။ | ပိဋကအားဖြင့် | ၃ |
| ၅။ | နိကာယ်အားဖြင့် | ၅ |
| ၆။ | ဓမ္မက္ခန္ဓာအားဖြင့် | ၈၄၀၀၀ |

ဟု ပိုင်းခြားခဲ့ဝေ၍ သတ်မှတ်ထားတော်မူခဲ့ကြလေသည်။

ထို ၆-မျိုးတို့တွင် (၁) (၂) (၃) နှင့် (၆) တို့ကို ချန်ထား၍ ကျွန်ုပ်တို့ အထူးသိအပ်သည့် ပိဋကသုံးပုံနှင့် နိကာယ်ငါးရပ်တို့အကြောင်းကို ရေးသားဖော်ပြပါအံ့။

**နိကာယ်ငါးရပ်**

"နိကာယ်"ဟူသောစကားမှာ 'နိကာယ'ဟူသော ပါဠိစကားပင် ဖြစ်သည်။ အဓိပ္ပါယ်မှာ 'အပေါင်းအစု'ဟု ဆိုလိုသည်။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားဒေသနာတော်များကို အမျိုးအစားပိုင်းခြား၍ အစုငါးစုပြု၍ ထားခဲ့သည်ကို 'နိကာယ်ငါးရပ်'ဟု ခေါ်သည်။

ထို'နိကာယ်ငါးရပ်'တို့မှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

(၁) ဒီဃနိကာယ=ရှည်သောသုတ်များကို စုပေါင်းထားခြင်း၊

(၂) မဇ္ဈိမနိကာယ=မရှည်မတို အလယ်အလတ်သုတ်တို့ကို စုပေါင်းထားခြင်း၊

(၃) သံယုတ္တနိကာယ=တရားသဘော အားဖြင့်၎င်း ဟောကြားချက် အားဖြင့်၎င်း တူသည်ဖြစ်၍ ယှဉ်တွဲသင့်သည့်သုတ်တို့ကို ယှဉ်တွဲ၍ စုပေါင်းထားခြင်း၊

(၄) အင်္ဂုတ္တရနိကာယ=အင်္ဂါတခုစီ ကျော်လွန်သည့် သုတ်များကို စုပေါင်းထားခြင်း၊ တနည်းဆိုသော် တပါး, နှစ်ပါး, သုံးပါးစသည်ဖြင့် ၁၁-မျိုးအထိ တရားသဘော အင်္ဂါရပ်များကို တိုး၍ တိုး၍ ကျော်လွန်ပိုမိုပြဆိုအပ်သော သုတ်အသီးသီးတို့ကို စုပေါင်းထားခြင်း၊

(၅) ခုဒ္ဒကနိကာယ=အတိုင်းအရှည်ပမာဏအားဖြင့် တိုသောသုတ်များကို စုပေါင်းထားခြင်း၊

ဤသို့အားဖြင့် အစုနိကာယ်ပေါင်း ငါးခုရှိလေသည်။ ထိုနိကာယ်ငါးရပ်ကို ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ်ဟု ခေါ်ဝေါ်လေ့ရှိသည်။

**နိကာယ်ငါးရပ်နှင့် ပိဋကသုံးပုံတို့၏ ဆက်သွယ်ပုံကိုလည်း သိအပ် သိထိုက်သည်အားလျော်စွာ** အမြွက်မျှ ဖော်ပြပါဦးအံ့။

မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်အားလုံးကို နိကာယ်အရ ပိုင်းခြားလျှင် အထက်၌ ပြခဲ့သည့်အတိုင်း ငါးစုဖြစ်၍ ပိဋကအရ ခွဲခြားလျှင် သုတ္တန်, ဝိနည်း, အဘိဓမ္မာဟူ၍ သုံးစုဖြစ်လေသည်။ မြတ်စွာဘုရားဟောကြားတော်မူသည့် ပါဠိတော်ကျမ်းရင်းမှာ ၅၂-ကျမ်း ဖြစ်သည်။ ယခုအခါ ဆဋ္ဌသင်္ဂါယနာမှ ရိုက်နှိပ်ထုတ်ဝေသည့်အတိုင်းမှာ စာအုပ် ၄၀-ဖြစ်သည်။ အချို့ကျမ်းများကို တအုပ်ဘည်း၌ စုပေါင်းရိုက်နှိပ်သဖြင့် ကျမ်းအရေအတွက်အားဖြင့် ၅၂-ကျမ်းရှိသော်လည်း စာအုပ်အရေအတွက်မှာ ၄၀-သာ ဖြစ်ချေသည်။

ကျမ်းပေါင်း ၅၂-တို့မှာ—

| | | |
|---|---|---|
| (၁) | ဒီဃနိကာယ် | ၃ ကျမ်း (၃-အုပ်) |
| (၂) | မဇ္ဈိမနိကာယ် | ၃ ကျမ်း (၃-အုပ်) |
| (၃) | သံယုတ္တနိကာယ် | ၅ ကျမ်း (၃-အုပ်) |
| (၄) | အင်္ဂုတ္တရနိကာယ် | ၁၁ ကျမ်း (၃-အုပ်) |
| (၅) | ခုဒ္ဒကနိကာယ် | ၃၀ ကျမ်း (၂၈-အုပ်) |
| (က) | ဝိနည်း ၅-ကျမ်း | (၅-အုပ်) |
| (ခ) | အဘိဓမ္မာ ၇-ကျမ်း | (၁၂-အုပ်) |
| (ဂ) | သုတ္တန် ၁၈-ကျမ်း | (၁၁-အုပ်) |
| | | ပေါင်း ကျမ်း ၅၂၊ စာအုပ် ၄၀ |

ထိုကျမ်းတို့ကို ပိဋကအရ ခွဲခြားဝေဘန်သော် အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) **သုတ္တန်ပိဋက၌အကျုံးဝင်သော** နိကာယ်နှင့်ကျမ်းများမှာ—

| | | | |
|---|---|---|---|
| (က) | ဒီဃနိကာယ် ၃-ကျမ်း | (၃-အုပ်) | ကျမ်းပေါင်း-၄၀ စာအုပ်ပေါင်း-၂၃ |
| (ခ) | မဇ္ဈိမနိကာယ် ၃-ကျမ်း | (၃-အုပ်) | |
| (ဂ) | သံယုတ္တနိကာယ် ၅-ကျမ်း | (၃-အုပ်) | |
| (ဃ) | အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်း | (၃-အုပ်) | |
| (င) | ခုဒ္ဒကနိကာယ် ၁၈-ကျမ်း | (၁၁-အုပ်) | |

(၂) **ဝိနည်းပိဋက၌** အကျုံးဝင်သော နိကာယ်နှင့် ကျမ်းများမှာ—
ခုဒ္ဒကနိကာယ်မှ ဝိနည်း ၅-ကျမ်း (၅-အုပ်)

(၃) **အဘိဓမ္မာပိဋက၌** အကျုံးဝင်သော နိကာယ်နှင့် ကျမ်းများမှာ—
ခုဒ္ဒကနိကာယ်မှ အဘိဓမ္မာ ၇-ကျမ်း (၁၂-အုပ်)

ဟူ၍ပင် ဖြစ်ပါသည်။

မှတ်ချက်။ ။ဥပရိပဏ္ဏာသ၌ ၅၂-သုတ်မျှရှိသော်လည်း သာမည အပိုအလိုကို ပမာဏမပြုသော နည်းအားဖြင့် ခေါ်ခြင်းမျိုးဖြစ်သည်။

**မူလပဏ္ဏာသ၌** အစဦးဖြစ်သည့် မူလပရိယာယသုတ်သည် 'အတ္တ'ပြုတ်ရေးအတွက် အခြေခံပရိယာယ်စုံစွာ တန်းဆာဆင်၍ ဟောထားတော်မူသော သုတ်တော်ဖြစ်လေသည်။ ထို့ကြောင့် လွယ်မယောင်နှင့် များစွာခက်ခဲနက်နဲသည့် သုတ်တော်ဖြစ်လေရာ....ယခုအခါ တိုင်းရင်းမြန်မာဘာသာဖြင့် မြန်မာလူမျိုးတိုင်း လွယ်ကူစွာ လေ့လာနိုင်ခွင့် ရကြပေပြီ။

ဤမှတပါး **ဤပဏ္ဏာသ ၃-ကျမ်းတို့၌** ဗုဒ္ဓဘာသာလောကတွင် မဖတ်လျှင်မဖြစ် မသိလျှင်မဖြစ်ဟု ဆိုရမည့် သမ္မာဒိဋ္ဌိအလင်း ဉာဏ်ကိုပွင့်စေမည့် သမ္မာဒိဋ္ဌိသုတ်၊ ဝိသုဒ္ဓိ ၇-ပါးကို ရထား ၇-စင်း ဥပမာဖြင့် ပြဆိုရာ ရထဝိနီတသုတ်၊ အနတ္တဝါဒအောင်ပွဲကြီးကို သဘောနှင့်တကွပြဆိုရာ စူဠသစ္စကသုတ်၊ သက္ကာယဒိဋ္ဌိချုတ်ခဏ်း, မဂ်တက်စဉ်လမ်းကို ပြဆိုရာ စူဠဝေဒလ္လသုတ်၊ ခေတ်ကမ္မဋ္ဌာန်းကျမ်းဟု ခေါ်ထိုက်သည့် မဟာရာဟုလောဝါဒသုတ်၊ ကမ္မသကတာဉာဏ် ရင့်သန်စေမည့် စူဠကမ္မ-ဝိဘင်္ဂသုတ်၊ ဒါနအကျိုး အမျိုးမျိုးကို ခွဲခြမ်းပြဆိုရာ ဒက္ခိဏာဝိဘင်္ဂသုတ်စသော သုတ်များ ပါရှိလေသည်။

ဤမဇ္ဈိမနိကာယ် ၃-ကျမ်းလာ ၁၅၂-သုတ်တို့ကား—ဒီဃနိကာယ်လာသုံးဖြာသော သီလတို့နှင့် တန်းဆာဆင်အပ်ပြီး၍ သီလသမ္ပဒါဂုဏ်နှင့် ပြည့်စုံတော်မူကြသည့် အရိယာသာဝကတို့သည် ဤမည်ဤမည်သော နည်းလမ်းဥပါယ်ဖြင့် သမာဓိသိက္ခာ, သမာဓိဘာဝနာကို ကျင့်ဖြည့်နိုင်ကြစေရန် မြော်ကိုး၍ ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူခဲ့သည့် သုတ်တော်များချည်း ဖြစ်ပေသဖြင့် ဗုဒ္ဓသာသနာတွင် အထူးပင် အရေးပါသော တရားများပင် ဖြစ်ပေသည်။

**၃။ သံယုတ္တနိကာယ**

ဤနိကာယ်၌ ဗုဒ္ဓဘုရား ဟောကြားတော်မူခဲ့သမျှ စကားတော်များမှ ပုဂ္ဂိုလ်အားဖြင့်ရင်း တရားအားဖြင့်ရင်း သဘောအားဖြင့်ရင်း တူသောသုတ်တို့ကို သံဂါယနာတင်ဆရာတို့က ပူးပေါင်းဖော်ပြတော်မူခဲ့ကြလေသည်။

နတ်တို့အား ဟောကြားတော်မူသည့် သုတ်တော်များ ပူးပေါင်းထားသည်ကို ဒေဝတာသံယုတ်။

ကောသလမင်းနှင့် စပ်လျဉ်း၍ ဟောကြားရာ သုတ်တော်များ ပူးပေါင်းထားသည်ကို ကောသလသံယုတ်။

မာရ်နတ်နှင့်စပ်လျဉ်း၍ ဟောကြားတော်မူရာ သုတ်တော်များ ပူးပေါင်းထားသည်ကို မာရသံယုတ်။

အကြောင်း (နိဒါန်း)နှင့် အကျိုးဆက်စပ်ပုံ သဘောများ (ဝါ-ပဋိစ္စသမုပ္ပါဒ်သဘောများ)ကို ပြဆိုသည့်သုတ်များ ပူးပေါင်းထားသည်ကို နိဒါန(ဝဂ္ဂ)သံယုတ်။

ခန္ဓာငါးပါးနှင့် စပ်လျဉ်း၍ ဟောကြားတော်မူရာ သုတ်တော်များ ပူးပေါင်းထားသည်ကို ခန္ဓဝဂ္ဂသံယုတ်။

အဇ္ဈတ္တိကာယတန ၆-ပါး ဗာဟိရာယတန ၆-ပါးတို့နှင့် စပ်လျဉ်း၍ ဟောကြားတော်မူသည့် သုတ်တော်များ ပူးပေါင်းထားသည်ကို သဠာယတနဝဂ္ဂသံယုတ်။

မင်္ဂသံယုတ် ဗောဇ္ဈင်္ဂသံယုတ် စသော တရားသဘောများကို အရင်းပြုပူးပေါင်းထားရာ သုတ်တော်များကို မဟာဝဂ္ဂသံယုတ်ဟု အသီးသီးခေါ်ဝေါ်လေသည်။ အချုပ်အားဖြင့် သံယုတ် ငါးကျမ်းရှိလေသည်။ ၎င်းတို့မှာ....

(၁) သဂါထာဝဂ္ဂသံယုတ်

(၂) နိဒါနဝဂ္ဂသံယုတ်

(၃) ခန္ဓဝဂ္ဂသံယုတ်

(၄) သဠာယတနဝဂ္ဂသံယုတ်

(၅) မဟာဝဂ္ဂသံယုတ်

များဖြစ်ကြပေသည်။

ဤသံယုတ်ငါးကျမ်း၌ သုတ်ပေါင်း ၇၇၆၂-သုတ်မျှ ပါရှိလေသည်။

ဗုဒ္ဓတရားတော်များကို ကြည့်ရှုရာ၌ ဤသံယုတ္တနိကာယ်မှာ တရားအဘိဓာန်ကြီးသဖွယ် ဖြစ်သဖြင့် အလွန်ကျေနပ်အားရဖွယ်ကောင်းလေသည်၊ သဂါထာဝဂ္ဂသံယုတ်မှာ နီတိဂါထာများ သဖွယ် လွယ်ကူသောတရားဂါထာများကို စုပေါင်းမှတ်တမ်းတင်ထားသဖြင့် နက်နဲသောတရား သဘောများကို သိလွယ်အောင် တင်ပြထားသည်ကို တွေ့ရ၏၊ ထိုနည်းတူစွာ နိဒါနဝဂ္ဂသံယုတ်, ခန္ဓဝဂ္ဂသံယုတ် စသည်ဖြင့် ဆိုင်ရာဆိုင်ရာ တရားသဘောများကို ဆိုင်ရာခေါင်းစဉ်အောက်တွင် အလွယ်တကူ ကြည့်နိုင်သဖြင့် ကြည့်ရှု၍လည်း လွယ်ကူလှပေသည်။

### ၄။ အင်္ဂုတ္တရနိကာယ

၁-ပါးကစ၍ ၁၁-ပါးအထိ အင်္ဂါတခုစီ ကျော်လွန်ပိုမိုဖော်ပြထားရာ ဗုဒ္ဓဘုရား၏ စကားတော် ပေါင်း ၁၁-မျိုး(၁၁-ကျမ်း)တို့ကို အင်္ဂုတ္တရနိကာယဟု ခေါ်ဝေါ်လေသည်။

ဗုဒ္ဓဘာသာဆိုင်ရာ ရှေးခေတ်စွယ်စုံကျမ်းဟု ခေါ်နိုင်ပေသည်။

(၁) အင်္ဂုတ္တိုရ်၊ ၁၁-ကျမ်းအနက် ဧကကနိပါတ်မှ စတုက္ကနိပါတ်အထိ လေးကျမ်းကို တအုပ်။

(၂) ပဉ္စကမှ သတ္တကအထိ သုံးကျမ်းကို တအုပ်။

(၃) အဋ္ဌကနိပါတ်မှ ဧကာဒသကနိပါတ်အထိ လေးကျမ်းကို တအုပ်အားဖြင့် သုံးအုပ်ခွဲ၍ ရိုက်နှိပ်ထားပါသည်။ ထိုအင်္ဂုတ္တိုရ်၊ ၁၁-ကျမ်း၌ သုတ်ပေါင်း ၉၅၅၇-သုတ်မျှ ပါရှိလေသည်။

အင်္ဂုတ္တိုရ်ကျမ်းကြီးသည် ဗဟုဿုတ ပဒေသာပင်ကြီးဖြစ်သည်၊ တနည်းအားဖြင့်ဆိုရလျှင် မြန်မာ့ယဉ်ကျေးမှု၏ ရေသောက်မြစ်ပင်ဖြစ်သည်။ မိမိ၏ရည်ရွယ်ချက် အောင်မြင်သည့်နည်းလမ်း များ၊ ဘေးဥပဒ်ဟူသမျှကို ရင်ဆိုင်ဝံ့သည့် သတ္တိနှင့်ပြည့်စုံသည့် နည်းလမ်းများ၊ ကြောက်စိတ် လန့်စိတ်တို့ ပပျောက်စေသည့်နည်းလမ်းများ၊ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသည့်နည်းလမ်းများ၊ ပညာရှိဖြစ်သည့်နည်းလမ်းများ၊ ဂုဏ်သတင်းကျော်ကြားသည့် နည်းလမ်းများ၊ လောကဓံ လေ လှိုင်းဒဏ်တို့ကို သည်းခံနိုင်သည့် နည်းလမ်းများစသည့် မျက်မှောက်အကျိုး တမလွန်အကျိုးရရှိ မည့်နည်းလမ်းတို့ကို ဖတ်ရှုနိုင်သည်။

ထို့ပြင် ဗုဒ္ဓမြတ်စွာသည် လေးဆယ့်ငါးဝါကာလပတ်လုံး တရားတော်များကို ဟောတော်မူခဲ့ရာ၌ သရုပ်သဘောဖြင့် ဟောတော်မူခဲ့သမျှ တရားဓမ္မတော်များကို သရုပ်အစဉ်အတိုင်း စုပေါင်းဖော်ပြထားသဖြင့် ဗုဒ္ဓဝါဒသရုပ်ပြဒေသနာကျမ်းတော်ကြီးလည်း ဖြစ်ပေသည်၊ ထို့ကြောင့် ဗုဒ္ဓဝါဒသရုပ်ပြဒေသနာများကို လေ့လာလိုကြသူတိုင်း ဤအင်္ဂုတ္တိုရ်ကျမ်းကြီးများကို လက်မလွှတ်သင့်ဟု ဆိုရပေတော့မည်။

**၅။ ခုဒ္ဒကနိကာယ**

ကျမ်းအရေအတွက်အများဆုံးနှင့် တရားသဘောအစုံဆုံးပါရှိသော နိကာယ်မှာ ခုဒ္ဒကနိကာယ်ပင် ဖြစ်၏။

ယင်းခုဒ္ဒကနိကာယ၌ သင်ရိုးပိဋကတ် ၃-ပုံအနက် ဝိနယပိဋကနှင့် အဘိဓမ္မပိဋကဟူသော သင်ရိုးပိဋက ၂-ပုံပါဝင်လေသည်။ (၎င်းပိဋက ၂-ပုံတွင် ဒီဃနိကာယ် ၃-ကျမ်းဟူသော သုတ္တန္တပိဋကကိုထည့်၍ သင်ရိုးပိဋကတ် ၃-ပုံဟု ခေါ်လေ့ရှိကြသည်)။

ခုဒ္ဒကနိကာယ်ကိုပင် အမှတ်လွယ်စေရန် (က) ဝိနယပိဋက (ခ) အဘိဓမ္မပိဋက (ဂ)သုတ္တန္တပိဋကဟူ၍ ၃-မျိုးခွဲနိုင်ပေသေးသည်။

**(က) ခုဒ္ဒကနိကာယဝိနယပိဋက ၌**

(၁) ပါရာဇိက=ပါရာဇိကကဏ္ဍ=ပါရာဇိကဏ်

(၂) ပါစိတ္တိယ=ပါစိတ်

(၃) မဟာဝဂ္ဂ=ဝိနည်းမဟာဝါ

(၄) စူဠဝဂ္ဂ=စူဠဝါ

(၅) ပရိဝါရ=ပရိဝါဟူ၍ ငါးကျမ်းရှိလေသည်။

ဤကျမ်းများကို ဝိနည်းငါးကျမ်းဟု ခေါ်လေ့ရှိကြလေသည်။ ဤဝိနည်းငါးကျမ်းလုံးကို မြန်မာပြန်ဆိုရိုက်နှိပ်ပြီးပြီဖြစ်၍ ရဟန်းကျင့်ထုံးဟူသော ဝိနည်းများကိုသာမက ဗုဒ္ဓဘာသာယဉ်ကျေးမှုကို လေ့လာလိုသူများအဖို့ ဖတ်ရှုသင့်လှပေသည်။

**(ခ) ခုဒ္ဒကနိကာယအဘိဓမ္မပိဋက၌**

(၁) ဓမ္မသင်္ဂဏီ

(၂) ဝိဘင်္ဂ=ဝိဘင်း

(၃) ဓာတုကထာ

(၄) ပုဂ္ဂလပညတ္တိ=ပုဂ္ဂလပညတ်

(၅) ကထာဝတ္ထု

(၆) ယမက=ယမိုက်

(၇) ပဋ္ဌာန=ပဋ္ဌာန်းဟူသော ခုနစ်ကျမ်းပါရှိလေသည်။ အဘိဓမ္မာ ၇-ကျမ်း ဟု ခေါ်လေ့ရှိကြသည်။

ထိုအဘိဓမ္မာ ၇-ကျမ်းအနက် (၁) ဓမ္မသင်္ဂဏီ (၄) ပုဂ္ဂလပညတ် (၅) ကထာဝတ္ထုမြန်မာပြန်များကိုရိုက်နှိပ်ပြီးပြီဖြစ်၏။

ဓမ္မသင်္ဂဏီတွင် အဘိဓမ္မာသဘာဝများကို အခြေခံမာတိကာများနှင့်တကွ ဖတ်ရှုကြရပေမည်။ ပုဂ္ဂလပညတ်တွင်ပုဂ္ဂိုလ်အမျိုးမျိုးခွဲဝေထားပုံများကိုငှင်း ကထာဝတ္ထုတွင် အသောကခေတ်အထိဖြစ်ပွါးခဲ့သည့် ဗုဒ္ဓဝါဒအစစ် (သကဝါဒ) ငါးရာနှင့် ဗုဒ္ဓဝါဒအတု (ပရဝါဒ) ငါးရာတို့အတွက် ရှင်းလင်းချက်များကို ဖတ်ရှုရပေမည်။

## (ဂ) ခုဒ္ဒကနိကာယ-သုတ္တန္တပိဋက၌

(၁) ခုဒ္ဒကပါဠ

(၂) ဓမ္မပဒ

(၃) ဥဒါန=ဥဒါန်း

(၄) ဣတိဝုတ္တက=ဣတိဝုတ်

(၅) သုတ္တနိပါတ=သုတ္တနိပါတ်

(၆) ဝိမာနဝတ္ထု

(၇) ပေတဝတ္ထု

(၈) ထေရဂါထာ

(၉) ထေရီဂါထာ

(၁၀) အပဒါန=အပဒါန်

(၁၁) ဗုဒ္ဓဝံသ=ဗုဒ္ဓဝင်

(၁၂) စရိယာပိဋက

(၁၃) ဇာတက=ငါးရာ့ငါးဆယ်ဇာတ်

(၁၄) မဟာနိဒ္ဒေသ-စူဠနိဒ္ဒေသ

(၁၅) ပဋိသမ္ဘိဒါမဂ္ဂ=ပဋိသမ္ဘိဒါမင်္ဂ

(၁၆) မိလိန္ဒပဉှာ

(၁၇) နေတ္တိ

(၁၈) ပေဋကောပဒေသကျမ်းများပါဝင်ကြပေသည်။

ထိုကျမ်းတို့တွင် ခုဒ္ဒကပါဌပါဠိတော်မှာ ဗုဒ္ဓဘာသာပါဠိတော်ဖတ်စာ ဟု ဆိုရလောက်အောင်ပင် သူငယ်အမေးအဖြေ ၃၂-ကောဋ္ဌာသသရဏဂုံယူပုံ စသည်တို့မှ စတင်၍ ဖော်ပြထားသောကျမ်းဖြစ်လေသည်။

အကြောင်းအားလျော်စွာ ဆိုင်ရာပုဂ္ဂိုလ်တို့ကို ဟောကြားရာ တရားဂါထာပေါင်းချုပ်ဖြစ်သော ဓမ္မပဒပါဠိတော်, ဥဒါန်းပါဠိတော်, 'ဗုဒ္ဓဘုရား ဤသို့ဟောကြားတော်မူသည်'ဟုစကားပြေအခြေခံနှင့်တကွ ဂါထာများကို ပြဆိုရာ ဣတိဝုတ် ပါဠိတော်တို့မှာလည်း တိုတိုနှင့် အဆီအနှစ်ပြည့်စုံလှသော ကျမ်းများဖြစ်လေသည်။

သုတ္တနိပါတ်ပါဠိတော်၌ ပစ္စေကဗုဒ္ဓါတို့ ဟောကြားတော်မူခဲ့သော ကြံ့ချိုပမာကျင့်စရာ တရားပေါင်းချုပ်သဖွယ် ခဂ္ဂဝိသာဏသုတ်မှစ၍ အရေးပါသောသုတ်များပါသော ကျမ်းဖြစ်သည်။

တရားတို့ ဝတ္ထုကြောင်းနှင့်တကွ လေ့လာဖတ်ရှုလိုသူများ အဖို့ မည်သူသည် မည်သို့နတ်စည်းစိမ် ခံစားရပုံစသည်ကို ပြဆိုရာ ဝိမာနဝတ္ထုပါဠိတော်၊ မည်သူသည် မည်သို့ပြိတ္တာဖြစ်ပုံ ကျွတ်လွတ်ပုံ စသည်တို့ကို ပြဆိုရာ ပေတဝတ္ထုပါဠိတော်၊ ရဟန္တာအရှင်များနှင့် အရှင်မများကိုယ်တိုင် မိမိတို့ အဠုပ္ပတ်များကို ပြန်လည် ဟောကြားရာ ထေရထေရီဂါထာပါဠိတော်များ၊ ဗုဒ္ဓအပဒါန်နှင့်တကွ ရဟန္တာ အရှင် အရှင်မတို့၏ အဠုပ္ပတ်များကို ပြဆိုရာ အပဒါန်ဝတ္ထုတော်ကြီးများကို ဖတ်ရှု မှတ်သားထိုက်လှပေသည်။

## နိကာယ်-၅ ရပ်မြန်မာပြန်များထွက်ပေါ်လာခြင်း

ဖော်ပြပါ အကြောင်းအချက်များကား ဘုရားရှင်၏ တရားတော်များနှင့် အချို့သော သာဝကဘာသိတ ဒေသနာများကို အပေါင်းအစု ငါးမျိုးဖြင့် ဝေဘန်ထားရာ ဗုဒ္ဓစာပေများအကြောင်းကို ရိပ်မိနိုင်ရန် အကျဉ်းတင်ပြထားချက်များပင်ဖြစ်ပေသည်၊ ထိုနိကာယ် ငါးရပ်ဟူသော ဗုဒ္ဓစာပေများမှာ ယခင်က ပါဠိဘာသာဖြင့်သာ တည်ရှိသဖြင့် မြန်မာစာသက်သက်သာတတ်ကျွမ်းကြသူတို့အဖို့ သိရှိသက်ဝင်နိုင်ရန် ခဲယဉ်းခဲ့ကြပေ၏၊ ပါဠိတော်နိဿယများနှင့် အချို့မြန်မာပြန်များရှိကြသော်လည်းပါဠိ စကားများစွာပါဝင်ခြင်း, အသုံးအနှုန်းခက်ခဲခြင်း, မပြည့်စုံမလုံလောက်ခြင်း စသည့်အကြောင်းများကြောင့် သက်ဝင်နားလည်နိုင်သူ လွန်စွာနည်းပါးခဲ့ကြ၏၊ ထိုအခက်အခဲများကို ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ကြီးက....

(၁) ပါဠိတော်၏ သဘောအဓိပ္ပါယ်ကို ထိရောက်စေခြင်း

(၂) မြန်မာ စာသွားဖြင့် နီးကပ်နိုင်သမျှ နီးကပ်စေခြင်း

(၃) ဝေါဟာရကျဉ်း၍ အဓိပ္ပါယ်ပေါ်လွင်စေခြင်း

(၄) စကားအသုံးအနှုန်း ထယ်ဝါခံ့ညားစေခြင်းဟူသော အချက်လေးချက်ကို လေးလေးနက်နက် အဓိကထား၍ ပြန်ဆိုသုတ်သင် အဆင့်ဆင့် ပြင်ဆင်ခဲ့ကြပြီးလျှင်—

(၁) အသိလွယ်ကူခြင်း

(၂) အများသုံးဖြစ်ခြင်း

(၃) အသင့်လျော်ဆုံးဖြစ်ခြင်း

ဟူသော မှတ်ကျောက်သုံးခုတို့ဖြင့် စေ့စေ့ငုငု ကြည့်ရှုတည်းဖြတ်၍ ဖော်ပြပါ နိကာယ်ငါးရပ် ပါဠိတော်မြန်မာပြန်များကို ပုံနှိပ်ထုတ်ဝေခဲ့ပေရာ ယခုအခါ ပါဠိတော်မြန်မာပြန် အုပ်ရေ(၂၇) အုပ်မျှ ပြီးစီးဖြန့်ချိနိုင်ခဲ့ပြီဖြစ်ပေသည်။

## ကျမ်းဦးမှတ်ဖွယ်များ

ထိုပိဋကပါဠိတော် မြန်မာပြန်များတွင် အချို့သော မြန်မာပြန်များတွင် ကျမ်း စာကိုယ်၌ပါဝင်သော တရားတော် သဘောအဓိပ္ပါယ်များကို ကြိုတင်၍ အရသာသိရှိထားနှင့်ရန်နှင့် သဒ္ဓါတရားပွါးများ၍ လေးလေးစားစား ဖတ်ရှုလိုစိတ် တိုးပွါးလာရန်အတွက် ကျမ်းဦးမှတ်ဖွယ်(နိဒါန်းသွယ်)

များကို ဩဿာနသောဓက(=နောက်ဆုံးသုတ်သင်သော) ဆရာတော်များအဖွဲ့က ရေးသားပေးသဖြင့် ပုံနှိပ်ထည့်သွင်းခဲ့ပေသည်၊ (နောက်တွင် ကျမ်းစာအုပ်တိုင်း ကျမ်းဦးမှတ်ဖွယ်ပါရန် ကြိုးစားနေပြီဖြစ်၏)၊ ထိုကျမ်းဦးမှတ်ဖွယ်များမှာ အထူးမှတ်သားဖွယ်ရာကောင်းလှသည့်ပြင် သက်ဆိုင်ရာကျမ်းစာ၏ စာကိုယ် တရားသဘောများကို ပေါ်လွင်ထင်ရှားလာအောင် မြှင့်တင်ပေးသဖြင့် ပြည်ဘန်ပတ္တမြား၏အရောင်ကို ပြောင်သည်ထက် ပြောင်စေသော—**ကလပ်**သဖွယ် ဖြစ်နေပေသည်၊ ထို့ပြင် ဓာတ်မီးရောင်ကို ပြောင်ပြောင်ဝင်းဝင်း လင်းသည်ထက် လင်းစေသော တိုင်မြင့်သဖွယ်လည်း ဖြစ်ပေသေးသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ပါဠိတော်မြန်မာပြန်များကို မဖတ်ရှုရသေးသောပုဂ္ဂိုလ်တို့အား ထိုမြန်မာပြန်များ၏ ဓမ္မအရသာကို ရိပ်စားမိစေရန်အတွက် အချို့သော ပါဠိတော်မြန်မာပြန်ကျမ်းများမှ ကျမ်းဦးမှတ်ဖွယ်တို့ကို ထုတ်နုတ်၍ စာအုပ်ငယ်တအုပ်ပြုလုပ်ကာ—

(၁) ပါရာဇိကဏ်ပါဠိတော်မြန်မာပြန် ကျမ်းဦးမှတ်ဖွယ်

(၂) ဝိမာနဝတ္ထု ပေတဝတ္ထုပါဠိတော်မြန်မာပြန် ကျမ်းဦးမှတ်ဖွယ်

(၃) ထေရဂါထာ ထေရီဂါထာပါဠိတော်မြန်မာပြန် ကျမ်းဦးမှတ်ဖွယ်

(၄) ထေရာပဒါန်ပါဠိတော်မြန်မာပြန်(ပဌမတွဲ) ကျမ်းဦးမှတ်ဖွယ်နှင့်

(၅) ထေရာပဒါန်ပါဠိတော်မြန်မာပြန်(ဒုတိယတွဲ) ကျမ်းဦးမှတ်ဖွယ်

ဤကျမ်းဦးမှတ်ဖွယ် ၅-ခုကို ထုတ်ဝေဖြန့်ချိလိုက်ပေသည်။

ဤကျမ်းဦးမှတ်ဖွယ်စာတမ်းကို ဖတ်ရှုရသော ပုဂ္ဂိုလ်တို့သည် မြားမြောင်ယူဇနာ ကျယ်ပြောစွာသော မဟာသမုဒ္ဒရာကြီးကို မြင်တွေ့ရသူအဖို့ ယင်းမဟာသမုဒ္ဒရာကြီး၏ကမ်းစပ်မှ ရေအနည်းငယ်မျှကို ခပ်ယူသောက်သုံး၍ ငန်သောအရသာရှိသည်ဟု သိရလျှင်ပင် ကျယ်ပြောစွာသော မဟာသမုဒ္ဒရာကြီးတခုလုံး၏အရသာသည် ငန်သောအရသာ ရှိပေသည်တကားဟု အမှန်အတိုင်း သိနိုင်ဘိသကဲ့သို့ နိကာယ်ငါးရပ်မှ များမြတ်သော ပိဋကအရသာတို့ကို ပညာဉာဏ်ဖြင့် ဆင်ခြင်နှိုင်းညှိ၍ သိရှိနိုင်ကြမည်ဖြစ်ပေရာ ဤကျမ်းဦးမှတ်ဖွယ်စာစောင်ကို လေးလေးမြတ်မြတ် ဖတ်ရှုကြလိမ့်မည်ဟု မြော်လင့်ပါသတည်း။

## ပိဋကတ်တော် မြန်မာပြန်များနှင့် စပ်လျဉ်း၍ အောက်ပါသိမှတ်ဖွယ် အချက်အနည်းငယ်မျှကို တင်ပြအပ်ပါသည်

(၁) ရှေးက ပါဠိဘာသာကို ကောင်းစွာ တတ်ကျွမ်းသည့် ပုဂ္ဂိုလ်များသာလျှင် ပိဋကတ်သုံးပုံ ၅၂-ကျမ်းလုံးကို ဖတ်ရှုနားလည်နိုင်ခွင့် ရှိခဲ့သည်။

(၂) ပါဠိ တတ်ကျွမ်းသည့် ပုဂ္ဂိုလ်များအနက်လည်း ပိဋကတ်သုံးပုံ ၅၂-ကျမ်းလုံးကို မွှေနှောက်ပြီးလျှင် ဖတ်ရှုတတ်ကျွမ်းသည့် ပုဂ္ဂိုလ်များကား တကာယ့်အာဇာနည်သံဃာတော်ဆရာတော်များသာ ဖြစ်ကြသည်။

(၃) ရှေးမြန်မာဘုရင် အဆက်ဆက်မှစ၍ ရာဇဝင်တလျှောက်လုံးတွင် ခေတ်တိုင်း ခေတ်တိုင်း၌ ပိဋကတ်သုံးပုံ ပါဠိတော် ၅၂-ကျမ်းလုံးကို တတ်ကျွမ်းနားလည်သည့် ပုဂ္ဂိုလ်တို့အရေအတွက်မှာ အများဆုံး တသောင်းခန့်မျှလောက်သာ ရှိပေမည်။

(၄) ယခုအခါမူကား ပါဠိဘာသာဖြင့် ဟောကြားရေးသားထားသည့် မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ တရားတော် ၅၂-ကျမ်းကို မြန်မာဘာသာဖြင့် ပြန်ဆိုရေးသားထားပြီးဖြစ်သဖြင့် မြန်မာစာကို ဖတ်တတ်ရုံမျှနှင့်ပင် ပိဋကတ်ပင်လယ်ကြီးကို တွင်ကျယ်စွာ ဖြတ်သန်းကူးခတ်နိုင်ပေပြီ။

(၅) ထို့ကြောင့် ရှေးယခင်အထက်ကျော် ခေတ်အခါက ပညာရှိ တသောင်းခန့်မျှသာ သိထိုက် သိခွင့်ရခဲ့သော ပိဋကတ်တော် ၅၂-ကျမ်းကို ယခုအခါ၌ မြန်မာတိုင်းဘွား ၂၃-သန်းသော ရှင်လူအများအားလုံးပင် ဖတ်ရှုနိုင်ခွင့် ရပေပြီ။

အဘိုး အတိုင်းမသိ ထိုက်တန်သော အခွင့်အရေးကြီးကို သူတော်သူတော်ကောင်းတိုင်း အရယူအပ်လှပါသည်။

(၆) မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ ဗုဒ္ဓသာသနာအဖွဲ့ကြီးသည် ဤမျှမြင့်မြတ်လှသည့် အခွင့်အရေးကြီးကို ပြည်သူလူထုအား ဆန့်သောလက် ဖြန့်သောလက်ဖြင့် ကမ်းလှမ်းပေးနေပါပြီ။ ခြင်္သေ့ဆီသည် သိင်္ဂီရွှေခွက်မှာသာ တည်သကဲ့သို့ ဗုဒ္ဓရှင်တော်ဘုရား၏ တရားတော်ခြင်္သေ့ဆီသည် မြန်မာပြည်ထောင်စုသား သူတော်ကောင်းအားလုံးတို့၏ နှလုံးသားတည်းဟူသော သိင်္ဂီရွှေခွက်၌ တည်နိုင်ခွင့် ရှိပေပြီ။

(၇) ပိဋကတ်ပါဠိတော် မြန်မာပြန်များကို ဖတ်ရှုခြင်းအားဖြင့် မျက်မှောက်ချမ်းသာအကျိုးထူးများကို အကယ်ပင် ရရှိကြမည်။

(၈) မြန်မာပြန်ပိဋကတ်များကို ဖတ်ရှုခြင်းအားဖြင့်—

(က) ပေါ်လွင်ရှင်းလင်းစွာ မြန်မာဘာသာ ပြန်ဆိုထားသဖြင့် မြန်မာစာ အရေးအသား ဗဟုသုတ ကြွယ်ဝနိုင်စေခြင်း။

(ခ) မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ မူရင်း ဟောကြားချက်များသည် လူတန်းစားအားလုံးအတွက် အလွယ်တကူ သိနားလည်စေရန် တန်းဆာဆင်ကာ ဟောကြားထားသဖြင့် မြန်မာပြန်ဆိုရာ၌လည်း မူရင်း၏အတိုင်း စကားတန်းဆာများ ခြယ်လှယ်ကာ ပြန်ဆိုထားရာ ဖတ်ရှုသူတို့အတွက် ဥပမာ-ဥပစာစသည့် စကားတန်းဆာအလင်္ကာ ဗဟုသုတကြွယ်ဝနိုင်စေခြင်း။

(ဂ) မြန်မာ့ယဉ်ကျေးမှုသည် မြတ်ဗုဒ္ဓ၏ တရားဒေသနာတော်၌ အခြေတည်သည်ကို သိရှိနားလည်ရခြင်း။

(ဃ) ကမ္ဘာ့လူမျိုး လူတန်းစားအားလုံး၏ လူ့လောက လူ့အစည်းအရုံး လူ့ရိပ်မြုံကြီးကို သာယာကြည်နူးဘွယ်ရာ လောကနိဗ္ဗာန်ဖြစ်အောင် မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ ဒေသနာတော်သည် မချွတ်မယွင်း ဖန်တီးနိုင်မည်ဟူသော ယုံကြည်မှုခိုင်မြဲလာခြင်း။

(င) လူ့သဘာဝစရိုက်ဆိုးများ ပပျောက်စေ၍ လူ့သဘာဝ စရိုက်ကောင်းများကို ဖော်ဆောင်နိုင်ခြင်း။

(စ) သဘာဝအဘိဓမ္မာဗဟုသုတများကို ရှင်းလင်းတိကျစွာ နားလည်နိုင်ခြင်း။

(ဆ) မျက်မှောက်လောကအခြေအနေနှင့် လိုက်လျောစွာ ကျင့်သုံးနိုင်သည့် အရည်အချင်းနှင့် ပြည့်စုံစေခြင်း။

(ဇ) အထွေထွေဗဟုသုတအမျိုးမျိုးကို ရရှိနိုင်ခြင်းစသည့် အကျိုးထူးများကို ခံစားရမည့်ပြင်—

(၉) လောကုတ္တရာအကျိုးထူးများကိုလည်း ရရှိခံစားကြရမည်မှာ ကေန်မလွဲ ဖြစ်ပါသည်။

# မာတိကာ

---

| ဦးရေ | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၁- | ပါရာဇိကဏ်ပါဠိတော် မြန်မာပြန် ကျမ်းဦးမှတ်ဖွယ် | .... | .... | ၁-၁၇ |
| (က) | သာသနာအသက်ပညတ်ချက် ဝိနည်းပိဋက | .... | .... | ၁- ၃ |
| (ခ) | ဝိနယဓရ-တေဒဂ်ရ အသျှင်ဥပါလိမထေရ် | .... | .... | ၃- ၄ |
| (ဂ) | သိက္ခာပုဒ်ကို အကြွင်းမဲ့ မပညတ်ခဲ့ခြင်းပြဿနာ | .... | .... | ၄- ၅ |
| (ဃ) | သိက္ခာပုဒ် ၁၅၀-ကျော် | .... | .... | ၅- ၆ |
| (င) | ပညတ်ရာ၌ အကြောင်း(သို့မဟုတ် အကျိုး)၁၀-ပါး | | .... | ၆ |
| (စ) | ပါရာဇိကဏ်ပါဠိတော် | .... | .... | ၆- ၇ |
| (ဆ) | ပါရာဇိကလေးပါး | .... | .... | ၇- ၉ |
| (ဇ) | သံဃာဒိသိသ် ဟဆယ့်သုံးပါး | .... | .... | ၉-၁၁ |
| (ဈ) | အနိယတသိက္ခာပုဒ် နှစ်ပါး | .... | .... | ၁၁-၁၂ |
| (ည) | နိဿဂ္ဂိယသိက္ခာပုဒ်-၃၀ | .... | .... | ၁၂-၁၃ |
| (ဋ) | ဝိနည်းကျမ်းဂန်များကို ဖတ်သင့်ခြင်း | .... | .... | ၁၃ |
| (ဌ) | ဝိနည်းကျမ်းတို့ကို ဖတ်ရှုလေ့လာရခြင်းအကျိုး | .... | .... | ၁၃-၁၄ |
| ၂- | ဝိမာနဝတ္ထုနှင့် ပေတဝတ္ထုပါဠိတော် မြန်မာပြန် ကျမ်းဦးမှတ်ဖွယ် | | .... | ၁၉-၅၃ |
| (က) | လူ့ပြည် လူ့ဘဝ၏ ကျေးဇူးတရားများ | .... | .... | ၁၉-၂၀ |
| (ခ) | လူလေးမျိုး | .... | .... | ၂၀-၂၂ |
| (ဂ) | အသျှင်မဟာမောဂ္ဂလ္လာန်နှင့် နတ်ပြည်လောက | .... | .... | ၂၂-၂၄ |
| (ဃ) | ဝိမာနဝတ္ထု | .... | .... | ၂၄-၂၅ |
| (င) | တတိယနာဝါဝိမာနဝတ္ထု | .... | .... | ၂၅-၂၇ |
| (စ) | လတာဝိမာနဝတ္ထု | .... | .... | ၂၇-၂၈ |
| (ဆ) | စဏ္ဍာလီဝိမာနဝတ္ထု | .... | .... | ၂၉-၃၀ |
| (ဇ) | ဇုတ္တိဝိမာနဆိုင်ရာ မှတ်သားဖွယ်ရာ | .... | .... | ၃၀-၃၁ |
| (ဈ) | ပုရိသဝိမာနဆိုင်ရာ မှတ်သားဖွယ်ရာ | .... | .... | ၃၁-၃၂ |
| (ည) | ပေတဝတ္ထုဆိုင်ရာ ပြိတ္တာတို့အကြောင်း | .... | .... | ၃၂-၃၄ |
| (ဋ) | ပြိတ္တာလေးမျိုး ပြဆိုချက် | .... | .... | ၃၄-၃၅ |
| (ဌ) | ပြိတ္တာအမျိုးမျိုး | .... | .... | ၃၆-၃၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဍ) | တိရောကုဋ္ဋပေတဝတ္ထု .... .... | ၃၇-၄၁ |
| (ဎ) | ပရဒတ္တူပဇီဝိကပြိတ္တာနှင့် အလှူ၏အကျိုး .... .... | ၄၁ |
| (ဏ) | ဇာဏုဿောဏိသုတ် .... .... | ၄၁-၄၅ |
| (တ) | ဥစ္ဆုပေတဝတ္ထု .... .... | ၄၅-၄၆ |
| (ထ) | ပြိတ္တာတို့နှင့် ပတ်သက်၍ အထူးမှတ်သားဖွယ် အချက်များ .... | ၄၆-၄၉ |
| (ဒ) | အပါယ်ဘုံသားမဟုတ်သော ပြိတ္တာများ ... .... | ၄၉ |
| (ဓ) | ပိယက်ရမာတာနှင့် ဥတ္တရမာတာ .... .... | ၄၉-၅၂ |
| (န) | အကျိုးတရားနှင့် မြှော်ရည်ချက် .... .... | ၅၂-၅၃ |
| ၃-ထေရဂါထာနှင့် ထေရီဂါထာပါဠိတော် မြန်မာပြန် ကျမ်းဦးမှတ်ဖွယ် .... | | ၅၅-၇၁ |
| (က) | ထေရဂါထာနှင့် ထေရီဂါထာများ .... .... | ၅၅-၅၆ |
| (ခ) | နက်နဲသော တရားသဘောများ အပြည့်အဝ ပါရှိပုံ .... | ၅၆-၅၇ |
| (ဂ) | ဤကျမ်းလာ ထေရာထေရီများနှင့် အပဒါန်လာ ထေရာထေရီများ | ၅၇-၅၈ |
| (ဃ) | ထေရဂါထာ ထေရာဆိုင်ရာ မှတ်သားဖွယ်များ .... .... | ၅၈-၆၁ |
| (င) | ထေရီများနှင့်ဆိုင်သော မှတ်သားဖွယ်ရာများ .... .... | ၆၁-၆၃ |
| (စ) | ဘိက္ခုနီသာသနာ အစနှင့်အဆုံး .... .... | ၆၃-၆၄ |
| (ဆ) | ထေရထေရီတို့နှင့်ထေရဂါထာ ထေရီဂါထာများ.... .... | ၆၅-၆၈ |
| (ဇ) | အမည်တူမထေရ်များ .... .... | ၆၈-၇၀ |
| (ဈ) | အမည်တူထေရီများ .... .... | ၇၀-၇၁ |
| ၄-ထေရာပဒါန်ပါဠိတော် မြန်မာပြန် ကျမ်းဦးမှတ်ဖွယ် .... .... | | ၇၃-၈၄ |
| (က) | အပဒါန်ပါဠိတော်အကြောင်း .... .... | ၇၃-၇၄ |
| (ခ) | ဗောဓိဆုသုံးမျိုး .... .... | ၇၄-၇၅ |
| (ဂ) | သမ္မာသမ္ဗောဓိဆု .... .... | ၇၅-၇၇ |
| (ဃ) | ပစ္စေကဗောဓိဆု .... .... | ၇၇ |
| (င) | ဘုရားနှင့် ပစ္စေကဗုဒ္ဓါတို့ ခြားနားပုံများ .... .... | ၇၇-၇၈ |
| (စ) | သာဝကဗောဓိဆု .... .... | ၇၉ |
| (ဆ) | လကျ်ာရံရဟန္တာမထေရ်(၄၀) .... .... | ၈၀ |
| (ဇ) | လက်ဝဲရံရဟန္တာမထေရ်(၄၀) .... .... | ၈၁ |
| (ဈ) | တေဒဂ်ဘွဲ့ရ ရဟန္တာမထေရ်ကြီးများ(၄၁) .... .... | ၈၂-၈၃ |
| (ည) | တေဒဂ်ဘွဲ့ရ ရဟန္တာထေရီများ .... .... | ၈၃ |
| (ဋ) | အပဒါန်ပါဠိတော်မြန်မာပြန် ဖတ်ရှုခြင်း၏ ကောင်းမှုအကျိုးထူးများ | ၈၃-၈၄ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

၅-ဗုဒ္ဓဝင်နှင့် စရိယာပိဋကပါဠိတော် မြန်မာပြန်များ ပါဝင်သည့် အပဒါန်ပါဠိတော်
မြန်မာပြန်(ဒုတိယအုပ်)ကျမ်းဦးမှတ်ဖွယ် .... .... ၈၅-၉၂
(က) ထေရာပဒါန်ပါဠိတော် မြန်မာပြန် ဒုတိယတွဲအကြောင်း .... ၈၅-၈၆
(ခ) ဗုဒ္ဓဝင်နှင့် စရိယာပိဋက .... .... ၈၆-၈၇
(ဂ) ဗုဒ္ဓဝင်နှင့် စရိယာပိဋကတို့ကို ဟောတော်မူသည့်အကြောင်း
ဌာနနှင့် ကာလ .... .... ၈၇
(ဃ) ဗုဒ္ဓဝင်ကို ဟောကြားတော်မူခြင်း .... .... ၈၇-၈၉
(င) စရိယာပိဋကကို ဟောကြားတော်မူခြင်း .... .... ၈၉
(စ) စရိယာပိဋကနှင့် ပါရမီတော်များ .... .... ၉၀-၉၁
(ဆ) စရိယာပိဋကနှင့် ဇာတ်ပါဠိတော် .... .... ၉၁-၉၂
(ဇ) ဗုဒ္ဓဝင်အချုပ်ဇယား .... .... ၉၃-၁၀၀

# ပါဠိတော်အဋ္ဌကထာဋီကာပါဠိတော် မြန်မာပြန်

# ကျမ်းဦးမှတ်ဖွယ်

---

## သာသနာအသက် ပညတ်ချက် ဝိနည်းပိဋက

"ဘန္တေ မဟာကဿပ 'ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ'၊ တသ္မာ ပဌမံ ဝိနယံ သင်္ဂါယာမ"။

"အသျှင်မဟာကဿပ **'ဝိနည်းမည်သည်ကား မြတ်စွာဘုရားသာသနာတော်၏ အသက်ပါတည်း၊ ဝိနည်းတည်သည်ရှိသော် သာသနာတော်တည်သည် မည်ပါ၏'**၊ ထို့ကြောင့် ဝိနည်းကို ရှေးဦးစွာ သံဂါယနာ တင်ကြပါကုန်အံ့"။

အထက်ပါစကားရပ်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက် ၃-လကျော် အချိန် ပဌမသံဂါယနာ တင်အံ့သောအခါဝယ် "ငါ့ရှင်တို့ အဘယ်ပိဋကကို ရှေးဦးစွာ သံဂါယနာ တင်ကြကုန်အံ့နည်း၊ သုတ် အဘိဓမ္မာကိုပင် ရှေးဦးစွာ သံဂါယနာ တင်ကုန်အံ့လော၊ ဝိနည်းကိုပင် ရှေးဦးစွာ သံဂါယနာတင်ကုန်အံ့လော"ဟု ပဌမသံဂါယနာ သံဃနာယက အသျှင်မဟာကဿပ မထေရ်မြတ်က မေးတော်မူရာ၌ ဝိနည်းပိဋကကို ရှေးဦးစွာ သံဂါယနာ တင်သင့်ကြောင်း သံဃာတော်များက လျှောက်ထားသောစကားရပ်ပင် ဖြစ်ပေသည်။

ထိုအကျိုးအကြောင်း ဖော်ပြ၍ လျှောက်ထားသော စကားရပ် အတိုင်းပင် ပဌမသံဂါယနာနှင့်တကွ သံဂါယနာအဆက်ဆက်၌ သာသနာတော်၏ အသက်ဖြစ်သော ဝိနည်းပိဋကတော်ကို အဦးအစထား၍ သံဂါယနာတင်တော်မူခဲ့ကြပေသည်၊ မှန်ပါ၏ ဝိနည်းတရားတော်သည် ကာယကံမှု ဝစီကံမှုတို့ကို ယဉ်ကျေးသိမ်မွေ့စေ၍ ကာယဒွါရ ဝစီဒွါရ၌ ဖြစ်လတ္တံ့သော အပြစ်တို့ကို ပိတ်ဆို့တတ်သည့် ဘုရား ဥပဒေတော်ကြီးပင် ဖြစ်ပေရာ အဦးအစထား၍ သံဂါယနာတင်ရလောက်အောင်လည်း အရေးကြီးလှပါပေသည်။

အဓိသီလတရားများဖြစ်သော ဝိနည်းတရားတော်သည် ဟိရီ, ဩတ္တပ္ပ ဟူသော လောကပါလတရားများကို မြဲမြံခိုင်ခံ့ အရှည်တည်တံ့စေလျက် ကောင်းမွန်စွာ ကျင့်သုံးတော်မူကြကုန်သော ရဟန်းတော်တို့အား သီလ၏ ပြည့်စုံခြင်းကို အမှီပြု၍ ဝိဇ္ဇာသုံးပါးတရားသို့ရောက်ကာ နိဗ္ဗာန်ပေါက် ပို့ပေးတော်မူနိုင်သည်ကို ထောက်၍ သာသနာတော်တွင် မည်မျှ အရေးကြီးကြောင်း သိသာနိုင်ပေသည်။

ဝိနည်း သုတ္တန် အဘိဓမ္မာဟူသော ပိဋကသုံးဖြာကို ထိုက်သင့်သော အမည်များဖြင့် မှည့်ခေါ်ရာဝယ် ဝိနည်းပိဋကကို အာဏာထားခြင်းငှါ ထိုက်သော မြတ်စွာဘုရားသည် များသောအားဖြင့် အာဏာတော်ကို ပဓာနထား၍ ဟောတော်မူအပ်သောကြောင့် "အာဏာဒေသနာ" ဟူ၍၎င်း, များသော အပြစ်ရှိကုန်သော သတ္တဝါတို့ကို အပြစ်အားလျော်စွာ ဆုံးမရာဖြစ်သောကြောင့် "ယထာပရာဓသာသနာ"ဟူ၍၎င်း, ကာယဒွါရ ဝစီဒွါရတို့ဖြင့် လွန်ကျူးခြင်း၏ ဆန့်ကျင်ဖက်

ဖြစ်သော သေးငယ်သောစောင့်စည်းခြင်း ကြီးသောစောင့်စည်းခြင်းကို ဟောချက်ဖြစ်သောကြောင့် "သံဝရာသံဝရကထာ"ဟူ၍ရင်း မှည့်ခေါ် ထားရလေသည်။

ထိုဝိနည်းပိဋကတော်သည် သံဂါယနာတင်သော အစဉ်အားဖြင့်——

(၁) ဘိက္ခုဝိဘင်္ဂ [ဘိက္ခု=ရဟန်း+ဝိဘင်္ဂ=အကျယ်ဝေဖန်။ ရဟန်းယောကျ်ားများနှင့် ဆိုင်သော သိက္ခာပုဒ်များကို အကျယ်ဝေဖန်ပြရာအပိုင်း]။

(၂) ဘိက္ခုနီဝိဘင်္ဂ [ဘိက္ခုနီ=ရဟန်းမိန်းမ+ဝိဘင်္ဂ=အကျယ်ဝေဖန်။ ရဟန်းမိန်းမများနှင့် ဆိုင်သော သိက္ခာပုဒ်များကို အကျယ်ဝေဖန်ပြရာအပိုင်း]။

(၃) မဟာဝဂ္ဂ [မဟာ=ကြီးကျယ်သော+ဝဂ္ဂ=အပေါင်းအစု။ မဟာခန္ဓက,ဥပေါသထ-က္ခန္ဓကစသော ကြီးကျယ်ရှည်လျားသော အကြောင်းအရာများကို ဖော်ပြရာအပိုင်း]။

(၄) စူဠဝဂ္ဂ [စူဠ=ငယ်သော+ဝဂ္ဂ=အပေါင်းအစု။ ကမ္မက္ခန္ဓက, ပါရိဝါသိကက္ခန္ဓကစသော (မဟာဝဂ္ဂခန္ဓကလာ အကြောင်းအရာများထက်) ငယ်သော၊ ဝါ-တိုသောအကြောင်း အရာများကို ဖော်ပြရာအပိုင်း]။

(၅) ပရိဝါရ [ပရိဝါရ=အခြံအရံ။ ဝိနည်းဆိုင်ရာတွင် အကြွင်းအကျန် ဆိုဖွယ်မရှိစေရန် အခြံအရံသဖွယ် သိမ်းကျုံးဖွင့်ပြရာအပိုင်း]။

ဟူ၍ အပိုင်း ၅-ပိုင်းရှိလေသည်။

ရင်းငါးပိုင်းကို ကျမ်းစာအားဖြင့် ခွဲဝေလိုက်သော် ပါရာဇိကပါဠိ (ပါရာဇိကဏ်ပါဠိတော်), ပါစိတ္တိယပါဠိ (ပါစိတ်ပါဠိတော်), မဟာဝဂ္ဂပါဠိ (မဟာဝဂ်ပါဠိတော်), စူဠဝဂ္ဂပါဠိ (စူဠဝဂ် ပါဠိတော်), ပရိဝါရပါဠိ (ပရိဝါပါဠိတော်)ဟူ၍ ကျမ်း ၅-ကျမ်း ဖြစ်လာလေသည်။

ဘိက္ခုဝိဘင်္ဂတွင် ပါရှိသော ပါရာဇိက (=သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်စေနိုင်သော အကြီးဆုံးအပြစ်), သံဃာဒိသေသ (=အပြစ်စင်ကြယ်အောင် ကုစားရာ၌ အစ, အလယ်, အဆုံး သုံးပါးလုံး၌ သံဃာကို အလိုရှိအပ်သော ဒုတိယအကြီးဆုံးအပြစ်), အနိယတ(=အပြစ်အမည်ကို အမြဲသတ်မှတ်၍မထား၊သင့်သလို ဆုံးဖြတ်ရသော အပြစ်အာပတ်တမျိုး) နှင့် နိဿဂ္ဂိယ(=စွန့်ခြင်း ရှေ့သွားရှိသော အပြစ်၊ ဝါ-စွန့်ပြီးမှ အပြစ်ကို ကုစားရသော သိက္ခာပုဒ်)[၁] တို့ကို အာဒိလဒ္ဓနာမ (=အစဖြစ်သော ပါရာဇိကအပိုင်းအားဖြင့် သတ်မှတ်၍ ရအပ်သောအမည်) အနေဖြင့် ပါရာဇိက ပါဠိ (ပါရာဇိကဏ်ပါဠိတော်)ဟူ၍ အမည်မှည့်ခေါ် ပြီးလျှင် ကျမ်းတကျမ်း ဖွဲ့စည်းထားခဲ့ပေသည်။

ထို့နောက် ဘိက္ခုဝိဘင်္ဂမှ ပါစိတ္တိယ (=ကုသိုလ်စိတ်ကို လျောကျစေတတ်သောအပြစ်), ပါဋိ ဒေသနီ(=အသီးအခြား ပြောကြားရသော အပြစ်),သေခိယ (=ယဉ်ကျေးမှု ကျင့်ဝတ်အနေဖြင့် မကျင့်မနေ ကျင့်ရသော သိက္ခာပုဒ်များ), အဓိကရဏသမထ (=ဖြစ်ပေါ် လာသော အဓိကရုဏ်း၊ ဝါ-အပြစ်အာပတ်ဆိုင်ရာ အရေးအရာကို ငြိမ်းအေးအောင် ဆုံးဖြတ်နည်း)[၂] ဟူသော အပိုင်းကြီး ၄-ပိုင်းနှင့် ဘိက္ခုနီဝိဘင်္ဂပါဠိအပိုင်းအားလုံးကို စုပေါင်း၍ ပါစိတ္တိယပါဠိ 'ပါစိတ်ပါဠိတော်'ဟူ၍

---

၁။ ရင်း အပြစ်အာပတ်များ အကြောင်းကို ဤကျမ်းဦးမှတ်ဖွယ် ဆိုင်ရာ အခဏ်းတွင် အကျယ် ရှင်းပြ ထားသည်။

၂။ ရင်းတို့ကို ပါစိတ်ပါဠိတော် မြန်မာပြန် ကျမ်းဦးမှတ်ဖွယ်တွင် အကျယ်ကြည့်ပါ။

အမည်တပ်ပြီးလျှင် ကျမ်းတကျမ်း ဖွဲ့စည်းခဲ့ပေသည်၊ ထိုနောက်မှ အစဉ်အတိုင်း မဟာဝဂ္ဂပါဠိ၊ စူဠဝဂ္ဂပါဠိနှင့် ပရိဝါရပါဠိတို့ကို တကျမ်းစီဖွဲ့စည်း၍ ဝိနည်းငါးကျမ်းဟု ရှေးမဟာထေရ်မြတ်ကြီးတို့ သတ်မှတ်တော်မူခဲ့ကြပေသည်။

အထူးမှတ်သားသင့်သည်ကား....ရဟန်းယောကျ်ား 'ဘိက္ခု'တို့ ကျင့်အပ်သော ၂၂၇-သွယ် သောသိက္ခာပုဒ်တို့နှင့် ရဟန်းမိန်းမ 'ဘိက္ခုနီ'တို့ကျင့်အပ်သော ၃၀၄-ပါးသော သိက္ခာပုဒ်တို့ကို ပါရာဇိကပါဠိနှင့် ပါစိတ္တိယပါဠိကျမ်းနှစ်ကျမ်းဖြင့် အပြည့်အစုံဖော်ပြကာ ကျန်သော သုံးကျမ်းဖြင့် ဝိနည်းဆိုင်ရာ သိမှတ်ဖွယ်ရာ အဖြာဖြာတို့ကို စုံလင်စွာ ဖော်ပြထားခဲ့သည် ဟူသော အချက်ပင် ဖြစ်လေသည်။

## ဝိနယဓရတေဒဂ်ရ အသျှင်ဥပါလိမထေရ်

ထိုသာသနာတော်၏ အသက်ဖြစ်သော ဝိနည်းတရားတော်တို့ကို သဗ္ဗညုမြတ်စွာဘုရား၊ သက်တော်ထင်ရှားရှိစဉ်ကပင် ဝိနယဓရ ဧတဒဂ်တော်ရ ဖြစ်တော်မူသော မဟာသာဝက အသျှင် ဥပါလိမဟာထေရ်မြတ်သည် ရှေးဦးစွာ ဆောင်တော်မူခဲ့ပေသည်၊ ထိုအသျှင်ဥပါလိမဟာထေရ် မြတ်သည်ကား ဘဒ္ဒိယ, အနုရုဒ္ဓါ, အာနန္ဒာ, ဘဂု, ကိမ်ိလနှင့် ဒေဝဒတ်ဟူသော သာကီဝင် မင်းသား ၆-ဦးနှင့်အတူ မြတ်စွာဘုရားအထံ၌ ရဟန်းပြုခဲ့ပြီး မကြာမြင့်မီပင် ရဟန္တာဖြစ်ခဲ့သည်၊ ဝိနည်းတော်ကို အထူးပြု၍ လေ့ကျက်တော်မူသည်နှင့်အညီ ဘာရုကစ္ဆကဝတ္ထုချွဲရင်း, အဇ္ဇုက-ဝတ္ထုချွဲရင်း,[၁] ကုမာရကဿပဝတ္ထုချွဲရင်း ဤသုံးဝတ္ထုတို့၌ အဆုံးအဖြတ်ပေးရာမှ အသျှင်ဥပါလိကို မြတ်စွာဘုရားက သုံးကြိမ်တိုင်တိုင် သာဓုခေါ်တော်မူပြီးလျှင် ဝိနည်းအရာ၌ ဝိနယဓရ တေဒဂ် ဘွဲ့ထူးဖြင့် ချီးကျူးတော်မူခဲ့လေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မမူမီကပင် အဘိညာဉ်ရ ရဟန္တာပုဂ္ဂိုလ်ပေါင်းများစွာ တို့သည် ထိုအသျှင်ဥပါလိထံမှ ဝိနည်းတရားတော်ကို သင်ကြား၍ ဆောင်ထားတော်မူခဲ့သည်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက်၌လည်း အသျှင်မဟာကဿပ စသော သံဂါ-ယနာတင် ရဟန္တာအရှင်မြတ်တို့ ဆောင်တော်မူခဲ့ကြလေသည်။

ထို့ပြင် အသျှင်ဥပါလိမှ စ၍ ဝိနည်းဆောင် အာစရိယပရမ္ပရကို ဝိနယပိဋက ပရိဝါ-ပါဠိတော်တွင် အကျယ်ပြဆိုထားလေသည်[၂]၊ အသျှင်ဥပါလိသည် ဝိနည်းတရားတော်ကို မြတ်စွာ ဘုရားထံမှ သင်ယူ၍ များစွာသော ရဟန်းတို့၏ နှလုံးသား၌ တည်စေတော်မူခဲ့၏၊ ထိုအသျှင် ဥပါလိထံမှ ဝိနည်းတရားတော်ကို အထွတ်အထိပ်ရောက် တတ်မြောက်သွားကြသော ပုဂ္ဂိုလ်တို့တွင် ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့၏ အရေအတွက်ကား မရေတွက်နိုင်၊ ရဟန္တာ ပုဂ္ဂိုလ်အရေအတွက်ပင် တထောင်အတိုင်းအရှည်ရှိသည်ဟု ဆို၏၊ အသျှင်ဥပါလိ၏ သဒ္ဓိဝိဟာရိက တပည့်ကြီးမှာ အသျှင်ဒါသက ဖြစ်သည်၊ ထိုအသျှင်ဒါသကမထေရ်ကလည်း ဝိနည်းတရားတော်ကို အသျှင်ဥပါလိ အတူပင် အရိယာပုဂ္ဂိုလ်ပေါင်း မြောက်မြားစွာ သင်ယူတော်မူခဲ့ကြပြန်၏၊ ထိုနည်းဖြင့် အသျှင်ဒါသက၏ တပည့် အသျှင်သောဏက, ၎င်း၏တပည့်

---

၁။ ဘာရုကစ္ဆကဝတ္ထုနှင့် အဇ္ဇုကဝတ္ထုကို ဤပါရာဇိကဏ်ပါဠိတော် မြန်မာပြန် စာမျက်နှာ ၅၃-နှင့် ၇၇-တွင် ဘတ်ရှုနိုင်သည်

၂။ ဝိ-၅-၂၊ ၆၊ ၁၂၊ ၇၄၊ ၇၅၊ ၉၇၊ ၁၀၀၊ ၁၄၆၊ ၁၄၇။

အသျှင်သိဂ္ဂဝ, ၎င်း၏တပည့် အသျှင်မဟာမောဂ္ဂလိပုတ္တတိဿ ဖြစ်၍ တတိယသံဂါယနာအထိ ဆက်သွယ်မိခဲ့ပြီးလျှင် ထိုမှနောက် ယခုခေတ်အထိ အဆက်ဆက် သင်ကြားဆောင်ရွက်လာခဲ့သဖြင့် ချွတ်ချော်တိမ်းယိမ်းမှုမရှိဘဲ ခိုင်မြဲတည်တံ့ခဲ့ပေသည်။

ထိုဆရာ အဆက်ဆက် ဆောင်ရွက် ထိန်းသိမ်းတော်မူလာခဲ့သော ဝိနည်းတရားတော်များသည် မြတ်စွာဘုရား တကြိမ်တည်းဖြင့် ပညတ်ဟောဖော် ထားတော်မူခဲ့ခြင်း မဟုတ်မူ၍ အကြောင်းပေါ်မှ ထိုက်သင့်သလို ပညတ်တော်မူခဲ့ခြင်းဖြင့် ပေါ်ပေါက်၍ လာရ၏[၁]၊ အသျှင်သာရိပုတြာက မြတ်စွာဘုရားအား သိက္ခာပုဒ်ပညတ်ရန် လျှောက်ထားပုံ, မြတ်စွာဘုရားက ပယ်တော်မူပုံတို့ကို ဝေရဉ္ဇကဏ္ဍ၌ အပြည့်အစုံ ပါရှိလေသည်၊ ထို့ပြင်လည်း အကြောင်းပေါ်မှ ပညတ်တော်မူရခြင်း အကြောင်းကို ထင်ရှားရန်နှင့် မြတ်စွာဘုရား၏ ကရုဏာတော်ကြီးမားပုံကို ပေါ်လွင်ရန် အောက်တွင် မိလိန္ဒပဉှာပါဠိတော် (မြန်မာပြန်)မှ ထုတ်နုတ်၍ ဖော်ပြလိုက်ပေသည်။

## သိက္ခာပုဒ်ကို အကြွင်းမဲ့ မပညတ်ခဲ့ခြင်းပြဿနာ

"အသျှင်ဘုရားနာဂသေန ဆေးသမားတို့၏ ရှေးဦးဖြစ်ကုန်သော ဆရာကြီးတို့သည် ရှိကုန်၏၊ အဘယ်ဆရာကြီးတို့နည်း ဟူမူ.... နာရဒဆေးဆရာကြီး, ဓန္နန္တရီဆေးဆရာကြီး, အင်္ဂီရသဆေးဆရာကြီး, ကပိလဆေးဆရာကြီး, ကဏ္ဍရဂ္ဂိသာမဆေးဆရာကြီး, အတုလဆေးဆရာကြီး, ပုဗ္ဗကစ္စာယနဆေးဆရာကြီးတို့တည်း၊ ထိုအလုံးစုံသော ဆေးဆရာကြီးတို့သည် တကြိမ်သာလျှင် ရောဂါ၏ ဖြစ်ပေါ်ခြင်းကိုရင်း, ဆေးကုသခြင်းကိုရင်း, ရောဂါ (အထအကြွ အတိုးအဆုတ်)အမူအရာကိုရင်း, ဆေးဖြင့်ကုသ၍ပြီး-မပြီးကိုရင်း ထိုအလုံးစုံကို အကြွင်းမဲ့သိကုန်ပြီး၍ 'ဤကိုယ်၌ ဤမျှလောက်ကုန်သော ရောဂါတို့သည် ဖြစ်ကုန်လတ္တံ့'ဟု တပြိုင်နက် ဉာဏ်၌ ပေါင်းစုစွဲယူခြင်းကိုပြု၍ ဆေးကျမ်းကို စီကုံးဖွဲ့ထားကုန်ပြီ၊ ဤဆရာအားလုံးတို့သည် သဗ္ဗညုမဟုတ်ကုန် (အလုံးစုံကို မသိကုန်)၊ မြတ်စွာဘုရားသည် အလုံးစုံသောတရားတို့ကို သိသော သဗ္ဗညုဖြစ်ပါလျက် မရောက်သေးသော ပြုဖွယ်ကိစ္စမျိုးကို ဘုရားဉာဏ်တော်ဖြင့် သိတော်မူ၍ 'ဤရွေ့ဤမျှသော အကြောင်းကြောင့် ဤရွေ့ဤမျှလောက်သော သိက္ခာပုဒ်ကို ပညတ်အပ်သည်ဖြစ်လတ္တံ့'ဟု ပိုင်းခြားလျက် အကြွင်းမရှိသောအားဖြင့် သိက္ခာပုဒ်ကို အဘယ့်ကြောင့် မပညတ်တော်မူပါသနည်း၊ (ပညတ်ရန်) အကြောင်းဖြစ်ပေါ်မှ, အရှိန်အဝေမဲ့ ဖြစ်ပေါ်ထင်ရှားလာမှ, အပြစ်ပြန့်ပွါးလျက် များစွာဖြစ်မှ, လူတို့ ကဲ့ရဲ့ကုန်မှ ထိုထိုအခါ၌သာ တပည့်သာဝကတို့အား သိက္ခာပုဒ်ကို အဘယ့်ကြောင့် ပညတ်တော်မူရပါသနည်း"ဟု (လျှောက်၏)။

"မင်းမြတ် မြတ်စွာဘုရားသည် 'ယခုအခါ ဤလူတို့၌ တရာ့ငါးဆယ်ကျော်သော သိက္ခာပုဒ်ကို ပညတ်သည်ဖြစ်လတ္တံ့'ဟု ဤအကြောင်းကို သိတော်မူ၏၊ ထိုသို့ သိတော်မူသော်လည်း မြတ်စွာဘုရားအား ဤသို့ အကြံဖြစ်တော်မူ၏—'ငါဘုရားသည် တရာ့ငါးဆယ်ကျော်သော သိက္ခာပုဒ်ကို အကယ်၍ တပြိုင်နက် ပညတ်လိုက်မူ လူများအပေါင်းသည် 'ဤသာသနာတော်၌ စောင့်စည်းဖွယ်တွေ များလှ၏၊ အချင်းတို့ ရဟန်းဂေါတမ၏ သာသနာတော်၌ ရဟန်းပြုခြင်းငှါ ခဲယဉ်းစွတကား'ဟု ထိတ်လန့်ခြင်းသို့ ရောက်လတ္တံ့၊

---

၁။ ဤပါရာဇိကဏ် မြန်မာပြန် စာမျက်နှာ-၁၀ စာပိုဒ် ၁၈-မှ စ၍ ကြည့်ပါ။

မယုံကြည်ကြကုန်သော ထိုသူတို့သည် အပါယ်သို့ လားကုန်လတ္တံ့။ ပညတ်ရန် အကြောင်း ဖြစ်ပေါ်မှု ဖြစ်ပေါ်ခါမှ တရားဒေသနာတော်ဖြင့် သိစေ၍ အပြစ်ထင်ရှားမှ သိက္ခာပုဒ်ကို ပညတ်အံ့’ဟု အကြံဖြစ်၏”ဟု (မိန့်တော်မူ၏)။

“အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားတို့၏ အဖြစ်သည် အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဘုရားနာဂသေန မြတ်စွာဘုရားတို့၏ အဖြစ်သည် မဖြစ်ဘူးမြဲဖြစ်ပါပေစွ၊ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်သည် အလွန်လျှင် ကြီးကျယ်ပါပေစွ၊ အသျှင်ဘုရားနာဂသေန ဤစကားသည် ဤသို့ မိန့်တော်မူတိုင်း မှန်ပါပေ၏၊ မြတ်စွာဘုရားသည် ဤအနက်သဘောကို ဤသို့လျှင် ကောင်းစွာ မြင်တော်မူပါပေ၏၊ ‘ဤရဟန်းဂေါတမ သာသနာတော်၌ များစွာ ကျင့်ရ၏’ဟု ကြားကုန်သည်ရှိသော် သတ္တဝါတို့အား ထိတ်လန့်ခြင်း ဖြစ်ရာပါ၏၊ တဦးတယောက်သောသူမျှလည်း မြတ်စွာဘုရားသာသနာတော်၌ ရဟန်း မပြုရာပါ၊ ဤသို့လျှင် ဤစကားကို ထိုသို့ ဆိုတော်မူတိုင်း ဝန်ခံပါ၏”ဟု (လျှောက်၏)[၁]။

ဤ ဖော်ပြပါ မိလိန္ဒပဉှာစကားဖြင့် သိက္ခာပုဒ်ကို အကြောင်းပေါ်မှ ထိုက်သင့်သလို ပညတ်တော်မူခဲ့ပုံနှင့် မြတ်စွာဘုရား၏ သတ္တဝါများအပေါ်၌ မဟာကရုဏာ ကြီးမားတော်မူပုံကို ထင်ရှားသိသာနိုင်ပေသည်။

## သိက္ခာပုဒ် ၁၅၀-ကျော်

အထက်ဖော်ပြပါ မိလိန္ဒပဉှာ စကားရပ်၌ “၁၅၀-ကျော်သော သိက္ခာပုဒ်”ဟူသော စကားတရပ်ပါရှိပေရာ ထိုစကားရပ်ကို ဤ၌ ရှင်းလင်းဖွယ် လိုလာပေသည်၊ ထို “၁၅၀-ကျော်သော သိက္ခာပုဒ်” ဟူသော စကားရပ်ကို မူရင်းအနေဖြင့် အင်္ဂုတ္တရပါဠိ၊ တိကနိပါတ၊ သမဏဝဂ္ဂ၊ ဝဇ္ဇိပုတ္တ[၂]သုတ်၌ “သာဓိကမိဒံ ဘန္တေ ဒိယဍ္ဎသိက္ခာပဒသတံ အန္ဝဍ္ဎမာသံ ဥဒ္ဒေသံ အာဂစ္ဆတိ၊ နာဟံ ဘန္တေ ဧတ္ထ သက္ကောမိ သိက္ခိတုံ” (မြတ်စွာဘုရား တရာ့ငါးဆယ်ကျော်သော ဤသိက္ခာပုဒ်တို့သည် လခွဲတိုင်းပြအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏၊ တပည့်တော်သည် ဤတရာ့ငါးဆယ်ကျော်သော သိက္ခာပုဒ်တို့၌ ကျင့်သုံးခြင်းငှါ မစွမ်းနိုင်ပါ) ဟု ဝဇ္ဇိပုတ္တကရဟန်းက မြတ်စွာဘုရားအား လျှောက်ထားပုံကို တွေ့ရှိရပေသည်၊ ထိုစကားရပ်ကို ၎င်းအဋ္ဌကထာက “ဒိယဍ္ဎသိက္ခာပဒသတန္တိ ပဏ္ဏာသာဓိကံ သိက္ခာပဒသတံ၊ တသ္မိံ သမယေ ပညတ္တာနိ သိက္ခာပဒါနေဝ သန္ဓာယေတံ ဝုတ္တံ”[၃]ဟူ၍ ထိုဝဇ္ဇိပုတ္တကရဟန်းလျှောက်ထားချိန်က ပညတ်ပြီးရှိသော သိက္ခာပုဒ်ကို ရည်ရွယ်ကြောင်းဖြင့် ဖွင့်ဆိုထားပေသည်။

သို့သော် မိလိန္ဒမင်းကြီးနှင့် အသျှင်နာဂသေနတို့ခေတ် (သာသနာနှစ် ၅၀၀-ကျော်) တိုင်အောင် ဤ ၁၅၀-ကျော်သိက္ခာပုဒ် ‘ဒိယဍ္ဎသိက္ခာပဒသတ’ ဟူသော စကား ထင်ရှားနေသေးခြင်းကို စဉ်းစားလျှင် မိလိန္ဒပဉှာစကားသည် ထိုအင်္ဂုတ္တရ၊ ဝဇ္ဇိပုတ္တသုတ်လာ စကားရပ်ကို မရည်ရွယ်ဘဲ အာပတ်အမည်မတပ်မူ၍ ပါသာဒိကအတွက် ပညတ်သော သေခိယ ၇၅-ပါးမှ ကြွင်းသည့် သိက္ခာပုဒ် (၂၂၇–၇၅=၁၅၂) တရာ့ငါးဆယ်ကျော်ကို ရည်ရွယ်သည်ဟု ယူဆလိုက ယူဆနိုင်လေသည်။

---

၁။ မိလိန္ဒပဉှာပါဠိတော် မြန်မာပြန် စာမျက်နှာ ၂၇၃။

၂။ အံ ၁-၂၃၁။ ၃။ အံ ဋ ၂-၂၁၅။

## ပါရာဇိကကဏ်ပါဠိတော် မြန်မာပြန်

### ပညတ်ရာ၌ အကြောင်း (သို့မဟုတ် အကျိုး) ၁၀-ပါး

ဤသိက္ခာပုဒ်တော်များကို ပညတ်တော်မူရာ၌ မြတ်စွာဘုရားသည် အကြောင်း ၁၀-ပါး၊ သို့မဟုတ် ပညတ်တော်မူခြင်းကြောင့် ရအံ့သော အကျိုး ၁၀-ပါးကို ရည်ရွယ်တော်မူခဲ့လေသည်။

ရင်းတို့ကား—

(၁) သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးရန်။
(၂) သံဃာတော်များ ချမ်းသာစေရန်။
(၃) အကျင့်သီလဖောက်ဖျက်သူတို့ကို နှိမ်နင်းရန်။
(၄) အကျင့်သီလကို မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာ နေနိုင်ရန်။
(၅) မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲအထူးတို့ကို စောင့်စည်းရန်။
(၆) နောင်ဖြစ်လတ္တံ့ကုန်သော ဆင်းရဲအထူးတို့ကို ပယ်ရှားရန်။
(၇) မကြည်ညိုသေးသော သူတို့ကို ကြည်ညိုစေရန်။
(၈) ကြည်ညိုပြီးသော သူတို့ကို တိုး၍ကြည်ညိုစေရန်။
(၉) သူတော်ကောင်းတရား 'သာသနာသုံးရပ်' တည်တံ့ရန်။
(၁၀) ဝိနည်း 'စည်းမျဉ်းဥပဒေ' ကို ချီးမြှောက်ရန်[၁]။

ဤ ၁၀-ပါးတို့ပင် ဖြစ်ကုန်၏။

ဤအချက် ၁၀-ချက်ကို သိက္ခာပုဒ် ပညတ်တော်မူရာ၌ မြတ်စွာဘုရားသည် အကြောင်းတရားအနေဖြင့် ရည်ရွယ်တော်မူ၍မက ပညတ်တော်မူပြီးနောက် သာသနာတလျှောက်လုံးအတွက် အကျိုးတရားအနေဖြင့်လည်း ရည်ရွယ်တော်မူသဖြင့် ဝိနည်းတရားတော် ပညတ်ခြင်း၏အကြောင်း ၁၀-ပါးဟူ၍ ခေါ်နိုင်သကဲ့သို့ အကျိုး ၁၀-ပါး ဟူ၍လည်း ခေါ်နိုင်လေသည်။

### ပါရာဇိကကဏ်ပါဠိတော်

သိက္ခာပုဒ်များတွင် ပါရာဇိကသိက္ခာပုဒ်များသည် အပြစ်အကြီးလေးဆုံးသော သိက္ခာပုဒ်များဖြစ်သည့်အတိုင်း ဖြစ်စဉ်အတိုင်းမဟုတ်ဘဲ အပြစ်ကြီးငယ် စဉ်အားဖြင့် အဦးဆုံးပြဆိုထားပေသည်၊ ထို့ကြောင့် ပါရာဇိကကဏ်ပါဠိတော်သည် ဝိနည်းပိဋကတွင် အဦးဆုံးကျမ်း ဖြစ်လာလေသည်။ (သို့သော် အနောက်တိုင်း ဝိနည်းငါးကျမ်းအစဉ်မှာ မဟာဝဂ်ပါဠိတော်ကို အဦးဆုံးထား၍ စဉ်လေသည်၊ မဟာဝဂ်ပါဠိတော်၌ မြတ်စွာဘုရား ဘုရားအဖြစ်သို့ ရောက်သည့်အကြောင်းမှ စတင်၍ ပါရှိသဖြင့် ဖြစ်တော်စဉ်အားလျော်စွာ မဟာဝဂ်ပါဠိတော်ကို အစဆုံးသော ဝိနည်းကျမ်းဂန်အဖြစ် သတ်မှတ်လိုက်ခြင်းပင် ဖြစ်ပေလိမ့်မည်)။

ပါရာဇိကကဏ်ပါဠိတော်ကို စတင်ရာ၌ ဝိနည်းသိက္ခာပုဒ်များကို ပညတ်ရန် အသျှင်သာရိပုတြာ တောင်းပန်ပုံနှင့် အကြောင်းပေါ်မှ ပညတ်တော်မူမည့် အကြောင်း မိန့်ကြားတော်မူပုံများကို ဖော်ပြလိုသောကြောင့် အသျှင်ဥပါလိ စသော ပဋ္ဌမဝိနည်းဆောင် မဟာထေရ်တို့သည် ဝေရဉ္ဇကဏ္ဍဖြင့် အစချီ၍ ဆောင်ရွက်တော်မူခဲ့လေသည်၊ ဝေရဉ္ဇကဏ္ဍဟူသည် မြတ်စွာဘုရား ဝါတော် ၁၂-ဝါမြောက် (မဟာသက္ကရာဇ် ၁၂၅-ခုနှစ်) တွင် ဝါဆိုတော်မူသော ဝေရဉ္ဇာမြို့၌ ဖြစ်

---

၁။ ဤပါရာဇိကကဏ်ပါဠိတော် မြန်မာပြန် စာမျက်နှာ ၂၉။

ပေါ် တွေ့ကြုံရပုံများ ဟောကြားတော်မူပုံများပါရှိသော အခဏ်းပင် ဖြစ်ပေသည်၊ အထူးအား ဖြင့် ဖော်ပြပါ ဝိနည်းသိက္ခာပုဒ် ပညတ်ရန် သျှောက်ထားပုံ ဟောကြားပုံတို့မှာ ဝိနည်းတော် အားလုံးအတွက် နိဒါန်းသဖွယ် ဖြစ်သဖြင့် ဤဝေရဉ္ဇကဏ္ဍမှာ ဤနေရာတွင် မုချ ပါရှိသင့်သော ကဏ္ဍပင် ဖြစ်ပေသည်။

ဝေရဉ္ဇာမြို့သည် ထိုစဉ်အခါကပင် မြို့ငယ်ကလေး တမြို့သာဖြစ်၍ ယခုခေတ်၌မူ မထင်ရှား တော့ချေ၊ မဇ္ဈိမဒေသ (အိန္ဒိယပြည်အလယ်ပိုင်း) ဒက္ခိဏပဉ္စာလတိုင်းအတွင်း၌ ပါဝင်၍ ဂင်္ဂါ မြစ်နှင့် ယမုနာမြစ်အကြား (နယူးဒေလီ၏ တောင်ဖက်) တွင် တည်ရှိ၏၊ မြတ်စွာဘုရား တာဝတိံ သာမှ သက်ဆင်းရာ သင်္ကဿနဂိုရ်နှင့် မဝေးလှချေ၊ ထိုဝေရဉ္ဇာမြို့တွင် မြတ်စွာဘုရား ၁၂-ဝါမြောက် ဝါဆိုစဉ်အခါက လူများ မြင်းစာတော်မှတ်ခေါင်းပါးကြသည့် အကြောင်းမှာလည်း မှတ်သားဖွယ်ပင် ဖြစ်ပေသည်။

## ပါရာဇိကလေးပါး

ဝေရဉ္ဇကဏ္ဍအဆုံးတွင် မြတ်စွာဘုရားသည် ဝေရဉ္ဇာမြို့မှ ပယာဂဆိပ်ကမ်းမြို့သို့ရင်း ထိုမှ တဆင့် ဗာရာဏသီမြို့သို့ရင်း ကြွတော်မူကာ ဗာရာဏသီတွင် အပန်းဖြေ သီတင်းသုံးတော်မူပြီးမှ ဝေသာလီပြည် မဟာဝုန်တောသို့ ကြွတော်မူသွားကြောင်းနှင့် အဆုံးသတ်လိုက်ပြီးနောက် ပဌမပါရာဇိကကို ဝေသာလီပြည်မှ စတင်ထားရာ အခဏ်းကဏ္ဍဆက်စပ်ပုံအားဖြင့် အလွန် သင့်လျော်သည့်ပြင် ထိုဝေရဉ္ဇာပြည်မှ ကြွရောက်လာသော အချိန်မှာပင် ဝေသာလီပြည် ကလန္ဒသူဌေးသား သုဒိန်သည် သာသနာတော်သို့ ဝင်ရောက်လာသဖြင့် အချိန်အခါချင်းလည်း ဆက်စပ်လျက်နေပေသည်၊ မှန်ပေ၏-သျှင်သုဒိန်သည် မြတ်စွာဘုရား ၁၂-ဝါတွင် ရဟန်းပြု၍ ရဟန်း ဖြစ်ပြီးနောက် ၈-ဝါ (မြတ်စွာဘုရား ဝါတော်-၂၀) တွင် ပဌမပါရာဇိကကို လွန်ကျူးမိသဖြင့် သိက္ခာပုဒ်ပညတ်ခြင်းကိစ္စ ပေါ်ပေါက်လာရပေသည်။

ပါရာဇိကသိက္ခာပုဒ် လေးပါးဆိုင်ရာ အခဏ်းတွင် မူလပညတ် 'အဦးအစ ပညတ်ချက်' ဆိုင်ရာ ဝတ္ထုကြောင်း, အနုပညတ် 'ပြည့်စုံအောင် ထပ်ဆင့်ပညတ်ချက်' ဆိုင်ရာ ဝတ္ထုကြောင်းများနှင့် ဝိနီတဝတ္ထု 'မြတ်စွာဘုရားကိုယ်တော်တိုင် မေးမြန်းစိစစ်၍ ဆုံးဖြတ်အပ်သောဝတ္ထု' ဟူသော ဝတ္ထု ကြောင်းများ ပါရှိရာ သုံးမျိုးစလုံးပင် အရေးကြီးသော ဝတ္ထုကြောင်းများ ဖြစ်ကြ၏၊ ပဌမ ပါရာဇိကတွင် သုဒိန်ဝတ္ထုသည် မူလပညတ်ဝတ္ထုကြောင်းဖြစ်ကာ ပဌမပါရာဇိကသိက္ခာပုဒ်ကို အဘယ့်ကြောင့် ပညတ်ရကြောင်း ဖော်ပြထား၏၊ အလွန်ကြေကွဲဝမ်းနည်းဖွယ်ကောင်းသော ဝတ္ထုကြောင်းကို တွေ့ရပေမည်၊ ပြင်၍ မရနိုင်သော မှားယွင်းချက်ကြောင့် သာသနာတော်၌ သဒ္ဓါစစ်မှန်လျက် စိတ်အားသန်လှသော ရဟန်းတော်တပါးပင် ဖြစ်လင့်ကစား ကြီးစွာသော ဝိပ္ပဋိသာရ 'နောင်တကြီး' ဖြင့် ငိုးရိုမ်ပူဆွေး တရားဝေးရပုံ ထိုအတွင်းမှာပင် မြတ်စွာဘုရားက တစုံတရာပြစ်မှုကို ပြုလုပ်သော သားသမီးအား ခြိမ်းချောက်မောင်းမဲရသော မိဖကဲ့သို့ ဖိနှိပ် ထိုက်သည့်အားလျော်စွာ ဖိနှိပ် ဟောကြားတော်မူပုံနှင့် သိက္ခာပုဒ် ပညတ်ရပုံတို့ကို ဖော်ပြထား ၏၊ အခြားရဟန်းတပါးအား အနုပညတ် ထပ်ဆင့်ပညတ်တော်မူရသော ဝတ္ထုတခုဖြင့် သိက္ခာပုဒ် တော် ပြည့်ပြည့်စုံစုံ ဖြစ်သွားပြီးနောက် ဝိနီတဝတ္ထုတိုများဖြင့် သိက္ခာပုဒ်တော်၏ မည်သို့မျှ ကြားမဝင်သာအောင် စေ့စပ်ကုံလုံ သွားရခြင်းကို တွေ့ရပေလိမ့်မည်၊ ကျန်သော ဒုတိယပါရာဇိက စသည်တို့၌လည်း ထိုအတူပင် ဖြစ်ပေသည်။

ဤပဌမပါရာဇိကသိက္ခာပုဒ်တော်၏ ဝိနီတဝတ္ထုတိုများ၌ ထူးခြားသော အဖြစ်အပျက်များကို တွေ့နိုင်၏၊ ရဟန်းယောကျ်ားအဖြစ်မှ မိန်းမအဖြစ်သို့ လိင်ပြောင်းသွားသော အဖြစ်တခုနှင့် ရဟန်းမိန်းမအဖြစ်မှ ယောကျ်ားအဖြစ်သို့ လိင်ပြောင်းသွားသော အဖြစ်တခုကို အံ့ဩဖွယ်ရာ တွေ့ရှိရ၏၊ ထိုသို့ဖြစ်လျှင် မည်သို့ ကျင့်သုံးရပုံတို့ကို မိန့်တော်မူရာ၌လည်း အလွန်မှတ်သားစရာ ကောင်းပေသည်။

ဒုတိယပါရာဇိကနှင့်ပတ်သက်၍ ဟောကြားချက်တွင် ဗုဒ္ဓခေတ် တိုင်းပြည်အုပ်ချုပ်ပုံ ဥပဒေ အချို့ကို ဖော်ပြထားသကဲ့သို့ ရှိလေသည်၊ ခိုးမှုနှင့်ပတ်သက်၍ အချုပ်အနှောင် ခံရပုံများအပြင် ဥပဒေအရ ရိုက်ပုတ်ချည်နှောင်ရုံမက တိုင်းပြည်မှနှင်ထုတ်ခြင်းနှင့် အသတ်ခံရသည့် သေဒဏ်အထိ အပြစ်ပေးကြောင်း သိရ၏၊ တတိယပါရာဇိကလာ လူသက်မှုမျိုးထက်ပင် ဤခိုးဝှက်မှုက ကြီးလေး သယောင် ထင်ရလေသည်၊ တတိယသိက္ခာပုဒ်၌ ရဟန်းတေ်ာင်းများစွာ၏ ဇီဝိတိန္ဒြေကို ချ(သတ်) သော အမှုနှင့်ပတ်သက်၍ လောကအပြစ်ကို အထူးမပြသဖြင့် ထိုခေတ်က သတ်မှုထက် ခိုးမှုက ဥပဒေအရ ကြီးလေးကောင်း ကြီးလေးနေပေလိမ့်မည်၊ ယခုခေတ်တွင်လည်း အချို့ကိုင်းပြည် မြို့နယ်တို့တွင် လူသတ်မှုထက် မုဒိန်းမှုစသော အခြားပြစ်မှုများက ကြီးလေးသော အပြစ်ခံရသည့် ဥပဒေများရှိသည်ကိုလည်း ထောက်ထားနိုင်လေသည်၊ ထို့ပြင် ဤဒုတိယသိက္ခာပုဒ်အရ ဗုဒ္ဓခေတ် က ကင်းခွန်ကိစ္စများ ငွေကြေးအသုံးအစွဲနှင့် တန်ဖိုးအခြေအနေများကိုပါ ရိပ်မိနိုင်လေသည်၊ ထိုမှတပါး သာဝတ္ထိမြို့၌ တော်မွှတ် ခေါင်းပါး အစားအစာ ရှားပါးချိန်တွင် ဆန်တဆုပ် ပဲတဆုပ်မျှ ခိုးယူမိသော ရဟန်းအား ပါရာဇိကအာပတ်တပ်ထားခြင်းဖြင့် ထိုအချိန်တွင် ဆန်ဈေး ပဲဈေး မည်မျှ တက်နေကြောင်း သိသာနိုင်သေးရာ သုတေသီတို့အဖို့ တန်ဖိုးမဖြတ်နိုင်သော အချက် များပင် ဖြစ်နေပေသည်။

တတိယပါရာဇိက သိက္ခာပုဒ်နှင့်ပတ်သက်၍ အသုဘကမ္မဋ္ဌာန်းတရားကြောင့် မိမိခန္ဓာကိုယ်၌ ငြီးငွေ့စက်ဆုပ်ကြကာ သတ်သေကြသော ရဟန်းများ အသတ်ခံကြသော ရဟန်းများ ပေါ်ထွက် လာပုံနှင့် အာနာပါနဿတိဖြင့် ထွက်လေ ဝင်လေ (ထွက်သက်,ဝင်သက်)ကို တန်ဖိုးထားရသော ကမ္မဋ္ဌာန်းကို ပြသ၍ သတ်သေမှုကို တားမြစ်ရပုံကို သိရသဖြင့် ကမ္မဋ္ဌာန်းနှစ်မျိုး၏ သဘောကို လေ့လာနိုင်ပေသည်။

ထို့ပြင် လူတဦးတယောက်ကို သတ်သည်ဟူရာ၌ ဓားစသော လက်နက်နှင့် ထိုးခုတ်သတ် ဖြတ်ခြင်းသည်သာ သတ်သည်မဟုတ်သေး၊ သေချင်အောင် မြှောက်ထိုးပင့်ကော်ပြုမှု၊ လက်နက်ကို အနီး၌ ချထားပေးမှု စသည်တို့လည်း တသဘောတည်း ဖြစ်ကြောင်း ဘုရားဥပဒေက ဆိုထား ပေသည်၊ တဖန် လူဟူရာ၌လည်း လှုပ်ရှားသွားလာနေသော မျက်မြင်လူကောင်သာမဟုတ်၊ ကိုယ်ဝန်အဖြစ် တည်နေကိန်းအောင်းလာသော အမိဝမ်းတွင်းနေ ပုဂ္ဂိုလ်သည်ပင် လူဟူသော စာရင်း၌ ဝင်ကြောင်းကို ဖော်ပြထားပြီး ဤတတိယသိက္ခာပုဒ်တော်အရ ကိုယ်ဝန်ကျဆေးပေး ခြင်းသည်လည်း လူသတ်ခြင်းပင် ဖြစ်ကြောင်း ဖော်ပြထားလေသည်။

စတုတ္ထပါရာဇိကသိက္ခာပုဒ်ကို ဖော်ပြရာ၌ လိမ်လည်လှည့်ဖျား ဝါကြွားပြောဆို၍ စားသောက် ခြင်းနှင့် ခိုးဝှက်၍ စားသောက်ခြင်းတို့၏တူညီပုံကို ခိုးသူကြီးငါးယောက်ဥပမာဖြင့် မြတ်စွာဘုရား ဟောကြားထားသည်မှာလည်း အထူးမှတ်သားစရာ ကောင်းလှပေသည်၊ ထိုသိက္ခာပုဒ်ဆိုင်ရာ၌

အသျှင်မဟာမောဂ္ဂလ္လာန်မိန့်ကြားသော ပြိတ္တာအမျိုးမျိုးအကြောင်းမှာ အလွန်သံဝေဂ ဖြစ်ဖွယ် ရာတရပ်ပင် ဖြစ်လေသည်။

ပါရာဇိကသိက္ခာပုဒ်လေးပါးသည် ဗုဒ္ဓဥပဒေတော်တွင် အကြီးလေးဆုံး သိက္ခာပုဒ်တော်များ ပင်ဖြစ်လင့်ကစား ကရုဏာရှင် မြတ်စွာဘုရားသည် အာဒိကမ္မိက (အဦးဆုံးကျူးလွန်သူ)များအား အာပတ်မှ လွတ်လပ်ခွင့် ပေးတော်မူခဲ့၏၊ ထိုအာဒိကမ္မိကပုဂ္ဂိုလ်များသည် ပါရာဇိကသိက္ခာပုဒ်များ ကို လွန်ကျူးခဲ့မိသော်လည်း နောင်အခါ မလွန်ကျူးအောင် စောင့်စည်း၍ သိက္ခာသုံးပါး (သီလ, သမာဓိ, ပညာ)ကို ကျင့်သုံးသွားလျှင် အရဟတ္တဖိုလ်သို့ ရောက်နိုင်လေသည်။

ဒုတိယပါရာဇိကကို အာဒိကမ္မိက လွန်ကျူးခဲ့သော အသျှင်ဓနိယသည် နောင်အခါ၌ ဝိပဿနာ ပွါး၍ ရဟန္တာအဖြစ်သို့ ရောက်သွားကြောင်း ထေရဂါထာ အဋ္ဌကထာအရ သိရှိရလေသည် (ထေရဂါထာ-ဋ္ဌ ၁-၄၄၄)၊ ပဌမပါရာဇိက အာဒိကမ္မိက သျှင်သုဒိန်မူကား ဝိပ္ပဋိသာရ နှိပ်စက်၍ မဂ်ဖိုလ်မရကြောင်း ပါရာဇိကဏ် အဋ္ဌကထာနှင့် သာရတ္ထဒီပနီဋီကာတွင် ဆို၏ (ဝိ-ဋ္ဌ-၁၊ ၁၇၀ နှင့် သာရတ္ထ-ဋီ ၂၊ ၁၅)၊ သို့သော် ကေစိဝါဒက သျှင်သုဒိန် မဂ်ဖိုလ်ရကြောင်း ဆိုသည်ဟု ထို သာရတ္ထဒီပနီဋီကာတွင် ဖော်ပြထားပေသည်၊ မည်သို့ပင်ဖြစ်စေ အာဒိကမ္မိကပုဂ္ဂိုလ်များအား ၎င်းတို့ စွမ်းအားအလျောက် သိက္ခာသုံးပါး မြတ်တရားကို ကျင့်ကြံအားထုတ်က မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိနိုင်ရန် လမ်းဖွင့်ပေးခဲ့သည့်အနေဖြင့် မြတ်စွာဘုရားက အပြစ်မှ ခွင့်လွှတ်ခဲ့သည် ဟူသော အချက်ကိုကား မှတ်သားထားရမည် ဖြစ်ပေ၏။

## သံဃာဒိသိသ် တဆယ့်သုံးပါး

ပါရာဇိကအာပတ်သို့ ရောက်လျှင် သာသနာတော်မှ ဆုံးရှုံးခြင်းသို့ ရောက်၍ မည်သို့မျှ ရဟန်းကောင်းတို့နှင့် ပေါင်းဖော်နေထိုင်ခွင့် မရတော့သဖြင့် ပါရာဇိကအာပတ်ကို အကြီးဆုံး အာပတ် အဆိုးဝါးဆုံး ဖြစ်မှုအနေဖြင့် ဗုဒ္ဓဥပဒေတော်၌ သတ်မှတ်ဖော်ပြတော်မူခဲ့ပြီးသည့်နောက် ဒုတိယအကြီးဆုံးအာပတ် ဒုတိယအဆိုးဝါးဆုံး ဖြစ်မှုများအနေဖြင့် သံဃာဒိသိသ်အာပတ်များ ကို ပြဆိုထားလေသည်။

ပါရာဇိကအာပတ်နှင့် သံဃာဒိသိသ်အာပတ်ကို ဂရုကအာပတ် ‘ကြီးလေးသော အပြစ်ရှိသည့် အာပတ်’ဟူ၍လည်း ခေါ်ဝေါ်သေး၏၊ သို့သော် ပါရာဇိကအာပတ်မှာ ရဟန်းဘဝဖြင့် ပြန်လည် ကုစား၍ မရနိုင်တော့သဖြင့် ပြန်လည်ကုစား၍ ရနိုင်သော အာပတ်များတွင် သံဃာဒိသိသ် အာပတ်သည် အကြီးဆုံးအာပတ် အလေးလံဆုံးဖြစ်မှု ဖြစ်နေပေရာ ဂရုကအာပတ်ဟုဆိုလျှင် သံဃာဒိသိသ်အာပတ်ဟူ၍သာ အများအားဖြင့် နားလည်ထားကြလေသည်။

သံဃာဒိသိသ် အာပတ်ကို မည်သို့ ကုစားရမည်, ဤအာပတ်သင့်လျှင် မည်သို့ ကျင့်သုံးရမည် တို့ကို သံဃာဒိသိသ်နိဂုံး၌ ဖော်ပြထားပေသည်၊ သံဃာဒိသိသ် ဟူသော အမည်ကိုကပင် အစ, အလယ်, အဆုံး သုံးပါးလုံး၌ သံဃာကို အလိုရှိအပ်သည်ဟူသော အဓိပ္ပါယ်ကို ညွှန်းပြထား သည်၊ ဤအာပတ်သင့်လျှင် အာပတ်သင့်သည်မှ ထိုအာပတ်ကို ထင်စွာမပြုမီကာလပတ်ဖုံး၊ ဝါ- ဖုံးလွှမ်းထားသည့်ကာလ ကြာသမျှ ရက်အရေအတွက်အတိုင်း ပရိဝါသ် ကျင့်သုံးနေရာ၌၎င်း, ပရိဝါသ်နေပြီးနောက် ရဟန်းများ၏ “နှစ်သက်မှုကို”ရယူရန် ခြောက်ရက်ထပ်၍ မာနတ်ကျင့်သုံး ရာ၌၎င်း, သံဃာ့ဘောင်သို့ ရဟန်းကောင်းအဖြစ် ခေါ်သွင်းခြင်းဖြစ်သော အဗ္ဘာန်သွင်းရာ၌၎င်း,

စ, လယ်,အဆုံး သံဃာပြည့်စုံရန် အရေးကြီးလှပေသည်၊ ထို့ကြောင့် သံဃာဒိသိသ်အာပတ်သင့်ရောက်လျှင် လွယ်လွယ်ကူကူ ဒေသနာကြားရုံနှင့် ပြန်လည်ထမြောက်ရန်၊ ဝါ-စင်ကြယ်ရန်မဖြစ်ဘဲ ခဲယဉ်းငြိုငြင်စွာ ကုစားရသဖြင့် ကြီးလေးသောကြောင့် ဂရုကအာပတ် ဟူ၍ ခေါ်ဝေါ်သည်ဟု မှတ်သားသင့်ပေ၏။

ရှင်းဦးအံ့။ ။သံဃာဒိသိသ် အာပတ်သင့်လျှင် ရှေးဦးအစ၌ သံဃာ့ရှေ့တွင် မိမိအပြစ်ကို ဝန်ခံ၍ ထိုအပြစ်ပပျောက်စေရန် လျော်ကန်သောကျင့်ဝတ်ကို ကျင့်သုံးလိုကြောင်း တောင်းပန်လျှောက်ထားရသည်၊ ထိုအခါ သီတင်းသုံးဖော် သံဃာများက ဝိနည်းဒေသနာတော်၌ မြတ်စွာဘုရား ပညတ်ထားတော်မူခဲ့သည့်အတိုင်း အပြစ်ကျူးလွန်သည့် ရဟန်းကို ကျင့်စေရန် ညွှန်ကြားရသည်၊ အကယ်၍ ထိုရဟန်းသည် မိမိအပြစ်ကို လေးရက်, ငါးရက်, တလ စသည့် ကာလတာမျှ ဖုံးကွယ်ထားမိပါမူ ထိုကာလနှင့်အမျှ ကျူးလွန်သည့် အပြစ်ဒဏ်အတွက် အကျင့်ဆောက်တည်ရသည်၊ ထိုသို့ကျင့်သည်ကို ပရိဝါသ်နေသည်ဟု ခေါ်သည်၊ ထို့နောက် ရဟန်းများက မိမိအား အနူးအညွတ်ခွင့်လွှတ်၍ နှစ်သက်ကြည်ဖြူကြစေရန် နောက်ထပ် ၆-ရက်ကာလအတွက် ဝိနည်းဒေသနာတော်အရ အကျင့်ဆောက်တည်ရပြန်သည်၊ ထိုသို့ဆောက်တည်ခြင်းကို မာနတ်ကျင့်သည်ဟု ခေါ်ဆိုသည်၊ ထိုသို့ ပရိဝါသ်နေစဉ်ကာလ, မာနတ်ကျင့်စဉ်ကာလတို့၌ မိမိသည် မည်သည့်အပြစ်ကျူးလွန်မိ၍ မည်သို့မည်ပုံ အကျင့်ဆောက်တည်နေကြောင်းကို ကျောင်းတိုက်အတွင်းရှိ သံဃာတော်အားလုံးကို နေ့တိုင်းပင် အသိပေး လျှောက်ထားရသည်၊ ထို့နောက် အရေအတွက်အားဖြင့် အနည်းဆုံး သံဃာ ၂၀-တို့က ကျူးလွန်သည့်ရဟန်းအား အပြစ်မှ စင်ကြယ်ပြီဟု နှစ်သက်ကြပြီဖြစ်၍ သီတင်းသုံးဖော်အဖြစ်ဖြင့် သံဃာ့ဘောင်သို့ ရဟန်းကောင်း ပြန်လည် သတ်မှတ်ကာ ခေါ်သွင်းကြရသည်၊ ဤသို့ သံဃာ့ဘောင်သို့ ခေါ်သွင်းသည်ကို အဗ္ဘာန်သွင်းသည်ဟု ခေါ်သည်၊ အပြစ်ကျူးလွန်သည်ကို ဝန်ခံသည့် အချိန်မှအစပြု၍ ပရိဝါသ်နေစဉ်နှင့် မာနတ်ကျင့်စဉ်ကာလ, နောက်ဆုံး၌ သံဃာ့အဖွဲ့သို့ အဖွဲ့ဝင် အဖြစ်ဖြင့် သွတ်သွင်းသည့် ကိစ္စအားလုံး ဆောင်ရွက်ရာတွင် ကိစ္စ၏ အစ,အလယ်,အဆုံးတို့၌ သံဃာတော်နှင့်မကင်းသဖြင့် သံဃာဒိသိသ်အာပတ်ဟု ခေါ်ခြင်း ဖြစ်သည်။

သံဃာဒိသိသ် အာပတ်သည် တဆယ့်သုံးပါး ဖြစ်သော်လည်း သင့်ပုံမှာ တမျိုးတည်းမဟုတ်၊ ရှေ့ပိုင်း ကိုးပါးက သင့်ရိုးသင့်စဉ်အတိုင်း လွန်ကျူးပြီးသည်နှင့် တပြိုင်နက် အာပတ်သင့်ရောက်သော်လည်း နောက်ပိုင်းလေးပါးကမူ အပြစ်ကို လွန်ကျူးလျှင် လွန်ကျူးသူအား သုံးကြိမ်တိုင်အောင် အကျိုးသင့် အကြောင်းသင့် ပြောဆို၍ ဆုံးမရမည်၊ ဆုံးမ၍ ပြန်လည်စောင့်စည်းသွားလျှင်လည်း အာပတ်မသင့်တော့ချေ၊ စကားဖြင့် ဆုံးမ၍ မရလျှင် ကမ္မဝါစာဖတ်၍ ဆုံးမရပြန်သည်၊ ကမ္မဝါစာမဆုံးမီ ဝန်ခံ စောင့်စည်းသွားပြန်လျှင်လည်း သံဃာဒိတ်သိသ် အာပတ်မသင့်သေး၊ ကမ္မဝါစာ ဆုံးသွားလျှင်ကား ဝန်ခံ၍မရတော့ပေ၊ သံဃာဒိသိသ်အာပတ် သင့်သွားရတော့၏၊ထိုအခါ၌ကား အထက်တွင် ဖော်ပြသည့်အတိုင်း ပရိဝါသ်နေခြင်းစသော ဝုဋ္ဌာနက် 'အာပတ်မှ ထမြောက်ရန်အားထုတ်မှု'တို့ဖြင့် စင်ကြယ်စေရပေတော့မည်၊ ဤသို့ တဆယ့်သုံးပါးတွင် နောင်လေးပါးက အာပတ်သင့်ပုံ ဆန်းကြယ်လေသည်။

ဤသံဃာဒိသိသ် သိက္ခာပုဒ်တို့ကို လေးလေးစားစား ဖတ်ရှုသွားလျှင် အလွန်မှတ်သားစရာကောင်းသော အချက်များကို တွေ့ရပေမည်၊ ပဌမသိက္ခာပုဒ်တွင် သုက်ဓာတ်များနှင့် ပတ်သက်၍ ဓာတ်ခွဲပြထားသကဲ့သို့ စေ့ငုစွာ ဖော်ပြထားသည်မှာ အံ့သြဖွယ်ရာပင် ဖြစ်၏၊ ဒုတိယသိက္ခာပုဒ်

ဝိနီတဝတ္ထုတခုတွင် မိန်းမတဦးက ရဟန်း၏ ခြေဖမိုးကို ထိ၍ ရှိခိုးပုံဖော်ပြထားသဖြင့် ထိုခေတ်က ရှိခိုးပုံကို မှတ်သားထားဖွယ်ပင် ဖြစ်သည်၊ သမီးပေး သားယူမင်္ဂလာမှု ပြုလုပ်ပုံများ စသော ထိုခေတ်က လောကီကိစ္စများ ပြုလုပ်ဆောင်နှင်းပုံကို သင်္ဃာဒိသေသ်သိက္ခာပုဒ်တွင် ရိပ်မိနိုင်ပြီး ထို သိက္ခာပုဒ်အနုပညတ်ဖြင့် အခိုက်အတန့် မယားခေါ် ပြည့်တန်ဆာထားရှိပုံ စသော ရှုပ်ထွေးသော ကိစ္စများနှင့် ထိုသိက္ခာပုဒ်အဖွင့်ဖြင့် အဂမနီယဝတ္ထုများကိုလည်း သိရှိနိုင်ပေသည်။

ကုဋိကာရသိက္ခာပုဒ် ဝိဟာရကာရသိက္ခာပုဒ်တို့ဖြင့် အတောင်းများလွန်း၍ အမုန်းခံရပုံတို့ကို အတိတ်ဝတ္ထု ပစ္စုပ္ပန်ဝတ္ထုတို့ဖြင့် ပြဆိုထားသည်ကို မှတ်သားဖွယ်ရာ တွေ့ရပြီး ရှေးခေတ်က တပါး နေကျောင်း ဆောက်လုပ်ရာ၌ အတိုင်းအရှည်ပမာဏ ထားရှိရပုံ ကျောင်းနေရာ ညွှန်ကြား ရာ၌ ပိုးရွ ခြပုံးစသော သတ္တဝါကလေးများ ကင်းရှင်းရာကို သတိပြုရပုံနှင့် ထိုခေတ်လူများသည် သစ်ပင်ကြီးတို့ကို လေးစားပုံတို့ကို သိရလေသည်၊ အထူးအားဖြင့် နောက်ဆုံးသိက္ခာပုဒ်ဖြစ်သော ကုလဒူသကသိက္ခာပုဒ်ကို ကြည့်ရှုလျှင် ထိုခေတ် ထိုအခါက ကခုန်သီဆိုမှု ကစားခုန်စားမှုနှင့် ပညာသင်ကြားမှုတို့ကိုပါ ရိပ်မိနိုင်ပေသည်၊ ကီဋာဂိရိဇနပုဒ်သည် ကာသိတိုင်းနှင့် ကောသလတိုင်း နယ်ခြားလောက်တွင်ရှိရာ ထိုဇနပုဒ်၌ ကျောင်းထိုင်များဖြစ်ကြသည့် အဿဇိနှင့် ပုနဗ္ဗသုကတို့ သည် ထိုခေတ်နှင့် ခလျော်သော အတတ်ပညာတို့ကို ပြသင်ကြား၍ အကျော်တစောပြုကျင့် ကြဟန် တူပေသည်၊ ထိုဒေသတွင် အဿဇိ, ပုနဗ္ဗသုကတို့ကဲ့သို့ အကအခုန်, ကစားခုန်စားနှင့် ဆင်ကြန်, မြင်းကြန်, ရထားစီး, လေးပစ် စသောအတတ်ပညာများကို သင်ကြားပေးနေကြသော အခြား (ရဟန်း သံဃာမဟုတ်သည့်) ဆရာများ ပညာသင်ဌာနများလည်း ရှိကြသေးဟန် တူပေရာ ထိုခေတ်၏ ပညာသင်ကြားမှု တစိတ်တဒေသကို ဖော်ပြထားဘိသကဲ့သို့ပင် ဖြစ်နေပေ တော့သည်၊ ထို့ပြင်လည်း ထိုပညာသင်ကြားမှု စသည်တို့ဖြင့် ထိုဇနပုဒ်သူ ဇနပုဒ်သားတို့အား ရင်းရင်းနှီးနှီးဆက်ဆံထားသဖြင့် အကျွမ်းဝင်နေကြသော ထိုရဟန်းတို့ကို မြတ်စွာဘုရား အမိန့် တော်ဖြင့် အသျှင်သာရိပုတြာ အသျှင်မောဂ္ဂလ္လာန်တို့ ကြွရောက်၍ နှင်ထုတ်ရာ၌ အသိုင်း အဝိုင်းနှင့်သွားရပုံ ထိုရဟန်းတို့က ရိုင်းစိုင်းစွာ ဆဲရေးရေရွတ်ပြီးမှ ထွက်ခွါသွားကြပုံများနှင့် ဇနပုဒ်သန့်ရှင်းသွားပုံတို့ကို ဖတ်ရှုရသောအခါ မြတ်စွာဘုရား၏ အရှိန်အဝါ ဘုန်းတန်ခိုးအာနု တော်ကြီးမားပုံတို့ကို ကြည်ညိုရပေသည်။

## အနိယတသိက္ခာပုဒ် နှစ်ပါး

သံဃာဒိသိသ် သိက္ခာပုဒ်များ အခဏ်းအပိုင်းပြီးလျှင် အနိယတသိက္ခာပုဒ် ၂-ပါးအခဏ်း အပိုင်းကို ဖတ်ရှုရမည်ဖြစ်၏၊ ဤအခဏ်း၌ ဖော်ပြထားသည့် သိက္ခာပုဒ် ၂-ပါးကလည်း တမျိုးတဖုံ ဆန်းကြယ်လေသည်၊ အခြားသိက္ခာပုဒ်များသည် သူ့သိက္ခာပုဒ်လွန်ကျူးချက်နှင့် သူ့အာပတ် အသီးသီးရှိသော်လည်း ဤသိက္ခာပုဒ် ၂-ပါးကား အာပတ်သီးခြားမရှိပေ၊ ပါရာဇိကဖြင့် ဆုံးဖြတ် သင့်က ဆုံးဖြတ်၍ သံဃာဒိသိသ်, ပါစိတ်ဖြင့် ဆုံးဖြတ်သင့်က ဆုံးဖြတ်ရပေသည်၊ သို့ဆုံးဖြတ်ရာ၌ လည်း ဤသိက္ခာပုဒ်၏ အလားအလာအရ ရဟန်းသည် ဆိတ်ကွယ်ရာ (မျက်စိကွယ်ရာ, နားကွယ် ရာ) ၌ မာတုဂါမနှင့် တယောက်ခြင်း နေလျှင် ထိုနေခြင်းကို တွေ့မြင်သည့် ယုံကြည်ရသူ ဥပါသိ ကာမကြီး၏ ပြောစကားအရ ဝန်ခံလျှင် ဝန်ခံသည့်အတိုင်း ဆုံးဖြတ်ရမည်ဟု ဆိုထားပေသည်၊ ဤသိက္ခာပုဒ်များ၏ အကြောင်းဝတ္ထုတွင် ပုဗ္ဗာရုံကျောင်းအမ အရိယာ ဥပါသိကာမကြီး ဖြစ်သော ဝိသာခါ ဒါယိကာမကြီးက အနေမတော်သော အသျှင်ဥဒါယီကို ပြောဆိုရာမှ စတင်

ပေါ်ပေါက်လာပေရာ ထိုသိက္ခာပုဒ်နှင့် စပ်၍ ဆုံးဖြတ်ပုံ ဆုံးဖြတ်နည်း အတော်စုံလင်စွာ ပါရှိလေသည်။

## နိဿဂ္ဂိယသိက္ခာပုဒ်-၃၀

ဤပါရာဇိကဏ်ပါဠိတော်တွင် နိဿဂ္ဂိယအာပတ်များ၏ အခဏ်းသည် ရဟန်းတော်များအတွက် သင်္ကန်း သပိတ် ပရိက္ခရာ စားမှု သောက်မှုမှာ ပစ္စည်းသုံးစွဲမှုများအတွက် အတူးပညတ်ချက်များဖြစ်၍ တနည်းတဖုံ အရေးကြီးသော အခဏ်းပင် ဖြစ်လေသည်၊ ရဟန်းတပါးတပါးအတွက် သင်္ကန်း သပိတ် ပရိက္ခရာနှင့် စားမှု သောက်မှု မည်သည့်နည်းနှင့်မျှ ကင်း၍ မဖြစ်သဖြင့် ထိုနှင့်ဆိုင်ရာ သုံးစွဲနည်း စည်းမျဉ်းဥပဒေကို မုချ နားလည်ထားရမည်သာ ဖြစ်ပေသည်၊ ထိုစည်းမျဉ်းဥပဒေ ဝိနည်းကျင့်ထုံးများကို ဤအခဏ်းအပိုင်းတွင် သုံးကဏ္ဍခွဲ၍ ပြဆိုထားပေရာ ကြားမဝင်သာအောင် စုံလင်စေ့စပ်လှပေသည်။

ပဌမအပိုင်း သိက္ခာပုဒ် ၁၀-ပါးမှာ သင်္ကန်းနှင့်ဆိုင်ရာ ကျင့်သုံးရမည့် အချက်များချည်းဖြစ်ပြီး ဒုတိယအပိုင်း သိက္ခာပုဒ် ၁၀-ပါးမှာ အထူးတလည်လုပ်ဆောင်မှု ဖြစ်သည့် ပိုးအခင်း သိုးမွေးအခင်းစသည်ပြုလုပ်မှု အလှူခံမှုများနှင့် ရွှေငွေအလှူခံမှု ရောင်းဝယ်မှုများ အကြောင်းပြဆိုထား၏၊ နောက်ဆုံး တတိယအပိုင်း သိက္ခာပုဒ် ၁၀-ပါးမှာမူ သပိတ်နှင့်ဆိုင်ရာ, ထောပတ်စသော ဆေးပစ္စည်းဆိုင်ရာ, မိုးရေခံသင်္ကန်းနှင့် အခြားသင်္ကန်းများ ရက်လုပ်ရာ၌ စီရင်မှုဆိုင်ရာ စသည်ဖြင့် အထွေထွေကိစ္စများ၌ ရှောင်ကြဉ်ဖွယ် လိုက်နာဖွယ် အချက်အလက်များကို ပြဆိုထားပေသည်။

ဤသိက္ခာပုဒ်များသည် မိမိလက်ခံရရှိသော လာဘ်လာဘများနှင့် စပ်ဆိုင်ပေရာ အကြောင်းတမျိုးမျိုးကြောင့် သင်္ကန်းစသော မိမိရရှိရာ လာဘ်လာဘတခုခုတွင် ဤနိဿဂ္ဂိယသိက္ခာပုဒ်နှင့် ငြိစွန်းလာခဲ့လျှင် ရှေးဦးစွာလာဘ်လာဘကို စွန့်ပစ်ရ၏၊ စွန့်ပစ်ပြီးမှ မိမိ၌ သင့်ရောက်နေသော အပြစ်အာပတ်ကို ကုစားရလေသည်၊ ထိုသို့ စွန့်ပစ်ခြင်း ရှေ့သွားရှိသော အပြစ်အာပတ်ဖြစ်၍ နိဿဂ္ဂိယပါစိတ် အာပတ်ဟူ၍ အာပတ်အမည်ကို အထူးမှည့်ခေါ်ထားရပေသည်။

ဤသိက္ခာပုဒ်များဆိုင်ရာ အပိုင်းကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာလျှင် ဗုဒ္ဓခေတ်က ဝတ်မှု စားမှု နေထိုင်စားသောက်မှုနှင့် ဆိုင်သော လူနေမှုစံနစ်ကို သိရှိနိုင်ပေမည်၊ ထို့ပြင် ယခုခေတ်၌ ကွယ်ခဲ့ပြီးဖြစ်သော ဘိက္ခုနီမများအကြောင်းနှင့်ပတ်သက်၍ ဥပ္ပလဝဏ် အသျှင်မကဲ့သို့ မြတ်စွာဘုရား၏ လက်ဝဲတော်ရံ တန်ခိုးအရာ၌ ဧတဒဂ်ရ အရှင်မကြီးပင် ဖြစ်လင့်ကစား ရဟန်းများကဲ့သို့ လာဘ်လာဘ မပေါများပုံကို စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်ကို ဖတ်ရှု၍ သိသာနိုင်ပေသည်၊ ထိုသိက္ခာပုဒ်မှာပင် ဘိက္ခုနီမများ ဝတ်သော သင်းပိုင်ခေါ် ခါးတောင်ကို ရဟန်းယောကျ်ားများက လဲလှယ်ဝတ်ဆင်နိုင်ပုံကို တွေ့ရသဖြင့် ရဟန်းနှင့် ဘိက္ခုနီတို့၏ ခါးဝတ်သင်းပိုင်တို့ ထူးခြားမှုမရှိပုံကို သိသာနိုင်ပြန်၏၊ ထို့ပြင် ဗုဒ္ဓသားတော် သံဃာတော်များနှင့် ထိုခေတ်က ပရိဗိုဇ်ရဟန်းများ သင်္ကန်းအလဲအလှယ်ပြု၍ ဝတ်ရုံပုံတို့ကို တွေ့ရပြန်သဖြင့်လည်း ဗုဒ္ဓသားတော်ရဟန်းများနှင့် ပရိဗိုဇ်ရဟန်းတို့ အဝတ်အဆင်ခြင်း ခြားနားမှု မရှိဟန်ကို ကဃဝိက္ကယသိက္ခာပုဒ်အရ ထင်ရှား သိသာနိုင်ပြန်လေသည်။

ထိုမှတပါး အခင်းတခုကို ပြုလုပ်ပြီးလျှင် ခြောက်နှစ်အတွင်း မစွန့်ပစ်ရသော သိက္ခာပုဒ်,အခင်း သစ်ပြုလုပ်လျှင် အဟောင်းမှ တထွာခန့် ဖြတ်၍ယူကာ အခင်းသစ်၌ ထည့်သွင်းရသော သိက္ခာပုဒ်, သပိတ်ကွဲလျှင် (လုံးလုံး သုံးမရအောင် ကွဲခြင်းမျိုး မဟုတ်ဘဲ အကွဲကြောင်းထင်ရုံဖြစ်မူ) ငါးချက် အထိ စူးဖြင့် ဖောက်၍ ချုပ်စပ်ဖွဲ့သီရမည်ဖြစ်ပြီး ငါးချက် အဖွဲ့အသီထက် ပို၍ ကွဲမှသာ အသစ် တလုံး အလှူခံရမည် စသော သိက္ခာပုဒ်များကို ကြည့်၍ ဘုရားသာသနာတော်၌ မည်မျှလောက် ပစ္စည်းကို ရှိရှိသေသေ ချွေချွေတာတာ သုံးစွဲရပုံကို သိ၍ ကြည်ညိုနိုင်ကြပေသည်။

## ဝိနည်းကျမ်းဂန်များကို ဖတ်သင့်ခြင်း

ဤသို့လျှင် ဝိနည်းတရားတော်များသည် မြတ်စွာဘုရား တပည့်သား သံဃာတော်များ လိုက် နာ ကျင့်သုံးရန် ပညတ်ထားသော ဥပဒေစည်းမျဉ်းများသာ ဖြစ်ပေရာ ထိုဥပဒေစည်းမျဉ်းများကို ဖော်ပြရာ ဝိနည်းကျမ်းဂန်များသည်လည်း မြတ်စွာဘုရား တပည့်သား သံဃာတော်များနှင့်သာ တိုက်ရိုက်သက်ဆိုင်သော ကျမ်းစာများ ဖြစ်၍ ထိုကျမ်းဂန်များကို လူပုဂ္ဂိုလ်များ ကြည့်ရှုဖွယ် မလို သိမှတ်ဖွယ်မလိုဟု အချို့ပုဂ္ဂိုလ်များ ယူဆပြောဆိုကြသည်ကို ကြားသိရဘူးရာ အမှန်အားဖြင့် ကား အထက်တွင် အနည်းငယ် ထုတ်နုတ်ဝေဖန်ပြထားသည့်အတိုင်း ဝိနည်းကျမ်းဂန်များတွင် ပါရှိသောအချက်အလက်များစွာတို့မှာ ထိုဗုဒ္ဓခေတ်၏ အရေးကြီးသော အုပ်ချုပ်ရေး, ပညာရေး, ကျန်းမာရေး, လူမှုရေး, စိုက်ပျိုးရေး, ယဉ်ကျေးမှုနှင့် လူနေမှု အဆင့်အတန်းမှစ၍ များပြားလှ သော အရေးအရာတို့ကို ခန့်မှန်းနိုင်သဖြင့် ဗဟုသုတရှာမှီးသူတိုင်း အဖို့ ဝိနည်းကျမ်းဂန်များကို ဖတ်ရှုသင့်ပေသည်။

ဖော်ပြပါ အရေးအရာတို့ကို ဝိနည်းကျမ်းဂန်တို့တွင် မြောက်မြားစွာ တွေ့ရှိနိုင်ပေသည်၊ သုတ္တန် ကျမ်းတို့တွင်လည်း ထိုအတူ တွေ့ရှိနိုင်ပေသည်၊ သို့သော် ဝိနည်းကျမ်းဂန်တို့တွင်ပါရှိသော သိက္ခာပုဒ် ကျင့်ထုံးဥပဒေသတို့မှာ ထိုခေတ် ထိုအချိန်က မျက်မှောက် ဖြစ်ပွါးမှုများကိုမူတည်၍ ပညတ် သတ် မှတ်ပေးချက်ဥပဒေသတို့သာဖြစ်၍ သုတ္တန်ကျမ်းတို့၌ ပါဝင်သော အကြောင်းအရာများထက် ပို၍ ခေတ်ပြ ကြေးမုံ ဖြစ်လေသည်။ အဘိဓမ္မာကျမ်းတို့၌ကား ထိုအရေးအရာ အချက်အလက်မျိုးကို လုံးဝ တွေ့ရမည်မဟုတ်ပေ။

## ဝိနည်းကျမ်းဂန်တို့ကို ဖတ်ရှုလေ့လာရခြင်းအကျိုး

အချုပ်အားဖြင့် ဆိုရသော် ဝိနည်းတရားတော်ကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် မိမိအလိုဆန္ဒတော်ကို ငဲ့တော်မမူဘဲ ကရုဏာတော်သက်သက်ဖြင့် လူသာမန်တို့ပင် မကြားနာဝံ့ သောစကားတို့ကို ကြားနာတော်မူလျက်, မမေးမြန်းဝံ့သော စကားတို့ကို မေးမြန်းတော်မူလျက်, မပြောဆိုဝံ့သောစကားတို့ကို ပြောဆိုတော်မူလျက် သိက္ခာပုဒ်တော်တို့ကို ပညတ်တော်မူခြင်းဖြင့် ဟောကြားတော်မူခဲ့သည်၊ ဟိရီ, ဩတ္တပ္ပတရားအရာ၌ မြတ်သောအဆုံးသို့ ရောက်တော်မူသည့် ဘုရားမြတ်ပင်ဖြစ်လင့်ကစား လောကီလူကောင်း လူမွန်တိုင်း ရှောင်ရှားအပ်သည့် ကြမ်းတမ်းသော စကားလုံးတို့ကိုလည်း အပြစ်အားလျော်စွာ ကဲ့ရဲ့ရှုတ်ချရသောအားဖြင့် ပရိသတ်အလယ်တွင် မိန့်ကြားတော်မူခဲ့ရလေသည်၊ ထိုထိုသိက္ခာပုဒ် ပညတ်တော်မူရန် အကြောင်းကိုငဲ့တော်မူ၍ ဝေရဥ္စာ မြို့ စသည်တို့၌ ကိုယ်တော်ကို အပင်ပန်းခံတော်မူ၍လည်း သီတင်းသုံးတော်မူခဲ့လေသည်[၁]၊ ဤသို့

---

၁။ သာရတ္ထ ၎ီ ၁၀၅

စသည်ဖြင့် မဟာကရုဏာတော် ပြခန်းသော ဝိနည်းဒေသနာတော်မြတ်ကို ဖတ်ရှုသုံးသပ်ကြကုန်သော သဒ္ဓါတရားနှင့် ပြည့်စုံ၍ ကြည်ညိုစိတ် ပွါးကုန်လျက် မြင့်မြတ်သော ပညာရှိကုန်သည့် အမျိုးကောင်းသားတို့အဖို့ အဆုံးအပိုင်းအခြားမရှိသော နှစ်သက်မှု 'ပီတိ' တရားဖြစ်ပေါ်၍လာမည်မှာ မုချပင်၊ ထိုပီတိဘရားကို ခွါ၍ ဝိပဿနာပွါးများနိုင်လျှင် တထိုင်တည်း၌ပင် ကိလေသာအားလုံးကို ကုန်ခန်းစေ၍ အရဟတ္တဖိုလ်သို့ ရောက်နိုင်ကြမည် ဧကန်ဖြစ်ရာ ဤ 'ပါရာဇိကဏ်ပါဠိတော် မြန်မာပြန်' စသော ဝိနည်းမြန်မာပြန်ကျမ်းတို့ကို မိမိတို့ အမိဘာသာ မြန်မာစာဖြင့် ဖတ်ရှုနိုင်ကြသည့်အားလျော်စွာ ဝမ်းသာနှစ်သိမ့် ပီတိစိမ့်အောင် တမြိန့်မြိန့် လေ့လာကြပြီးလျှင် ဘာသာရေးဗဟုသုတတို့ကို အခြေခံလျက် နိဗ္ဗာန်ချမ်းသာအထိ တက်လှမ်းနိုင်ကြရန် ကြိုးစား အားထုတ်သင့်ကြပေသတည်း။

## ကျမ်းဦးမှတ်ဖွယ် နောက်ဆက်တွဲ

[စာရှုသူတို့ ကိုးကားကြည့်ရှုနိုင်ရန် ဤပါရာဇိကကဏ် မြန်မာပြန်၌ပါရှိသော သိက္ခာပုဒ်အမည်, ရှေးဦးစွာလွန်ကျူးသော အာဒိကမ္မိကပုဂ္ဂိုလ်, လွန်ကျူးသောအကြောင်းနှင့် သိက္ခာပုဒ်ပညတ်ရာ ဌာနတို့ကို ဇယားပြုလုပ်၍ ဖော်ပြထားပါသည်။]

| သိက္ခာပုဒ်အမည် | ရှေးဦးစွာလွန်ကျူးသူ | လွန်ကျူးသောအကြောင်း | ပညတ်ရာဌာန |
|---|---|---|---|
| | **ပါရာဇိက ၄-ပါး** | | |
| ၁-ပဌမပါရာဇိက | အသျှင်သုဒိန် | မယားဟောင်း၌ မေထုန်မှုပြုခြင်း | ဝေသာလီမြို့ |
| ၂-ဒုတိယပါရာဇိက | အသျှင်ဓနိယ | မင်း၏သစ်များကို ခိုးယူခြင်း | ရာဇဂြိုဟ်မြို့ |
| ၃-တတိယပါရာဇိက | ဝေသာလီမြို့နေ ရဟန်းများ | အချင်းချင်းသတ်ကြခြင်း | ဝေသာလီမြို့ |
| ၄-စတုတ္ထပါရာဇိက | ဝဂ္ဂုမုဒါမြစ်အနီးနေ ရဟန်းများ | ထင်ရှားမရှိသော ဥတ္တရိမနုဿဓမ္မကို ပြောကြားခြင်း | ဝေသာလီမြို့ |
| | **သံဃာဒိသိသ် ၁၃-ပါး** | | |
| ၁-သုက္ကဝိဿဋ္ဌိ | အသျှင်သေယျသက | လုံ့လပြု၍သုက္ကဝိဿဋ္ဌိအမှုကိုပြုခြင်း | သာဝတ္ထိမြို့ |
| ၂-ကာယသံသဂ္ဂ | အသျှင်ဥဒါယီ | မာတုဂါမအား ကာယသံသဂ္ဂအမှုကို ပြုခြင်း | သာဝတ္ထိမြို့ |
| ၃-ဒုဋ္ဌုလ္လဝါစာ | အသျှင်ဥဒါယီ | မာတုဂါမအား ရှုန့်ရင်းသောစကားကို ပြောဆိုခြင်း | သာဝတ္ထိမြို့ |
| ၄-အတ္တကာမပါရိ-စရိယ | အသျှင်ဥဒါယီ | ကာမဖြင့်လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကိုပြောခြင်း | သာဝတ္ထိမြို့ |
| ၅-သဉ္စရိတ္တ | အသျှင်ဥဒါယီ | အောင်သွယ်အမှုကိုပြုခြင်း | သာဝတ္ထိမြို့ |
| ၆-ကုဋိကာရ | အာဠဝီတိုင်းသား ရဟန်းများ | ကိုယ်တိုင်ပမာဏလွန်သော ကျောင်းငယ်ကိုဆောက်လုပ်၍ ဒါယကာတို့ကိုတောင်းခြင်း | ရာဇဂြိုဟ်မြို့ |
| ၇-ဝိဟာရကာရ | အသျှင်ဆန္န | ကျောင်းဆောက်လုပ်ရာ၌ နတ်ကွန်း သစ်ပင်ကို ခုတ်ဖြတ်ခြင်း | ကောသမ္ဗီမြို့ |
| ၈-ဒုဋ္ဌဒေါသ | မေတ္တိယဘုမ္မဇက ရဟန်းများ | အခြေအမြစ်မရှိသော ပါရာဇိက အာပတ်ဖြင့် စွပ်စွဲခြင်း | ရာဇဂြိုဟ်မြို့ |
| ၉-ဒုတိယဒုဋ္ဌဒေါသ | မေတ္တိယဘုမ္မဇက ရဟန်းများ | ငြိစွန်းလောက်သောအချက်တခုကို ဆင်တူရိုးမှားကောက်ယူပြီး ပါရာဇိက အာပတ်ဖြင့်စွပ်စွဲခြင်း | ရာဇဂြိုဟ်မြို့ |

| သိက္ခာပုဒ်အမည် | ရှေးဦးစွာလွန်ကျူးသူ | လွန်ကျူးသောအကြောင်း | ပညတ်ရာဌာန |
|---|---|---|---|
| ၁၀-သံဃဘေဒ | အသျှင်ဒေဝဒတ် | သံဃာကိုခွဲခြင်း | ရာဇဂြိုဟ်မြို့ |
| ၁၁-ဘေဒါနုဝတ္တက | ကောကာလိက, ကဋမောဒကတိဿ, သမုဒ္ဒဒတ္တ | သံဃာခွဲသူ ဒေဝဒတ်၏ နောက်လိုက်ပြုခြင်း | ရာဇဂြိုဟ်မြို့ |
| ၁၂-ဒုဗ္ဗစ | အသျှင်ဆန္န | အဆုံးမ မခံခြင်း | ကောသမ္ဗီမြို့ |
| ၁၃-ကုလဒူသက | အဿဇိပုနဗ္ဗသုက ရဟန်းများ | ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်း | သာဝတ္ထိမြို့ |

## အနိယတ ၂-ပါး

| | | | |
|---|---|---|---|
| ၁-ပဌမအနိယတ | အသျှင်ဥဒါယီ | မာတုဂါမနှင့်အကာအရံရှိဆိတ်ကွယ်ရာ အရပ်၌ အတူထိုင်နေခြင်း | သာဝတ္ထိမြို့ |
| ၂-ဒုတိယအနိယတ | အသျှင်ဥဒါယီ | မာတုဂါမနှင့် အကာအရံမရှိ ဆိတ်ကွယ်ရာအရပ်၌ အတူထိုင်နေခြင်း | သာဝတ္ထိမြို့ |

## နိဿဂ္ဂိယ-၃၀

### ၁-စီဝရဝဂ်

| | | | |
|---|---|---|---|
| ၁-ပဌမကထိန | ဆဗ္ဗဂ္ဂီရဟန်းများ | အပိုသင်္ကန်းတို့ကိုဆောင်ခြင်း | ဝေသာလီမြို့ |
| ၂-ဥဒေါသိတ (ဒုတိယကထိန) | ရဟန်းအများ | သင်္ကန်းတို့ကို ထားခဲ့ခြင်း | သာဝတ္ထိမြို့ |
| ၃-တတိယကထိန | ရဟန်းအများ | သင်္ကန်းကိုတလထက်အလွန်ထားခြင်း | သာဝတ္ထိမြို့ |
| ၄-ပုရာဏစီဝရ | အသျှင်ဥဒါယီ | မယားဟောင်းကိုသင်္ကန်းအဖွပ်ခိုင်းခြင်း | သာဝတ္ထိမြို့ |
| ၅-စီဝရပဋိဂ္ဂဟဏ | အသျှင်ဥဒါယီ | ဘိက္ခုနီမသင်္ကန်းကို ခံယူခြင်း | သာဝတ္ထိမြို့ |
| ၆-အညာတက-ဝိညတ္တိ | အသျှင်ဥပနန္ဒ | ဆွေမျိုးမတော်သူအား သင်္ကန်း တောင်းခြင်း | သာဝတ္ထိမြို့ |
| ၇-တတုတ္တရိ | ဆဗ္ဗဂ္ဂီရဟန်းများ | အတိုင်းအရှည်မရှိဘဲ သင်္ကန်းတို့ကို တောင်းခြင်း | သာဝတ္ထိမြို့ |
| ၈-ဥပက္ခဋ | အသျှင်ဥပနန္ဒ | သင်္ကန်း၌ အထူးစီရင်ခြင်း | သာဝတ္ထိမြို့ |
| ၉-ဒုတိယဥပက္ခဋ | အသျှင်ဥပနန္ဒ | သင်္ကန်း၌ အထူးစီရင်ခြင်း | သာဝတ္ထိမြို့ |
| ၁၀-ရာဇသိက္ခာပုဒ် | အသျှင်ဥပနန္ဒ | ဥပါသကာထံမှ မဆိုင်းငံ့ဘဲ သင်္ကန်း အတင်းတောင်းခြင်း | သာဝတ္ထိမြို့ |

| သိက္ခာပုဒ်အမည် | ရှေးဦးစွာလွန်ကျူးသူ | လွန်ကျူးသောအကြောင်း | ပညတ်ရာဌာန |
|---|---|---|---|

## ၂-ကောသိယဝဂ်

| သိက္ခာပုဒ်အမည် | ရှေးဦးစွာလွန်ကျူးသူ | လွန်ကျူးသောအကြောင်း | ပညတ်ရာဌာန |
|---|---|---|---|
| ၁-ကောသိယ | ဆဗ္ဗဂ္ဂီရဟန်းများ | ပိုးချည်တို့ကိုအခင်းလုပ်ရန်တောင်းခြင်း | အာဠဝီမြို့ |
| ၂-သုဒ္ဓကာဠက | ဆဗ္ဗဂ္ဂီရဟန်းများ | အမည်းသက်သက်သိုးမွေးအခင်းကိုပြုခြင်း | ဝေသာလီမြို့ |
| ၃-ဒွေဘာဂ | ဆဗ္ဗဂ္ဂီရဟန်းများ | အဖြူအနည်းငယ်သာထည့်၍ သိုးမွေးအခင်းကိုပြုခြင်း | သာဝတ္ထိမြို့ |
| ၄-ဆဗ္ဗဿ | ရဟန်းအများ | နှစ်စဉ်အခင်းကိုပြုခြင်း | သာဝတ္ထိမြို့ |
| ၅-နိသီဒနသန္ထတ | ရဟန်းအများ | အခင်းဟောင်းတို့ကို လုံးဝစွန့်ပစ်ခြင်း | သာဝတ္ထိမြို့ |
| ၆-ဧဠကလောမ | ရဟန်းတပါး | သုံးယူဇနာထက်အလွန် သိုးမွေးတို့ကို ဆောင်ယူခြင်း | သာဝတ္ထိမြို့ |
| ၇-ဧဠကလောမ-ဓောဝါပန | ဆဗ္ဗဂ္ဂီရဟန်းများ | ဘိက္ခုနီမတို့အား သိုးမွေးတို့ကို ဖွပ်လျှော်စေခြင်း | ကပ်လဝတ်မြို့ |
| ၈-ရူပိယ | အသျှင်ဥပနန္ဒ | ရွှေငွေကိုခံယူခြင်း | ရာဇဂြိုဟ်မြို့ |
| ၉-ရူပိယသံဝေါ-ဟာရ | ဆဗ္ဗဂ္ဂီရဟန်းများ | ရွှေငွေလဲလှယ်ရောင်းဝယ်ခြင်း | သာဝတ္ထိမြို့ |
| ၁၀-ကယဝိက္ကယ | အသျှင်ဥပနန္ဒ | ဝယ်ခြင်းရောင်းခြင်း | သာဝတ္ထိမြို့ |

## ၃-ပတ္တဝဂ်

| သိက္ခာပုဒ်အမည် | ရှေးဦးစွာလွန်ကျူးသူ | လွန်ကျူးသောအကြောင်း | ပညတ်ရာဌာန |
|---|---|---|---|
| ၁-ပတ္တ | ဆဗ္ဗဂ္ဂီရဟန်းများ | အပိုသပိတ်တို့ကို ဆောင်ခြင်း | သာဝတ္ထိမြို့ |
| ၂-ဦနပဉ္စဗန္ဓန | ဆဗ္ဗဂ္ဂီရဟန်းများ | သပိတ်အနည်းငယ်ကွဲရုံဖြင့် သပိတ်သစ်တောင်းခြင်း | ကပိလဝတ်မြို့ |
| ၃-ဘေသဇ္ဇ | ရဟန်းအများ | ပစ္စည်းပေါများရန်အားထုတ်ခြင်း | သာဝတ္ထိမြို့ |
| ၄-ဝဿိကသာဋိက | ဆဗ္ဗဂ္ဂီရဟန်းများ | မိုးလမရောက်မီစောစောကပင် မိုးရေခံသင်္ကန်းပြုခြင်း | သာဝတ္ထိမြို့ |
| ၅-စီဝရအစ္ဆိန္ဒန | အသျှင်ဥပနန္ဒ | သင်္ကန်းကိုပေးပြီးမှ လုယက်ခြင်း | သာဝတ္ထိမြို့ |
| ၆-သုတ္တဝိညတ္တိ | ဆဗ္ဗဂ္ဂီရဟန်းများ | ချည်တောင်း၍ရက်ကန်းရက်စေခြင်း | ရာဇဂြိုဟ်မြို့ |
| ၇-မဟာပေသ-ကာရ | အသျှင်ဥပနန္ဒ | ရက်ကန်းသည်တို့ထံသွား၍စီရင်ခြင်း | သာဝတ္ထိမြို့ |
| ၈-အစ္စေကစီဝရ | ရဟန်းအများ | အဆောတလျင်လှူသောသင်္ကန်းကို ခံယူ၍ သင်္ကန်းအချိန်ကို လွန်စေခြင်း | သာဝတ္ထိမြို့ |
| ၉-သာသင်္က | ရဟန်းအများ | သင်္ကန်းသုံးထည်မှ တထည်ထည်ကို ရွာတွင်း၌ထားက ခြောက်ညဉ့်ထက်အလွန် သင်္ကန်းနှင့်ကင်း၍နေခြင်း | သာဝတ္ထိမြို့ |
| ၁၀-ပရိဏတ | ဆဗ္ဗဂ္ဂီရဟန်းများ | သံဃိကလာဘ်ကို မိမိအားညွတ်စေခြင်း | သာဝတ္ထိမြို့ |

ခုဒ္ဒကနိကာယ်

ဝိမာနပတ္ထုနှင့်ပေတဝတ္ထုပါဠိတော် မြန်မာပြန်

# ကျမ်းဦးမှတ်ဖွယ်

## လူ့ပြည် လူ့ဘဝ၏ ကျေးဇူးတရားများ

"ကီဟိ ဘိက္ခဝေ ဌာနေဟိ ဇမ္ဗုဒီပကာ မနုဿာ ဥတ္တရကုရုကေ စ မနုဿေ အဓိဂ္ဂဏ္ဟန္တိ ဒေဝေ စ တာဝတိံသေ၊ ကတမေဟိ တီဟိ သူရာ သတိမန္တော ဣဓ ဗြဟ္မစရိယဝါသော၊ ဣမေဟိ ခေါ ဘိက္ခဝေ တီဟိ ဌာနေဟိ ဇမ္ဗုဒီပကာ မနုဿာ ဥတ္တရကုရုကေ စ မနုဿေ အဓိဂ္ဂဏှန္တိ ဒေဝေ စ တာဝတိံသေတိ"[၁]။

"ရဟန်းတို့ ဇမ္ဗူဒိပ်ကျွန်းသူ လူတို့သည် အကြောင်းသုံးမျိုးတို့ဖြင့် ဥတ္တရကုရုကျွန်းနေ လူတို့ကိုရင်း တာဝတိံသာနတ်တို့ကိုရင်း လွမ်းမိုးသာလွန်ကုန်၏၊ အဘယ်အကြောင်း သုံးမျိုးတို့နည်းဟူမူ ရဲရင့်ကုန်၏၊ ခိုင်မြဲသောသတိရှိကုန်၏၊ ဤကျွန်း၌ မြတ်သောအကျင့်ကို ကျင့်သုံးရ၏၊ ရဟန်းတို့ ဤအကြောင်းသုံးမျိုးတို့ဖြင့် ဇမ္ဗူဒိပ်ကျွန်းသူ လူတို့သည် တာဝတိံသာနတ်တို့ကိုရင်း ဥတ္တရကုရုကျွန်းနေ လူတို့ကိုရင်း လွမ်းမိုးသာလွန်ကုန်၏"[၂]။

သုတ္တန္တပိဋကတ ခုဒ္ဒကနိကာယ် ဒုတိယကျမ်းစာလာ ဝိမာနဝတ္ထုနှင့် ပေတဝတ္ထုတို့ကို ကြည့်ရှု သုံးသပ်သူတိုင်းပင် အထက်ဖော်ပြပါ အင်္ဂုတ္တိုရ်လာ စကားရပ်ကို ပိုမို၍ သဘောပေါက်နိုင်ကြပေမည်၊ အထူးအားဖြင့် ဝိမာနဝတ္ထုတွင် မိမိတို့၏ ကုသိုလ်ကံအလျောက် နတ်သမီး နတ်သားတို့၏ စည်းစိမ်ခံစားရပုံနှင့် ဥယျာဉ် ဗိမာန် ရေကန် ပဒေသာပင် မြင်း ဆင် ရထား အစားစားတို့ကို အခမ်းတနား ဖော်ပြထားပေသည်၊ မိုးပျံမြေလျှိုး တန်ခိုးတေဇာ အရောင် အဝါတို့ကိုလည်း အားကျဖွယ်ရာ ဟောကြားထားပေသည်၊ သို့ဖြစ်စေကာမူ ယင်းစည်းစိမ်ချမ်းသာ တန်ခိုးတေဇာတို့ကို နတ်ပြည်လောကတွင် လူ့ပြည်၌ကဲ့သို့ ကျပ်ပြည့်တင်းပြည့် ဖန်တီး၍မဖြစ်၊ လေ့လာဆည်းပူး၍မရ၊ ရှိပြီးစည်းစိမ်တန်ခိုးမျှကိုပင် တိုးပွါးသစ်လွင်လာရန် လုပ်ဆောင်ခြင်းငှါ မလွယ်ကူပေ၊ စည်းစိမ်ချမ်းသာ တန်ခိုးတေဇာ အားလုံးကိုပင် များသောအားဖြင့် လူ့ပြည်လောကမှ ကုသိုလ်ပညာဟူသော လက်နက်ကောင်းဖြင့် ပြုလုပ်ဖန်တီးပေးရလေသည်။

ဖော်ပြပါ အင်္ဂုတ္တိုရ်လာ လူ့ပြည်လောက၏ ရဲရင့်ခြင်း သတိရှိခြင်းတို့အပြင် အထူးအားဖြင့် မြတ်သောအကျင့်ကို ကျင့်သုံးနိုင်ခြင်းတို့သည် ထိုနတ်ပြည်အထပ်ကင်၏ စည်းစိမ်တန်ခိုး အမျိုးမျိုးတို့ ဖြိုးဖြိုးဝေမှုတို့ကို ဖန်တီး၍ ပေးနေကြပေသည်၊ ထို့ကြောင့် လူ့ပြည်လောကကြီးသည် နတ်ပြည်, ဗြဟ္မာ့ပြည်တို့၏ စည်းစိမ်ချမ်းသာ တန်ခိုးတေဇာတို့ကို နေ့ညမရွေး ထုတ်လုပ်မှုပြင်၍ ပေးနေသည့် အချက်အချာ ဗဟိုဌာနကြီးဖြစ်ပြီးလျှင် နတ်ပြည်, ဗြဟ္မာ့ပြည်သို့ သွားရာ ကူးတို့ဆိပ်ကြီးသဖွယ်လည်းဖြစ်၍ လူ့ပြည်မှ လူတို့သည် မိမိတို့၏ ကုသိုလ်ပညာအားလျော်စွာ **နတ်ပြည်** ဗြဟ္မာ့ပြည်တို့သို့ နေ့ညမရွေး ကူးသန်းရွှေ့ပြောင်း နေကြရပေသည်။

---

၁။ အံ ၃-၁၉၈။

၂။ အင် မြန် ၃-၁၉၈။

ဤနေရာ၌ "လူ"ဟူသော အမည်ပညတ်၏ အဓိပ္ပါယ်ကို သိထားထိုက်ပေသည်၊ "လူ"ဟူသည့် မြန်မာဝေါဟာရမှာ ပါဠိဘာသာအားဖြင့်"မနုဿ"ဟူသောပုဒ် ဖြစ်ပေသည် ယင်း"မနုဿ"ပုဒ်ကို အဋ္ဌကထာဆရာက"လောဘာဒီဟိ အလောဘာဒီဟိ စ သဟိတဿ မနသော ဥဿန္နတာယ မနုဿာ =လောဘ အလောဘ အစရှိသည်တို့နှင့်တကွဖြစ်သော စိတ်၏ ပြန့်ပြောများပြားသည်၏ အဖြစ်ကြောင့် မနုဿ'လူ'မည်၏"ဟု ဆိုထားရာ တလူလူမြင့်မား ကက်ကြွနေသည့် အဓိပ္ပါယ်ရောက်သော မြန်မာပညတ် လူဟူသည်နှင့် ထပ်တူလိုပင် ဖြစ်နေပေသည်၊ လူသတ္တဝါတို့သည် လောဘစသော စိတ်ပြန့်ပြောနေ၍ပင် အပါယ်ဘုံသို့ ဆင်းသက်ကြရပြီး အလောဘစသော စိတ်ကောင်းစိတ်မြတ်များ ပြန့်ပြောများပြား တလူလူမြင့်မားနေ၍ပင် နတ်ပြည်, ဗြဟ္မာ့ပြည်နှင့် နိဗ္ဗာန်ခရီးလမ်းတွင် ပြည့်လျှမ်း၍ နေရပေသည်။

လူ့ဘုံဟူသော ဘဝပဒေသာပင်ကြီး သုဂတိကူးတို့ဆိပ်ကြီးမှပင် လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာ သုံးဖြာသော စည်းစိမ်ကြီးများကို ခူးဆွတ်စားသောက် ကူးမြောက် ရွှေပြောင်းသွားနိုင်သဖြင့် ဘဝအမျိုးမျိုးတွင် လူ့ဘဝသည်သာ အကောင်းအမွန်ဆုံး ကောင်းမှုကုသိုလ် အပြုနိုင်ဆုံးဟု နှလုံးပိုက်အပ်ပေ၏၊ ဤစကားရပ်ဖြင့် ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်းဟူသော ပုညကိရိယအမှုများကို လူ့ဘဝမှတပါး အခြားသောဘဝ အခြားသောဂတိများ၌ ပြုလုပ်ခွင့်မရဟူ၍ကား မဆိုလိုပေ၊ သင့်တန်သလောက် ရနိုင်သည်ဟုကား ဆိုရပေမည်၊ ငရဲဘုံ၌ပင် ကာမာဝစရကုသိုလ်စိတ်၏ဖြစ်ခြင်းကို ရခါ ရနိုင်ပေသေးရာ အခြားဘုံများ၌ကား ဆိုဖွယ်ရာမရှိပေ၊ သို့ဖြစ်စေကာမူ နတ်ဘုံ, ငရဲဘုံနှင့် တိရစ္ဆာန်ဘုံတို့သည် ချမ်းသာစင်စစ် ဆင်းရဲစင်စစ်နှင့် ဆင်းရဲများပြားသည်၏အဖြစ်ကြောင့် ပုညကိရိယ ကုသိုလ်ကောင်းမှု ပြုခွင့်များကို ရရှိရန် မလွယ်ကူပေ၊ ထို့ပြင် သပ္ပုရိသူပနိဿယစက်ဟူသော သူတော်ကောင်း ပုဂ္ဂိုလ်တို့နှင့် ပေါင်းဖော်တွေ့ဆုံနိုင်ခွင့် စသည့် အကြောင်းမျိုးတို့နှင့်ယှဉ်စပ်ရန် အလွန်ခဲယဉ်းခြင်းကြောင့်လည်း ပုညကိရိယ ကုသိုလ်ကောင်းမှု ပြုခွင့်များမှာ ဝေးသည်ထက်ဝေး၍ နေရပေသည်။

လူ့ဘုံသည်ကား နတ်ဘုံကဲ့သို့လည်း ချမ်းသာအတိ စံစားရသည်မဟုတ်၊ ငရဲဘုံကဲ့သို့လည်း ဆင်းရဲအတိ ခံစားရသည်မဟုတ်၊ တိရစ္ဆာန်ဘုံကဲ့သို့လည်း ဆင်းရဲများပြားလှသည်မဟုတ်၊ ချမ်းသာများပြားသော 'သုခ ဗဟုလ' ဘုံမျိုးသာဖြစ်ရာ ပုညကိရိယာဝတ္ထု ဖြစ်ခွင့်လည်းလွယ်ကူ၍ သပ္ပုရိသူပနိဿယစက်နှင့်လည်း ပြည့်စုံနိုင်လေတော့သည်၊ လူ့ဘုံသည် ဆင်းရဲဒုက္ခနှင့်ကား မကင်းသေးပေ၊ သို့သော် ထိုဆင်းရဲသည်ပင် ပုညကိရိယဝတ္ထု ကောင်းမှုပြုရန်အတွက် အထောက်အကူပြု၍ နေပေသေး၏၊ မှန်၏-ဆင်းရဲကိုမှီ၍ပင် ဘုရား တရား သံဃာ ရတနာသုံးပါး၌ ယုံကြည်မှုသဒ္ဓါတရား ဖြစ်ပွါး၍ လာရပေသည်၊ သံတုံးကို ခေါးစသောလက်နက်လုပ်ရာ၌ မီးချည်းဖုတ်နေလျှင်ငင်း ရေချည်းသောင်းနေလျှင်ငင်း ထိုးခုတ်သုံးစွဲနိုင်သောလက်နက် ဖြစ်မလာနိုင်ပေ၊ မီးလည်း ထိုက်သင့်သလောက်ဖုတ် ရေလည်း ထိုက်သင့်သလောက်လောင်းမှ လက်နက်ကောင်းဖြစ်လာသကဲ့သို့ မီးနှင့်တူသော ဆင်းရဲချည်း ခံစားနေရမှု ဆင်းရဲများပြားနေရမှု, ရေနှင့်တူသော ချမ်းသာချည်းခံစားနေရမှုတို့သည် ပုညကိရိယ ဟူသောလက်နက်ကောင်းတို့ကို များစွာ မဖြစ်ပေါ်စေနိုင်၊ မီးရေမျှတ ဒုက္ခ,သုခသင့်ရုံမျှ ခံစား စံစားရသော လူ့ဘုံမျိုးမှာသာ ပုညကိရိယလက်နက်ကောင်းများကို အခြားဘုံတို့ထက်ပို၍ ထုတ်လုပ်နိုင်ကြောင်း နှလုံးပိုက်သင့်ပေသည်။

---

၁။ ဝိမာန ၄-၁၆။

## လူလေးမျိုး

လူဟူရာ၌လည်း အင်္ဂုတ္တရ^၁ တွင် လေးမျိုးပြထားသေးသည်၊ ထိုလေးမျိုးကို ဤနေရာ၌ ဖော်ပြရန်လိုအပ်လှသဖြင့် ဖော်ပြဦးမည်၊ လူသည် သာမညအားဖြင့် တမျိုးတစားတည်းသာ ဖြစ်သော်လည်း အထူးပြု၍ ခွဲဝေရလျှင်....

(၁) မနုဿနေရယိက=လူငရဲသား
(၂) မနုဿပေတ=လူပြိတ္တာ
(၃) မနုဿတိရစ္ဆာန=လူတိရစ္ဆာန်
(၄) ပရမတ္ထမနုဿ=လူစစ်စစ်

ဟူ၍ လေးမျိုးခွဲဝေရလေသည်။

(၁) မနုဿနေရယိက=လူငရဲသားဟူသည်ကား လူ့ဇာတ်ဝင် လူသား စင်စစ် ဖြစ်လျက် သူ့အသက်သတ်ခြင်း သူ့ဥစ္စာခိုးယူခြင်းစသော မပြုသင့်သောအမှုတို့ကို ပြုလုပ်သဖြင့် ပြစ်ဒဏ် ပေးရန် ထိုက်တန်သည်နှင့်လျော်စွာ မင်းစသည်တို့က လက်ခြေဖြတ်ခြင်းစသော အပြစ်တို့ဖြင့် အပြစ်ပေးခံရသောကြောင့် ဆင်းရဲဒုက္ခကြီးစွာ ခံစားနေရသူမျိုးဖြစ်၏။

(၂) မနုဿပေတ=လူပြိတ္တာဟူသည်ကား လူသားစင်စစ်ပင် ဖြစ်သော်လည်း ရှေးကပြုခဲ့ ဘူးသောမကောင်းမှုကြောင့် (ရှေးက ကောင်းမှုကို မပြုခဲ့သောကြောင့်) အစားအစာ အဝတ် အထည်ကိုမျှလည်း မရရှိ ဆာလောင်ခြင်းဆင်းရဲဖြင့် နှိပ်စက်ခံနေရသည်ဖြစ်၍ ဆင်းရဲကြီးစွာဖြင့် ရပ်တည်ရာမရ ကတိမ်းကပါး ပြေးလွှားရှာဖွေနေရသူမျိုး ဖြစ်၏။

(၃) မနုဿတိရစ္ဆာန်=လူတိရစ္ဆာန် ဟူသည်ကား လူလူချင်း အတူတူ ဖြစ်သော်လည်း သူတပါးနှင့်စပ်၍ အသက်မွေးရသဖြင့် သူတပါးတို့၏ တာဝန်ဝတ်တရားတို့ကို ထမ်းဆောင်လျက် မနေမနား သွားလာနေရသူမျိုးနှင့် လူလောက စည်းမျဉ်းဥပဒေကို ကျော်နင်းဖျက်ဆီး၍ မလုပ် အပ်သည်ကို လုပ်သဖြင့် အစိုးရမင်းစသော တပါးသူတို့၏ ခြိမ်းခြောက်မှုကြောင့် သေဘေးကို ကြောက်၍ တောချုံပိတ်ပေါင်းကို ခိုမှီဝင်အောင်းကာ အိပ်လိုခြင်း ဆာလောင်ခြင်း ဆင်းရဲကို ပယ်ဖျောက်ရုံမှတပါး အခြား မည်သည့် အကြောင်းအကျိုး ဟုတ်သည် မဟုတ်သည်ကိုမျှ မစဉ်းစား စားနိုင်ပဲ ဒုက္ခကြီးစွာ လှည့်လည် ပြေးလွှားနေရသူမျိုးဖြစ်၏။

(၄) ပရမတ္ထမနုဿ=လူစစ်စစ်ဟူသည်ကား မိမိ၏အကျိုးစီးပွါးကိုသိ၍ ကံ-ကံ၏ အကျိုးကို ယုံကြည်ကာ မကောင်းမှုမှ ရှက်ခြင်း ကြောက်ခြင်းဟုဆိုအပ်သော ဟိရီဩတ္တပ္ပနှင့် ပြည့်စုံပြီးလျှင် သတ္တဝါတို့အပေါ်၌ သနားခြင်းရှိသည်ပြင် သံဝေဂတရားရှိသည့်အလျောက် အကုသိုလ် ကမ္မပထတရားတို့ကိုလည်း ရှောင်ကြဉ်ကာ ကုသိုလ်ကမ္မပထတရားတို့ကိုလည်း ကောင်းစွာ ကျင့်သုံး၍ ပုညကိရိယဝတ္ထုတို့နှင့်ပြည့်စုံသော သူမျိုးပင် ဖြစ်သည်။

ဤလူလေးမျိုးတို့တွင် ဝိမာနဝတ္ထုအရ နောက်ဆုံးဖြစ်သော ပရမတ္ထမနုဿမျိုးကိုသာ ဆိုလို ပေသည်၊ သို့သော်လည်း ဘုရားအစရှိသော ပုဂ္ဂိုလ်မြတ်များ၏ အချီးအမြှောက်ကို ခံရလျှင်

---

၁-ဝိမာန-ဋ္ဌ ၁၉။

၂၀၀၇၈

ကျန်သော လူသုံးမျိုးတို့သည်လည်း ဝိမာနဝတ္ထုအရ ပါဝင်နိုင်ပေသေး၏။ (စတ္တာလီစသော ဝတ္ထုကိုထောက်၊ နောက်၌ ထင်ရှားလတ္တံ့။)

**အသျှင်မဟာမောဂ္ဂလ္လာန်နှင့် နတ်ပြည်လောက**

ဤဝိမာနဝတ္ထု၌ အသျှင်မဟာမောဂ္ဂလ္လာန်စသော ရဟန္တာအရှင်မြတ်ကြီးတို့သည်——

"ပုစ္ဆာမိ တံ ဒေဝိ မဟာနုဘာဝေ၊
မနုဿဘူတာ ကိမကာသိ ပုညံ"။

"အာနုဘော်ကြီးသော နတ်သမီး သင့်ကို ငါမေးပါ၏၊ လူဖြစ်ခဲ့စဉ်က အဘယ် ကုသိုလ်ထူးကို ပြုခဲ့ပါသနည်း"——

စသည်ဖြင့် တွေ့ရသော နတ်သား နတ်သမီး၏ စည်းစိမ်ကို ချီးမွမ်းပြီးနောက် လူဖြစ်ခဲ့စဉ်က **အဘယ်ကုသိုလ်ထူးကိုပြုခဲ့၍ ဤမျှ စည်းစိမ်** ခံစားနေရသနည်းဟု **ဒိဋ္ဌသံသန္ဒနာ (သိလျက် နှီးနှောဆွေးနွေးလိုသော)**အနေဖြင့် မေးမြန်းခဲ့သည်မှာ ဖော်ပြပါ ပရမတ္ထမနုဿဘဝ၏ မွန်မြတ်ပုံ ပဒေသာပင်ကြီးနှင့် တူပုံတို့ကို ထင်ရှားစေလိုသော **မဟာဗျာသယ** မြတ်သောအလိုဆန္ဒ စိတ်မာတ် တော်ကြောင့်ပင်ဖြစ်ပေ၏၊ ထို့မှတပါး ထိုခေတ် ထိုအခါ၌ ခေတ်စားလျက်ရှိသော "ဘဝသည် ပြတ်၏၊ တမလွန်ဘဝ မရှိ၊ ကောင်းမှု မကောင်းမှု အကျိုးမရှိ"စသော ဥစ္ဆေဒဝါဒ, နတ္ထိကဝါဒ သမားများအား တမလွန်ဘဝ မုချရှိကြောင်းနှင့် ကုသိုလ်ကောင်းမှု၏ အကျိုးတို့ကို ထင်ရှား **စေလိုသော** အလိုတော်ကြောင့်လည်း ဖြစ်ပေသေးသည်။

အသျှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ကြီးသည် နတ်ပြည်သို့ ကြွတော်မူ၍ နတ်သမီးသစ် နတ်သားသစ်များနှင့် မကြာခဏတွေ့ဆုံကာ မေးမြန်းစုံစမ်းခဲ့သည်မှာ ထိုမဟာဗျာသယဆန္ဒတော် မြတ်ကြောင့်ပင်ဖြစ်ကြောင်း ထင်ရှားရန် မထေရ်မြတ်ကြီးအကြောင်းကို အနည်းငယ်မျှ ဖော်ပြ ပါဦးမည်။

အသျှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ကြီးသည် လွန်ခဲ့သော တသင်္ချေနှင့် ကမ္ဘာတသိန်းထက် က ပွင့်တော်မူသော အနောမဒဿီ မြတ်စွာဘုရား လက်ထက်က လက်ျာတော်ရံ အဂ္ဂသာဝက အသျှင်သာရိပုတြာ အလောင်းတော်နှင့် အတူတွဲ၍ လက်ဝဲတော်ရံ အဂ္ဂသာဝကဆုကို တောင်း တော်မူခဲ့ပြီး တသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်တိုင် အဂ္ဂသာဝကပါရမီကို ဖြည့်ကျင့်တော်မူခဲ့၍ ယခု ဂေါတမမြတ်စွာဘုရား ပွင့်တော်မူချိန်တွင် ရာဇဂြိုဟ်ပြည်အနီး ကောလိတရွာ မောဂ္ဂလီ ပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေယူ၍ ဖွားတော်မူသောအခါ ကောလိတဟု အမည်တွင်လျက် အရွယ်သို့ ရောက်သော် အတတ်ပညာအားလုံး သင်ကြားတတ်မြောက်ခဲ့လေသည်၊ တရံရောအခါ အသျှင် သာရိပုတြာအလောင်း ဥပတိဿနှင့်အတူ တောင်ထိပ်ပွဲသဘင်ကိုကြည့်ရှုစဉ် သံဝေဂရ၍ တရားရှာ ထွက်ကြရာ ဘုရားပွင့်တော်မမူသေးသဖြင့် ထိုအချိန်က ရာဇဂြိုဟ်ပြည်၌ ထင်ရှား ကျော်ကြား လှသော သိဉ္စည်းဆရာကြီးအထံ၌ ပရိဗိုဇ်ပြု၍ နေရလေသည်။

နောက်မကြာမီ မြတ်စွာဘုရားပွင့်တော်မူ၍ ဓမ္မစကြာတရားကို ဟောတော်မူပြီးနောက် အစဉ်အတိုင်း ရာဇဂြိုဟ်ပြည်သို့ ရောက်ဆဲအခါ တနေ့သ၌ ပဉ္စဝဂ္ဂီငါးဦး အပါအဝင် အသျှင် အဿဇိမထေရ်နှင့် အသျှင်သာရိပုတြာအလောင်း ဥပတိဿပရိဗိုဇ် တွေ့ကြရာမှအစ လမ်းမှန်သို့

ရောက်ကာ မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်လာပြီး "အသျှင်မဟာမောဂ္ဂလ္လာန်" ဟူသော အမည်တော်ဖြင့် ရဟန်းဖြစ်ပြီးနောက် ခုနစ်ရက်မြောက်အချိန်တွင် မဂဓတိုင်း ကလ္လဝါလရွာကို အမှီပြု၍ ရဟန်းတရားကို အားထုတ်ကာ သာဝကပါရမီဉာဏ်၏ ဒေဇထွတ်အထိပ်သို့ ရောက်တော်မူခဲ့သည်၊ ဤနောက် တန်ခိုးအရာတွင် ပြိုင်ဘက်မရှိ ဖြစ်တော်မူသည့်အတိုင်း အောက်ပါ အကြောင်းလေးချက်ကို ပဓာနပြု၍ တန်ခိုးအရာတွင် အကြီးမြတ်ဆုံး 'ဣဒ္ဓိမန္တတေဒဂ်' ဘွဲ့ထူးဖြင့် မြတ်စွာဘုရားက ချီးကျူးမြှောက်စားခဲ့သေသည်။

အကြောင်းလေးချက်မှာ—

(၁) နန္ဒောပနန္ဒနဂါးမင်းနှင့်တူသော နဂါးမင်းတို့ကိုသော်လည်း နှိမ်နင်းဆုံးမနိုင်သော တန်ခိုးအာနုဘော်ရှိခြင်း။

(၂) ဤဘဝ၌သာ တန်ခိုးအာနုဘော်ကြီးသည် မဟုတ်၊ လွန်ခဲ့သော ဘဝပေါင်း ငါးရာတိုင်တိုင် ရသေ့ရဟန်းအဖြစ်ဖြင့် တန်ခိုးအာနုဘော်ကြီးသူ ဖြစ်ခဲ့ခြင်း။

(၃) ငရဲပြည်သို့ကြွ၍ မိမိ၏ တန်ခိုးအစွမ်းဖြင့် ငရဲသားသတ္တဝါတို့အား သက်သာရာ ရစေခြင်းငှါ အေးမြစေရန် အဓိဋ္ဌာန်ပြု၍ လှည်းဘီးပမာဏရှိသော ပဒုမာကြာပွင့်ကြီးကို ဖန်ဆင်း၍ ပဒုမာကြာ၏ အလယ်ချက်ဗွေ၌ ထိုင်နေပြီးလျှင် တရားဒေသနာ ဟောကြားခြင်းနှင့် နတ်ပြည်လောကသို့ ကြွသွား၍ နတ်အပေါင်းအား ကမ္မဂတိကို သိစေ၍ သစ္စာလေးပါးတရားကို ဟောကြားခြင်း။

(၄) သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားကိုထား၍ တပါးသော မည်သည့်သာဝကမှ အသျှင် မဟာမောဂ္ဂလ္လာန်ကဲ့သို့ တန်ခိုးအာနုဘော်ကြီးသူ မရှိခြင်းတို့တည်း။

ဤအကြောင်းလေးချက်သည်ပင် အသျှင်မဟာမောဂ္ဂလ္လာန် ဣဒ္ဓိမန္တတေဒဂ် ရခြင်း၏ အကြောင်းဖြစ်ပေသည်။

တနေ့သောအခါတွင် အသျှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ကြီးသည် သိတင်းသုံးတော်မူလျက် ဤသို့ ကြံစည်တော်မူမိလေသည်၊ "ယခုအခါ လူတို့သည် ဝတ္ထု၏ ပြည့်စုံခြင်း ခေတ်၏ ပြည့်စုံခြင်း မရှိသော်လည်း မိမိ၏ စိတ်ကြည်သင်မှု ပြည့်စုံခြင်းကြောင့် ထိုထိုကုသိုလ်ကောင်းမှုတို့ကိုပြု၍ နတ်ပြည်လောက၌ ဖြစ်ကြကုန်ပြီးလျှင် မွန်မြတ်သော နတ်စည်းစိမ်တို့ကို ခံစားသုံးဆောင်၍ နေကြကုန်၏၊ ငါသည် နတ်ရွာ နတ်ပြည်သို့ လှည့်လည်သွားလာလျက် ထိုနတ်တို့ကို သက်သေထား၍ ထိုနတ်တို့ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုနှင့် ရရှိခံစားရသော ကုသိုလ်ကောင်းမှု၏ အကျိုးတရားကို ပြောကြားစေ၍ ထိုအကြောင်းအရာ အပြည့်အစုံကို မြတ်စွာဘုရားအား လျှောက်ထားရမူ ကောင်းလေစွ၊ ဤသို့လျှောက်ထားလျှင် ငါတို့၏ဆရာ မြတ်စွာဘုရားသည် ကောင်းကင်ပြင်၌ လပြည့်ဝန်းကြီးကို ထင်ထင်ရှားရှားကြွက်လာစေသကဲ့သို့ လူတို့၏ကောင်းမှုအကျိုးကို ပြလျက် အနည်းငယ်မျှပြုအပ်သော ကောင်းမှုကိုလည်း အာရုံပြု၍ သဒ္ဓါ၏အစွမ်းဖြင့် မွန်မြတ်သောအကျိုးရှိသည်အဖြစ်ကို ထင်ရှားစေတော်မူလျက် ထိုထိုသော ဝိမာနဝတ္ထုအဋ္ဌုပ္ပတ္တိကို တရားထုံးပြုတော်မူ၍ မြားမြတ်သောတရားဒေသနာတော်ကို ဟောတော်မူလိမ့်မည်လတ္တံ့၊ ထိုတရားဒေသနာတော်သည် လူများအပေါင်း၏ အကျိုးစီးပွါးအလို့ငှါ နတ်လူတို့၏ ချမ်းသာခြင်းအလို့ငှါ ဖြစ်ပေလတ္တံ့တကား"။

ထိုသို့ ကြံစည်တော်မူမိသည့်အားလျော်စွာ အသျှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်ကြီးသည် သီတင်းသုံးရာမှ ထတော်မူကာ နှစ်ထပ်နှစ်လွှာ နီစွာသောသင်းပိုင် ကောသီသင်္ကန်းတို့ကို ပြုပြင်တော်မူ၍ မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်ပြီးလျှင် သင့်တင့်လျောက်ပတ်သောနေရာ၌ ထိုင်လျက် မိမိ၏အလိုဆန္ဒကို လျှောက်ထား၏၊ မြတ်စွာဘုရား ခွင့်ပြုအပ်သည်ရှိသော် မြတ်စွာဘုရားကို ရှိခိုးပြီး အရိုအသေပြု၍ နေရာမှထပြီးနောက် အဘိညာဉ်၏ အခြေဖြစ်သော စတုတ္ထစျာန်ကို ဝင်စား၏၊ ထိုစျာန်မှ ထပြီးနောက် တန်ခိုးအစွမ်းဖြင့် တခဏခြင်းသာလျှင် တာဝတိံသာဘုံသို့ ကြွသွားလေ၏၊ ထိုတိုဘုံဗိမာန်တို့၌ နေကြသည့် ကိုထိုနတ်သား နတ်သမီးတို့ ဆည်းပူးအပ်သော ကောင်းမှုကံကို မေး၍ ဖြေဆိုစေပြီးလျှင် ထိုနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ကြွလာခဲ့ပြီးနောက် ထိုအဖြစ်အပျက်အလုံးစုံကို မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားလေ၏၊ မြတ်စွာဘုရားကလည်း ထိုနတ်သား နတ်သမီးတို့၏ အကြောင်းအဋ္ဌုပ္ပတ္တိကို သဘောတူလက်ခံတော်မူ၍ ရောက်လာသော ပရိသတ်တို့အား အကျယ်အားဖြင့် ပြန်လည်ဟောကြားတော်မူ၏။

ဤသို့ဖြင့် ဝိမာနဝတ္ထုများသည် လူ့ပြည်လောက၌ ထင်ရှား၍လာပြီးလျှင် လူ့ဘဝ၏မွန်မြတ်ပုံ ဘဝပဒေသာပင်ကြီးဖြစ်ပုံတို့ကို ပေါ်လွင်စေရုံမက 'ဘဝသည် ပြတ်၏'ဟူသော ဥစ္ဆေဒဝါဒ, 'ကောင်းမှု, မကောင်းမှုတို့၏ အကျိုးသည် မရှိ'ဟူသော နတ္ထိကပါဒစသော အယူမှားသူများအားလည်း နှိပ်နင်းသကဲ့သို့ ဖြစ်ဘိရကား ဤဝိမာနဝတ္ထုတရားဒေသနာသည် အလွန်အကျိုးရှိသော ဒေသနာတော်များတွင် အပါအဝင်ဖြစ်နေပေတော့သည်။

## ဝိမာနဝတ္ထု

ဝိမာနဝတ္ထုပါဠိတော်တွင် ဣတ္ထိဝိမာန, ပုရိသဝိမာန (အမျိုးသမီးဝိမာနပိုင်း, အမျိုးသားဝိမာနပိုင်း)ဟူ၍ နှစ်ပိုင်းရှိရာ ဣတ္ထိဝိမာနဟူသောအပိုင်း (လူ့ပြည်မှ ဒါနသီလစသော ကုသိုလ်ကောင်းမှုများကိုပြု၍ နတ်ပြည် နတ်ဗိမာန်အသီးသီး၌ ဖြစ်ကြရသော နတ်သမီးတို့အကြောင်း)ကို ဖော်ပြထားရာ၌ (အမည်မျှသာပြသော ဝတ္ထုများကို ချန်လှပ်၍) ၈၅-ဝတ္ထု ပါရှိပေသည်၊ ထို ၈၅-ဝတ္ထုတွင် သဘောတူရာပေါင်း၍---

(၁) သောတာပန်ဖြစ်ပြီး နတ်ပြည်ရောက်သောဝတ္ထု ၅-ဝတ္ထု

(၂) ဘုရားကိုကြည်ညို၍ လက်အုပ်ချီမိုး ရှိခိုးရုံမျှနှင့် နတ်ပြည်ရောက်သော ဝတ္ထု ၂-ဝတ္ထု

(၃) ကျောင်းအလှူပွဲတွင် သာခုခေါ်ရုံမျှဖြင့် နတ်ပြည်ရောက်သော ဝတ္ထု ၁-ဝတ္ထု

(၄) သီလသက်သက်ဖြည့်ကျင့်၍ နတ်ပြည်ရောက်သော ဝတ္ထု ၂-ဝတ္ထု

(၅) ဒါန, သီလ ပူးတွဲပြုသဖြင့် နတ်ပြည်ရောက်သော ဝတ္ထု ၇-ဝတ္ထုနှင့်

(၆) ကျန်သောဝတ္ထုအားလုံးမှာ ဒါနပြု၍ နတ်ပြည်သို့ရောက်သောဝတ္ထုချည်း ဖြစ်လေသည်။

ဤသို့ ဒါနနှင့်ဆိုင်သော ဝတ္ထုများပြားရသည်မှာလည်း ဝတ္ထု၏အကြောင်းခံမှာ မြတ်စွာဘုရားကဲ့သို့သော အဂ္ဂဒက္ခိဏေယျ အမြတ်ဆုံးအလှူခံပုဂ္ဂိုလ်များ ပွင့်ထွန်းပေါ်ပေါက်ချိန်တွင် လှူဒါန်းရခြင်းနှင့် မြတ်စွာဘုရားကို မျက်မှောက်ဖူးတွေ့ရသဖြင့် သာမညဖြစ်ရိုးဖြစ်စဉ် သဒ္ဓါစေတနာတို့ထက် ထူးကဲလှသော တကယ့်သဒ္ဓါစစ် စေတနာစစ်တို့ ဖြစ်ပေါ်လာခြင်းတို့ကြောင့်ဖြစ်ပေရာ ထိုအချက်မှာ အထူးသတိချပ်စရာပင် ဖြစ်ပေ၏။

ထိုအချက်ကို ထင်ရှားစေရန် ဤဝိမာနဝတ္ထု ပါဠိတော်မြန်မာပြန် (စာမျက်နှာ-၉) ၌ လာရှိသော တတိယနာဝါဝိမာနဝတ္ထု၏အဖွင့် ဝတ္ထုနိဒါန်းကို အဋ္ဌကထာမှ တိုက်ရိုက်မြန်မာပြန်၍ ထည့်သွင်းလိုက်ပါသည်။

## တတိယနာဝါဝိမာနဝတ္ထု

မြတ်စွာဘုရားသည် ဒေသစာရီလှည့်လည်တော်မူသည်ရှိသော် များစွာသော ရဟန်းသံဃာနှင့်တကွ ကောသလတိုင်း ထူဏပုဏ္ဏားရွာသို့ ဆိုက်ရောက်တော်မူခဲ့လေ၏၊ ထူဏရွာရှိပုဏ္ဏားနှင့်အမျိုးသားတို့သည် "ရဟန်းဂေါတမသည် ငါတို့၏ရွာသို့ ရောက်လာသတတ်" ဟု ကြားသိကြလေ၏၊ ထိုအခါ ထူဏရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့သည် သာသနာတော်ကို မကြည်ညိုကြသော မိစ္ဆာဒိဋ္ဌိအယူရှိ၍ မစ္ဆေရပြောသူများ ဖြစ်ကြရကား "ရဟန်းဂေါတမသည် ဤရွာ၌ နှစ်ရက် သုံးရက် နေကောင်းနေရာ၏၊ ဤရွာသားအားလုံးကို မိမိစကား၌ တည်စေရာ၏၊ ထိုမှလွဲ၍ ဗြာဟ္မဏမွေ၌ တည်ခြင်းကို မရရာ" ဟု စဉ်းစားမိကြသဖြင့် ထိုရွာ၌ မြတ်စွာဘုရားအား နေရာမရစိမ့်သောငှါ အားထုတ်ကြကုန်လျက် မြစ်ဆိပ်တို့၌ရှိသော လှေတို့ကိုလည်း ဝှက်ထားဖယ်ရှားကြကုန်၏၊ တံတားတို့ကိုလည်း ဖျက်ဆီးကြကုန်၏၊ ထို့အတူ ရေချမ်းစင် မဏ္ဍပ်တို့ကိုလည်း ဖျက်ဆီးကြကုန်၏။ ရေတွင်းတတွင်းကိုသာ (ရွာသူရွာသားတို့သုံးရန်) ချန်ထား၍ ရေတွင်းအားလုံးတို့ကို မြက်စသည်တို့ဖြင့် ပြည့်စေ၍ ဖုံးပိတ်ကြကုန်၏။

မြတ်စွာဘုရားသည် ထိုပုဏ္ဏားတို့၏ ဖောက်ပြန်သောအခြင်းအရာကို သိတော်မူ၍ ထိုပုဏ္ဏားတို့ကို အစဉ် သနားတော်မူသဖြင့် ရဟန်းသံဃာနှင့်တကွ ကောင်းကင်ခရီးဖြင့် မြစ်ကို ကျော်၍ ကြွလာတော်မူပြီးလျှင် အစဉ်အတိုင်း ထူဏပုဏ္ဏားရွာသို့ ရောက်သော် လမ်းမပေါ်သို့ သက်ဆင်းကာ သစ်ပင်ရင်းတခု၌ အသင့်ရှိနေသော နေရာဝယ် ထိုင်နေတော်မူလေ၏။

ထိုအခါ၌ များစွာကုန်သော ရေခပ်သူအမျိုးသမီးတို့သည် (ဘုရားနှင့်) မနီးမဝေးလမ်းဖြင့် (ရေအိုးတို့ကိုရွက်၍) သွားကြကုန်၏၊ ထိုရွာ၌ "အကယ်၍ ရဟန်းဂေါတမ ရောက်လာခဲ့မူ ထိုရဟန်းဂေါတမအား ခရီးဦးကြိုဆိုခြင်းမပြုရ၊ အိမ်သို့ကြွလာသည့် ရဟန်းဂေါတမ၏ တပည့်တို့အားလည်း ထမင်းမပေးရ" ဟု ကတိကဝတ် ပြုထားကြကုန်၏။

ထိုအခါ၌ ပုဏ္ဏားတဦး၏ကျွန်မ အမျိုးသမီးကလေးတဦးသည် အိုးဖြင့် ရေခပ်ပြီးပြန်လာသည်ရှိသော် ရဟန်းအပေါင်းခြံရံကာ ထိုင်နေတော်မူသော မြတ်စွာဘုရားကိုရင်း ခရီးဖြင့်ပင်ပန်း နွမ်းနယ်လာသည့် ရဟန်းအပေါင်းကိုရင်း တွေ့မြင်၍ ကြည်လင်သောစိတ်ရှိလျက် သောက်ရေကို ပေးလှူလိုသည်ဖြစ်ရကား "ရဟန်း ဂေါတမအား တစုံတရာမျှ မပေးရ ခရီးဦးကြိုခြင်းမျှလည်း မပြုရဟု ရွာသားတို့ ထားခဲ့သော ကတိကဝတ်သည် ငါ့အား တည်ရှိခဲ့၏၊ သို့ပင်ဖြစ်သော်လည်း ဤသို့ ကောင်းမှုပြုရာ လယ်တာ မြေကောင်းသဖွယ် ဖြစ်သော အလှူခံပုဂ္ဂိုလ်မြတ်တို့ကို ရပါလျက် ဤသို့ သောက်ရေလှူဒါန်းခြင်းမျှဖြင့်လည်း မိမိအဖို့ ထောက်တည်ရာကို မပြုငြားအံ့၊ အဘယ်အခါ၌ ငါသည် ဆင်းရဲစွာ အသက်မွေးရခြင်းမှ လွတ်ပါအံ့နည်း၊ ငါ၏သခင်သည်ရင်း ရွာသားအားလုံးတို့သည်ရင်း ငါ့အား သတ်လိုက သတ်စေ၊ ဤသို့သော ကောင်းမှုပြုရာ လယ်မြေမြတ်၌ သောက်ရေလှူဒါန်းမှုတည်းဟူသော ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးမည်သာတည်း" ဟု သန္နိဋ္ဌာန်ပြုပြီးလျှင်

---

၁။ ဝိမာန ၄၅-၄၆။

အခြားသော ရေခပ်အမျိုးသမီးတို့က တားမြစ်ကြသော်လည်း အသက်ကိုမငဲ့ကွက်ပဲ ဦးခေါင်းပေါ်မှ သောက်ရေအိုးကိုချ၍ လက်နှစ်ဖက်တို့ဖြင့် ချီမကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် ငါးပါးသော ထိခြင်းတို့ဖြင့် ရှိခိုးပြီးနောက် သောက်ရေဖြင့် ဖိတ်ကြားလေ၏(သောက်ရေကိုလှူ၏)။

မြတ်စွာဘုရားသည် ထိုအမျိုးသမီး၏ စိတ်ကြည်လင်မှုကို ရှုငဲ့၍ အမျိုးသမီးကို ချီးမြှောက်တော်မူလိုသဖြင့် ရေကို ရေစစ်ဖြင့်စစ်လျက် လက်ခြေတို့ကို ဆေးကြောကာ သောက်ရေကို သောက်တော်မူလေ၏၊ အိုး၌ရေသည် ကုန်ခန်းခြင်းသို့မရောက်၊ အမျိုးသမီးသည် ထိုအခြင်းအရာကိုမြင်ရသော် တဖန်ကြည်လင်သောစိတ်ဖြင့် ရဟန်းတပါးအား ပေးလှူပြန်၏၊ ထိုမှတပါး အခြားအခြား ရဟန်းများအားလည်း ပေးလှူပြန်၏၊ ဤသို့ဖြင့် အလုံးစုံသော ရဟန်းတို့အား ပေးလှူလေ၏၊ ရေသည် ကုန်ခမ်းခြင်းသို့ မရောက်သည်သာတည်း၊ အမျိုးသမီးသည် ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍ ပြည့်မြဲတိုင်းသော ရေအိုးဖြင့် အိမ်သို့ရှေးရှုပြန်သွား၏၊ ထိုအမျိုးသမီး၏ အရှင်သခင်ဖြစ်သော ပုဏ္ဏားသည် သောက်ရေပေးလှူသည့်အဖြစ်ကို ကြားသိ၍ ဤကျွန်မသည် ရှာ၏ကတိကဝတ်ကို ဖျက်ဆီး၏၊ ငါကိုယ်တိုင် ရှုတ်ချသင့်၏ဟု ကြံစည်ကာ အမျက်ဒေါသ(မီး)သည် တဖျစ်ဖျစ် မြည်အောင် တောက်လောင်သည်ဖြစ်၍ အမျိုးသမီးကို မြေသို့လဲကျစေလျက် လက်တို့ဖြင့်၎င်း ခြေတို့ဖြင့်၎င်း ရိုက်နှက်ဘန်ကျောက်၏၊အမျိုးသမီးသည် ထိုလုံ့လပယောဂဖြင့် အသက်ကုန်ခြင်းသို့ ရောက်၍ တာဝတိံသာနတ်ဘုံ၌ ဖြစ်လေ၏။

အမျိုးသမီး၏ ကုသိုလ်ကံ အာနုဘော်ကြောင့် ပဒေသာပင်ဖြင့် တင့်တယ်သော ကြီးစွာသော ဗိမာန်သည်ဖြစ်၏၊ ထိုဗိမာန်ကို ဝန်းရံ၍ ငွေဖြင့် တန်ဆာဆင်အပ်သော ပုလဲကွန်ရက်ကဲ့သို့သော သဲတို့ဖြင့် ဖြန့်ကြဲအပ်သော ဖြူစင်သော သဲသောင်ကမ်းပါးရှိသော ပတ္တမြားအစုကဲ့သို့ သန့်ရှင်းကြည်လင်သော ရေကိုဆောင်သည့်မြစ်သည် ရှိ၏၊ ထိုမြစ်၏ ကမ်းပါးနှစ်ဖက်တို့၌ရှိသည့် ဥယျာဉ်ဗိမာန်၏ တံခါးဝ၌ အဆင်းငါးမျိုးရှိသော ကြာအပေါင်းတို့နှင့် တန်ဆာဆင်အပ်သော ရွှေလှေနှင့်တကွ ကြီးစွာသော ရေကန်ကြီးသည် ဖြစ်ပေါ်၏။ နတ်သမီးသည် နတ်စည်းစိမ်ကို အစဉ်ခံစားလျက် လှေဖြင့် ကစားမြူးထူးသည်ဖြစ်၍ လှည့်လည်သွားလာနေ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို "အာနန္ဒာ ငါတိုက်တွန်း၏၊ ရေတွင်းမှ ရေကို ဆောင်ယူချေလော့"ဟု အမိန့်တော်ရှိ၏၊ အာနန္ဒာမထေရ်သည် မြတ်စွာဘုရားအား "မြတ်စွာဘုရား ယခုအခါ ရေတွင်းကို ထုဏရွာသားတို့သည် ဖျက်ဆီးအပ်ပါပြီ၊ ရေကိုဆောင်ယူရန် မဖြစ်နိုင်ပါ"ဟု လျှောက်ထား၏၊ မြတ်စွာဘုရားသည် နှစ်ကြိမ် သုံးကြိမ် စေခိုင်း၏၊ သုံးကြိမ်မြောက်စေခိုင်းရာ၌ အာနန္ဒာမထေရ်သည် မြတ်စွာဘုရား၏ သပိတ်တော်ကို ယူဆောင်၍ ရေတွင်းသို့ ရှေးရှုကြွသွားလေ၏၊ အာနန္ဒာမထေရ် ရေတွင်းသို့ ကြွသွားသည်ရှိသော် ရေတွင်းသည် ရေပြည့်သည်ဖြစ်၍ လျှံတက်လာပြီးလျှင် ထက်ဝန်းကျင်စီးဆင်း၏၊(ရေတွင်းကိုဖို့ပိတ်ထားသော) မြက်ထုံးအလုံးစုံသည် မျော၍ အလိုလိုထွက်၏၊ ထိုစီးသောရေသည် အဆင့်ဆင့်တိုးပွါး၍ တပါးသောရေအိုင်တို့ကို ပြည့်စေလျက် ထိုထုဏပုဏ္ဏားရွာကို ထက်ဝင်းကျင်မှ ဝန်းရံ၍ ရွာတစိတ်ကို လွှမ်းမိုးသွားလေ၏။

ထိုတန်ခိုးပြာဋိဟာကို မြင်လေသော် ပုဏ္ဏားတို့သည် တအံ့တသြ မဖြစ်ဘူးမြဲ ထူးကဲသောစိတ်ဖြစ်ကြ၍ မြတ်စွာဘုရားကို တောင်းပန်ကြကုန်၏၊ ထိုတောင်းပန်သော တခဏ၌ပင် ရေအယဉ်သည် ကွယ်ပျောက်လေ၏၊ ပုဏ္ဏားတို့သည် မြတ်စွာဘုရား၏၎င်း ရဟန်းသံဃာ၏၎င်း နေရာဌာနကို

စီရင်၍ နက်ဖြန် ဆွမ်းအလို့ငှါ ပင့်ဖိတ်ကာ ဒုတိယနေ့၌ ကြီးစွာသောအလှူကို ပြုပြင်ဆင်ယင်လျက် ဘုရားအမှူးရှိသော သံဃာကို မွန်မြတ်သော ခဲဘွယ် ဘောဇဉ်ဖြင့် လုပ်ကျွေးပြီးသော် အလုံးစုံသော ယူဇနရွာသား ပဏ္ဏားနှင့် အမျိုးသားတို့သည် မြတ်စွာဘုရားကို ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသည့်တိုင်အောင် ကောင်းစွာလုပ်ကျွေးကြကုန်လျက် ထိုင်နေကြကုန်၏။

ထိုအခါ နတ်သမီးသည် မိမိ၏စည်းစိမ်ကို ဆင်ခြင်၍ ထိုအကြောင်းကို စူးစမ်းသည်ရှိသော် ထိုသောက်ရေလှူဒါန်းခဲ့သည်ကို သိ၍ နှစ်သက်ဝမ်းမြောက်လျက်"ယခုပင် ငါသည် မြတ်စွာဘုရားကို ရှိခိုးအံ့၊ ကောင်းသောအမှုကို ပြုရာ၌ ပြုသူတို့အား အနည်းငယ်မျှကို ပြုလုပ်သော်လည်း များမြတ်သောအကျိုး ပေးသည်အဖြစ်ကို လူ့လောက၌ ထင်ရှားအောင် ပြုပေအံ့"ဟု ကြံစည်၍ အားထုတ်မှုကို ဖြစ်စေလျက် နတ်သမီးတထောင် အခြံအရံရှိသော ဗိမာန်နှင့် အတူသာလျှင်၊ ကြီးကျယ်သော နတ်တန်ခိုး ကြီးမားသောနတ်အာနုဘော်ဖြင့် လာလတ်၍ လူအများမြင်စဉ်ပင် ဗိမာန်မှ သက်ဆင်းလျက် မြတ်စွာဘုရားကို ချဉ်းကပ်ရှိခိုး၍ လက်အုပ်ချီကာ ရပ်တည်လာ၏။

ထိုနောက်၌ မြတ်စွာဘုရားသည် ထိုပရိသတ်အား ကံ၏အကျိုးကို မျက်မှောက်ထင်ရှား ပြလိုသောကြောင့် နတ်သမီးအား မေးတော်မူပုံ နတ်သမီးက ပြန်၍ လျှောက်ထား ဖြေကြားပုံတို့ကို ဝိမာနဝတ္ထုစာကိုယ်တွင် ဖတ်ရှုနိုင်ပေ၏[1]။ ဤဝတ္ထု၌ မြတ်စွာဘုရား ချီးမြှောက်ပုံနှင့် အမျိုးသမီး၏ အသက်ကိုမျှ ပမာနမထား စွန့်စား၍ လှူဒါန်းပုံတို့ကို ဆင်ခြင်လျှင် တမလွန်၌ အကျိုးခံစားရပုံမှာ များလွန်းသည်ဟု မဆိုသာချေ၊ ဒါနဝတ္ထု၏ ကြီးကျယ်မှု သေးငယ်မှုမှာ ပမာနမဟုတ်၊ အသက်ကို စွန့်၍ လှူဒါန်းနိုင်သော စေတနာသဒ္ဓါတို့၏ ကြီးမားကျယ်ပြောမှုသည်သာ ပမာနဖြစ်ရပုံကို ဤဝိမာနဝတ္ထုဖြင့် သက်သေတင်နိုင်ပေတော့သည်။

ဤဝတ္ထုမှာ ထူးထူးကဲကဲ ရဲရဲဝံ့ဝံ့ စွန့်စားလှူဒါန်းသော ဒါန၏ အကျိုးပြဝတ္ထု ဖြစ်၏၊ ထိုမှ တပါး ကိုယ်ကျင့်တရားနှင့် သီလစောင့်သုံးမှုကြောင့် အကျိုးပေးရာတွင် တပါးသူထက် သာပုံ ဝတ္ထုတခုကိုလည်း ဝိမာနဝတ္ထုအဋ္ဌကထာမှ ထုတ်ဆောင်၍ ပြလိုပေသေးသည်။

## လတာဝိမာနဝတ္ထု[2]

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ၌ သာဝတ္ထိပြည်သား ဥပါသကာတယောက်၏ သမီးသည် လတာမည်၏၊ ပညာရှိ၏၊ လိမ္မာ၏၊ ထက်မြက်စူးရှသော ဉာဏ်ရှိ၏၊ လင်အိမ်သို့ ရောက်သောအခါ လင်ကိုရင်း ယောက္ခမနှစ်ဦးကိုရင်း ကျူးလွန်၍ မကျင့်၊ ချစ်ခွယ်သောစကားကို ဆို၏၊ အခြွေအရံအား ချီးမြှောက်ခြင်း၌ လိမ္မာ၏၊ အိမ်၌ အိမ်ထောင်ဝန်ကို ဆောင်ရွက်နိုင်၏၊ အပျက်ထွက်လေ့မရှိ၊ သီလအကျင့်နှင့် ပြည့်စုံ၏၊ ပေးကမ်းဝေဖန်ခြင်း၌ မွေ့လျော်၏၊ မကျိုးမပေါက်သော သီလရှိ၍ ဥပုသ်စောင့်သုံးခြင်း၌ မမေ့မလျော့ဖြစ်၏၊ ထိုလတာအမျိုးသမီးသည် နောက်အဖို့၌ သေဆုံးကွယ်လွန်၍ ဝေဿဝဏ်နတ်မင်းကြီး၏ သမီးဖြစ်ကာ လတာဟူသော အမည်ဖြင့်သာလျှင် ဖြစ်၏၊ ထိုလတာနတ်သမီးအား တပါးသော သဇ္ဇာ၊ ပဝရာ၊ အစ္စိမတီနှင့် သုတာဟူသော ညီမလေးဘော်တို့သည် ရှိကုန်၏၊ ထို နတ်သမီးညီအစ်မငါးဦးတို့ကိုလည်း သိကြားမင်းသည် ဆောင်ယူ၍ ကခြေသည်အဖြစ်ဖြင့် အလုပ်၊

---

၁။ မြန်မာပြန် စာမျက်နှာ ၉-တွင် ကြည့်။

၂။ ဝိမာန ၄-၁၂၀။

အကျေးအရာ၌ ထား၏၊ လတာနတ်သမီးသည် အကအဆိုစသည်၌ လိမ္မာကျွမ်းကျင်သဖြင့် အကြီးအမှူးဖြစ်လေ၏။

ထိုနတ်သမီးတို့သည် တပေါင်းတည်း စု၍ ချမ်းသာစွာ ထိုင်နေကြစဉ် ကောင်းစွာ သီဆိုခြင်း၌ ကျွမ်းကျင်မှုကို စွဲ၍ အငြင်းအခုံ ဖြစ်၏၊ ထိုနတ်သမီးတို့သည် ဖခင် ဝေဿဝဏ်နတ်မင်းကြီးထံသို့ သွား၍ "ခမည်းတော် သမီးတော်တို့တွင် အဘယ်သမီးတော်သည် ကခြင်းစသည်တို့၌ အကောင်းဆုံး ဖြစ်ပါသနည်း"ဟု မေးကုန်၏၊ ဝေဿဝဏ်နတ်မင်းကြီးက "ချစ်သမီးတို့ သွားကြကုန်၊ အနောတတ်အိုင်၏ ကမ်းပါး နတ်သဘင်အစည်းအဝေး၌ ကောင်းစွာ သီဆိုခြင်း ဖြစ်စေကုန်လော့၊ ထိုအစည်းအဝေး၌ သင်တို့၏ ထူးခြားမှုသည် ထင်ရှားလတ္တံ့"ဟု ဆို၏၊ ထိုနတ်သမီးတို့သည် ဖခင်ဝေဿဝဏ်နတ်မင်းကြီး ဆိုတိုင်း ပြုကြကုန်၏၊ ထိုနတ်သဘင်အစည်းအဝေး၌ နတ်သားတို့သည် လတာနတ်သမီး ကခုန်သည်ရှိသော် မိမိနေမြဲတိုင်းသဘာဝဖြင့် ရပ်တည်ခြင်းငှါ မတတ်နိုင်ကုန်၊ ကောင်းစွာဖြစ်သော ရွှင်လန်းခြင်းရှိကြသဖြင့် ရင်သပ်ရှုမော အံ့ဩသောစိတ်ဖြစ်ကုန်၍ အစဉ်မပြတ် ကောင်းချီးပေးကုန်လျက် ကျယ်လောင်စွာ ဟစ်ကြွေးကာ အဝတ်ပုဆိုးတို့ကို မြှောက်ပင့်ဝှေ့ရမ်းခြင်း ပြုကြကုန်၏၊ ဟိမဝန္တာတတောလုံး တုန်လှုပ်သကဲ့သို့ ကြီးစွာသော အုတ်အုတ်ကျက်ကျက်အသံသည် ဖြစ်လေ၏၊လတာနတ်သမီးမှ တပါးသော နတ်သမီးတို့ ကခုန်သောအခါတို့၌ကား ချေမ်းလှုသောရာသီဖြစ်သည့် သိသိရ ရတုအခါ၌ ဥသြငှက်ကဲ့သို့ တိတ်ဆိတ်စွာ ထိုင်နေကြကုန်၏၊ ဤသို့လျှင် ထိုသီဆိုပွဲ၌ လတာနတ်သမီး၏ ထူးခြားသော ထင်ရှားကျော်ကြားမှုသည် ဖြစ်လေ၏။

ထိုအခါ၌ ထိုနတ်သမီးတို့တွင် သုတာမည်သော (ညီမအငယ်ဆုံး) နတ်သမီးသည် "အဘယ်ကောင်းမှုကိုပြု၍ ဤအမကြီးလတာသည် ငါတို့ကို အဆင်းဖြင့်၎င်း အခြံအရံဖြင့်၎င်း လွှမ်းမိုး၍ တည်သနည်း၊ ငါသည် အမကြီးလတာကို မေးပေအံ့"ဟု ကြံစည်ကာ လတာနတ်သမီးကို မေး၏၊ လတာနတ်သမီးသည် ထိုသို့ဖြစ်ရခြင်းအကြောင်းကို ဖြေကြား၏၊ ထိုအကြောင်းကို ဝေဿဝဏ် နတ်မင်းကြီးက နတ်ပြည်သို့ ဒေသစာရီ ကြွချီလာသော အသျှင်မဟာမောဂ္ဂလ္လာန်အား လျှောက်ထား၏၊ မထေရ်သည် ထိုအကြောင်းကို မေးမြန်းသော အကြောင်းရင်းမှစ၍ ဘုရားရှင်အား လျှောက်ထားလေ၏။

ထိုမေးမြန်းပုံ ဖြေကြားပုံတို့ကို ဤဝိမာနဝတ္ထုစာကိုယ်[၁] တွင် ဖတ်ရှုနိုင်ပေသည်၊ ဤဝတ္ထု၌ အမျိုးသမီးတဦး၏ လင်ကို ကျူးကျော်၍ မကျင့်ပုံ ယောက္ခမမိဘတို့၌ ရိုသေ၍ အိမ်ရှင်မ ပီသပုံ သီလမြဲပုံနှင့် ဥပုသ်စောင့် မပျင်းရိပုံတို့ကို ဖော်ပြထားပြီး ထိုကောင်းမှုအတွက် တမလွန်တွင် တပါးသူတို့ထက် အရေရာ၌ သာလွန်ပုံကို ဖော်ပြထားသည်မှာ အိမ်ထောင်ရှင် အမျိုးသမီးတိုင်း အားကျအတုယူစရာပင် ဖြစ်ပေသည်။

အောက်ပါ စဏ္ဍာလီဝိမာနဝတ္ထုမှာ ဒါန သီလစသောကောင်းမှု လုံးဝမရှိရုံမျှသာမက စဏ္ဍာလီ အမယ်အိုသည် အထက်တွင် ဖော်ပြခဲ့သည့် လူလေးမျိုးတွင် လူပြိတ္တာအမျိုးအစား၌ပင် ပါဝင်နေပေသေးသည်၊ သို့သော် မြတ်စွာဘုရား၏ ကရုဏာတော်ကြောင့် ကောင်းမှုဖြစ်ပေါ်လာပြီး ကောင်းကျိုး ခံစားရပုံကို ပေါ်လွင်ထင်ရှားစေပေသည်။

---

၁။ ဤမြန်မာပြန် စာမျက်နှာ ၃၇-တွင် ကြည့်။

## စဏ္ဍာလိဝိမာနဝတ္ထု[၁]

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့၌ သီတင်းသုံးနေတော်မူသည်ရှိသော် နံနက်မိုးသောက်ထအခါ၌ ဘုရားရှင်တို့ အလေ့အကျက်အားလျော်စွာ မဟာကရုဏာသမာပတ်ကို ဝင်စားရာမှ ထ၍ လောကကို ကြည့်ရှုတော်မူသည်ရှိသော် ထိုရာဇဂြိုဟ်မြို့၌ပင်လျှင် စဏ္ဍာလတင်းကုပ်၌ နေသော သက်တမ်းကုန်(သေချိန်နီး)နေသည့် စဏ္ဍာလီမည်သော အမယ်အိုကိုရင်း, ထိုစဏ္ဍာလီအမယ်အို၏ ငရဲ၌ဖြစ်မည့် ကံသည်လည်း အနိုးကပ်၍ တည်နေသည်ကိုရင်း မြင်တော်မူလေ၏၊ မြတ်စွာဘုရားသည် မဟာကရုဏာတော် ကောင်းစွာတိုက်တွန်းအပ်သော စိတ်ရှိသည်ဖြစ်၍ "နတ်ပြည်၌ ဖြစ်လတ္တံ့သောကံကို ဖြစ်စေ၍ ထိုအမယ်အိုအား ငရဲ၌ဖြစ်ခြင်းကို တားမြစ်ကာ နတ်ပြည်၌ တည်စေအံ့"ဟု ကြံစည်တော်မူပြီး၍ များစွာသော ရဟန်းသံဃာအပေါင်းနှင့်တကွ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်တော်မူ၏၊ ထိုအခါ၌ စဏ္ဍာလီအမယ်အိုသည် တောင်ဝှေးကို ဆဲကိုင်ကာ ရာဇဂြိုဟ်မြို့မှ ထွက်စဉ် မြတ်စွာဘုရားကို မြင်၍ ရှေးရှုမျက်နှာမူလျက် ရပ်နေလေ၏၊ မြတ်စွာဘုရားသည်လည်း ထိုအမယ်အို၏ သွားခြင်းကို တားမြစ်သကဲ့သို့ ရှေ့မှ ရပ်တော်မူလေ၏၊ ထိုအခါ အသျှင်မဟာမောဂ္ဂလ္လာန်သည် မြတ်စွာဘုရား၏ စိတ်အလိုတော်ကိုရင်း, ထိုအမယ်အို၏ အသက်ကုန်လတ္တံ့သည်ကိုရင်း သိ၍ မြတ်စွာဘုရားအား ရှိခိုးရန် အမယ်အိုအား ဂါထာနှစ်ပုဒ် ရွတ်ဆို၍ တိုက်တွန်းတော်မူ၏။

အသျှင်မဟာမောဂ္ဂလ္လာန်တေရ်သည် ဂါထာနှစ်ပုဒ်ဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကို ပြောကြား၍ မိမိ၏တန်ခိုးအာနုဘော်၌တည်ကာ ထိုစဏ္ဍာလီအမယ်အို၏လည်း အသက်တမ်းကုန်သည့်အဖြစ်ကို ထင်စွာပြု၍ ထိတ်လန့်စေပြီးလျှင် မြတ်စွာဘုရားအား ရှိခိုးရန် တိုက်တွန်းလေ၏၊ ထိုစဏ္ဍာလီအမယ်အိုသည် အသျှင်မဟာမောဂ္ဂလ္လာန်၏ စကားကို ကြား၍ ထိတ်လန့်ခြင်းဖြစ်ကာ မြတ်စွာဘုရား၌ ကြည်လင်သော စိတ်ရှိလျက် ငါးပါးသောထိခြင်းဖြင့် ရှိခိုး၍ လက်အုပ်ချီလျက် ကိုယ်ကို ညွှတ်ပြီးလျှင် ဘုရားသို့ရောက်သော ပီတိဖြင့် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ ရပ်တည်၏၊ မြတ်စွာဘုရားသည် "ဤမျှဖြင့် သင့်လျော်ပြီ၊ ဤစဏ္ဍာလီအား နတ်ပြည်၌ဖြစ်ကြောင်း ဖြစ်လေပြီ" ဟု ကြံစည်တော်မူ၍ နောက်ပါရဟန်းသံဃာနှင့်အတူ မြို့သို့ ဝင်လေ၏၊ ထိုစဉ်တွင် အစာရှာ လှည့်လည်လာသော နွားသားငယ်ရှိသည့် နွားမတကောင်သည် ထိုနွားသားငယ်ကြောင့်ပင် ပြေးလာလျက် ဦးချိုဖြင့် စဏ္ဍာလီအမယ်အိုကို ဝှေ့၍ ဇီဝိတိန္ဒြေမှ ချလေ၏။

စဏ္ဍာလီသည် ထိုဘဝမှ စုတေခဲ့၍ တာဝတိံသာနတ်ဘုံ၌ ဖြစ်၏၊ နတ်သမီးတထောင်တို့သည် ထိုစဏ္ဍာလီနတ်သမီး၏ အခြွေအရံတို့ဖြစ်ကုန်၏၊ ထိုခဏ၌သာလျှင် စဏ္ဍာလီနတ်သမီးသည် ဗိမာန်နှင့်တကွလာ၍ ဗိမာန်မှ သက်ဆင်းကာ အသျှင်မဟာမောဂ္ဂလ္လာန်အား ချဉ်းကပ်ရှိခိုး၏၊ ထိုနောက် အသျှင်မဟာမောဂ္ဂလ္လာန်က မေးမြန်း၍ နတ်သမီးက စဏ္ဍာလီဖြစ်ကြောင်း ဖြေကြား၍ ကုသိုလ်ကောင်းမှုကိုလည်း လျှောက်ထားလေ၏၊ ပြောဆိုကြပုံများကို စာကိုယ်[၂]၌ ကြည့်ရှုသိရှိနိုင်၏။

ဤဝတ္ထုတွင် အသျှင်မဟာမောဂ္ဂလ္လာန်၏ တိုက်တွန်းချက်ကြောင့် စဏ္ဍာလီ အမယ်အိုသည် မြတ်စွာဘုရားအား လက်အုပ်ချီ၍ ရှိခိုးလိုက်သည်၊ ရှိခိုးခြင်းဖြင့်ပြီးသော ကောင်းမှုကံသည် ဖြစ်ဆဲခဏ၏ အစွမ်းဖြင့် နည်းလှသည်ကား မှန်၏၊ သို့ပင်ဖြစ်သော်လည်း ခေတ်ဟူသော ကောင်းမှု၏ တည်ရာပုဂ္ဂိုလ်မှာ ဘုရားရှင်ကိုယ်တော်တိုင်ဖြစ်၍ ကြီးမားလှပေ၊ အကျိုး၏ ကြီးမားမှုမှာလည်း

---

၁။ ဝိမာန-၄-၃၄ ၂။ ဤမြန်မာပြန်စာမျက်နှာ ၂၅-၌ ကြည့်။

အတိုင်းထက်အလွန်ပင် ဖြစ်ရပေ၏၊ ထို့မှတပါး ဗုဒ္ဓါနုဿတိအာရုံ၌ဖြစ်သော ပီတိ၏ ဖြစ်ဆဲခဏ၌ ပညာ-သတိတို့၏ သန့်ရှင်းစင်ကြယ်ခြင်းကြောင့်လည်း ဤမျှ အကျိုးကြီးမားရခြင်းဖြစ်ကြောင်း မှတ်သားသင့်လှပေသည်။

## ဣတ္ထိဝိမာနဆိုင်ရာမှတ်သားဖွယ်ရာ

အထက်ပါ ကောက်နုတ်ချက်အချို့မှာ ဝိမာနဝတ္ထုပါဠိတော် ဣတ္ထိဝိမာနအပိုင်းမှ အချို့သော သိမှတ်ဖွယ်ရာများကို အဋ္ဌကထာမှ ထုတ်နုတ်ဖော်ပြလိုက်ခြင်းပင် ဖြစ်ပေသည်၊ ထို့မှတပါး ထုတ်နုတ်၍ ပြသင့်သော ဝတ္ထုကြောင်းများစွာ ရှိသေးသော်လည်း ပါဠိတော် ဘာသာပြန်များကို ဖတ်ရှုရုံမျှဖြင့် အဓိပ္ပါယ်ပေါ်နိုင်သဖြင့် လျစ်လျူရှုလိုက်ပေသည်၊ သို့သော် ဤဝိမာနဝတ္ထုဘာသာပြန် (စာမျက်နှာ ၃၈)၌ ပါဝင်သော ဂုတ္တိလဝိမာနဝတ္ထုနှင့်ပတ်သက်၍ကား အနည်းငယ်ရှင်းလင်းပြသင့်သဖြင့် အောက်ပါအချက်ကို မှတ်သားထားသင့်ပေသည်။

ဤဝိမာနဝတ္ထု ဘာသာပြန်စာကိုယ် (စာမျက်နှာ ၃၈)တွင် ဂုတ္တိလဝိမာနဟူသော အမည်ဖြင့် ဝတ္ထုပေါင်း ၃၆-ဝတ္ထုပါရှိလေသည်၊ ၎င်းဝတ္ထုများမှာလည်း အခြား ဝိမာနဝတ္ထုများကဲ့သို့ပင် အသျှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်သည် နတ်ပြည်မှ မေးမြန်းစုံစမ်းခဲ့ပြီး မြတ်စွာဘုရားအား လျှောက်ထားခဲ့သော ဝတ္ထုများ ဖြစ်လေသည်၊ ထိုအခါ မြတ်စွာဘုရားက ထို ၃၆-ဝတ္ထုဆိုင်ရာ၌ အသျှင် မဟာမောဂ္ဂလ္လာန်အား ချစ်သား မောဂ္ဂလ္လာန် ထိုနတ်သမီးတို့သည် သင်နှင့်သာလျှင် ဤသို့ သက်သက် ဖြေကြားခဲ့ဘူးသည် မဟုတ်၊ စင်စစ် ရှေးက ငါနှင့်လည်း ဤအတူ မေးမြန်းဖြေကြားဘူးလေပြီဟု မိန့်ကြားတော်မူပြီး ဂုတ္တိလဇာတ်ကို ပြန်လည်ဟောကြားတော်မူခဲ့လေသည်။

ထိုဂုတ္တိလဇာတ်မှာ ဇာတ်ပါဠိတော် ဒုကနိပါတ်၌ ပါရှိ၏၊ ဘုရားအလောင်းတော်သည် ဂုတ္တိလ မည်သော စောင်းသမားဖြစ်၍ တပည့်ဖြစ်သော ဒေဝဒတ်အလောင်း မုသိလစောင်းသမားက စောင်းတီးပြိုင်ရန် ချိန်းဆိုပုံ, ဘုရားလောင်းဂုတ္တိလသည် အရွယ်ကြီးပြီဖြစ်၍ ရှုံးမည်ဟုသင်သဖြင့် တောသို့ ထွက်ပြေးရာ သိကြားမင်းက သင်ပင်နိုင်မည်ဟု ပြောပြီး စောင်းကြိုးခုနစ်ချောင်းကို တချောင်းစီတချောင်းစီဖြတ်၍ တီးစေရာ မုသိလက ထို့အတူလိုက်တီး၍ မုသိလရှုံးပုံများနှင့် နောင်တွင် ဂုတ္တိလအား တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်သွားပြီး နတ်သမီးများနှင့် တွေ့ဆုံစေရာ ဤဝိမာနဝတ္ထုလာ ဂါထာများအတိုင်း နတ်သမီး ၃၆-ဦးက ဖြေကြားပုံတို့ကို ဒုကနိပါတ် ဂုတ္တိလဇာတ်တွင် ဖော်ပြထား၏၊ ဤဂုတ္တိလဝိမာန၏ အစဖြစ်သော နှစ်ဂါထာ (၃၂၇ နှင့် ၃၂၈)မှာ ထိုဒုကနိပါတ်မှ သိကြားမင်းနှင့် ဂုတ္တိလတို့ ပြောကြပုံများပင် ဖြစ်လေသည်။

သို့ဖြစ်သဖြင့် ဤဝိမာနဝတ္ထု ၃၆-ဝတ္ထုလာ နတ်သမီး ၃၆-ဦးမှာ ဘုရားလောင်း နှစ်ဦး ဂုတ္တိလ စောင်းဆရာဘဝက တွေ့ဆုံခဲ့သော နတ်သမီးများပင် ဖြစ်ကြောင်း၊ သို့သော်လည်း နှစ်ပေါင်း အသင်္ချေလွန်လေပြီဖြစ်သဖြင့် ဂုတ္တိလဘဝက တွေ့ရသော နတ်ဘဝမဟုတ်ကော့ဘဲ အကြိမ်ကြိမ် စုတေ၍ ကောင်းမှုကံအလျောက် ကုသိုလ်ကံမကုန်မခြင်း ဤဘုံ ဤဗိမာန်၌ပင် ထပ်၍ထပ်၍ ဖြစ်နေကြရကြောင်းကို မှတ်သားထားသင့်ကြပေ၏။

---

၁။ ဇာတက-ဋ္ဌ-၂-၂၂၇။

ဣတ္ထိဝိမာနအပိုင်းနှင့်ပတ်သက်၍ကား ဤမျှ မှတ်သားမိလျှင်ပင် စာကိုယ်ကိုဖတ်၍ အရသာပေါ်လောက်ပြီဖြစ်ရာ ပုရိသဝိမာနအပိုင်း၌ မှတ်သားဖွယ်ရာများကို အနည်းငယ်မျှ ဆက်လက်ဖော်ပြပါဦးမည်။

## ပုရိသဝိမာနဆိုင်ရာ မှတ်သားဖွယ်ရာ

ပုရိသဝိမာနအပိုင်းတွင် ၃၃-ဝတ္ထုမျှသာပါရှိသည်၊ထို ၃၃-ဝတ္ထုတွင် ဣတ္ထိဝိမာနကဲ့သို့ အရိယာ(သောတာပန်စသည်)အဖြစ် မပါရှိပဲ ဒါနသက်သက်ပြုခဲ့သူ ၂၂-ဦး၊ သီလသက်သက် ဆောက်တည်ခဲ့သူ ၂-ဦး၊ ဒါနသီလ ရောနှောပြုခဲ့သူ ၁-ဦး၊ ကြည်ညို၍ ရှိခိုးရုံမျှဖြင့် နတ်ပြည်၌ဖြစ်ရသူ ၃-ဦး၊ ကျောင်းဝေယျာဝစ္စပြုလုပ်ခဲ့သူ ၁-ဦး၊ တိရစ္ဆာန်ဘဝမှလာသူ ၂-ဦး၊ ဒါနမပြုပဲ ရဟန်းဘဝဖြင့်ခေတ္တကျင့်သုံး၍ လူထွက်ပြီး စေတီကိုပူဇော်ခဲ့သူ ၁-ဦးနှင့် သူတပါး ဖြစ်ကတတ်ဆန်းမျှတင်လှူခဲ့သောပန်းကို စေတီ၌ ကောင်းမွန်စွာ ပြုပြင်တင်လှူခဲ့သူ ၁-ဦး စုစုပေါင်း ၃၃-ဦးတို့၏ အကြောင်းအရာများ ပါရှိပေသည်။

ထို ၃၃-ဦးတို့တွင် အထူးအားဖြင့် ဘုရားလောင်းဟောထွက်ရာ၌ စီးတော်မူသော ကဏ္ဍကမြင်းဘဝမှ ဖြစ်လာသော ကဏ္ဍကနတ်သားအကြောင်းကိုလည်း ဖတ်ရှုကြရမည် ဖြစ်၏။

(ဤဝတ္ထုနှင့်စပ်လျဉ်း၍ ဖားဘဝမှ နတ်သားဖြစ်လာသူ မဏ္ဍူကဒေဝပုတ္တဝတ္ထုကိုလည်း တွေ့နိုင်သေး၏၊ တိရစ္ဆာန်ဘဝဖြင့် ဘုရားရှင်နှင့် တိုက်ရိုက်တွေ့ဆုံရ၍ နတ်ပြည်၌ နတ်သားဖြစ်ရသည်မှာ အလွန်ကုသိုလ်ထူးပေသည်၊ ကုသိုလ်ဟုန်ကြီးမားလျှင် တိရစ္ဆာန်ဘဝမှလာသော်လည်း အလွန်တန်ခိုးကြီးမားကြ၏၊ ကဏ္ဍကနတ်သားဝတ္ထု၊ မဏ္ဍူကနတ်သားဝတ္ထုတို့တွင် တိရစ္ဆာန်မှ တဖြစ်လဲနတ်သားများပင် ဖြစ်လင့်ကစား အလွန်တန်ခိုးကြီးကြောင်း တွေ့ရှိနိုင်၏၊ နတ်ပြည်၌ တိရစ္ဆာန်အဖြစ် မရှိပေရာ အချို့ဝတ္ထုများရှိ ရေကန်အတွင်းမှ ဥဩ ဟင်္သာနှင့် ကြိုးကြာ စသည်များမှာလည်း ဆိုင်ရာ အခြံအရံနတ်များက တန်ခိုးရှင်နတ်သမီး နတ်သားများ ပျော်မွေ့နိုင်ရန် ဥဩအသွင် ဟင်္သာအသွင် ကြိုးကြာအသွင် စသည် ဖန်ဆင်းပေးရသည်ဟု အဋ္ဌကထာတွင် [၁] ဆို၏)။

ဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီး နောက်မှ ကုသိုလ်ပြု၍ နတ်ဘုံသို့ ရောက်လာသော စူဠရထနတ်သားအကြောင်းနှင့် ကဿပမြတ်စွာဘုရားလက်ထက်မှ ယခုအထိ တာဝတိံသာနတ်ပြည်တွင်တည်ရှိနေသေးသော မဟာရထနတ်သားဝတ္ထုများကိုလည်း အံ့ဩဖွယ်ရာ ဖတ်ရှုကြရမည်ဖြစ်၏၊ ထို့ပြင် ကမ္ဘာသုံးသောင်းထက် သုမေဓာမြတ်စွာဘုရား ပွင့်တော်မူပြီးနောက် ပရိနိဗ္ဗာန်ပြုတော်မူကာ သုမေဓာဘုရားရှင်၏ ဓာတ်တော်များကို စေတီတည်ပြီးချိန်တွင် အမျိုးသားတဦးသည် ဘုရားသာသနာတော်အတွင်းမှာပင် ရဟန်းပြု၍ ခုနစ်နှစ်မျှသာ အားထုတ်ပြီးနောက် လူထွက်ကာ စေတီရင်ပြင်၌ တံမြက်လှည်းခြင်း သီလဆောက်တည်ခြင်းကို ပြုသဖြင့် တာဝတိံသာနတ်ပြည်၌ ယခုဘုရားလက်ထက်တိုင်အောင် နတ်သားဖြစ်နေသေးသော အနေကဝဏ္ဏနတ်သားဝတ္ထုမှာလည်း တနည်းတဖုံ အံ့ဩဖွယ်ရာ ကောင်းလှပေသည်။

ထိုဝတ္ထု၌ "အရှင်ဘုရား ထိုအခါ၌ အကျွန်ုပ်သည် ပေးလည်းမပေးလှူခဲ့ဘူးပါ၊ ပေးလှူရန်လည်း ဒါနဝတ္ထုမရှိခဲ့ပါ၊ ပူဇော်ခြင်းငှါထိုက်တော်မူသော မြတ်စွာဘုရား၏ ထိုသရီရဓာတ်တော်ကို ပူဇော်ကြကုန်လော့၊ ဤသို့ ပူဇော်သည်ရှိသော် ဤလူ့ပြည်မှ နတ်ပြည်သို့ သွားရကုန်လိမ့်သတည်း

---

၁။ ဝိမာန-ဋ-၅၁။

ဟု သူတပါးတို့ကိုလာလျှင် နှိုးဆော်တိုက်တွန်းခဲ့ဘူးပါ၏”ဟု ပြောဆိုပုံ ပါရှိသဖြင့် ဓာတ်တော်တို့ကို ပူဇော်ခြင်း, ပူဇော်ရန် တိုက်တွန်းခဲ့ခြင်းတို့အတွက် အကျိုးပေးပုံတို့မှာ အလွန်မှတ်သားစရာ ကောင်းလှပေသည်။

အထူးမှတ်သားအပ်သင့်သော ဝိမာနဝတ္ထုတမှုဒ်ကား သေရိသကဝိမာနဝတ္ထုပင် ဖြစ်၏၊ ၎င်းဝတ္ထုမှ ပါယာသိရာဇညမည်သော သေတဗျမြို့စားမင်းသည် ဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီးနောက်မှ အသျှင်ကုမာရကဿပနှင့်တွေ့ဆုံကာ ကောင်းသောဉာဏ်အမြင်၌ တည်ပြီးလျှင် ကုသိုလ်ကောင်းမှုတို့ကိုပြု၍ သေရိသကမည်သော စတုမဟာရာဇ်ဘုံ အပါအဝင်ဖြစ်သော ဗိမာန်တခု၌ နတ်သားဖြစ်ခဲ့၏၊ ကုသိုလ်ကောင်းမှုတို့ကို ဆည်းပူး၍ ဒါနစသည်တို့ကို ပြုခဲ့သော်လည်း ရိုရိုသေသေ မပြုခဲ့သဖြင့် ပျင်းရိပြီးငွေ့ဖွယ်ကောင်းသော ဗိမာန်၌ ဖြစ်ခဲ့ရပေသည်၊ ၎င်း၏အဋ္ဌုပ္ပတ္တိကို နှစ်ပေါင်းအတော်ကြာမှ လှည်းကုန်သည်တို့နှင့်စပ်၍ မထေရ်များ သိကြရသဖြင့် ဒုတိယသံဂါယနာပွဲတွင်မှ အသျှင်မဟာယသအမှူးရှိသော မထေရ်များက မှတ်တမ်းတင်ခဲ့ကြရသည်၊ ဝိမာနဝတ္ထုအားလုံးတို့တွင် ဤသေရိသက ဝိမာနဝတ္ထုသည် ဒုတိယသံဂါယနာ၌ တည့်သွင်းသော ဝတ္ထုဖြစ်သဖြင့် ထူးခြားသည်ဟု ဆိုသင့်ပေသည်၊ (စူဠရထနတ်သားကား ဘုရားပရိနိဗ္ဗာန်ပြုပြီးမှ ဖြစ်သော်လည်း အသျှင်မဟာကစ္စည်းနှင့် စောစောတွေ့ရသဖြင့် ပဌမသံဂါယနာတွင် မှတ်တမ်းတင်ခဲ့ကြောင်း အဋ္ဌကထာဆရာ ဆိုလေသည်)။

အချုပ်အားဖြင့်ဆိုရသော် ဝိမာနဝတ္ထုတို့သည် မြတ်စွာဘုရား သာသနာတော်၌ ကုသိုလ်ကောင်းမှု ပြုလုပ်ကြရန်နှင့် ပြုလုပ်ပြီးသူတို့အဖို့လည်း အစဉ်သဖြင့် ဝမ်းမြောက်ရွှင်လန်း၍ ကောင်းမှုပြုရသည့် အကျိုးတရားတို့ တိုးပွါးသည်ထက် တိုးပွါးလာရန် ရည်ရွယ်ချက်ဖြင့် အသျှင်မဟာမောဂ္ဂလ္လာန် ရဟန္တာမဟာထေရ်မြတ်ကြီး၏ အတွေ့အမြင်အတိုင်း မြတ်စွာဘုရားက တဆင့်ဟောကြားထားခြင်းဖြစ်ကြောင်း သဒ္ဓါကြည်လင်စွာ မှတ်ကြရာ၏။

ဤမျှဖြင့် ဝိမာနဝတ္ထုနှင့်ဆိုင်ရာ မှတ်သားဖွယ် အချက်အလက်များကို ပြဆိုပြီး၍ ပေတဝတ္ထုဆိုင်ရာ အချက်အလက်များကို ဖော်ပြပါဦးအံ့။

## ပေတဝတ္ထုဆိုင်ရာ ပြိတ္တာတို့အကြောင်း

ပေတဝတ္ထုဟူသည်မှာ ပြိတ္တာတို့၏အကြောင်းအရာတို့ကို ဖော်ပြသောကျမ်း ဖြစ်၏။ မှန်ပါသည် —

“ရှေးဘဝတို့က ပြိတ္တာတို့ ပြုအပ်ခဲ့သော, ပြိတ္တာအဖြစ်ကို ဆောင်တတ်သော ကံအမျိုးမျိုးတို့ကို ထိုသတ္တဝါတို့၏အကျိုး ခြားနားချက်အားလျော်စွာ ပြတတ်၍ အထူးအားဖြင့် သံဝေဂကိုဖြစ်စေတတ် ကံ၏အကျိုးကို မျက်မှောက်ထင်ရှား မြင်သိစေတတ်သော, ပေတဝတ္ထုဟူသော အမည်ဖြင့် ကောင်းစွာသိအပ်သည့် အကြောင်းအဋ္ဌုပ္ပတ်ရှိသော မြတ်စွာဘုရား၏ ဒေသနာတော်ကို ခုဒ္ဒကနိကာယ်၌ ရဟန္တာမထေရ်မြတ်တို့ သံဂါယနာတင်ခဲ့ကုန်ပြီ”[၁]။

---

၁။ ပေတဝတ္ထု-ဋ္ဌ-၁။

ဤ ပေတဝတ္ထုအဋ္ဌကထာ ဂါထာရမ္ဘ၌ အဋ္ဌကထာဆရာ အသျှင်ဓမ္မပါလက ဂါထာ ၃-ပုဒ်ဖြင့် အထက်ပါအတိုင်း ဖော်ပြပလ္လင်ခံခဲ့၍လည်း ပေတဝတ္ထုဟူသည် ပြိတ္တာတို့အကြောင်းကို ဖော်ပြထားသည်ဟု ဆိုသင့်ပေ၏။

သို့ရာတွင် ပေတဝတ္ထုပါဠိတော်ကိုရင်း အဋ္ဌကထာကိုရင်း စေ့စေ့ငုငု ကြည့်ရှုမိလျှင် "ပေတဝတ္ထုသည် ပြိတ္တာတို့၏အကြောင်းဖြစ်၏"ဟူသော စကားမှာ ယေဘုယျနည်းအားဖြင့်သာ ဆိုထားသည်ဟု သိသာနိုင်ပေ၏၊ အဘယ့်ကြောင့်ဆိုသော် ဤ ပေတဝတ္ထု၌ ပါဝင်သောအကြောင်းအရာတို့တွင် ပြိတ္တာဘုံသို့ ရောက်သွားသူတို့၏ အကြောင်းအရာသာမက ငရဲဘုံသို့ရောက်သွားသူ, လူ့ဘုံသို့ ရောက်သွားသူ, နတ်ဘုံသို့ ရောက်သွားသူနှင့် ဗြဟ္မာ့ဘုံသို့ ရောက်သွားသူတို့၏ အကြောင်းအရာများလည်း ပါဝင်နေသောကြောင့်ပင်။

ပုံစံအားဖြင့် ရေဝတီပေတဝတ္ထု (ဤပေတဝတ္ထုပါဠိတော် မြန်မာပြန် ၂၀၃)မှာ ငရဲသို့သွားသော ရေဝတီအမျိုးသမီး၏ အကြောင်းအဋ္ဌုပ္ပတ်ဖြစ်၏၊ ကုမာရပေတဝတ္ထု (စာမျက်နှာ ၁၇၃) မှာ သုသာန်၌ စွန့်ပစ်ခံရသော သူငယ်တဦး၏ အကြောင်းအဋ္ဌုပ္ပတ်ဖြစ်လေသည်၊ ခေတ္တူပမပေတဝတ္ထု (စာမျက်နှာ ၁၂၅)မှာ ရက္ခစိုဝ်းနတ်ဖြစ်သော ဝတ္ထုဖြစ်၍ အင်္ကုရပေတဝတ္ထု (စာမျက်နှာ-၁၅၂)မှာ တာဝတိံသာ၌ နတ်ဖြစ်သော ဝတ္ထုဖြစ်ပြီး ဥရဂပေတဝတ္ထု (စာမျက်နှာ-၁၃၄) မှာ သိကြားမင်းဖြစ်သော ဝတ္ထုဖြစ်လေသည်၊ ထိုမှတပါး ဥဗ္ဗရိပေတဝတ္ထု (စာမျက်နှာ-၁၆၃)မှာ ဗြဟ္မာ့ပြည်ရောက်သော ဝတ္ထုဖြစ်၏၊ ထို့ပြင် ဂေါဏပေတဝတ္ထု (စာမျက်နှာ-၁၃၀)နှင့် ပိဋ္ဌဓီတလိကပေတဝတ္ထု (စာမျက်နှာ-၁၂၆)တို့မှာ မည်သည့်ဘဝသို့မျှ ကူးပြောင်းသော အကြောင်းမဟုတ်မူ၍ သောကကိုဖြေဖျောက်သောအားဖြင့် ဖြစ်ပေါ်လာသော ဝတ္ထုများဖြစ်သည်။ ဂေါဏပေတဝတ္ထုမှာ အဖသေဆုံး၍ ငိုနေသူအား ပရိယာယ်ဖြင့် တရားဟောသော ဝတ္ထုဖြစ်သည်၊ ပိဋ္ဌဓီတလိကပေတဝတ္ထုကား (ပါဠိတော်အနေဖြင့် မသိသာသော်လည်း အဋ္ဌကထာအရ) အနာထပိဏ်သူဌေးကြီး၏ မြေးမကလေးသည် ကစားစရာ မြေညက်ယမင်းရုပ်ကလေး ကျကွဲသွားသဖြင့် "သမီးငယ်လေး သေပါပြီ"ဟု ချော့မော့၍မရအောင် ဟစ်အော်ငိုကြွေးသောအခါ အဖိုးဖြစ်သူ သူဌေးကြီးက "မြေးမငယ် သင်၏ သေဆုံးသောသမီးအတွက် အလှူပေးအံ့"ဟု ဆိုကာ မြတ်စွာဘုရားနှင့် သံဃာငါးရာအား ပင့်ဖိတ်၍ ဆွမ်းလှူဒါန်းရာ မြတ်စွာဘုရားက ဂါထာ ၄-ပုဒ်ဖြင့် အနုမောဒနာတရား ဟောကြားတော်မူသည့် ဝတ္ထုဖြစ်လေသည်၊ ဤသို့လျှင် ပေတဝတ္ထုတိုင်းသည် ပြိတ္တာတို့၏ အကြောင်းမဟုတ်သည်ကို သိမှတ်ထားသင့်ပေသည်၊ သို့သော် အများအားဖြင့်ကား ပြိတ္တာတို့အကြောင်း အဋ္ဌုပ္ပတ်ဖြစ်လေသည်။

ယင်းသို့အားဖြင့် ပေတဝတ္ထုဟုဆိုပါလျှက် ငရဲဘုံ, လူ့ဘုံ, နတ်ဘုံနှင့် ဗြဟ္မာ့ဘုံတို့သို့ ရောက်သွားသူတို့၏ ဝတ္ထုများကို ထည့်သွင်းထား၍ အမည်နှင့်ဆန့်ကျင်မှု မဖြစ်ပါလောဟု မေးဖွယ်ရာရှိပေသည်၊ ယင်း အမေးအတွက် "ပေတ"ဟူသော အမည်ကို ရှင်းလင်းတင်ပြအပ်ပေသည်။

(၁) ပကဋ္ဌေန သုခတော ဣတာ ဂတာတိ ပေတာ = ချမ်းသာသုခမှ ဝေးသောအားဖြင့် ဖြစ်တတ်သောကြောင့် ပေတမည်၏[၁]။

---

၁။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ-၁၆၁။

(၂) မနုဿတ္တဘာဝတော အပေတတ္တာ ပေတာပရိယာယောပိ လဗ္ဘတိ ဧဝ=လူ့ ခန္ဓာ အတ္တဘောမှ ကင်းကွာ (ကွယ်လွန်)သွားသောကြောင့် ပေတဟု ခေါ်ဆိုခြင်းကို ရအပ်၏[၁]။

ပေတ၏ အနက်အဓိပ္ပါယ်ကို ဖော်ပြပါ ကျမ်းဂန်လာစကားရပ်များအရ သိနိုင်၏၊ (၁)အချက်အရ ပြိတ္တာဘုံသို့ ရောက်သွားသူတို့ကို ရနိုင်ပြီး (၂) အချက်အရ မည်သည့်ဘုံသို့ ရောက်သွားသူတို့ အကြောင်းကိုမဆို အရာဌာနအားလျော်စွာ ရနိုင်လေသည်။

အထူးအားဖြင့် အချို့ပေတဝတ္ထုတို့မှာ ဝိမာနဝတ္ထုများနှင့် ဝတ္ထုတူဖြစ်နေသည်ကိုလည်း တွေ့ရ၏၊ ပုံစံအားဖြင့် ဝိမာနဝတ္ထုမှ သေရီသကဝိမာနဝတ္ထုနှင့် ပေတဝတ္ထုမှ သေရီသက ပေတဝတ္ထုကိုကြည့်လျှင် သိနိုင်ပေသည်၊ ၎င်းဝတ္ထုနှစ်ခုမှာ အတူတူပင်ဖြစ်၏၊ ထို့ပြင် မဋ္ဌကုဏ္ဍလီဝိမာနဝတ္ထုနှင့် မဋ္ဌကုဏ္ဍလီ ပေတဝတ္ထုမှာလည်း တူပေသည်၊ ဤသို့ဖြစ်ရသည်မှာ တဝတ္ထုတည်းပင်ဖြစ်လင့်ကစား ဝိမာနသဘော သက်ဝင်ရုံသာမက ပေတသဘောလည်း သက်ဝင်နေသဖြင့် ပေတ၌ ထပ်မံ၍ ဖော်ပြရခြင်းဖြစ်ကြောင်း သိထားသင့်ပေသည်။

ပြိတ္တာဟူသည် ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဟူသော အပါယ်သတ္တဝါလေးပါးတို့တွင် ပါဝင်သော လူ့ပြည်လောကအတွင်းမှာပင် တောချုံပိတ်ပေါင်း တောင်စောင်း ဂူလိုဏ်စသည်တို့တွင် ခိုမှီ၍ ဆင်းရဲထူပြောစွာ ခံစားနေရသည့် သတ္တဝါတမျိုးပင် ဖြစ်လေသည်၊ လူ့ပြည် လူ့လောကတွင် လူဟူ၍ ဖြစ်ရခဲ့စဉ်က ငြူစူဝန်တိုခြင်းများပြား၍ မိမိကိုယ်တိုင်လည်း ပေးကမ်းလှူဒါန်းခြင်း မရှိ၊ သူတပါးတို့ ပေးကမ်းလှူဒါန်းသည်ကိုလည်း တားမြစ်၍ အန္တရာယ်ကို ပြုကုန်သူတို့သည် များသောအားဖြင့် ထိုသတ္တဝါမျိုး၌ ဖြစ်ပွါးကြရကုန်၏၊ မိမိပြုလုပ်သော မကောင်းမှုကြောင့် ထိုသတ္တဝါတို့သည် ထမင်းတော်ခြင်း ရေမွတ်သိပ်ခြင်းစသော ဒုက္ခတို့ကို ခံစားလျက် နှစ်ပေါင်းရာ ထောင် သိန်း သန်း ကာလပတ်လုံးသော်၎င်း ဘုရားတဆူနှင့်တဆူအကြား ကာလပတ်လုံးသော်၎င်း မကျွတ်မလွတ်နိုင်ပဲ ရှိနေကြရကုန်၏၊ထိုမျှလောက်သော ကာလပတ်လုံး ထမင်းတလုံး ရေတပေါက်မျှ မစားရမသောက်ရ ကြီးစွာသောဒုက္ခကို ခံစားနေရသော်လည်း အကုသိုလ်ကံအရှိန်မကုန်သဖြင့် ကွယ်လွန်သေဆုံး ဘဝတုံးရခြင်း မရှိသဖြင့် အသားအသွေးမရှိ အရေအကြောအရိုးမျှသာရှိပြီးလျှင် အလွန်ဆိုးဝါးသော အဆင်းဖြင့် ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ တည်ရှိနေကြရလေသည်။

ပြိတ္တာတဦး၏ အဆင်းဆိုးဝါးပုံကို "ထိုပြိတ္တာ၏ ကိုယ်ပမာဏသည် ထန်းပင်လုံးပမာဏရှိ၍ ထက်ဝန်းကျင် ကိုယ်ရေသည် ကြမ်းတမ်းစွာ၏၊ ဖောက်ပြန်သောဆံရှိ၍ ကြောက်မက်ဖွယ်အဆင်းရှိပြီးလျှင် အလွန်ဖောက်ပြန်ဆိုးဝါး၍ ရွံရှာစက်ဆုပ်ဖွယ်အမြင်ရှိ၏၊ ထိုပြိတ္တာသည် ငါးဆယ့်ငါးနှစ်တိုကာလပတ်လုံး ထမင်းတလုံး ရေတပေါက်ကိုမျှ မရရှိပဲ ခြောက်သော လည်ချောင်း နှုတ်ခမ်းရှိလျက် ဆာလောင်မွတ်သိပ်ခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ ထိုမှ သည်မှ ပတ်ပတ်လည် ပြေးလွှားနေရ၏"ဟု ပေတဝတ္ထု အဋ္ဌကထာ ခေပါလသေဋ္ဌိပေတဝတ္ထုအဖွင့်[၂] တွင် ဖော်ပြထား၏။

## ပြိတ္တာလေးမျိုး ပြဆိုချက်

၎င်းပြိတ္တာတို့ကို သံဂါယနာဝင် အဋ္ဌကထာ ဋီကာကျမ်းကြီးတို့၌ ဖော်ပြထားသည့်အတိုင်း ရသင့်သမျှ အမျိုးအမည် အတန်းအစား ခွဲခြားပြဆိုရပါမူ လေးမျိုးလေးစားရှိနိုင်လေသည်။

---

၁။ ပေတ ဋ္ဌ-၇၇။ ၂။ ပေတဝတ္ထု ဋ္ဌ-၆၄။

ထိုလေးမျိုးတို့ကား —

(၁) ပရဒတ္တူပဇီဝိကပြိတ္တာ
(၂) ခုပ္ပိပါသိကပြိတ္တာ
(၃) နိဇ္ဈာမတဏှိကပြိတ္တာနှင့်
(၄) ကာလကဉ္စိကပြိတ္တာဟူ၍ လေးမျိုးတည်း။

ထိုလေးမျိုးတို့တွင် —

(၁) သူတပါးတို့ပေးအပ်သောအစာကို အမှီပြု၍ အသက်ရှင်ရသော ပြိတ္တာသည် ပရဒတ္တူပ-ဇီဝိကပြိတ္တာမည်၏။

(၂) ထမင်းငတ်ခြင်း ရေမွတ်သိပ်ခြင်းဖြင့် မပြတ်အနှိပ်စက်ခံနေရသော ပြိတ္တာသည် ခုပ္ပိ-ပါသိကပြိတ္တာမည်၏။

(၃) အမြဲအကြွင်းမဲ့လောင်ကျွမ်းခံနေရသဖြင့် ပူပန်ခြင်းရှိသော ပြိတ္တာသည် နိဇ္ဈာမတဏှိက-ပြိတ္တာမည်၏။

(၄) အသုရကာယ်ဟု အသီးအခြားခေါ်ဝေါ်အပ်သော ပြိတ္တာအသုရကာယ်သည် ကာလ-ကဉ္စိကပြိတ္တာမည်၏။

ဤပြိတ္တာလေးမျိုး၌ ပရဒတ္တူပဇီဝိကပြိတ္တာမျိုးမှာ လူ့ဘဝရှိ ဆွေမျိုးဉာတကာစသည်တို့က ရည်ညွှန်းလှူဒါန်းသည်ကို ဝမ်းမြောက်နုမောဒနာ သာဓုခေါ်နိုင်လျှင် စားဖွယ်သောက်ဖွယ် စသည်ကို ရရှိနိုင်လေသည်၊ ပေတဝတ္ထုတွင် များသောအားဖြင့် ဤပရဒတ္တူပဇီဝိက အမျိုးအစားဝင်ပြိတ္တာ များသာဖြစ်သည်၊ ခုပ္ပိပါသိကပြိတ္တာအမျိုးအစားမှာမူ အနည်းငယ်မျှသာ ပါရှိ၏၊ နိဇ္ဈာမတဏှိက ပြိတ္တာမျိုးမူကား မပါရှိပေ၊ ကာလကဉ္စိကပြိတ္တာဟူသည်ကား ပြိတ္တာဟူ၍သာ အမည်တပ်ထား သော်လည်း အသုရကာယ်မျိုးအဖြစ်သာ ထင်ရှားလေသည်။

ထိုကာလကဉ္စိက အသုရာအကြောင်းကို "ထိုကာလကဉ္စိက အသုရာတို့၌ အတ္တဘောသည် သုံးဂါဝုတ်မျှ ပမာဏရှိသောဟူ၏၊ နည်းသော အသားအသွေးရှိ၏၊ အရိုးအရေမျှသာရှိသည်အဖြစ် ကြောင့် ဖက်ရွက်ခြောက်ကဲ့သို့သော ကိုယ်ရှိ၏၊ ပုဇွန်တို့ကဲ့သို့ မျက်စိတို့သည်ထွက်၍ ဦးခေါင်း၌ တည်ကုန်၏၊ ခံတွင်းသည် အပ်နဖားပေါက်နှင့်တူ၏၊ ဦးခေါင်း၌သာလျှင်ဖြစ်၏၊ ထို့ကြောင့် ထိုကာလကဉ္စိကအသုရာတို့သည် အောက်သို့ ညွတ်ကုန်း၍ အစာကို ယူကုန်၏"ဟု ပါထိကအဋ္ဌ-ကထာ[၁] တွင် ပြဆိုထားလေသည်။

အထူးမှတ်သားဖွယ်တရပ်ကား နိယတဗျာဒိတ်ခံယူပြီးသော ဘုရားအလောင်းတော်တို့သည် ခုပ္ပိပါသိကပြိတ္တာမျိုး နိဇ္ဈာမတဏှိကပြိတ္တာမျိုးနှင့် ကာလကဉ္စိကပြိတ္တာ အသုရာမျိုး၌ မဖြစ်ဟု အပဒါန် သုတ္တနိပါတ်ဗုဒ္ဓဝင်နှင့် စရိယာပိဋကအဋ္ဌကထာ[၂]တို့၌ အဆိုရှိပေရာ ပရဒတ္တူပဇီဝိကပြိတ္တာ မျိုးကား ဖြစ်နိုင်သေး၏ဟု မှတ်သားသင့်ပေသည်။

---

၁။ ဒီ ဋ္ဌ ၃-၅။
၂။ အပဒါန ဋ္ဌ ၁-၁၅၇၊ သုတ္တနိပါတ ဋ္ဌ ၁-၄၅၊ ဗုဒ္ဓဝံသ ဋ္ဌ-၃၁၆၊ စရိယာပိဋက ဋ္ဌ-၃၂၁။

## ပြိတ္တာအမျိုးမျိုး

ဤပေတဝတ္ထုပါဠိတော် မြန်မာပြန်အတွက် မှတ်သားဖွယ်ရာတွင် ပရဒတ္တူပဇီဝိက အမျိုးအစားဝင် ပြိတ္တာတို့အကြောင်းကို အထူးအားဖြင့် ဖော်ပြရေးသားရမည် ဖြစ်သော်လည်း ပြိတ္တာတို့၏ အကြောင်းနှင့်စပ်၍ လောကပညတ္တိကျမ်း ဆဂတိဒီပနီကျမ်းတို့၌လာသော ပြိတ္တာတို့ကို ဖော်ပြအပ်ပေသည်။

ဟိမဝန္တာတောင်၏ နံပါးဝယ် ဝိဥ္ဈာဋဝီမည်သော တောအုပ်ကြီး (ဂိဇ္ဈကုဋ်တောင်?)၌ ပြိတ္တာတို့၏ မြို့ကြီးသည် ရှိ၏၊ ထိုပြိတ္တာမြို့၌ အောက်ပါပြိတ္တာတဆယ့်နှစ်မျိုးတို့ ရှိကြကုန်၏။

(၁) ဝန္တာသပြိတ္တာမျိုး (အလွန်ထမင်းငတ်ခြင်း ရေမွတ်သိပ်ခြင်းဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ တရံတဆစ်မျှ ထမင်းဘောဇဉ်ကို စားခြင်းငှါ မရ၊ သူဘပါးတို့ စွန့်ပစ်အပ်သော တံတွေးနှပ် အန်ဖတ်တို့ကို စားရသော ပြိတ္တာမျိုး)။

(၂) ကုဏပါသပြိတ္တာမျိုး(အကောင်ပုပ်ကို စားသောပြိတ္တာမျိုးတည်း၊ မြွေကောင်ပုပ်, ခွေးကောင်ပုပ်,လူကောင်ပုပ် စသည်တို့ကို ရသောအခါ စားရ၍ မရသောအခါ ငတ်မွတ်ခြင်းဖြင့် ဆင်းရဲခံနေရသော ပြိတ္တာမျိုး)။

(၃) ဂူထခါဒကပြိတ္တာမျိုး (မစင်ကို စားရသော ပြိတ္တာမျိုး)။

(၄) အဂ္ဂိဇာလမုခပြိတ္တာမျိုး(နေ့ညဉ့်ပတ်လုံး ခံတွင်းမှ မီးလျှံထွက်သော ပြိတ္တာမျိုးတည်း၊ ထိုမီးလျှံသည် ပြိတ္တာ၏ လျှာနှုတ်ခမ်းတို့ကို လောင်လျက် အပြင်သို့ တယူဇနာတွက်ပြေး၏)။

(၅) သူစိမုခပြိတ္တာမျိုး (အပ်နဖားပေါက်မျှ ခံတွင်းရှိသော ပြိတ္တာမျိုးတည်း၊ ထိုပြိတ္တာသည် ကြီးသောကိုယ် ရှည်သောလည် ရှိ၏၊ ခံတွင်းကား အပ်နဖားပေါက်မျှသာ ရှိ၏၊ အစာကို ရသောအခါ ခံတွင်းအလွန်ကျဉ်းသောကြောင့် ခံတွင်းဖြင့် မျိုခြင်းငှါ မတတ်နိုင်သဖြင့် နားပေါက် နှာခေါင်းပေါက်ဖြင့် သွတ်သွင်း၏၊ အနည်းငယ်မျှ သာယာမှုကို မရ၊ ကာလရှည်မြင့်စွာ ငတ်မွတ်ဆာလောင်၍ နေသော ပြိတ္တာမျိုးဖြစ်၏)။

(၆) တဏှာဋ္ဋိတပြိတ္တာမျိုး(ရေမွတ်သိပ်မှု တဏှာဖြင့် နှိပ်စက်အပ်သော ပြိတ္တာမျိုး၊ထိုပြိတ္တာသည် တရံတခါမျှ သောက်ရေကို မရ၊ ရေငတ်ခြင်း ပြင်းပြလှသဖြင့် ရေတွင်း ရေကန် ထုံးအိုင် မြစ်ချောင်း သမုဒ္ဒရာရှိရာသို့ ကပ်ရောက်သောအခါ ထိုရေတွင်း ရေကန် စသည်သည် ပြည်သွေး ကျင်ကြီး ကျင်ငယ် ဖွဲပြာကဲ့သို့ ထင်ရလေ၏)။

(၇) သုနိဇ္ဈာမကပြိတ္တာမျိုး(လွန်စွာ အကြွင်းမဲ့ လောင်မြိုက်သော မီးလောင်ငုတ်နှင့်တူသည့် ပြိတ္တာမျိုး)။

(၈) သတ္ထင်္ဂပြိတ္တာမျိုး(ဓားလက်နက်နှင့်တူသော အင်္ဂါရှိသော ပြိတ္တာမျိုး၊ ထိုပြိတ္တာသည် ဓားသွား ငါးမျှားချိတ်နှင့်တူသော လက်သည်း ခြေသည်းအင်္ဂါတို့ဖြင့် မိမိကိုယ်အင်္ဂါတို့ကို ကုတ်ဖဲ့ ဖြတ်ကော်၍ အသားအသွေးတို့ကို စား၏)။

(၉) ပဗ္ဗတင်္ဂပြိတ္တာမျိုး(နေ့ရော ညဉ့်ပါ လောင်မြိုက်၍ အခိုးပြိုက်ပြိုက်ထွက်သော တောင် ပမာဏလောက်သော ကိုယ်ရှိသည့် ပြိတ္တာမျိုး)။

(၁၀) အင်္ဂရက်ပြိတ္တာမျိုး (အလျှံတပြောင်ပြောင် တောက်လောင်သော စပါးကြီးမြွေနှင့်တူသော ကိုယ်ဖြင့် ညဉ့်၌ လှည့်လည်သွားလာ၍ နေ့၌ အထူးထူးသော ဒုက္ခကို ခံစားနေရသည့် ပြိတ္တာမျိုး)။

(၁၁) ဝေမာနိကပြိတ္တာမျိုး၊ (ကုသိုလ် အကုသိုလ်ရောသောကံ 'မိဿက ကံ'ကြောင့် ဗိမာန်၌ ဖြစ်သော ပြိတ္တာမျိုး၊ ရံခါ ကုသိုလ်အကျိုးကြောင့် နတ်ဗိမာန်၌ နတ်စည်းစိမ်ကို ခံစားရ၏၊ ရံခါ အကုသိုလ်အကျိုးကြောင့် ဒုက္ခကို ခံစားရ၏)။

(၁၂) မဟိဒ္ဓိကပြိတ္တာမျိုး (ကံ၏ အကျိုးကြောင့် တန်ခိုးကြီးမား၍ ပြိတ္တာအားလုံးတို့၏ အကြီးအမှူးသဖွယ်ဖြစ်ကာ အလွန်အဆင်းလှ အလွန်စည်းစိမ်ကြီးမားသကဲ့သို့ ထင်ရသော်လည်း ဘောဇဉ်ကို မစားရ၊ ရံခါ ထမင်းအဖျော်စသည်ကို ရသော်လည်း သုံးဆောင်ခံစားခွင့်မရ၊ ဒုက္ခ အလွန်ကြီးသော ပြိတ္တာမျိုး)။

ဤသို့ ထင်ရှားသည်ကိုစွဲ၍သာ ပြိတ္တာ ၁၂-မျိုးဟု ဆိုသော်လည်း ပြိတ္တာတို့ကား အမျိုးအမည် များလှကုန်၏၊ ထိုဆဂတိဒီပနီကျမ်း၌ပင် သူစိလောမပြိတ္တာမျိုး, ခရလောမပြိတ္တာမျိုး, ဒီဃနခပြိတ္တာမျိုး, ကေပါဒပြိတ္တာမျိုး, အနေကပါဒပြိတ္တာမျိုး,ကေဟတ္ထပြိတ္တာမျိုး, အနေကဟတ္ထပြိတ္တာမျိုး, ကေနေတ္တပြိတ္တာမျိုး, အနေကနေတ္တပြိတ္တာမျိုးစသည်ဖြင့် ရှိကုန်သေး၏။[၁]

ထိုမှတပါးလည်း ပါရာဇိကကဏ်ပါဠိတော်[၂]၌ ၎င်း သံယုတ်ပါဠိတော်[၃] ၌၎င်း ပြိတ္တာ ၂၁-မျိုး လာရှိသေး၏၊ ၎င်းတို့ကို ဆိုင်ရာ ပါဠိတော် မြန်မာပြန်တို့၌ ကြည့်ရှုမှတ်သားနိုင်ကြပေသည်။

ဤဖော်ပြပြီးသော ပြိတ္တာအမျိုးမျိုးတို့သည် မူလဖော်ပြရာ ပရဒတ္တူပဇီဝိက စသော ပြိတ္တာမျိုးလေးပါးတို့၌ ထိုက်သည့်အားလျော်စွာ အကျုံးဝင်ကုန်၏၊ ဤပြိတ္တာမျိုးတို့သည် မည်မျှပင် ဆင်းရဲဒုက္ခကို ခံစားနေရငြားသော်လည်း မိမိအား ရည်ညွှန်းလှူဒါန်း၍ အမျှပေးဝေသည်ကို ပရဒတ္တူပဇီဝိကပြိတ္တာမျိုး၌ဖြစ်၍ ဝမ်းမြောက်စွာ သာဓုအနုမောဒနာ ခေါ်နိုင်ခဲ့ပါမူ ခံစားနေရသော ဆင်းရဲဒုက္ခများ ကွယ်ပျောက်၍ တခဏခြင်းပင် ချမ်းသာအမျိုးမျိုးကို ခံစားနိုင်ကြပေသည်။

ထိုပရဒတ္တူပဇီဝိကပြိတ္တာအမျိုးအစားနှင့် ပတ်သက်၍ ပေတဝတ္ထုအဋ္ဌကထာ၌ လာရှိသော တိရောကုဋ္ဋသုတ်အဖွင့်ကို အောက်တွင် ပြန်ဆိုဖော်ပြလိုက်ပေသည်။

## တိရောကုဋ္ဋပေတဝတ္ထု[၄]

ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ကာသိမည်သော မြို့သည် ရှိ၏၊ ထိုမြို့၌ ဇယသေနမည်သောမင်းသည် မင်းပြု၏၊ ထိုမင်းအား သိရိမာမည်သော မိဖုရားသည် ရှိ၏၊ ထိုမိဖုရားကြီး၌ ဖုဿမည်သော ဘုရားလောင်းသည် ဖွားမြင်၍ ကာလအစဉ်အားဖြင့် ဘုရားအဖြစ်သို့ ရောက်၏၊ ဇယသေနမင်းသည် 'ငါ၏သားသည် ကြီးစွာသော တောထွက်ခြင်းကို ပြု၍ ဘုရားဖြစ်၏၊ ငါ၏သားဖြစ်သောကြောင့် ငါတဦးတည်းပိုင်သည့် ငါ၏ဘုရားသာဖြစ်၏၊ ယင်းဘုရားဟောသည့် တရားသည်လည်း ငါ၏တရားသာ ဖြစ်၏၊ ယင်းဘုရား၏ တပည့်သားသံဃာ

---

၁။ သံဝေဂဝတ္ထုဒီပနီကျမ်း။
၂။ ဝိမြန် ၁-၁၄၈။
၃။ သံမြန် ၁-၄၃၆။
၄။ ပေတဝတ္ထု ၄-၁၈။

သည်လည်း ငါ၏သံဃာသာ ဖြစ်၏’ဟု မိမိ(တဦးတည်း)ပိုင်ဖြစ်စေ၍ အခါခပ်သိမ်း ကိုယ်တိုင်သာလျှင် လုပ်ကျွေး၏၊ သူတပါးတို့အား လှူဒါန်းပူဇော်ရန် အခွင့်မပေးချေ။

မြတ်စွာဘုရား၏ အမိကွဲဖြစ်သော ညီနောင်သုံးယောက်တို့သည် “ဘုရားတို့မည်သည် အလုံးစုံသော လောက၏အကျိုးစီးပွါးအလို့ ငှါ ဖြစ်ကုန်၏၊ တဦးတယောက်၏အကျိုးငှါ မဟုတ်၊ ငါတို့၏ ခမည်းတော်သည် တပါးသူတို့အား လှူဒါန်းပူဇော်ရန် အခွင့်မပေး၊ အဘယ်သို့လျှင် ငါတို့သည် မြတ်စွာဘုရားကို လုပ်ကျွေးခြင်းငှါ၊ ရဟန်းသံဃာအား လုပ်ကျွေးခြင်းငှါ အခွင့်ရပါအံ့နည်း”ဟု ကြံစည်ကြကုန်၏၊ ထိုမင်းသားတို့သည် “ယခု ငါတို့သည် အကြောင်း ဥပါယ်တခုကို ပြုကုန်အံ့” ဟူ၍ ပြောဆိုတိုင်ပင်ကြကုန်ပြီးလျှင် ပစ္စန္တရဇ်ထကြွသကဲ့သို့ ပြုကုန်၏၊ ထိုအခါ မင်းကြီးသည် “ပစ္စန္တရဇ်သည် ထကြွ၏”ဟု ကြားသိ၍ သားတော်သုံးပါးတို့ကို ပစ္စန္တရဇ်ငြိမ်သက်စေရန် စေလွှတ်၏၊ ထိုမင်းသားတို့သည် သွား၍ ငြိမ်သက်စေပြီးလျှင် ပြန်လာကြကုန်၏၊ မင်းကြီးသည် နှစ်သက်သည်ဖြစ်၍ “သင်တို့သည် အလိုရှိရာဆုကို ယူကြကုန်”ဟု ဆုပေး၏၊ မင်းသားတို့က “အကျွန်ုပ်တို့သည် မြတ်စွာဘုရားကို လုပ်ကျွေးရန် အလိုရှိကြပါကုန်၏”ဟု ဆိုကုန်၏၊ မင်းကြီးသည် “ထိုအရာကိုထား၍ တပါးသောအရာကို ယူကြကုန်လော့”ဟု ဆိုပြန်၏၊ မင်းသားတို့သည် “အကျွန်ုပ်တို့အား တပါးသောအရာကို အလိုမရှိကုန်”ဟု ဆိုကုန်၏၊ “သို့တပြီးကား အပိုင်းအခြားကို ပြု၍ ယူကြကုန်လော့”ဟု မင်းကြီးဆိုလေသော် မင်းသားတို့သည် မြတ်စွာဘုရားကိုပူဇော်ရန် ခုနစ်နှစ်တို့ကို တောင်းကုန်၏၊ မင်းကြီးသည် မပေး၊ ဤသို့လျှင် ခြောက်နှစ် ငါးနှစ် လေးနှစ် သုံးနှစ် နှစ်နှစ် တနှစ် ခုနစ်လ ခြောက်လ လေးလတို့ကိုဆို၍ မပေးလေသော် သုံးလကို တောင်းကုန်၏၊ ထိုအခါမှ မင်းကြီးသည် “ယူကြကုန်”ဟု ပေးလေ၏။

ထိုမင်းသားတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ “အရှင်ဘုရား အကျွန်ုပ်တို့သည် သုံးလပတ်လုံး မြတ်စွာဘုရားကို လုပ်ကျွေးခြင်းငှါ အလိုရှိပါကုန်၏၊ မြတ်စွာဘုရားသည် သုံးလပတ်လုံး ဝါဆိုခြင်းကို လက်ခံတော်မူပါ”ဟု လျှောက်ထားကြကုန်၏၊ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူလေ၏၊ မင်းသားညီနောင် သုံးဦးတို့သည် မိမိတို့၏ဇနပုဒ်တို့ကို လွှဲအပ်ထားသောတိုင်းမှူး ယောကျ်ားထံ စာရေး၍ “ဤသုံးလပတ်လုံး ငါတို့သည် မြတ်စွာဘုရားကို လုပ်ကျွေးအပ်၏၊ ကျောင်းကိုအစပြု၍ အားလုံးသော မြတ်စွာဘုရားအားလျော်သည့် အလုပ်အကျွေး အဆောက်အဦးကို စီရင်လေလော့”ဟု မှာလိုက်၏၊ ထိုတိုင်းမှူးယောကျ်ားသည် အလုံးစုံကိုစီရင်၍အကြောင်းပြန်ကြား၏၊ ထိုမင်းသားတို့သည် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ကုန်၍ ယောကျ်ားတထောင် အလုပ်အကျွေးတို့ဖြင့် မြတ်စွာဘုရားကိုရင်း ရဟန်းသံဃာကိုရင်း ရိုသေစွာ လုပ်ကျွေးလိုသည်ဖြစ်၍ ဇနပုဒ်သို့ ပင့်ဆောင်ကာ ကျောင်းကိုလှူဒါန်းအပ်နှင်း၍ ဝါဆိုစေကုန်၏။

ထိုမင်းသားညီနောင် သုံးဦးတို့၏ ဘဏ္ဍာစိုးဖြစ်သော သူကြွယ်သားတဦးသည် ဇနီးနှင့်တကွ ကြည်လင်သော သဒ္ဓါစိတ်ရှိသည်ဖြစ်၏၊ ထိုသူသည် ဘုရားအမှူးရှိသော သံဃာအား အလှူဝတ္ထုကို ရိုသေစွာ ပေးလှူ၏၊ တိုင်းမှူးယောကျ်ားသည် ထိုသူကြွယ်သားကို ခေါ်ဆောင်၍ အသောင်းအထောင်သော ဇနပုဒ်သားတို့နှင့်တကွ ရိုသေစွာသာလျှင် အလှူကို ဖြစ်စေ၏၊ ထိုတသောင်းတထောင်သော ဇနပုဒ်သားတို့တွင် အချို့သော ဇနပုဒ်သားတို့သည် ထိပါးပုတ်ခတ်(ဆန့်ကျင်)သော စိတ်ရှိကုန်၏၊ ထိုသူတို့သည် အလှူ၏ အန္တရာယ်ပြုကုန်၍ လှူဖွယ်ဝတ္ထုတို့ကို ကိုယ်တိုင်စားကြကုန်၏၊ အလှူတင်းကုပ်တို့ကိုလည်း မီးတိုက်ကြကုန်၏၊ ဝါကျွတ်၍ ပဝါရဏာပြုပြီးသော်

ထိုမင်းသားတို့သည် မြတ်စွာဘုရားအား ပူဇော်ခြင်းကိုပြု၍ မြတ်စွာဘုရားအားခြံရံလျက် ခမည်းတော်၏အထံသို့သာလျှင် ပြန်သွားကြကုန်၏၊ ထိုအရပ်မှ ပြန်ကြွသွားပြီး နောက်အဘို့၌ ဖုဿမြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံယူတော်မူ၏၊ မင်းသားသုံးဦးတို့သည်ငှင်း တိုင်းမှူးယောကျ်ားသည်ငှင်း ဘဏ္ဍာစိုးသည်ငှင်း အစဉ်အားဖြင့် သေ၍ ပရိသတ်နှင့်တကွ နတ်ပြည်၌ ဖြစ်ကုန်၏၊ ဆန့်ကျင်သော စိတ်ရှိကုန်သော သူတို့သည် ငရဲ၌ ဖြစ်ကြကုန်၏၊ ဤသို့လျှင် ထိုနှစ်စုံသောသူတို့သည် နတ်ပြည်မှ နတ်ပြည်သို့ငှင်း ငရဲမှ ငရဲသို့ငှင်း ဖြစ်ကြကုန်၍ ကိုးဆယ့်နှစ်ကမ္ဘာတို့ လွန်ကုန်၏။

ထို့နောက် ဤဘဒ္ဒကမ္ဘာ၌ ကဿပမြတ်စွာဘုရား ပွင့်တော်မူသောအခါ ထိုဆန့်ကျင်သော စိတ်ရှိကြကုန်သော သူတို့သည် (ငရဲမှ တက်၍) ပြိတ္တာဖြစ်လာကြကုန်၏၊ ထိုအခါ၌ လူတို့သည် မိမိမိမိတို့၏ ဆွေမျိုး ပြိတ္တာတို့၏အကျိုးငှါ အလှူပေး၍ "ဣဒံ နော ဉာတီနံ ဟောတု=ဤအလှူသည် ငါတို့၏ဆွေမျိုးတို့အား ဖြစ်စေသတည်း"ဟု ရည်ညွှန်း (အမျှပေးဝေ) ကုန်၏၊ ထိုပြိတ္တာတို့သည် စည်းစိမ်ချမ်းသာတို့ကို ရကုန်၏၊ထိုအခါ၌ ကိုးဆယ့်နှစ်ကမ္ဘာထက်က ပြိတ္တာတို့သည် ထိုအကြောင်းကို တွေ့မြင်ရလေသော် ကဿပမြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ "ကဿပမြတ်စွာဘုရား အကျွန်ုပ်တို့အား ဤသို့ သဘောရှိသော စည်းစိမ်ကို ရပါအံ့လော"ဟု မေးကြကုန်၏၊ မြတ်စွာဘုရားသည် "ယခုအခါ၌ မရလတ္တံ့၊ နောင်အခါ၌ ဂေါတမမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူလတ္တံ့၊ ထိုမြတ်စွာဘုရား၏ လက်ထက်၌ ဗိမ္ဗိသာရမည်သောမင်းသည် ဖြစ်လတ္တံ့၊ ထိုမင်းသည် သင်တို့၏ ကိုးဆယ့်နှစ်ကမ္ဘာထက်က အဆွေအမျိုးဖြစ်၏၊ ထိုမင်းသည် ဂေါတမမြတ်စွာဘုရားအား အလှူပေး၍ သင်တို့အား ရည်ညွှန်း၍ အမျှပေးဝေလတ္တံ့"ဟု မိန့်ကြားတော်မူ၏၊ ဤသို့ မိန့်ကြားတော်မူသည်ရှိသော် ထိုပြိတ္တာတို့အား ထိုစကားသည် "နက်ဖြန် ရလတ္တံ့"ဟု ဆိုဘိသကဲ့သို့ အတိုင်းမသိ ဝမ်းမြောက်ကြလေ၏။

ထို့နောက် တခုသောဗုဒ္ဓန္တရ (ဘုရားတဆူနှင့် တဆူအကြားကာလ)ကို လွန်သည်ရှိသော် ငါတို့ ဂေါတမမြတ်စွာဘုရားသည် ပွင့်တော်မူလာ၏၊ ထိုမင်းသားညီနောင်တို့သည် ယောကျ်ားတထောင်တို့နှင့်တကွ နတ်ပြည်မှစုတေခဲ့၍ မဂဓတိုင်း ပုဏ္ဏားမျိုး၌ဖြစ်ကာ အစဉ်အားဖြင့် ရသေ့ပြုလုပ်၍ ဂယာသီသ၌ ရသေ့သုံးဦးတို့ နေကုန်၏၊ ဇနပုဒ်လွှဲအပ်ခံရသော တိုင်းမှူးယောကျ်ားသည် ဗိမ္ဗိသာရမင်းဖြစ်လာ၏၊ ဘဏ္ဍာစိုးဖြစ်သော သူကြွယ်သားသည် ဝိသာခသူကြွယ်ဖြစ်လာ၏၊ ငှင်း၏မယားသည် ဓမ္မဒိန္နာ မည်သော သူဌေးသမီးဖြစ်လာ၏၊ ကြွင်းကျန်သော ပရိသတ်တို့သည်ကား မင်း၏ ပရိသတ်တို့သည်သာလျှင် ဖြစ်ကုန်၏။

ငါတို့ မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၍ သတ္တသတ္တာဟကို လွန်စေလျက် အစဉ်အားဖြင့် ဗာရာဏသီပြည်သို့ ကြွ၍ ဓမ္မစကြာတရားကို ဟောတော်မူပြီးနောက် ပဉ္စဝဂ္ဂီငါးဦးတို့ကို အစထား၍ အခြံအရံ တထောင်ရှိသော ရသေ့သုံးဦးတို့ကို ဆုံးမပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ ကြွလာတော်မူ၏၊ ထိုရာဇဂြိုဟ်ပြည်၌ ဆည်းကပ်ခါစသာလျှင်ဖြစ်သော ဗိမ္ဗိသာရမင်ကြီးကို တင်းနှင်း တသောင်းကုန်သော အင်္ဂမဂဓတိုင်းသား ပုဏ္ဏားသူကြွယ်တို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်စေလေ၏၊ ထိုအခါ ဗိမ္ဗိသာရမင်းသည် နက်ဖြန်အလို့ငှါ ဆွမ်းဖြင့် ဖိတ်ကြားရာ လက်ခံတော်မူသဖြင့် ဒုတိယနေ့၌ လုလင်သဏ္ဍာန်ဖြင့် သိကြားမင်းသည် ရှေ့မှသွား၍—

"ယဉ်ကျေးသော စိတ်နှလုံးရှိတော်မူသော ကိလေသာမှ လွတ်တော်မူပြီးသော သိင်္ဂီနိက် ရွှေအဆင်းရှိတော်မူသော မြတ်စွာဘုရားသည် ယဉ်ကျေးသော စိတ်နှလုံး

ရှိကုန်သော ကိလေသာမှ လွတ်မြောက်ပြီးကုန်သော ရဟန်းကောင်း (ရဟန္တာ) တထောင်တို့နှင့်အတူ ရာဇဂြိုဟ်ပြည်သို့ ဝင်တော်မူလာပါပြီ"။

ဤသို့ အစရှိကုန်သော ဂါထာတို့ဖြင့် ရှတ်ဆိုချီးကျူးကာ ရာဇဂြိုဟ်ပြည်သို့ ကြွဝင်တော်မူလာပြီးလျှင် မင်းနန်းတော်၌ ကြီးစွာသော အလှူကို ခံယူတော်မူ၏၊ ထို (ကိုးဆယ့်နှစ်ကမ္ဘာထက်က ဆွေမျိုးဟောင်း) ပြိတ္တာတို့သည် "ဗိမ္ဗိသာရမင်းသည် ငါတို့အတွက် လှူ၍၊ ယခုပင် ရည်ညွှန်းလတ္တံ့၊ ယခုပင် ရည်ညွှန်းလတ္တံ့"ဟု မြော်လင့်ခြင်း ကြီးစွာဖြင့် ကောင်းစွာခြံရံ၍ ရပ်တည်ကုန်၏။

မင်းကြီးသည် အလှူကိုပေး၍ "အဘယ်အရပ်၌ မြတ်စွာဘုရားသည် သီတင်းသုံးအံ့နည်း"ဟု ကျောင်းနေရာကိုသာလျှင် ကြံစည်၏၊ ထိုအလှူကို တစုံတယောက်အားမျှ မရည်ညွှန်းမိ၊ ထိုအလှူ၏ အဘိုကို မရကုန်သည်ရှိသော် ထိုပြိတ္တာတို့သည် မြော်လင့်ချက် ကင်းမဲ့ကုန်သည်ဖြစ်၍ ညဥ့်အချိန်၌ မင်း၏နန်းတော်သို့ ဝင်ပြီးလျှင် အလွန်ကြောက်မက်ဖွယ်ကောင်းသော အသံကို ပြုကုန်၏၊ မင်းသည် ဘေးဖြင့်ထိတ်လန့်ကြောက်ရွံ့ခြင်းသို့ ရောက်၍ နံနက်မိုးသောက်ရောက်လတ်သော် မြတ်စွာဘုရားအား "ဤသို့ သဘောရှိသော အသံကို ကြားရ၏၊ အသို့ဖြစ်လတ္တံ့နည်း"ဟု လျှောက်ထား၏၊ မြတ်စွာဘုရားသည် "မင်းကြီး မကြောက်လင့် သင်မင်းကြီးအား တစုံတခုသော မကောင်းမှုသည် မဖြစ်၊ စင်စစ်မူ သင်၏ထင်ရှားရှိသော ဆွေမျိုးဟောင်းတို့သည် ပြိတ္တာဘုံတို့၌ ဖြစ်ကုန်၏၊ ထိုသူတို့သည် တခုသော ဗုဒ္ဓန္တရပတ်လုံး မြော်လင့်ခြင်းကြီးစွာဖြင့် မြတ်စွာဘုရားအား အလှူကိုပေး၍ ငါတို့အား ရည်ညွှန်းလတ္တံ့ဟု လှည့်လည်ကုန်သော်လည်း သင်မင်းကြီးသည် ယမန်နေ့က အလှူပေး၍ မရည်ညွှန်းသည့်အတွက်ကြောင့် မြော်လင့်ချက်ကင်းပြတ်လျက် ထိုသို့ သဘောရှိသောအသံကို ပြုကုန်၏"ဟု မိန့်တော်မူ၏၊ "အရှင်ဘုရား အသို့နည်း ယခုအခါ၌ ပေးလှူသော် ထိုဆွေမျိုးဟောင်း ပြိတ္တာတို့ ရကုန်အံ့လော"ဟု မေးလျှောက်၏၊ "မင်းကြီး ရပေအံ့"ဟု ဘုရားမိန့်တော်မူ၏၊ "အရှင်ဘုရား သို့ဖြစ်ပြီးကား တပည့်တော်သည် မြတ်စွာဘုရားအား ယနေ့ အလှူကို လှူပါအံ့၊ ထိုပြိတ္တာတို့အား ရည်ညွှန်းပါအံ့"ဟု လျှောက်၏၊ မြတ်စွာဘုရား ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။

မင်းကြီးသည် နန်းတော်သို့သွား၍ ကြီးစွာသော ဒါနကို စီရင်လျက် မြတ်စွာဘုရားအား လျှောက်ကြား၏၊ မြတ်စွာဘုရားသည် မင်း၏နန်းတော်သို့ကြွ၍ ခင်းထားသောနေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်နေတော်မူ၏၊ ထိုပြိတ္တာတို့သည်"ယနေ့ရကုန်ငြားအံ့လည်း မသိ"ဟု လာကုန်၍ တံတိုင်းတဖက် နံရံတဖက် စသည်တို့၌ ရပ်တည်ကုန်၏၊ မြတ်စွာဘုရားသည် ထိုပြိတ္တာအားလုံးကို မင်းကြီးအား မြင်အောင် တန်ခိုးဖြင့် ပြတော်မူလေ၏၊ မင်းကြီးသည် အလှူရေစက်ကိုပေး၍"ဣဒံ မေ ဉာတီနံ ဟောတု= ဤအလှူသည် ငါ၏ဆွေမျိုးဟောင်းပြိတ္တာတို့အား ဖြစ်စေသတည်း"ဟု ရည်ညွှန်းလေ၏၊ ထိုခဏ၌သာလျှင် ပြိတ္တာတို့အား ကြာနီ ကြာညိုပန်းတို့ဖြင့် ကောင်းစွာ ဖုံးလွှမ်းအပ်သော ရေကန်တို့သည် ဖြစ်ကုန်၏၊ ထိုပြိတ္တာတို့သည် ထိုရေကန်တို့၌ ရေချိုး၍ရင်း ရေသောက်၍ရင်း ပူလောင်ခြင်း ပင်ပန်းခြင်းနှင့် မွတ်သိပ်ခြင်းတို့ ငြိမ်းကုန်သည်ဖြစ်၍ ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်၏၊ မင်းကြီးသည် ယာဂုစသော ခဲဘွယ်ဘောဇဉ်တို့ကို ပေးလှူ၍ ရည်ညွှန်း၏၊ ထိုပြိတ္တာတို့အား ထိုရည်ညွှန်းသောခဏ၌သာလျှင် နတ်၌ဖြစ်သော ယာဂုခဲဘွယ် ဘောဇဉ်တို့သည် ဖြစ်ကုန်၏၊ ထိုပြိတ္တာတို့သည် ထိုခဲဘွယ်ဘောဇဉ်တို့ကို စားသောက်၍ ပြည့်ဖြိုးသော ဣန္ဒြေရှိကုန်၏၊ ထို့နောက် အဝတ်ပုဆိုး အိပ်ရာနေရာတို့ကို ပေးလှူ၍ ရည်ညွှန်းပြန်၏၊ ထိုပြိတ္တာတို့အား

နတ်၌ဖြစ်သော အဝတ်ပုဆိုး ပြာသာဒ် အခင်းအရံ အိပ်ရာစသော တန်ဆာတို့သည် ဖြစ်ကုန်၏၊ ထို ဖြစ်ပေါ် လာတိုင်းသော အခြင်းအရာကိုလည်း မင်းကြီးမြင်အောင် မြတ်စွာဘုရားသည် အဓိဋ္ဌာန် ပြုတော်မူ၏၊ မင်းကြီးသည် ထိုအခြင်းအရာကိုမြင်၍ အလွန်လျှင် ဝမ်းမြောက်လေ၏၊ ထို့နောက် မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသည်ရှိသော် ဗိမ္ဗိသာရမင်းကြီးအား ဆွမ်းအနုမောဒနာ အကျိုးငှါ တိရောကုဋ္ဋပေတဝတ္ထုကို ဟောတော်မူလေ၏၊ (တိရောကုဋ္ဋပေတဝတ္ထု မြန်မာပြန်ကို ဤပေတဝတ္ထုပါဠိတော် မြန်မာပြန်စာမျက်နှာ ၁၂၇-၌ ကြည့်ရှုကြပါကုန်)။

**ပရဒတ္တူပဇီဝိကပြိတ္တာနှင့် အလှူ၏အကျိုး**

ဖော်ပြပါ တိရောကုဋ္ဋပေတဝတ္ထုအဖွင့် အဋ္ဌကထာအရ ကံအားလျော်စွာ ပရဒတ္တူပဇီဝိက ပြိတ္တာမျိုး၌ဖြစ်၍ အလှူ၏အကျိုးကို ခံစားရန် မြှော်လင့်စောင့်စားပြီးနေလင့်ကစား လှူဒါန်းသူ ကလည်း မြင့်မြတ်သောအလှူခံပုဂ္ဂိုလ်များအား လှူဒါန်း၍ ရည်ညွှန်းပါမှ မြှော်လင့်စောင့်စား ရကျိုးနပ်ကာ မွန်မြတ်သောစည်းစိမ်မျိုးကို ရရှိနိုင်ပေသည်၊ ပေတဝတ္ထုလာ စူဠသေဋ္ဌိပေတဝတ္ထု[၁] ကို ကြည့်လျှင် ရည်ညွှန်း၍ လှူပင်လှူငြားသော်လည်း ဒုဿီလတို့အား လှူဒါန်းသဖြင့် အလှူ၏ အကျိုးကို မရကြောင်း သိရပေသည်။

ထိုဝတ္ထု၌ အဇာတသတ်မင်းသည် ဒေဝဒတ် တိုက်တွန်းချက်အရ ခမည်းတော်ကို လုပ်ကြံ၍ နန်းတက်ပြီးနောက် နောင်တကြီးစွာရသဖြင့် စက်တော်ခေါ်၍ မပျော်နိုင်ပဲ ပြာသာဒ်အထက် ဆင့်၌ စင်္ကြံသွားနေစဉ်-ကောင်းကင်၌ ပြိတ္တာတကောင်သွားသည်ကို တွေ့ရပုံ၊ ထိုပြိတ္တာမှာ အသွေးအသားကင်း၍ အရိုးအကြောနှင့် အရေသာရှိပြီး အဝတ်အစားမရှိ ဦးခေါင်းပြောင်ပြောင် နှင့် သွားသည်ဖြစ်ရာ အဇာတသတ်မင်းက ဈာန်ဖြင့်ကြွသွားသော တိတ္ထိရဟန်းတပါးပါးထင်သဖြင့် လှမ်း၍မေးရာ ပြိတ္တာဖြစ်ပြီး ဗာရာဏသီရှိသမီးထံသွား၍ ရည်ညွှန်းလှူဒါန်းသော ကုသိုလ်အဖို့ကို ယူမည့်အကြောင်းပြောပုံ၊ အဇာတသတ်မင်းက အပြန်ဝင်ခဲ့ပါရန်မှာသဖြင့် အပြန်ဝင်လာသော အခါ မထူးခြား၍မေးရာ ဒုဿီလတို့ကို လှူဒါန်းပြီး ရည်ညွှန်းသောကြောင့် မထူးခြားကြောင်း ပြောပုံ၊ အဇာတသတ်မင်းက ထိုပြိတ္တာအတွက် ဘုရားထံလှူဒါန်း ရည်ညွှန်းမှုရပုံတို့ကို ဖော်ပြ ထားသည်ကို တွေ့ရပေရာ ပြိတ္တာတို့ကို ရည်ညွှန်းလှူဒါန်းရာ၌လည်း အလှူခံပုဂ္ဂိုလ်ကို ရွေးချယ် စိစစ်၍ လှူဒါန်းသင့်သည်ကိုလည်း သတိပြုသင့်ပေသေးသည်။

ထိုပြင် မှတ်သားရန် အကြောင်းတချက်မှာလည်း တစုံတဦး သေဆုံးကွယ်လွန်၍ ပြိတ္တာဘုံ စသည်တို့သို့ ရောက်ရှိသွားသဖြင့် ရည်ညွှန်းလှူဒါန်းရာ၌ ပရဒတ္တူပဇီဝိကပြိတ္တာမျိုးဖြစ်၍ ရည် ညွှန်းလှူဒါန်းသည့်အတိုင်း စည်းစိမ်ချမ်းသာတို့ကို ရရှိခံစားရသည်ဖြစ်စေ အခြားပြိတ္တာမျိုး ဖြစ်၍ငြင်း ငရဲစသောဘဝမျိုးသို့ ရောက်၍ငြင်း ကုသိုလ်အကျိုးကို မခံစားရသည်ဖြစ်စေ အလှူ ရှင်သည် အကျိုးမဲ့မဖြစ်၊ အကျိုးရှိသည်သာဖြစ်ကြောင်း အင်္ဂုတ္တိုရ်ပါဠိတော် ဒသကနိပါတ် ဇာဏုဿောဏိသုတ်၌ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူထားပေသည်။

**ဇာဏုဿောဏိသုတ်[၂]**

ထိုအခါ ဇာဏုဿောဏိပုဏ္ဏားသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ်အမှတ်ရဖွယ်စကားကိုပြောဆိုပြီးဆုံးစေပြီးနောက် တခုသောနေရာ၌ထိုင်နေလျက်

---

၁။ ပေတဝတ္ထုပါဠိတော် မြန်မာပြန် စာမျက်နှာ ၁၅၁ ။

၂။ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် တတိယအုပ် စာမျက်နှာ ၄၆၉။

မြတ်စွာဘုရားအား"အသျှင်ဂေါတမ အကျွန်ုပ်တို့ပုဏ္ဏားတို့မည်သည်ကား 'ဤအလှူသည် ကွယ်လွန်သော ဆွေမျိုးသားချင်းတို့သို့ ရောက်ပါစေ၊ ဤအလှူကို ကွယ်လွန်ကုန်သော ဆွေမျိုးသားချင်းတို့သည် သုံးဆောင်ကြပါစေ'ဟု အလှူကိုလှူကြပါကုန်၏။ အသျှင်ဂေါတမ အသို့နည်း၊ ထိုအလှူသည် ကွယ်လွန်သော ဆွေမျိုးသားချင်းတို့အထံသို့ ရောက်ပါသလော၊ အသို့နည်း ထိုကွယ်လွန်သော ဆွေမျိုးသားချင်းတို့သည် ထိုအလှူကို သုံးဆောင်ကြရပါသလော"ဟု လျှောက်၏၊ "ပုဏ္ဏား ရောက်သင့်သောအရပ်၌ ရောက်၏၊ မရောက်သင့်သောအရပ်၌ မရောက်"ဟု မိန့်တော်မူ၏၊ "အသျှင်ဂေါတမ ရောက်သင့်သောအရပ်ဟူသည် အဘယ်ပါနည်း၊ မရောက်သင့်သောအရပ်ဟူသည် အဘယ်ပါနည်း"ဟု လျှောက်၏။

ပုဏ္ဏား ဤလောက၌ အချို့သောသူသည် အသက်ကိုသတ်လေ့ရှိ၏၊မပေးသည်ကို ယူလေ့ရှိ၏၊ကာမတို့၌မှားယွင်းစွာကျင့်လေ့ရှိ၏၊ မဟုတ်မမှန် ပြောလေ့ ရှိ၏၊ကုန်းစကားရှိ၏၊ ရုန့်ရင်းကြမ်းထမ်းသော စကားရှိ၏၊ ပြိန်ဖျင်းသော စကားရှိ၏၊ အဘိဇ္ဈာများ၏၊ ဖျက်ဆီးလိုသောစိတ်ရှိ၏၊ မှားယွင်းသော အယူရှိ၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ ငရဲသို့ရောက်ရ၏၊ ထိုသူသည် ငရဲသားသတ္တဝါ၏ အစာအာဟာရဖြင့် ငရဲ၌ မျှတရ၏၊ ထိုအစာအာဟာရဖြင့် ထိုသူသည် ထိုငရဲ၌ တည်ရ၏၊ ပုဏ္ဏား ဤသည်လည်း ရောက်သင့်သောအရပ်မဟုတ်သေး၊ ယင်းငရဲ၌ တည်သူအား ထိုဒါနသည် မရောက်။

ပုဏ္ဏား ဤလောက၌အချို့သောသူသည် အသက်ကို သတ်လေ့ရှိ၏။ပ။မှားယွင်းသောအမြင်ရှိ၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍သေသည်မှနောက်၌ တိရစ္ဆာန်မျိုးသို့ ရောက်ရ၏၊ ထိုသူသည် ထိုတိရစ္ဆာန်မျိုးဖြစ်သည့် သတ္တဝါတို့၏အစာဖြင့် ထိုတိရစ္ဆာန်မျိုး၌ မျှတရ၏၊ ထိုအစာဖြင့် ထိုသတ္တဝါသည် ထိုတိရစ္ဆာန်မျိုး၌ တည်ရ၏၊ ပုဏ္ဏား ဤသည်လည်း ရောက်သင့်သောအရပ်မဟုတ်သေး၊ ယင်းတိရစ္ဆာန်မျိုး၌ တည်သူအား ထိုဒါနသည် မရောက်။

ပုဏ္ဏား အချို့သောသူသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းစကားမှ ရှောင်ကြဉ်၏၊ ရုန့်ရင်းကြမ်းထမ်းသောစကားမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်၏၊ အဘိဇ္ဈာမများ၊ မဖျက်ဆီးလိုသောစိတ်ရှိ၏၊ မှန်ကန်သော အယူရှိ၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ လူတို့၏အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ထိုသူသည် လူတို့၏အစာဖြင့် ထိုလူ့ဘုံ၌ မျှတရ၏၊ ထိုအစာဖြင့် ထိုသူသည် ထိုဘုံ၌ တည်ရ၏၊ ပုဏ္ဏား ဤသည်လည်း ရောက်သင့်သောအရပ်မဟုတ်သေး၊ ယင်းဘုံ၌ တည်သူအား ထိုဒါနသည် မရောက်။

ပုဏ္ဏား ဤလောက၌ အချို့သောသူသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ မှန်ကန်သောအမြင်ရှိ၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ နတ်တို့၏အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ထိုသူသည် နတ်တို့၏အစာဖြင့် ထိုနတ်ဘုံ၌ မျှတရ၏၊ ထိုအစာဖြင့် ထိုသူသည် ထိုနတ်ဘုံ၌ တည်ရ၏၊ ပုဏ္ဏား ဤသည်လည်း ရောက်သင့်သော အရပ်မဟုတ်သေး၊ ယင်းနတ်ဘုံ၌တည်သူအား ထိုဒါနသည် မရောက်။

ပုဏ္ဏား ဤလောက၌အချို့သောသူသည် အသက်ကိုသတ်လေ့ရှိ၏။ပ။မှားယွင်းသောအမြင်ရှိ၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ ပြိတ္တာဘုံသို့ရောက်၏၊ ထိုသူသည် ပြိတ္တာ

ဘုံသားဖြစ်သည့် သတ္တဝါတို့၏ အစာဖြင့် ထိုပြိတ္တာဘုံ၌ မျှတရ၏၊ ထိုအစာဖြင့် ထိုပြိတ္တာဘုံ၌ တည်ရ၏၊ သို့မဟုတ် ထိုသူ့အတွက် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့ကသော်ရင်း ဆွေမျိုးသားချင်းတို့ကသော်ရင်း ပေးလှူအပ်သောဒါနဖြင့် ထိုပြိတ္တာသည် ထိုပြိတ္တာဘုံ၌ မျှတရ၏၊ ထိုဒါနဖြင့် ထိုပြိတ္တာသည် ထိုပြိတ္တာဘုံ၌ တည်ရ၏၊ ပုဏ္ဏား ဤသည်ကား ရောက်သင့်သော အရပ်တည်း၊ ယင်း ပြိတ္တာဘုံ၌ တည်သူအား ထိုဒါနသည် ရောက်၏ဟု မိန့်တော်မူ၏။

"အသျှင်ဂေါတမ အကယ်၍ ထိုကွယ်လွန်သူ ဆွေမျိုးသားချင်းတို့သည် ထိုဘုံဌာနသို့ မရောက်ပါလျှင် အဘယ်သူသည် ထိုဒါနကို သုံးဆောင်ပါသနည်း"ဟု လျှောက်၏၊ "ပုဏ္ဏား ထိုဌာနသို့ ရောက်ကုန်သော အခြားသော ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့သည် ထိုဒါနကို သုံးဆောင်ခံစားရ၏"ဟု မိန့်တော်မူ၏၊ "အသျှင်ဂေါတမ အကယ်၍ ထိုကွယ်လွန်သူ ဆွေမျိုးသားချင်းတို့လည်း ထိုဌာနသို့ မရောက်ကြပါလျှင် ထိုဒါနကို မည်သူသုံးဆောင်မည်နည်း"ဟု လျှောက်၏၊ "ပုဏ္ဏား ဤမျှရှည်လျားသော အချိန်အခါဝယ် ကွယ်လွန်သူဆွေမျိုးသားချင်းတို့မှ ကင်းဆိတ်ရာဌာနရှိရာ၏ဟူသော ဤအကြောင်းသည် အရာမဟုတ်၊ အခွင့်မဟုတ်ပေ၊ ပုဏ္ဏား အမှန်စင်စစ်အားဖြင့် အလှူရှင်သည်လည်း အကျိုးမဲ့ မဖြစ်နိုင်"ဟု မိန့်တော်မူ၏၊ "သေသူသည် မဖြစ်သင့်ရာ၌ ဖြစ်သော်လည်း အသျှင်ဂေါတမသည် ဒါန၏အကျိုးကို ပညတ်တော်မူပါသလော"ဟု လျှောက်၏။

ပုဏ္ဏား သေသူသည် မဖြစ်သင့်ရာ၌ ဖြစ်သော်လည်း ငါသည် ဒါန၏အကျိုးကို ပညတ်၏၊ ပုဏ္ဏား ဤလောက၌ အချို့သောသူသည် အသက်ကိုသတ်လေ့ရှိ၏၊ မပေးသည်ကိုယူလေ့ရှိ၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိ၏၊ မဟုတ်မမှန် ပြောလေ့ရှိ၏၊ ကုန်းစကား ရှိ၏၊ ရုန့်ရင်းကြမ်းထမ်းသောစကားရှိ၏၊ ပြိန်ဖျင်းသောစကားရှိ၏၊ အဘိဇ္ဈာများ၏၊ ဖျက်ဆီးလိုသောစိတ်ရှိ၏၊ မှားယွင်းသောအမြင်ရှိ၏၊ ထိုသူသည် သမဏအားသော်ရင်း ဗြာဟ္မဏအားသော်ရင်း ထမင်း အဖျော် အဝတ် ယာဉ် ပန်း နံ့သာပျောင်း အိပ်ရာနေရာ ဆီမီးကိုလှူ၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ ဆင်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်၏။ ထိုသူသည် ထိုဆင်ဘဝ၌ အစားအသောက် ပန်း အထူးထူးသော အဆင်တန်ဆာကိုရခြင်းရှိ၏၊ ပုဏ္ဏား ဤဘဝ၌ အသက်ကိုသတ်ခြင်း မပေးသည်ကိုယူခြင်း ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း မဟုတ်မမှန် ပြောခြင်း ကုန်းစကားရှိခြင်း ရုန့်ရင်းကြမ်းထမ်းသော စကားရှိခြင်း ပြိန်ဖျင်းသော စကားရှိခြင်း အဘိဇ္ဈာများခြင်း ဖျက်ဆီးလိုစိတ်ရှိခြင်း မှားယွင်းသောအယူရှိခြင်းကြောင့် ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ ဆင်တို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ သမဏအားသော်ရင်း ဗြာဟ္မဏအားသော်ရင်း အစားအသောက် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာနေရာ ဆီမီးကို လှူသောကြောင့်ကား ထိုသူသည် ထိုဆင်ဘဝ၌ အစားအသောက် ပန်း အထူးထူးသော အဝတ်တန်ဆာကို ရရှိခြင်းရှိ၏။

ပုဏ္ဏား ဤလောက၌ အချို့သော သူသည် သူ့အသက်ကို သတ်ခြင်းရှိ၏။ပ။ မှားယွင်းသော အမြင်ရှိ၏၊ ထိုသူသည် သမဏအားသော်ရင်း ဗြာဟ္မဏအားသော်ရင်း အစားအသောက် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို လှူ၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ မြင်းတို့၏ အပေါင်းအဖော် အဖြစ်သို့ ရောက်ရ၏။ပ။ နွားတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏။ပ။ ခွေးတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ထိုသူသည် ထိုခွေးဘဝ၌ အစား အသောက် ပန်း အထူးထူးသော အဆင် တန်ဆာကို ရခြင်းရှိ၏၊ ပုဏ္ဏား

ဤလောက၌ အသက်သတ်ခြင်း။ပ။ မှားယွင်းသော အယူရှိခြင်းကြောင့် ထိုသူသည် ကိုယ်ခန္ဓာ ပျက်စီး၍ သေသည်မှနောက်၌ ခွေးတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ထိုသူသည် သမဏအားသော်၎င်း ဗြာဟ္မဏအားသော်၎င်း အစားအသောက် အဝတ် ယာဉ် ပန်းနံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို လှူသောကြောင့်ကား ထိုသူသည် ထိုခွေးဘဝ၌ အစား အသောက် ပန်း ဇာထူးထူးသော အဆင်တန်ဆာကို ရခြင်းရှိ၏။

ပုဏ္ဏား ဤလောက၌ အချို့သောသူသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ မှန်ကန်သော အမြင်ရှိ၏၊ ထိုသူသည် သမဏအားသော်၎င်း ဗြာဟ္မဏအားသော်၎င်း အစားအသောက် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို လှူ၏၊ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ လူတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ထိုသူသည် ထိုလူ့ဘဝ၌ လူ၌ ဖြစ်သောကာမဂုဏ်ငါးပါးတို့ကိုရခြင်းရှိ၏၊ပုဏ္ဏား ဤလောက၌ သူ့အသက်ကို သတ်ခြင်းမှ ရှောင် ကြဉ်ခြင်း။ပ။ မှန်ကန်သော အယူရှိခြင်းကြောင့် ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ လူဘို့၏ အပေါင်း အဖော် အဖြစ်သို့ ရောက်ရ၏၊ သမဏအားသော်၎င်း ဗြာဟ္မဏအား သော်၎င်း အစားအသောက် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာနေရာ ဆီမီးကို လှူ သောကြောင့် ထိုသူသည် ထိုလူ့ဘဝဝယ် လူ၌ဖြစ်သော ကာမဂုဏ်ငါးပါးတို့ကို ရခြင်းရှိ၏။

ပုဏ္ဏား ဤလောက၌ အချို့သောသူသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ပ။ မှန်ကန် သောအမြင်ရှိ၏၊ ထိုသူသည် သမဏအားသော်၎င်း ဗြာဟ္မဏအားသော်၎င်း အစားအသောက် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို လှူ၏၊ ထိုသူသည် ကိုယ်ခန္ဓာ ပျက်စီး၍ သေသည်မှနောက်၌ နတ်တို့၏အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ ထိုသူသည် ထိုနတ် ဘဝ၌ ဖြစ်သော ကာမဂုဏ်ငါးပါးတို့ကို ရခြင်းရှိ၏။ ပုဏ္ဏား ဤလောက၌ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ပ။ မှန်ကန်သောအမြင်ရှိခြင်းကြောင့် ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည် မှနောက်၌ နတ်ဘို့ အပေါင်းအဖော်အဖြစ်သို့ ရောက်ရ၏၊ သမဏအားသော်၎င်း ဗြာဟ္မဏအား သော်၎င်း အစားအသောက် အဝတ် ယာဉ် ပန်း နံ့သာ နံ့သာပျောင်း အိပ်ရာ နေရာ ဆီမီးကို လှူသောကြောင့်ကား ထိုသူသည် နတ်ဘဝဝယ် နတ်ပြည်၌ဖြစ်သော ကာမဂုဏ်ငါးပါးတို့ကို ရခြင်း ရှိ၏၊ ပုဏ္ဏား အမှန်စင်စစ်အားဖြင့် အလှူရှင်သည်လည်း အကျိုးမဲ့မဖြစ်နိုင်ပေဟု မိန့်တော်မူ၏၊ အသျှင်ဂေါတမ အံ့ဖွယ်ရှိပါပေစွ၊ မဖြစ်ဘူးမြဲဖြစ်ပါပေစွ၊ အသျှင်ဂေါတမ အလှူရှင်သည် အကျိုး မဲ့မဖြစ်သောကြောင့် အလှူတို့ကို လှူရန် အလွန်ပင်သင့်သည်သာတည်း၊ ကုဗ္ဗိုးထမင်းတို့ကို ပြုရန် သင့်သည်သာတည်းဟု လျှောက်၏။

ပုဏ္ဏား ဤအရာသည် ဤသို့ပင်တည်း၊ ပုဏ္ဏား အလှူရှင်သည် အကျိုးမဲ့ မဖြစ်နိုင်သည်သာ တည်းဟု မိန့်တော်မူ၏။

အထက်ပါဇာဏုသောဏိသုတ်၌ ရည်ညွှန်းလှူဒါန်းသော အလှူ၏အကျိုးကို ပရဒတ္တူပဇီဝိက ပြိတ္တာတို့ ရပုံ ဤပြိတ္တာမှတပါး အခြား ဆွေမျိုးပြိတ္တာတို့ပါရပုံ သံသရာဘဝ ရှည်လျားလှသဖြင့် ဆွေမျိုးဟောင်းပြိတ္တာ မရှိဟူ၍ မမှတ်သားထိုက်ပုံနှင့် အကယ်၍ မည်သူမျှမရထိုက်သဖြင့် မရစေ ကာမူ အလှူရှင်များအဖို့ အကုသိုလ်ပြုမိ၍ တိရစ္ဆာန်ဘဝသို့ ရောက်ရလျှင်ပင် တိရစ္ဆာန်ဘဝတွင် မွန်မြတ်သော အစားအသောက် အသုံးအဆောင်တို့ ရရှိနိုင်ပုံနှင့် လူနတ်ဖြစ်လျှင် ဆိုဖွယ်ရာ မရှိပုံတို့ကို ဟောကြားထားလေသည်။

ထိုမှတပါး ပြိတ္တာဘဝတွင် ကိုယ်တိုင်လှူဒါန်း၍ အကျိုးရပုံ ဝတ္ထုတခုကိုလည်း ဆန်းဆန်းကြယ်ကြယ် ဤပေတဝတ္ထုတွင် တွေ့ရ၏၊ ၎င်းမှာ ဥစ္ဆုပေတဝတ္ထု[1] ဖြစ်၏၊ ပါဠိတော်မူရင်းတွင် အကုသိုလ်ကံနှင့် အကျိုးအပြစ် ထင်ရှားရုံမျှ ဖော်ပြထားသော်လည်း အဋ္ဌကထာတွင် စုံစုံလင်လင် ဖွင့်ပြထားပေ၏။

## ဥစ္ဆုပေတဝတ္ထု

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ ဝါဆိုစဉ် ယောကျ်ားတဦးသည် ကြံစည်းကို ထမ်းကာ ကြံတချောင်းကို စား၍သွား၏၊ သီလရှိ၍ ကောင်းသောသဘောရှိသော အခြား ယောကျ်ားတဦးသည် ကလေးငယ်ကိုချီ၍ ထိုကြံစည်းထမ်းသော ယောကျ်ား၏နောက်မှလိုက်၏၊ ကလေးငယ်သည် ကြံကိုမြင်သော် ငို၍တောင်း၏၊ ကလေးချီလာသော ဥပါသကာယောကျ်ားသည် ကလေးငိုသည်ကိုသိ၍ ကြံစည်းရှင်ယောကျ်ားနှင့် အာလာပ သလ္လာပပြု၏၊ ကြံစည်းရှင်ယောကျ်ားကား ထိုဥပါသကာယောကျ်ားနှင့်တကွ တခွန်းသောစကားကိုမျှ မပြောဆို၊ ကလေးအားလည်း ကြံတဆစ်ကိုမျှမပေး၊ ဥပါသကာယောကျ်ားသည် ထိုကလေးကိုပြ၍ “မိတ်ဆွေ ဤကလေးသည် အလွန်ငို၏၊ ဤကလေးအား ကြံတဆစ်မျှပေးပါလော့”ဟု ဆို၏၊ ထိုစကားကိုကြားသော် ကြံရှင်ယောကျ်ားသည် ကြိမ်းမောင်းလျက် အမျက်ထွက်သောစိတ်ကို ဖြစ်စေ၍ မရိုသေသည်၏ အစွမ်းဖြင့် ကြံတချောင်းကို နောက်ပြန်ပစ်၍ပေး၏။

ထိုကြံရှင် ယောကျ်ားသည် တပါးသောအခါ၌ သေလွန်၍ ကြာမြင့်စွာ စိမ်ထုံအပ်သော လောဘ၏အစွမ်းဖြင့် ပြိတ္တာဘုံ၌ ဖြစ်လေ၏၊ အကျိုးမည်သည်ကား အကြောင်းနှင့်တူစွာ ဖြစ်တတ်သည်အားလျော်စွာ ထိုပြိတ္တာအား ရှစ်ပယ်မျှလောက်သော အရပ်ကို လွှမ်းခြုံလျက် မျက်စဉ်းညိုအဆင်းနှင့်တူကုန်သော ကျည်ပွေ့လုံးတံ ပမာဏရှိကုန်သော ကြံတို့ဖြင့် တခဲနက် ကျယ်ပြန့်သော ကြံတောကြီးသည်ဖြစ်လာ၏၊ ထိုပြိတ္တာသည် ကြံတို့ကိုစုတ်ရန် “ကြံကိုယူပေအံ့”ဟု စိတ်ကူး၍ ကပ်ကာမျှ၌ ထိုယောကျ်ားကို ကြံတို့သည် ဆီးကြိုပုတ်ခတ်၏၊ ထိုပြိတ္တာသည် ထိုကြံတို့၏ရိုက်ပုတ်သောဒဏ်ဖြင့် မှုးမေ့၍လည်းကျ၏။

တနေ့သ၌ အသျှင်မဟာမောဂ္ဂလ္လာန်သည် ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်လေသော် လမ်း၌ ထိုပြိတ္တာကို တွေ့လေ၏၊ ပြိတ္တာသည် အသျှင်မဟာမောဂ္ဂလ္လာန်ကို တွေ့လျှင် မိမိ၏ အဖြစ်ကို လျှောက်လေရာ အသျှင်မဟာမောဂ္ဂလ္လာန်က လွန်ခဲ့သောဘဝက ပြိတ္တာပြုခဲ့သော အကုသိုလ်ကံကို ပြန်လည်ဟောပြ၍ ကြံကိုနောက်ပြန်ပစ်၍ ပေးခဲ့ဘူးသဖြင့် နောက်ပြန် နုတ်ယူလျှင် ကြံကိုစားရလတ္တံ့ ဟု ဟောပြ၏၊ ပြိတ္တာသည် မထေရ်မြတ်မိန့်တော်မူသည့်အတိုင်း နောက်ပြန် နုတ်ယူ၍ စားလေသော် ကောင်းမွန်စွာ စားရလေ၏၊ မထေရ်၏ ကျေးဇူးကြောင့် ကြံကိုယူ၍ စားပြီးလျှင် ကြံစည်းတခု ကြီးစွာပြု၍ မထေရ်မြတ်အား လှူဒါန်းလေရာ အသျှင်မဟာမောဂ္ဂလ္လာန်မထေရ်သည် ပြိတ္တာကို ချီးမြှောက်လိုသဖြင့် ထိုကြံစည်းကို ပြိတ္တာကိုပင် ထမ်းပိုးယူဆောင်စေ၍ ဝေဠုဝန်ကျောင်းတော်သို့ သွားကာ မြတ်စွာဘုရားအား ပေးလှူစေ၏၊ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်တကွ ထိုပြိတ္တာ၏ ကြံစည်းကို သုံးဆောင်တော်မူ၍ အနုမောဒနာပြု၏၊ ပြိတ္တာသည် ကြည်လင်ရွှင်ပျသောစိတ်ရှိ၍ ပြန်သွား၏၊ ထိုအခါမှစ၍ ချမ်းသာစွာ ကြံကိုစားသောက်ရလေ၏၊ ထိုပြိတ္တာဘဝမှ သေလွန်လေသော် တာဝတိံသာနတ်ပြည်၌ ဖြစ်ရလေ၏။

---

၁။ ပေတဝတ္ထုပါဠိတော် မြန်မာပြန် စာမျက်နှာ ၂၀၆-နှင့် ပေတဝတ္ထု ဋ္ဌ-၂၄၀။

ထိုဥစ္စာပေတဝတ္ထုကို ကြည့်ရှုလျှင် အချို့ကုသိုလ်ဟုန် အသင့်အတင့်ရှိသော ပြိတ္တာတို့သည် ကိုယ်တိုင်လည်း ပေးလှူနိုင်ကြောင်းသိသာနိုင်၏၊ သို့သော် ကိုယ်တိုင်လှူဒါန်းခြင်းကြောင့် ဒိဋ္ဌ-ဓမ္မအကျိုးခံစားရသည်ထက် တမလွန်ကျိုးသည်သာ သေချာ၏၊ ရည်ညွှန်းသော ဒါနအလှူကို ဝမ်းမြောက်နုမော်သာဓုခေါ်ရခြင်းကသာ ၎င်းတို့ပြိတ္တာများအဘို့ ဒိဋ္ဌဓမ္မချမ်းသာသုခကို ရစေနိုင်သည်ကို မှတ်သားသင့်ပေ၏။

## ပြိတ္တာတို့နှင့်ပတ်သက်၍ အထူးမှတ်သားဖွယ်အချက်များ

အပါယ်ဘုံသားဖြစ်သော ပြိတ္တာတို့နှင့်ပတ်သက်၍ ၎င်းတို့၏ ပကတိအဆင်းအသွင်မှာ မမြင်ဝံ့အောင် ဆိုးဝါးကြောင်း ပေတဝတ္ထုတို့တွင် များစွာတွေ့ရ၏၊ ပကတိအသွင်ဆိုးဝါးလှရာတွင် အကုသိုလ်အကျိုးကြောင့် အင်္ဂါကြီးငယ်ချွတ်ယွင်းမှုများ ယားနာစသော ဝေဒနာနှိပ်စက်မှုများကလည်း ထပ်လောင်း၍ ဆိုးသည်ထက် ဆိုးအောင် ကူပံ့ပေးသေးရာ အဘယ်မှာလျှင် ရှုဝံ့စရာရှိချေအံ့နည်း၊ ထို့ကြောင့် ရံဖန်ရံခါ ကံအားလျော်စွာ ပကတိသွင်ပြင်ကို လူသားတို့တွေ့မြင်ရသောအခါ၌ ကြောက်လန့်၍ သွားကြ၏၊ တမင်ပုံပြင်၍ ချောက်လှန့်သည်မဟုတ်သော်လည်း ဆိုးဝါးသောအသွင်ကြောင့် ချောက်လှန့်သကဲ့သို့ ဖြစ်သဖြင့် ချောက်လှန့်သည် (တဇ္ဇေတိ-ချောက်လှန့်၏ ဟူသောပါဠိအရ ဟဇ္ဇေချောက်သည်)ဟု ပြောဆိုကြ၏၊ ရံဖန် ရံခါ ချောက်လှန့်သည့်အခါလည်း ရှိသေး၏၊ မြတ်စွာဘုရားသည် သူစိလောမဘီလူးအား ချွတ်ရန် သူစိလောမ၏ နေရာသို့သွားရာ သူစိလောမဘီလူးက ချောက်လှန့်၍ လွှတ်သကဲ့သို့ ပြိတ္တာများက ချောက်လှန့်တတ်သေးသည် ဟူ၍လည်း မှတ်သင့်၏။

ပြိတ္တာတို့သည် အစားအသောက်နှင့် ပတ်သက်၍ ထမင်းတလုံး ရေတပေါက် စားသောက်ရမှု မရှိ၊ ငတ်မွတ်နေရသည်သာများကြောင်း ပေတဝတ္ထုတို့အရ သိရှိနိုင်၏၊ စားသင့်၍ စားရလျှင် ၎င်းတို့၏ အာဟာရမှာ လူတို့၏ တံတွေး နှပ် အညစ်အကြေးစသော စက်ဆုပ်ရွံရှာဖွယ်များသာဖြစ်ကြောင်း ထိုထိုပါဠိအဋ္ဌကထာတို့၌ ဆို၏၊ ရံဖန် ရံခါ လူတို့စွန့်ပစ်သော လက်ဆေးရေခွက်မှ ထမင်းအစအနများ စွန့်ပစ်သော ထမင်းကျန် ဟင်းကျန်များကိုလည်း ရှာဖွေစားသောက်ကြရ၏၊ ထိုသို့ မြို့တွင်းရွာတွင်းတို့၌ သွားလာရှာဖွေစားသောက်နေထိုင်ကြသော်လည်း ၎င်းတို့၏ ကမ္မဝိပါ်ဒ္ဓိတန်ခိုးကြောင့် ဖြစ်စေ ဆေးမြစ်တန်ခိုးကြောင့် ဖြစ်စေ ၎င်းတို့ကို လူဘို့က မမြင်ကြရပေ၊ ထိုအကြောင်းကို မဇ္ဈိမပဏ္ဏာသအဋ္ဌကထာလာ သီဟိုဠ်ကျွန်း အနုရာဓမြို့၌ ဖြစ်သော အောက်ပါဝတ္ထုကြောင်းဖြင့် သိသာနိုင်လေသည်။

တယောက်သော ဘီလူး ပြိတ္တာမသည် သားငယ်နှစ်ယောက်တို့ကို ထုပါရုံ ဘုရားမုခ်ဝ၌ထားခဲ့ပြီးလျှင် အစားအစာရှာဖွေရန် မြို့တွင်းသို့ ဝင်လေ၏၊ သားငယ်နှစ်ယောက်တို့သည် ဆွမ်းခံကြွသော မထေရ်တပါးကိုမြင်၍ "အရှင်ဘုရား အကျွန်ုပ်တို့၏ မိခင်သည် မြို့တွင်းသို့ ဝင်သွားပါ၏၊ ထိုမိခင်အား 'ရ ရသမျှအစားအစာကို ယူ၍ အမြန်လာပါလော့၊ သင်၏သားနှစ်ယောက်တို့သည် ဆာလောင်လှပြီ၊ ရပ်တည်ခြင်းငှါပင် မစွမ်းနိုင်ကြောပါ'ဟု ပြောကြားပါလော့"ဟု မှာ၏၊ "သင်တို့၏မိခင်ကို ငါသည် အဘယ်သို့လျှင် မြင်ပါအံ့နည်း"ဟု မထေရ်ကပြောလျှင် "ဤဆေးမြစ်ကိုယူသွားပါ"ဟု ဆိုကာ ဆေးမြစ်တခုကို မထေရ်အား ပေးလေ၏၊ ဆေးမြစ်ကိုရလျှင် မထေရ်သည် ဘီလူးပြိတ္တာထောင်ပေါင်းများစွာတို့ကို မြင်ရလေ၏၊ ထိုမထေရ်သည် ဘီလူးပြိတ္တာငယ်နှစ်ဦး၏ ပေးထားသော အမှတ်အသားဖြင့် ထိုဘီလူးပြိတ္တာမကြီးကို ဆိုးဝါး၍ ကြောက်မက်ဖွယ် ကောင်းသော

အဆင်းဖြင့် လမ်းပေါ်၌ ကိုယ်ဝန်အညစ်အကြေးကို စောင့်မျှော်နေခိုက် တွေ့မြင်ရ၍ ထိုမှာလိုက်သော အကြောင်းကို ပြောပြလေ၏၊ အဘယ်ကြောင့် သင်ရဟန်းသည် အကျွန်ုပ်ကို မြင်ပါသနည်းဟု ဆိုသော် ရဟန်းက ဆေးမြစ်ကို ထုတ်၍ပြလေရာ ထိုဘီလူးပြိတ္တာမသည် ဆေးမြစ်ကို လုယက်၍ ပြေးလေ၏။[၁]

ဤဝတ္ထုကြောင်းဖြင့် ဘီလူးပြိတ္တာတို့သည် သားငယ်သမီးငယ်တို့ကို မွေးဖွားကြောင်း ဆေးမြစ်တန်ခိုးဖြင့် ၎င်းတို့ကိုယ်ကို ကွယ်စေနိုင်၍ ဆေးမြစ်တန်ခိုးဖြင့်ပင် ၎င်းတို့ကို မြင်နိုင်ကြောင်း ကိုယ်ဝန်အညစ်အကြေး စသည်ကို စားသောက်နေထိုင်ကြောင်းတို့ကို သိနိုင်လေသည်။

ပြိတ္တာတို့နှင့် လူတို့ဆက်ဆံရေးမှာကား ပြိတ္တာတို့သည် ကိုယ်ထင်ရှားပြပြီး မိမိသင်းရဲဒုက္ခကို ပြောပြ၍ လူတို့အား ဒါနပြုပြီးလျှင် အလှူအဘို့ကို ရည်ညွှန်းအမျှပေးဝေပါရန် ပြောဆိုခြင်း စသော ရိုးရိုး ဆက်ဆံမှုများအပြင် ထူးထူးဆန်းဆန်းအိမ်ထောင်ရေးဖြင့် ဆက်ဆံသောပြိတ္တာမျိုးလည်း ရှိသေးကြောင်း ပေတဝတ္ထုအရသိနိုင်၏၊ ဤပေတဝတ္ထုလာ သုတ္တပေတဝတ္ထုနှင့် ပါဠလိပုတ္တပေတဝတ္ထု[၂] တွင် ပြိတ္တာက လူမကိုဆောင်ယူ၍ မယားအဖြစ်ထားပုံကို တွေ့ရသည်၊ ကဏ္ဏမုဏ္ဍပေတဝတ္ထု[၃] တွင်မူ ပြိတ္တာမက ဗာရာဏသီမင်းနှင့် မွေ့လျော်ပုံကို ဖော်ပြထားလေသည်။

ပါဠိတော်မြန်မာပြန်တွင် ဇာတ်လမ်းမပေါ်သဖြင့် အဋ္ဌကထာအရ အမြွက်မျှ ဖော်ပြရသော် သုတ္တပေတဝတ္ထုမှာ မြတ်စွာဘုရားမပွင့်မီ အနှစ် ၇၀၀-ကျော်က သာဝတ္ထိမြို့၏ မနီးမဝေး ရွာတရွာတွင် လူငယ်တဦးသည် ပစ္စေကဗုဒ္ဓါတပါးကို လုပ်ကျွေးဘူး၏၊ ထိုလူငယ် အရွယ်သို့ ရောက်သော် အမျိုးသမီးတဦးနှင့် ထိမ်းမြားရာ ထိမ်းမြားသောနေ့၌ပင် သူငယ်ချင်းများနှင့် မြစ်ဆိပ်သို့ သွားပြီး ရေချိုးရာမှ မြွေကိုက်ခံရ၍ သေဆုံးလေ၏၊ ပစ္စေကဗုဒ္ဓါအား လုပ်ကျွေးသော ကုသိုလ် ရှိသော်လည်း အမျိုးသမီး၌ စွဲလမ်းသောစိတ်ကြောင့် ပြိတ္တာဖြစ်ရလေသည်၊ သို့သော် ကုသိုလ် ဟုန်ကြောင့် တန်ခိုးကြီးလေသည်။

ထိုပြိတ္တာသည် ဗိမာန်ဖြင့်နေ၍ အမျိုးသမီးကို စွဲလမ်းနေသဖြင့် တနေ့တွင် တန်ခိုးဖြင့် အမျိုးသမီးကို ကုသိုလ်ပြုစေပြီးလျှင် ၎င်း၏ ဗိမာန်သို့ ဆောင်ယူလေသည်၊ အမျိုးသမီး၏ မိခင်အားလည်း အိုးခွက်တို့နှင့်အပြည့် ရွှေငွေတို့ကို ပေးခဲ့လေသည်၊ အမျိုးသမီးသည် ထိုဗိမာန်၌ ချစ်သူဖြစ်သော နတ်ပြိတ္တာနှင့် အနှစ် ၇၀၀-လုံးလုံး နေထိုင်လေသည်၊ အနှစ် ၇၀၀-နေထိုင်ပြီးနောက် ငြီးငွေ့သဖြင့် လူ့ပြည်ပြန်ခွင့်တောင်း၍ နတ်ပြိတ္တာက လိုက်ပို့ရာ လူ့ပြည်သို့ ရောက်သော် အိုမင်း၍ သွားကာ ၇-ရက်အတွင်း ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ပြီး ကွယ်လွန်သွားလေသည်။

ဤ၌ လူ့အဖြစ်ဖြင့် နတ်ပြိတ္တာထံ၌ အနှစ် ၇၀၀-ဒနေထိုင်ခြင်း အနှစ် ၇၀၀-လုံး နုပျိုနေခြင်း တို့မှာ နတ်၌ဖြစ်သော ဥတုအာဟာရတို့က ထောက်ပံ့သည်၏အဖြစ်ကြောင့်၎င်း ကံ၏ အာနုဘော်ကြောင့်၎င်း ဤမျှလောက် ကာလပတ်လုံး ငယ်ရွယ်နုနယ်သော အခြင်းအရာဖြင့် တည်နေနိုင်ကြောင်း လူ့ပြည်သို့ ရောက်သွားသောအခါ လူတို့၏ဥတုအာဟာရ၏ အစွမ်းကြောင့် အိုမင်းသွားရကြောင်း အဋ္ဌကထာ၌ ပြဆိုထားပေသည်၊ ပါဋလိပုတ္တ ပေတဝတ္ထုတွင်မူ ပြိတ္တာနှင့် လူအမျိုးသမီး တနှစ်ပေါင်းဖော်နေကြောင်းဆို၏။

---

၁။ မ ၄-၃-၁၇၇။ ၂။ ပေတဝတ္ထုပါဠိတော် မြန်မာပြန် စာမျက်နှာ ၁၃၅။
၃။ ပေတဝတ္ထုပါဠိတော် မြန်မာပြန် ၁၄၀။

ကဏ္ဏမုဏ္ဍပေတဝတ္ထုမှာ ကဿပဘုရားရှင်လက်ထက်က ဥပါသိကာတဦးသည် သေသောက်ကြူးနှင့် မှောက်မှားမိပြီး မိမိ၏လင် ဥပါသကာအား လိမ်လည်လှည့်ဖြား၍ "မှောက်မှားမိလျှင် ဘဝတိုင်း ခွေးစားခံရပါစေ"ဟု ကျိန်ဆိုခဲ့ဘူး၏၊ ထိုဘဝမှ ကွယ်လွန်လေသော် ထိုမိန်းမသည် ဟိမဝန္တာ ကဏ္ဏမုဏ္ဍအိုင်အနီး၌ ပြိတ္တာဖြစ်၍ နေ့၌ ကဿပဘုရားလက်ထက်က တရားအားထုတ်ခဲ့သော ကောင်းမှုကြောင့် နတ်စည်းစိမ်ကို ခံစားရပြီး ညဉ့်မှု လိမ်လည်ကျိန်ဆိုခဲ့မှုကြောင့် ခွေးနက်ကြီးတကောင်၏ အစားကို ခံရလေ၏၊ နှစ်ပေါင်းများစွာ ကြာသော် ယောကျ်ားမရှိသဖြင့် ငြီးငွေ့သောကြောင့် သရက်သီးကိုမျှော၍ လူ့ပြည်မှ လူသားတို့ကို သွေးဆောင်ခေါ်ယူရာ ဗာရာဏသီမင်းကြီးကိုယ်တိုင် ထိုပြိတ္တာမထံသို့ သွားရောက်ကာ ပြိတ္တာမနှင့် ပေါင်းသင်းနေလေ၏၊ နောက်ကာလ၌ တညသောအခါ ပြိတ္တာမ ခွေးစားခံရသည်ကို မင်းကြီးတွေ့မြင်၍ အကြောင်းစုံကို မေးမြန်းသိရှိလေသော် ဗာရာဏသီပြည်သို့ ပြန်သွားလေသည်။

ဖော်ပြပါ ဝတ္ထုတို့ကို ထောက်ထားလျှင် တန်ခိုးရှိသော ပြိတ္တာမျိုးတို့သည် လူတို့နှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်နိုင်ကြကြောင်း ဘဝခြားလင့်ကစား နှစ်ပေါင်းကြာမြင့်စွာ အတူတကွ ပျော်ပျော်ရွှင်ရွှင်နေကြောင်း သိရပေသည်။

အမ္ဗဝနပေတဝတ္ထု[၁]တွင် သူကြွယ်ဘဝမှ ဆင်းရဲသွားသောသူတဦးသည် သမီးကို မိတ်ဆွေအိမ်တွင် ခေတ္တထားခဲ့၍ ကုန်ကူးသွားရာ ငွေငါးရာရကြောင်း ငွေငါးရာနှင့် ပြန်လာရာ၌ ခိုးသူတို့နှင့်တွေ့၍ ငွေကို တနေရာ၌ဝှက်ထားပြီး ပုန်းနေစဉ် တွေ့သွားသဖြင့် အသတ်ခံရကြောင်း ငွေကိုစွဲ၍ ပြိတ္တာဖြစ်သွားပြီးနောက် အခြားမိတ်ဆွေလှည်းကုန်သည်များကို တွေ့သောအခါ၌ ကိုယ်ထင်ပြ၍ အကျိုးအကြောင်းပြောပြကာ ငွေငါးရာကို ထုတ်ဖော်ပေးပြီး သမီးအား တဝက်ပေးရန်နှင့် ကုသိုလ်ပြုရန် မှာကြားကြောင်း သမီးက ယာဂုဆွမ်းနှင့် သရက်သီးကိုလှူ၍ ရည်ညွှန်းမှ ချမ်းသာသုခရရှိကြောင်းများ ပါရှိရာ ပြိတ္တာတို့သည် မိမိသားသမီးစသည်တို့အား ငွေကြေးစသော ဝတ္ထုပစ္စည်းများကို ပေးကမ်းနိုင်ကြောင်းကိုလည်း သိရ၏။

ပြိတ္တာတို့သည် တံတွေး နှပ် စသော လူတို့၏ အညစ်အကြေးတို့ကို ရှာဖွေစားသောက်နေထိုင်ရကြောင်းနှင့် ဆိုးဝါးယုတ်ညံ့သော အသွင်အပြင်ကို ကမ္မဇိဒ္ဓိခေါ် ကံတန်ခိုးဖြင့်ဖြစ်စေ ဆေးမြစ်တမျိုးမျိုး၏ အစွမ်းဖြင့်ဖြစ်စေ ကွယ်၍ နေတတ်ကြောင်း အထက်၌ အတန်ငယ် ဖော်ပြခဲ့ပြီးဖြစ်၏၊ ယုတ်ညံ့သော အာဟာရတို့ကို စားသောက်အသက်မွေးရသူတို့ ဖြစ်သည်အားလျော်စွာ ပြိတ္တာတို့သည် သေလွန်သောအခါ ၎င်းတို့၏ ကြမ်းထမ်းသော ခန္ဓာကိုယ်ကို ကွယ်၍မထားနိုင်ကြကုန်၊ ပကတိ အဆင်းအသွင်အတိုင်း ထားခဲ့ရန်လည်း မဖြစ်သဖြင့် ပြိတ္တာတို့ ကွယ်လွန်သောအခါ၌ သားတိရစ္ဆာန်ပိုးမွှားစသော အကောင်တမျိုးမျိုးအဖြစ် ပြောင်းလဲ ထားရစ်ခဲ့ရကြောင်း မိလိန္ဒပဉှာတွင် ဆိုထားပေသည်။

မိလိန္ဒပဉှာ[၂]၌ "မင်းမြတ် သေကုန်သော ဘီလူး(ပြိတ္တာ)တို့၏ ကိုယ်ကောင်ကို တွေ့မြင်ရ၏၊ ထိုဘီလူး(ပြိတ္တာ)တို့၏ အပုပ်နံ့သည်လည်း လှိုင်၏၊ မင်းမြတ် သေကုန်သော ဘီလူး(ပြိတ္တာ)တို့၏ ကိုယ်ကောင်ကို ပိုးကောင်အသွင်ဖြင့်လည်း တွေ့မြင်ရ၏၊ ပေါက်ဖတ်အသွင်ဖြင့်လည်း တွေ့မြင်ရ၏၊ ခြပုန်းအသွင်ဖြင့်လည်း တွေ့မြင်ရ၏၊ ပိုးနှံကောင်အသွင်ဖြင့်လည်း တွေ့မြင်ရ၏၊ ကင်းခြေများ

---

၁။ ပေတဝတ္ထုပါဠိတော် မြန်မာပြန် စာမျက်နှာ ၂၁၃-နှင့် ပေတဝတ္ထု ၄-၂၅၆။
၂။ မိလိန္ဒပဉှာ ပါဠိတော် မြန်မာပြန် ၂၈၂။

အသွင်ဖြင့်လည်း တွေ့မြင်ရ၏၊ ငှက်အသွင်ဖြင့်လည်း တွေ့မြင်ရ၏၊ သမင်အသွင်ဖြင့်လည်း တွေ့မြင်ရ၏”ဟု မိလိန္ဒမင်းအား အသျှင်နာဂသေန ဖြေကြားထား၏။

## အပါယ်ဘုံသားမဟုတ်သော ပြိတ္တာများ

အပါယ်လေးဘုံတွင် ပြိတ္တာဘုံပါဝင်ကြောင်း ပြိတ္တာတို့သည် အပါယ်ဘုံသားများဖြစ်ကြောင်းမှာ အထူး ရေးသားဖွယ် မလိုချေ၊ သို့သော် အပါယ်ဘုံသားမဟုတ်သော ပြိတ္တာများရှိသေးသည် ဟုဆိုလျှင် ရုတ်တရက် အံ့သြသွားကောင်း သွားပေမည်၊ ထို့ကြောင့် အပါယ်ဘုံ၌အကျုံးမဝင်သော ပြိတ္တာများအကြောင်းကို စဉ်းငယ်ဖော်ပြသင့်ပေသေး၏။

အပါယ်ဘုံ၌ အကျုံးဝင်သူ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် သတ္တဝါတို့သည် ပဋိသန္ဓေကပင် အကုသလဝိပါက် အဟိတ်ပဋိသန္ဓေနေခဲ့ကြသူများ ဖြစ်ကြ၏၊ အချို့ပြိတ္တာတို့သည် သုဂတိ အဟိတ် ဒွိဟိတ် တိဟိတ် ပဋိသန္ဓေနေကြလေသည်၊ ၎င်းတို့ကိုကား အပါယ်ဘုံသားဟူ၍ မခေါ်ရ တော့ချေ၊ ပြိတ္တာပင်ဖြစ်လင့်ကစား သုဂတိအဟိတ်စသော ပဋိသန္ဓေဖြင့်ဖြစ်လာကြလျှင် စတု-မဟာရာဇ်ဘုံသားအဖြစ် အကျုံးဝင်လာကြ၏၊ သို့သော် စတုမဟာရာဇ်နတ်များကဲ့သို့ကား တန်ခိုးကြီးမားခြင်း မရှိကြပေ။

ဘုရားရှင် လက်ထက်တော်က သူစိလောမဘီလူး ခရလောမဘီလူး ပိယင်္ကရမာတာဘီလူးမ ဥတ္တရမာတာဘီလူးမတို့သည် ပြိတ္တာဟုဆိုရသော ဝိနိပါတိကအသုရာမျိုးတို့ပင် ဖြစ်၏၊ သို့သော် ၎င်းတို့မှာ တိဟိတ်ပဋိသန္ဓေနေသော အထက်တန်းစားများဖြစ်၍ တရားထူးကို ရနိုင်ကြပေသည်။

အင်္ဂုတ္တရအဋ္ဌကထာ၌[၁] ဝိနိပါတိကအသုရာအကြောင်း ဖွင့်ဆိုရာတွင် အပါယ်လေးပါးမှ လွတ်သော ဥတ္တရမာတာ ပိယင်္ကရမာတာ ဖုဿမိတ္တာ ဓမ္မဂုတ္တာစသော အခြားဝေမာနိကပြိတ္တာတို့သည် ရှိကုန်၏၊ ထိုဝေမာနိကပြိတ္တာတို့သည် အဝါ အဖြူ အညို ကြမ်းပိုးရေအဆင်း ရွှေရောင်အဆင်းစသော အရောင်အဆင်းဖြင့်၎င်း အပိန်အဝ အတိုအရှည် ကိုယ်နေကိုယ်ဟန်ဖြင့်၎င်း ခန္ဓာကိုယ်သည် အမျိုးမျိုးဖြစ်၏၊ ပဋိသန္ဓေသညာသည်လည်း လူတို့ကဲ့သို့ ဒွိဟိတ် တိဟိတ်နှင့် အဟိတ်တို့၏အစွမ်းဖြင့် အမျိုးမျိုးပင် ဖြစ်၏ (အပါယ်ဘုံသားတို့ကဲ့သို့ အဟိတ် ပဋိသန္ဓေတခုတည်းမဟုတ်)၊ ထိုဝေမာနိကပြိတ္တာတို့သည် စတုမဟာရာဇ် တာဝတိံသာအစရှိသော နတ်တို့ကဲ့သို့လည်း တန်ခိုးမကြီးကုန်၊ အထီးကျန်သောလူတို့ကဲ့သို့ တန်ခိုးနည်းကုန်၏၊ အစားအဝတ်ရခဲသဖြင့် ငတ်မွတ်သော ဆင်းရဲရှိကုန်၍ နေထိုင်ကြရကုန်၏၊ အချို့မှာ လဆုတ်ပက္ခ၌ ဆင်းရဲခံပြီးလျှင် လဆန်းပက္ခ၌ ချမ်းသာခံစားကြရကုန်၏၊ ထိုသို့ ချမ်းသာအပေါင်းအစုမှ ပျက်စီး၍ကျရောက်သည်၏အဖြစ်ကြောင့် “ဝိနိပါတိက”ဟုခေါ် ဆိုရကုန်၏၊ ထိုဝိနိပါတိက အသုရာခေါ် ဝေမာနိကပြိတ္တာတို့တွင် တိဟိတ်ပဋိသန္ဓေနေသူတို့သည် အကျွတ်တရားရကြကုန်၏ဟု ဖွင့်ဆို၏၊ သုတ်မဟာဝါအဋ္ဌကထာ၌လည်း ထိုအတူ ပါရှိ၏။

## ပိယင်္ကရမာတာနှင့် ဥတ္တရမာတာ

ဤနေရာ၌ သံယုတ်ပါဠိတော်လာ ပိယင်္ကရမာတာနှင့် ဥတ္တရမာတာဝတ္ထုကို သိထိုက်သဖြင့် ထုတ်ပြဦးမည်။

---

၁။ အံ-ဋ္ဌ ၃-၁၆၃-နှင့် ဒီ-ဋ္ဌ ၂-၁၀၀။

မြတ်စွာဘုရား သီတင်းသုံးတော်မူသော ဇေတဝန်ကျောင်းတိုက်အတွင်း၌ ကောသမ္ဗကမည်သော ကျောင်းဆောင်သည် ရှိ၏၊ တနေ့သ၌ အသျှင်အနုရုဒ္ဓါသည် ကောသမ္ဗက ကျောင်းဆောင်အတွင်း၌ ထိုင်နေ၍ သာယာသောအသံဖြင့် ဓမ္မပဒ အပ္ပမာဒဝဂ်ကို သရဇ္ဈာယ်၍နေတော်မူခိုက်ဖြစ်၏၊ ထိုအခါ ပိယင်္ကရမည်သော သားငယ်ရှိသူ ဝေမာနိကပြိတ္တာမ (ပိယင်္ကရမာတာ)သည် သားပိယင်္ကရ ပြိတ္တာငယ်ကို ရင်ခွင်ဖြင့်ပိုက်ချီလျက် ဇေတဝန်ကျောင်း၏နောက်ဖက်မှစ၍ အစာရှာထွက်လာလေရာ အစဉ်အားဖြင့် သာဝတ္ထိမြို့ဖက်သို့ရှေးရှုလျက် ကျင်ကြီးကျင်ငယ် တံတွေးနှပ်စသည့် မကောင်းဆိုးရွား အစားအစာတို့ကို ရှာဖွေသည်ရှိသော် အသျှင်အနုရုဒ္ဓါ၏နေရာသို့ရောက်၍ သာယာသော တရားရွတ်ဖတ်သံကို ကြားရလေ၏၊ ထိုတရားသံသည် ပိယင်္ကရမာတာအား အရေအစရှိသည်ကို ဖောက်ခွဲ၍ ရိုးတွင်းခြင်ဆီကို ထိခိုက်ကာ နှလုံးသို့ဆိုက်ရောက်၍ တည်လေ၏၊ ထိုအခါ ပိယင်္ကရမာတာအား အစာရှာဖွေခြင်း၌ စိတ်မျှလည်းမဖြစ်၊ တရားသံကို နားစိုက်၍သာ ရပ်တည်နေ၏၊ သားဖြစ်သူ ပိယင်္ကရကား ငယ်ရွယ်သူဖြစ်၍ တရားနာခြင်း၌ စိတ်မရှိ၊ ထိုပိယင်္ကရသည် ဆာလောင်မွတ်သိပ်မှုဖြင့် နှိပ်စက်ရကား "မိခင် အဘယ်ကြောင့် ရောက်ရာနေရာ၌ သစ်ငုတ်ကဲ့သို့ ရပ်နေသနည်း၊ အကျွန်ုပ်အတွက် ခဲဘွယ်ဘောဇဉ်တို့ကိုလည်း အဘယ့်ကြောင့် မရှာသနည်း"ဟု ထပ်ကာထပ်ကာ မိခင်အား မေးလေ၏၊ ပိယင်္ကရမာတာသည် ငါ့အား ဓမ္မန္တရာယ်ပြုလှ၏ဟု သားငယ်ကို—

"ပိယင်္ကရ အသံမပြုလင့်၊ ရဟန်းသည် ဓမ္မအစုတို့ကို ရွတ်ဆိုနေ၏၊ ငါတို့သည် ဓမ္မအစုကို သိ၍ ကျင့်နိုင်ကုန်ငြားအံ့လည်း မသိ၊ ငါတို့အား အစီးအပွါးဖြစ်တန်ရာ၏။

သတ္တဝါတို့၌လည်း စောင့်စည်းကြရကုန်အံ့၊ သိလျက် မမှန်စကားကို မဆိုကြရကုန်အံ့၊ မိမိ၏ကောင်းသော အကျင့်သီလကိုလည်း ကျင့်သုံးကြရကုန်အံ့၊ မြေဖုတ်ဘီလူးပြိတ္တာဘဝမှ လွတ်ကြကောင်းတန်ရာ၏"[၁] ဟု နှစ်သိမ့်စေ၏။

ဤသို့ သားငယ်ကို နှစ်သိမ့်စေ၍ တရားနာလေသော် ထိုနေ့၌ပင် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏၊ (ဤကား ပိယင်္ကရမာတာဝတ္ထုဖြစ်၏)။

တရံရောအခါ မြတ်စွာဘုရားသည် (ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်) ဆွမ်းစားပြီးချိန်၌ လူအပေါင်းအား တရားဟောတော်မူပြီးသော် လူအပေါင်းကို ပြန်လွှတ်လိုက်ပြီးနောက် ရေချိုးအိမ်၌ ရေသပ္ပါယ်တော်မူကာ ဂန္ဓကုဋိတိုက် ပရိဝုဏ်အတွင်း ခင်းထားအပ်သော ဘုရားနေရာတော်၌ အရှေ့လောကဓာတ်ကို မျက်နှာတူရူ ရှုတော်မူလျက် ထိုင်နေတော်မူ၏၊ ထိုအခါ ဇေတာရိက ဒွိစာရိကစသော ပံသုကူလိက ပိဏ္ဍပါတိက ရဟန်းတို့သည် မိမိ မိမိတို့၏ နေ့သန့်ရာ အရပ်အသီးသီးမှ ထွက်လာကြကုန်ပြီးလျှင် မြတ်စွာဘုရားထံသို့ လာကြကုန်၍ ရှိခိုးကြပြီးနောက် တင်းတိမ်နီဖြင့် ကာရံဘိသကဲ့သို့ ထိုင်နေကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့၏ အလိုကိုသိတော်မူ၍ မြတ်စွာဘုရားသည် နိဗ္ဗာန်နှင့်စပ်သော တရားစကားကို ဟောတော်မူ၏။

ထိုစဉ်အခါ (ပုနဗ္ဗသုမည်သော သားအကြီးကို လက်မှာဆွဲ၍ ဥတ္တရမည်သော သမီးအငယ်ကို ရင်ခွင်ဝယ်ပိုက်ချီထားသော) မြေဖုတ်ဘီလူး ပြိတ္တာမ ပုနဗ္ဗသုမာတာ၊ သို့မဟုတ်-ဥတ္တရမာတာသည် သမီးငယ်ကို ပွေ့ချီ သားကြီးကိုလက်ဆွဲ၍ ဇေတဝန်ကျောင်း နောက်ဖက်တံတိုင်းအနီး၌

[၁]။ သံ မြန် ၁-၁၉၇။

ကျင်ကြီး ကျင်ငယ် တံတွေးနှပ်တို့ကို ရှာဖွေရင်း အစဉ်သဖြင့် ဇေတဝန်ကျောင်းတော် တံခါး မုခ်နားသို့ ရောက်လာ၏။

"အာနန္ဒာ သပိတ်ကို ယူခဲ့လော့၊ သင်္ကန်းကို ယူခဲ့လော့၊ စားကြွင်းစားတို့အား စားဖွယ်ကို ပေးလော့"ဟု မြွက်ဆိုတော်မူသော မြတ်စွာဘုရား၏ အသံတော်သည် ထက်ဝန်းကျင် တဆယ့် နှစ်တောင်မျှ၌သာ ကြားရ၏၊ တရားဟောတော်မူသော မြတ်စွာဘုရား၏ အသံတော်မူကား စကြ ဝဠာအဆုံးတိုင်အောင် ပရိသတ်ထိုင်နေကာမူလည်း ပရိသတ်အဆုံးတိုင်အောင် သွား၏၊ ပရိသတ် အပသို့မူကား "ချိုမြိန်သောအသံတော်သည် အကြောင်းမဲ့ (နာယူသူမရှိပဲ) မပျက်စီးစေလင့်"ဟု လက်တသစ်မျှလည်း မထွက်သွားပေ၊ ထိုအခါ၌ ဥတ္တရမာတာ (မြေဖုတ်ဘီလူးပြိတ္တာမ)သည် ပရိသတ်၏အပ၌ တည်သဖြင့် ဘုရားရှင်၏ အသံတော်ကို မကြားရပေ၊ တံခါးမုခ်၌တည်ရှိသော ထိုဥတ္တရမာတာအား ကျယ်ပြန့်သော ဘုရားလမ်းမတော်သည် ရှေးရှုတည်ရှိ၍ ဂန္ဓကုဋိတော်သည် ထင်လာ၏၊ ထိုဥတ္တရမာတာသည် လေငြိမ်ရာ၌ရှိသော ဆီမီးကဲ့သို့ ဘုရား၌ ရှိသေခြင်းဖြင့် လက် ခြေလှုပ်ရှားခြင်းစသည်မှကင်း၍ ငြိမ်သက်နေသော ပရိသတ်ကို မြင်သည်ရှိသော် "ဤနေရာ၌ တစုံတရာ စားဖွယ်ပစ္စည်းဘဏ္ဍာကို ဝေဖန်သည်ဖြစ်လတ္တံ့၊ ငါသည် ထောပတ် ဆီ ပျား တင်လဲ စသည်တို့တွင် တခုခုကို သပိတ် လက်စသည်တို့မှ မြေသို့စီးကျဖိတ်စင်သည်ကို ရလတ္တံ့"ဟု နှလုံး သွင်း၍ (သားသမီးတို့နှင့်) ကျောင်းတွင်းသို့ ဝင်လေ၏။

ကျောင်းတံခါးမုခ်၌ ကြမ်းထမ်းသော ဘီလူးစသည်တို့အား တားမြစ်ရန် တည်ရှိသော ကျောင်းစောင့်နတ်တို့သည် ဥတ္တရမာတာ၏ ဥပနိဿယကိုသိ၍ မတားမြစ်ကြကုန်၊ ဥတ္တရမာတာ သည် ပရိသတ်နှင့် တပေါင်းတည်းအဖြစ်သို့ ရောက်လတ်၍ မြတ်စွာဘုရား၏ချိုမြိန်သာယာသော အသံတော်သည် အရေအစရှိသည်ကို ဖောက်ခွဲ၍ ရိုးတွင်းခြင်ဆီကို ထိခိုက်ကာ (နှလုံးသို့ဆိုက် ရောက်၍) တည်လေ၏၊ ဥတ္တရမာတာသည် တရားနာရန် မတုန်မလှုပ် ရပ်တည်သည်ရှိသော် ရှေး ပိယင်္ကရမာတာကဲ့သို့ သားသမီးတို့က မေးမြန်းကြသဖြင့် ငါ့အား တရားနာခြင်း၏ အန္တရာယ်ကို မပြုကြလင့်ဟု သားသမီးတို့ကို—

> "ချစ်သမီး ဥတ္တရာ နတ်လူတို့ကို ဆုံးမတော်မူတတ်သော ဘုရားမြတ်၏တရားကို ငါနာ ယူနေသမျှအတွင်း ဆိတ်ဆိတ်နေပါလော့၊ ချစ်သားပုနဗ္ဗသု ဆိတ်ဆိတ်နေပါလော့"[၁] စသည်ဖြင့် နှစ်သိမ့်စေ၍ တရားကို နာကြကုန်၏။

မြတ်စွာဘုရားသည် တရားဟောတော်မူရာမှ ပရိသတ်ကို အမှတ်ပြုလေသော် ထိုဥတ္တရမာတာ ၏၎င်း သားပုနဗ္ဗသု၏၎င်း သောတာပတ္တိဖိုလ်၏ ဥပနိဿယကို မြင်၍ ဒေသနာတော်ကို လည်စေ လျက် သစ္စာလေးပါးတရားစကားကို ပြတော်မူ၏၊ ထိုတရားတော်ကို ကြားနာရ၍ ထိုနေရာ၌ သာလျှင် ရပ်တည်လျက် သားပုနဗ္ဗသုနှင့်အတူ မိခင်ဥတ္တရမာတာ မြေဖုတ်ဘီလူးပြိတ္တာမသည် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ သမီးဥတ္တရာသည်ကား ဥပနိဿယကား ရှိ၏၊ သို့သော် အလွန် ငယ်လွန်းသဖြင့် တရားတော်ကို ခံယူခြင်းငှါ မတတ်နိုင်သေးပေ။

ဤဖော်ပြပါ ပိယင်္ကရမာတာ ဥတ္တရမာတာတို့ကား အဆင်းအသွင်ဆိုးဝါး၍ လူတို့၏ ကျင်ကြီး ကျင်ငယ်တံတွေးနှပ်စသော အညစ်အကြေးတို့ကို ရှာဖွေစားသောက်နေရသော မြေဖုတ်ဘီလူးမျိုး

---

၁။ သံ မြန် ၁-၁၉၇။

ပြိတ္တာတို့ပင် ဖြစ်ကြပေ၏၊ သို့သော် ပဋိသန္ဓေအားဖြင့် အဟိတ်ပဋိသန္ဓေမဟုတ်၊ တိဟိတ်ပဋိသန္ဓေနေသူများဖြစ်ပေရာ၊ စကုမဟာရာဇ်ဘုံသား စာရင်း၌ဝင်ကြရပေသည်၊ ထို့ကြောင့် ၎င်းတို့ကို အပါယ်ဘုံသားမဟုတ်သော ပြိတ္တာများဟု ဆိုရပေသည်။

ဤမျှဖြင့် ပေတဝတ္ထုနှင့်ပတ်သက်၍ မှတ်သားဖွယ်ရာများကို နိဂုံးချုပ်ပေအံ့၊ ဤပေတဝတ္ထုများကို မြတ်စွာဘုရားသည် ထုတ်ဖော်ဟောကြားတော်မူ၍ သတ္တဝါပေါင်းများစွာကို အကျွတ်တရားရစေတော်မူခဲ့သည်၊ ဤသို့ရစေတော်မူရာ၌ ပြိတ္တာမျိုးဇာတ်၌ ဖြစ်ရခြင်း၏အပြစ်ကို ဖွင့်ပြတော်မူ၍ တရားနာယူသူတို့၏ နှလုံးသားကို သံဝေဂဖြင့် ဖျန်းပက်တော်မူခြင်းကို အရင်းပြုတော်မူပေသည်၊ ထိုအရင်းမှသည် လူအပေါင်းကို သံဝေဂတရားရရှိစေပြီး၍ အကုသိုလ်တရားမှ ရှောင်ကြဉ်စေပြီးလျှင် ဒါနအစရှိသော ကုသိုလ်ကောင်းမှုတို့ကိုပြု၍ နတ်ရွာသုဂတိလျှင် လည်းလျောင်းရာဖြစ်စေခဲ့ပေသည်။

## အကျိုးတရားနှင့်မြော်ရည်ချက်

ဖော်ပြပါ အကျိုးတရားများကို ထောက်ရှု၍ ပြည်ထောင်စုမြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့က နိကာယ်ငါးရပ်မှ မျှားမြတ်သော ပါဠိတော်မြန်မာပြန်များကို ပြန်ဆိုရိုက်နှိပ်ရာ၌ ခုဒ္ဒကနိကာယ် အပါအဝင် ဤဝိမာနဝတ္ထုပါဠိတော်နှင့် ပေတဝတ္ထုပါဠိတော်နှစ်ကျမ်းကို သီးသန့်ထုတ်နုတ်၍ တအုပ်တည်းပြုလုပ်ရာတွင်——

(၁) အမျိုးသား အမျိုးသမီးတိုင်း မိမိတို့ဆိုင်ရာ ကျင့်ဝတ်များ၌ မယွင်းမချွတ် ပြည့်စုံနိုင်ကြရန်,

(၂) နိစ္စဂရုဓမ္မသီလကို ခါးဝတ်ထည်ကဲ့သို့ စောင့်ထိန်း၍ ရှစ်ပါးဆယ်ပါး ဥပုသ်သီလများကို တတ်အားသလောက် အားထုတ်နိုင်ကြရန်,

(၃) သမထဝိပဿနာဘာဝနာများကို ထိုက်သလောက် ကြိုးစားကြရန်,

(၄) ဒါနဝတ္ထုများကို တတ်အားသရွေ့ လှူဒါန်းကြရန်,

(၅) အကုသလကမ္မပထတရားများကို ရှောင်ရှားနိုင်ကြရန်,

(၆) အထူးအားဖြင့် သူတပါးဥစ္စာစည်းစိမ်၌ မနာလိုမှု မိမိစည်းစိမ်၌ ဝန်တိုမှုနှင့် မှားယွင်းသော မိစ္ဆာဉာဏ် ဝင်စွဲကပ်ရောက်မှုတို့မှ ကင်းဝေးနိုင်ကြရန်,

(၇) အကုသိုလ်တရားတို့၌ ထိတ်လန့်သော သံဝေဂဉာဏ်ကိုရရှိ၍ ထိုသံဝေဂဉာဏ်ကို အရင်းပြုပြီး ဒုဂ္ဂတိဘဝတို့နှင့် ဝေးကွာကင်းပ၍ သုဂတိဘဝတို့၌သာ ကျက်စားနိုင်ကြရန်နှင့်——

(၈) ဝိမာနဝတ္ထုကိုဖတ်၍ ဤနတ်တို့၌ရှိသော ဒါန သီလ ဘာဝနာ စသည့် တရားထူးတရားမြတ်တို့သည် ငါ၌လည်း ရှိကုန်၏ဟု ဒေဝတာနုဿတိတရားများ ပွါးများနိုင်ပြီးလျှင် ပေတဝတ္ထုကိုဖတ်၍ ဤပြိတ္တာတို့၌ ဖြစ်ပွါးခဲ့ဘူးသော အကုသလကမ္မပထနှင့် ဣဿာ မစ္ဆရိယစသော တရားဆိုးတို့ ငါ့သန္တာန်၌ ကင်းငြိမ်းကုန်၏ဟု ပီတိကိုဖြစ်စေ၍၎င်း ထိုတရားတို့ကို ခွါပြီးလျှင် ဝိပဿနာကို ပွါးများလျက် ကိလေသာအားလုံးကို ကုန်ခန်းနိုင်စေရန်——

ဟူသော အကျိုးထူး တရားထူးများကို မြော်လင့်ချက်ထားရှိခဲ့သည့်အတိုင်း အလွယ်ကူဆုံး အများသုံးနှင့် မချုံးမဖွင့် လျော်ကန်သင့်အောင် ပြန်ဆိုရိုက်နှိပ်၍ ဖြန့်ချိလိုက်ခြင်းဖြစ်ပေရာ

ဤကျမ်းကို ဖတ်ရှုကြသူတို့သည် မိမိတို့ အမိဘာသာ မြန်မာစာဖြင့် လွယ်ကူစွာ ဖတ်ရှုနိုင်ကြသည့် အတိုင်း အသိဉာဏ်ဖွင့်ကာ ဝမ်းသာနှစ်သိမ့် ပီတိစိမ့်အောင် တမြိန့်မြိန့် ခံစားလေ့လာကြပြီးလျှင် ဖော်ပြပါ အကျိုးတရားရှစ်ချက်နှင့်ပြည့်စုံ၍ နိဗ္ဗာန်ဘုံအထက်စခန်းအထိ တက်လှမ်းနိုင်ကြပါစေ သောဝ်....ဟု မနောပဏိဓိ မင်္ဂလာဖြင့် ဆုတောင်းပတ္ထနာ ပြုလိုက်ပါသတည်း။

(က) ဝိမာနာနဉ္စ ပေတာနံ၊ ပုဗ္ဗကမ္မဉ္စ တပ္ဖလံ။
ဉာနတာ ပဿတာ သာမံ-ဘိညာ ဇိနေန ဗျာကတံ။

(ခ) ပုညံ’ဝ’ မနုယုဥ္ဇန္တု၊ ကမ္မပါကံ ဟိ’ စိန္တိယံ။
နာ’ဝ မညန္တု အပ္ပန္တိ၊ အပ္ပမ္ပိ ပုညပါပကံ။

(က) ဗိမာန်ရှင်တို့နှင့် ပေတတို့၏ ရှေးကံနှင့်အကျိုးကို ကိုယ်တော်တိုင် ထူးသောဉာဏ်ဖြင့် သိတော်မူ မြင်တော်မူ၍ (ယင်းတို့၏ အဋ္ဌုပ္ပတ္တိကို) ဘုရားရှင်ကိုယ်တိုင် ဟောကြားတော်မူခဲ့ပြီ။

(ခ) ထို့ကြောင့် (ဤဝိမာနနှင့် ပေတဝတ္ထုပါဠိတော် မြန်မာပြန်ကျမ်းကို ဖတ်ရှု၍) ကုသိုလ်ကောင်းမှုကိုသာ ကြိုးစားပြုလုပ်ကြပါကုန်၊ ကံ၏အကျိုးကိုကား မကြံစည်အပ်ပေ၊ ကောင်းမှု မကောင်းမှုကို နည်းသည် (ငယ်သည်) ဟု မထီမဲ့မြင် မပြုကြကုန်လင့်။

## ခုဒ္ဒကနိကာယ်

## ထေရဂါထာနှင့်ထေရီဂါထာပါဠိတော် မြန်မာပြန်

# ကျမ်းဦးမှတ်ဖွယ်

---

### ထေရဂါထာနှင့်ထေရီဂါထာများ

"အသျှင်ဘုရား ဤသာသနာတော်၌ ရှင်လန်းသည်ထက် ရှင်လန်း တက်ကြွသည်ထက် တက်ကြွ၍ အလွန်မွေ့လျော်သည့်သဘော ပြည့်ဖြိုးသော ဣန္ဒြေရှိကုန်လျက် ကြောင့်ကြမဲ့ဖြစ်ကာ အမွေး'မာန်'ကို ချထားပြီးလျှင် သူတပါးပေးသောပစ္စည်းဖြင့် အသက်မွေးသော သားသမင်စိတ်ထားဖြင့် နေကြသည့် ရဟန်းတို့ကို အကျွန်ုပ်မြင်ပါ၏။ အသျှင်ဘုရား ထိုအကျွန်ုပ်အား 'အမှန်အားဖြင့် ဤအသျှင်တို့သည် ထိုမြတ်စွာဘုရား၏ သာသနာတော်၌ မှန်မြတ်သော ရှေးတရားထက်ထူးသော နောက်တရားကို သိကြကုန်၏၊ ထို့ကြောင့်သာလျှင် ဤအသျှင်တို့သည် ရှင်လန်းသည်ထက် ရှင်လန်း တက်ကြွသည်ထက် တက်ကြွ၍ အလွန်မွေ့လျော်သည့်သဘော ပြည့်ဖြိုးသော ဣန္ဒြေရှိကုန်လျက် ကြောင့်ကြမဲ့ဖြစ်ကာ အမွေး'မာန်'ကို ချထားပြီးလျှင် သူတပါးတို့ပေးသော ပစ္စည်းဖြင့် အသက်မွေးကုန်သည် ဖြစ်၍ သားသမင်စိတ်ထားဖြင့် နေကြကုန်၏'ဟု အကြံဖြစ်ပါ၏"[၁]။

အထက်၌ ဖော်ပြအပ်သော စကားသည် မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသပါဠိတော် ဓမ္မစေတီယသုတ်မှ ကောသလမင်းကြီးက ရဟန်းတော်များကိုမြင်၍ မြတ်စွာဘုရားအား လျှောက်ထားသော စကားတရပ်ဖြစ်၏၊ ကောသလမင်းကြီးသည် ဘုရားထံသို့ လာရာ၌ ကိလေသာကင်းဝေး၍ စိတ်အေးကြည်ရွှင်လျက် ကြည်လင်သော မျက်နှာရှိကြကုန်သော အရိယာသာဝကတို့ကို မြင်ရသောအခါ "ဤရဟန်းတို့ ကြည်လင်ရွှင်လန်း၍ ဆန်းသစ်စ လသဖွယ် တင့်တယ်ပြည့်ဖြိုးနေကြခြင်းမှာ မှန်မြတ်သောတရားထူးကို ရရှိနေကြခြင်းကြောင့်သာ ဖြစ်ရာသည်"ဟု ကြံစည်မိသဖြင့် မြတ်စွာဘုရားအား လျှောက်ထားခြင်း ဖြစ်လေသည်။

ကောသလမင်းကြီး လျှောက်ထားသည့်အတိုင်းပင် ထေရဂါထာ ထေရီဂါထာ ကျမ်းနှစ်ကျမ်းသည် မြတ်စွာဘုရား၏ တပည့်သာဝကနှင့် တပည့်မ သာဝိကာဖြစ်ကြကုန်သော ရဟန်း ရဟန်းမများက မှန်မြတ်သော ရှေးတရားထက်ထူးသော နောက်တရားကို သိကြရသောအခါ (ရဟန္တာအဖြစ်သို့ ရောက်ကြသောအခါ) မိမိရအပ်သော မဂ်ဖိုလ်ချမ်းသာကို ဆင်ခြင်၍ အချို့က ဥဒါန်းကျူးရင့်သောအားဖြင့်၎င်း, အချို့က မေးမြန်း(ဖြေကြား)သောအားဖြင့်၎င်း, အချို့က ပရိနိဗ္ဗာန်ပြုခါနီးအခါ၌ သာသနာတော်၏ သံသရာဝဋ္ဋဒုက္ခမှ ထွက်မြောက်ကြောင်း နိယျာနိကအဖြစ်ကို ထင်ရှားစေလိုသောအားဖြင့်၎င်း မြွက်ဆိုဟောကြားထားသော စကားတော်များ ဖြစ်ကြပေသည်၊ ထိုစကားတော်အားလုံးကို ပဌမသံဂါယနာတင်သောအခါ၌ တပေါင်းတည်း

---

၁။ မ မြန်-၂-၃၂၇။

ပြု၍ ထေရဂါထာ ထေရီဂါထာ ဟူသော အမည်ဖြင့် သံဂါယနာတင် မထေရ်တို့က သီးခြားသတ်မှတ်၍ ထားခဲ့ကြကုန်၏။

ဤထေရဂါထာ ထေရီဂါထာကျမ်းသည်ကား မြတ်စွာဘုရား၏ သာဝက သာဝိကာ ရဟန္တာ ရဟန္တာမတို့၏ ဖြစ်စဉ် အကြောင်း အဋ္ဌုပ္ပတ္တိကျမ်းစာမဟုတ်ပေ၊ ထိုရဟန္တာ ရဟန္တာမတို့၏ ဖြစ်စဉ် အကြောင်း အဋ္ဌုပ္ပတ္တိကျမ်းစာကို အပဒါန်ပါဠိတော်ဟူသော အမည်ဖြင့် သီးသန့်ထားရှိခဲ့ပေ၏၊ ဤထေရဂါထာ ထေရီဂါထာကျမ်းမှာမူ ထင်ရှားသော ရဟန္တာ ရဟန္တာမကြီးများ၏ ဟောကြားမိန့်ဆိုတော်မူချက်များကို ဖတ်ရှုမှတ်သား၍ လိုက်နာ အတုယူရန်နှင့် သံဝေဂဉာဏ် ရင့်သန်၍ မူရင်းဟောကြားသူ ထေရ ထေရီပုဂ္ဂိုလ်ကြီးများကဲ့သို့ နိဗ္ဗာန်ထုတ်ချောက် ကူးမြောက်နိုင်ကြရန် ဟူသော အကျိုးတူးများကို အထူးမြော်ရည်၍ စုပေါင်းသံဂါယနာတင်တော်မူလျက် ထားတော်မူခဲ့သော ကျမ်းပင် ဖြစ်ပေ၏။

## နက်နဲသောတရားသဘောများ အပြည့်အဝ ပါရှိပုံ

ဤကျမ်း၏ အကျိုးအာနိသင်နှင့် တရားစကားတော်များ၏ တန်ဖိုးကို အထူးဖော်ပြနေဖွယ်မလို၊ ဤကျမ်းပါ အကြောင်းအရာ အများအပြားကိုထား၍ ကေကနိပါတ်လာ တပုဒ်သောဂါထာမျှကို ဖတ်ရှုကြည့်လျှင်ပင် မည်မျှ နက်နဲ ထိမိသော တရားသဘောများ ပါဝင်နေသည်တို့ကို သတိပြုမိပေမည်။

ပုံစံအားဖြင့် ဤထေရဂါထာကျမ်းစာ အစဆုံး အမှတ်-၁ ဂါထာဖြစ်သော သုဘူတိထေရဂါထာ၌ လာသော—-

> "မိုးနတ်သား ငါ၏ကျောင်းသည် မိုးထားပြီးဖြစ်၍ ချမ်းသာကို ဆောင်နိုင်၏၊ လေတည်းဟူသော ဘေးရန်မှ ကင်း၏၊ မိုးနတ်သား အလိုရှိတိုင်း ရွာသွန်းလိုက်ပါလော့၊ ငါ၏စိတ်သည် ကောင်းစွာ တည်ကြည်သည်ဖြစ်၍ သံယောဇဉ်တို့မှ လွတ်မြောက်၏၊ ငါသည် ပြင်းထန်စွာ အားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍ နေပါ၏၊ မိုးနတ်သား အလိုရှိတိုင်း ရွာသွန်းလိုက်ပါလော့"။

ဟူသော ဂါထာ(မြန်မာပြန်)ကို ဖတ်ကြည့်လျှင် သာမညအားဖြင့် သုဘူတိမည်သော ရဟန္တာမထေရ်မြတ်သည် ၎င်း၏ ကျောင်းငယ်ကို ကောင်းမွန်စွာ ပြင်ဆင်မိုးထားပြီးဖြစ်၍ ပြင်းထန်စွာ ရွာသွန်းတော့မည့်မိုးကို ခံနိုင်ရည်ရှိပုံ၊ စိတ်ဓာတ်တည်ကြည်၍ သံယောဇဉ်ကင်းသည့်ပြင် လုံ့လဝီရိယအသင့်ရှိနေသဖြင့် မိုးကို ဂရုမစိုက်ပုံတို့ကို ထင်မြင်လာနိုင်၏။ ထိုထက်တဆင့်တက်၍ အဆင့်အတင့်ကြံစည်မိပြန်လျှင် ရဟန္တာပုဂ္ဂိုလ်များအဖို့ စိတ်ဓာတ်ကြည်လင်၍ သံယောဇဉ် ကင်းပြီးဖြစ်သဖြင့် မိုးပင်ရွာရွာ နေပင်ပူပူ သည်းခံစိတ် ထားရှိနိုင်ပုံတို့ကို ထင်မြင်လာပေလိမ့်မည်။

ဉာဏ်အမြင်ရင့်၍ တဆင့်ထက်တဆင့် ကြံစည်ပြီးလျှင် ပါရမီဓာတ်ခံ အလျောက် ထိုးထွင်းဉာဏ်နှင့်ပြည့်စုံသူတို့အဖို့ကား အထက်ပါအကြောင်းအရာများထက်ထူးချွန်၍ အလွန်လေးနက်သော အောက်ပါတရားအချက်များကို သိမြင်နိုင်ရာပေသေး၏။

'ငါ၏ကျောင်း' ဟူရာ၌ ကျောင်းဟူသည်ကို သာမန်ကျောင်းထက်လွန်၍ ခန္ဓာကိုယ်အတ္တဘော ဟူသောကျောင်း၊ ငါ-ခန္ဓာကိုယ်အတ္တဘောဟု ယူဆနိုင်၏၊ 'မိုးထားပြီးဖြစ်၍' ဟူသော စကားကို

သာမည မြက်သစ်ရွက်တို့ဖြင့် မိုးထားခြင်းမျိုးမဟုတ်ပဲ မလုံခြုံသော စက္ခုစသော ဟင်းလင်းဖြစ်သည့် ဒွါရတို့မှ ထိုးဖောက်ဝင်ရောက်လာမည့် ရာဂစသော အစိုအစွတ်တို့အား ပညာဖြင့် တားမြစ်ထားပြီးဖြစ်၍ဟု ယူဆနိုင်၏။

'ချမ်းသာကိုဆောင်နိုင်၏'ဟူသော စကား၌ ဆိုခဲ့ပြီးသည့်အတိုင်း ခန္ဓာကိုယ် အတ္တဘောကို ပညာဖြင့် မိုးကာထားသဖြင့် ကိလေသာဒုက္ခတို့မှ ကင်းရှင်း၍ ချမ်းသာခြင်းနှင့်ပြည့်စုံ၍ ဝါ ချမ်းသာကို ဆောင်၍ နေနိုင်၏ဟု အဓိပ္ပါယ် ယူနိုင်၏၊ လေဝဉ်းဟူသော ဘေးရန်ဟူသည် ထောင်လွှားမှု'မာန'၊ ယစ်မူးမှု'မဒ'၊ ခက်မာမှု'ထမ္ဘ'၊ ချုတ်ချယ်မှု'သာရမ္ဘ'စသော ဘေးရန်များကိုဆိုလို၍ ၎င်းတို့မှ ကင်းရှင်းပြီဟု ယူဆနိုင်၏၊ ထိုမှတဆင့်တက်၍ ငါ၏စိတ်သည် ညစ်ညူးကြောင်းတရားတို့အား တားမြစ်နိုင်ရုံမျှသာမက မြတ်သော မဂ်ဖိုလ်သမာဓိဖြင့် ကောင်းစွာ တည်ကြည်သောကြောင့်သာလျှင် မြတ်သောပညာဖြင့် သံယောဇဉ်အားလုံးတို့မှ လွတ်မြောက်ပြီဟု ပြလိုသောကြောင့် "ငါ၏စိတ်သည် ကောင်းစွာ တည်ကြည်သည်ဖြစ်၍ သံယောဇဉ်တို့မှ လွတ်မြောက်၏"ဟု ဆိုလေသည်၊ ဤသို့ဖြစ်၍ ယခုအခါ ကိစ္စအားလုံးပြီးပြီဟူ၍ ကြောင့်ကြမဲ့နေလေသလောဟူငြားအံ့၊ မနေဟု သိရန်လည်း "ငါသည် ပြင်းထန်စွာအားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍ နေပါ၏"ဟု ဆက်၍ ဆိုလေသည်။

ဤသို့ဖြင့် ထိုဂါထာ၏ အဓိပ္ပါယ်ကို တရားသဘောများဖြင့် ထိုးထွင်း၍ နက်နဲစွာ နားလည်လာနိုင်ပေသည်။

ထိုသို့ နားလည်လာလျှင် "ငါ၏ကျောင်းသည် မိုးထားပြီဖြစ်၍ ချမ်းသာကို ဆောင်နိုင်၏" ဟူသောစာပိုဒ်ဖြင့် လောကီ လောကုတ္တရာအပြားရှိသော မိမိ၏ အဓိသီလသိက္ခာကိုၡင်း, "ငါ၏ စိတ်သည် ကောင်းစွာ တည်ကြည်သည် ဖြစ်၍"ဟူသော အပိုဒ်ဖြင့် အဓိစိတ္တသိက္ခာကိုၡင်း, "သံယောဇဉ်တို့မှ လွတ်မြောက်၏"ဟူသော စာပိုဒ်ဖြင့် အဓိပညာသိက္ခာကိုၡင်း, "ပြင်းထန်စွာ အားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍နေ၏"ဟူသော အပိုဒ်ဖြင့် မျက်မှောက်ချမ်းသာစွာ နေထိုင်ရခြင်းကိုၡင်း ထင်မြင်နိုင်ပြီးလျှင် နက်နဲသောတရား၏အရသာတို့ကို ထိုးထွင်းသိမြင်၍လာနိုင်ပေသည်။

ဤသို့ အမြွက်မျှပြဆိုခဲ့သည့်အတိုင်း ထေရဂါထာ ထေရီဂါထာလာ ဂါထာ တရားစကားအားလုံးသည် ပုဒ်တိုင်း ပုဒ်တိုင်း၌ အလွန်နက်နဲ၍ လောကီ လောကုတ္တရာ အကျိုးတရားများ တိုးပွါးဖွယ်ရာ အနက်အဓိပ္ပါယ်များဖြင့် ပြည့်ဝနေသည်တို့ကို အထူး သတိချပ်အပ်လှပေ၏။

## ဤကျမ်းလာ ထေရာထေရီများနှင့် အပဒါန်လာ ထေရာထေရီများ

ဤထေရဂါထာ ထေရီဂါထာကို ဖတ်ရှုရာ၌ အထူး သိထားရန် အချက်တချက်မှာ ဤထေရဂါထာ ထေရီဂါထာ တရားစကားတော်များကို ဟောကြားမိန့်မြွက်တော်မူကြသော ရဟန္တာ ရဟန္တာမ ထေရထေရီအရှင်အရှင်မကြီးတို့အနက် အချို့သော အရှင် အရှင်မကြီးတို့၏အကြောင်း အဋ္ဌုပ္ပတ္တိတို့သည် ထေရာပဒါန် ထေရီအပဒါန်ကျမ်း၌ ပါဝင်၍ အချို့သော အရှင် အရှင်မကြီးတို့၏ အကြောင်း အဋ္ဌုပ္ပတ္တိတို့မှာ ထေရာပဒါန် ထေရီအပဒါန်ကျမ်း၌ မပါဝင်ခဲ့သည့် အချက်ပင်ဖြစ်၏၊ ဤ၌ ရဟန္တာ ထေရ ထေရီများချည်းဖြစ်ပါလျက် အဘယ့်ကြောင့် အပဒါန်၌ အချို့သာပါဝင်၍ အချို့ မပါဝင်သနည်းဟု မေးဖွယ်ရာ ရှိ၏။

ဤအမေးကို ဖြေဆိုရာဝယ် အပဒါန်ဟူသော အဓိပ္ပါယ်ကို ပြန်လည် ညွှန်းပြသင့်ပေသည်၊ (ယင်းအဓိပ္ပါယ်ကို အကျယ်တဝင့် သိရန် အပဒါန်ပါဠိတော် မြန်မာပြန် ပဌမအုပ် ကျမ်းဦး မှတ်ဖွယ်ကို ဖတ်ရှုပါ)၊ အပဒါန်ဟူသည် (အနက်အမျိုးမျိုးရှိသည့်အနက်) "ဤသို့ ရှေးက ငါ ကျင့်ဘူးပြီ" ဟုဆိုအပ်သော အကောင်းအဆိုး အဖြစ်အပျက် အကြောင်းအင်္ဂပ္ပတ္တိကို ဆိုလိုပေရာ ရှေးဘုရား ပစ္စေကဗုဒ္ဓ ရဟန္တာ သာဝကတို့အထံ၌ ပုညကိရိယ၏အစွမ်းဖြင့် ဖြစ်စေအပ်သော သာဝက ပါရမီထူးရှိသည့် ပုဂ္ဂိုလ်မျိုးတို့သည်သာ အပဒါန်၌ ပါဝင်နိုင်သည်ဟု မှတ်သားထားသင့်၏။

အချင်းခပ်သိမ်း ရှေးအကြောင်းပြည့်စုံမှုမှကင်း၍ သစ္စာလေးပါးကို ထိုးထွင်းသိမြင်မှု မရှိသင့်သည် မဟုတ်ပါလောဟု မေးလျှင် မှန်၏၊ အချင်းခပ်သိမ်း ရှေးအကြောင်းပြည့်စုံမှု ကင်း၍ သစ္စာလေးပါးကို ထိုးထွင်းသိမြင်မှု မရှိသင့်ပေ၊ သို့သော် အပဒါန်ဝင်ပုဂ္ဂိုလ်တို့ကား အလွန်ထူးချွန်မြင့်မားသော ရှေးအကြောင်းပြည့်စုံမှု ရှိရပေမည်၊ အချင်းခပ်သိမ်း ရှေးအကြောင်း ပြည့်စုံမှု မကင်းသော်လည်း အလွန်ထူးချွန်မြင့်မားသော ရှေးအကြောင်း ပြည့်စုံမှုမရှိလျှင် အပဒါန်ပါဠိတော်၌ မပါဝင်နိုင်ပေ။

ထိုရှေးအကြောင်း ပြည့်စုံမှု "ဥပနိဿယသမ္ပတ္တိ"အတွက် ဖြည့်ကျင့်ရပုံ ကြိုးပမ်းအားထုတ်ရပုံတို့ကို ထေရာပဒါန် ပါဠိတော် မြန်မာပြန်ကျမ်းဦးမှတ်ဖွယ်၌ အကျယ်တဝင့် ရေးသားခဲ့ပြီဖြစ်၍ ဤ၌ ရေးသားရန် လိုတော့မည် မဟုတ်ပေ။

## ထေရဂါထာထေရာဆိုင်ရာ မှတ်သားဖွယ်များ

ဤထေရဂါထာ ထေရီဂါထာကျမ်း၌ ထေရာအပိုင်း ထေရီအပိုင်းဟူ၍ နှစ်ပိုင်းခွဲခြားကာ မှတ်သားဖွယ်ရာများကို အမြွက်မျှ တင်ပြဦးအံ့။

ထေရဂါထာ ပါဠိတော်၌ သုဘူတိထေရ် အစ ဝင်္ဂီသထေရ်အဆုံး မထေရ်ပေါင်း ၂၆၄-ပါးတို့၏ တရားစကားတော်များ ပါရှိ၏၊ ထို ၂၆၄-ပါးသော ရဟန္တာမထေရ်တို့သည် မြတ်စွာဘုရား၏ သာဝက၏အဖြစ်ဖြင့် တမျိုးတည်းသာ ဖြစ်လေ၏၊ ထိုအတူ အသေက္ခ၏အဖြစ် စသည်ဖြင့်လည်း တမျိုးတည်းသာတည်း။

ဧဟိဘိက္ခုအဖြစ်ဖြင့် ရဟန်းပြုခြင်း ဧဟိဘိက္ခုအဖြစ်မဟုတ်ပဲ ရဟန်းပြုခြင်းအားဖြင့်ကား နှစ်မျိုးပြားကုန်၏၊ ဧဟိဘိက္ခုရဟန်းဟူသည် မြတ်စွာဘုရားက "ဧဟိဘိက္ခု-ရဟန်းလာလှည့်" ဟု မြွက်ကြားရုံမျှဖြင့် ရဟန်းအဖြစ်သို့ရောက်သော ရဟန်းမျိုးဖြစ်၏၊ မြတ်စွာဘုရားသည် ဧဟိဘိက္ခု ရဟန်းအဖြစ်ဖြင့်ဖြစ်ရမည့် ဥပနိဿယနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို တွေ့မြင်လျှင် နီလွင်သော သင်္ကန်း၏အတွင်းမှ ရွှေအဆင်းနှင့်တူသော လက်ျာလက်မောင်းတော်ကိုထုတ်၍ ဗြဟ္မာမင်း၏အသံတော်ကဲ့သို့သော အသံတော်ဖြင့် "ဧဟိဘိက္ခု၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ"ဟု မြွက်ကြားတော်မူ၏၊ ထိုသို့ မြတ်စွာဘုရားက ဧဟိဘိက္ခု အခေါ်ခံရသော ရဟန်းအား မြတ်စွာဘုရား မြွက်ကြားခေါ်ဝေါ်သည်နှင့်တပြိုင်နက်သာလျှင် လူ၏အသွင်သည် ကွယ်ပျောက်၍ ရဟန်း၏ အသွင်သည် ပေါ်ပေါက်လာလေ၏၊ ဦးပြည်းခေါင်းတုံးပြီးဖြစ်၍ ဖန်ရည်ဆိုးသော အဝတ်ဖြင့် တထည်ကိုဝတ် တထည်ကိုရုံလျက် တထည်ကိုပခုံး၌တင်ကာ လက်ဝဲပခုံးစွန်း၌ ကြာညိုအဆင်းနှင့် တူသော မြေသပိတ်ကိုလွယ်ပြီးဖြစ်လေ၏၊ သင်္ကန်းသပိတ်စသော ပရိက္ခရာတို့ကိုလွယ်ကာ ဝါတော် ခြောက်ဆယ်ရပြီးသော မထေရ်ကြီးကဲ့သို့ ကြည်ညိုဖွယ်သော ဣရိယာပုထ်တို့ဖြင့် ပြည့်စုံစွာ

သာလျှင် မြတ်စွာဘုရားသာလျှင် ဆရာ မြတ်စွာဘုရားသာလျှင် ဥပဇ္ဈာယ်ဖြစ်၍ မြတ်စွာဘုရားကို သာလျှင် ရှိခိုးလျက် တည်နေလေသည်။

မြတ်စွာဘုရားသည် ပဌမဗောဓိ (ဘုရားဖြစ်တော်မူစ) အခါကာလကပင် ဧဟိဘိက္ခုရဟန်း အဖြစ်ဖြင့် ရဟန်းပြုပေးတော်မူခဲ့၏၊ ထိုအခါမှစ၍ ဤမြတ်စွာဘုရား၏သာသနာတော်၌ ဧဟိဘိက္ခု ရဟန်းတို့သည် အညာသိကောဏ္ဍညမထေရ်မြတ် အမှူးရှိသော ပဉ္စဝဂ္ဂီငါးဦး,ယသမထေရ်နှင့် ၎င်း၏ အဖော်ဖြစ်သော ဝိမလ သုဗာဟု ပုဏ္ဏဇိနှင့် ဂဝမ္ပတိ လေးပါး, အခြားအဆွေခင်ပွန်း ငါးဆယ့် ငါးဦး, ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်, ဥရုဝေဠကဿပရှေ့ဆောင် တထောင်သော ရသေ့ဟောင်း ရဟန်းများ, အဂ္ဂသာဝကနှစ်ပါးနှင့် ၎င်းတို့၏အခြံအရံနှစ်ရာ့ငါးဆယ်,အင်္ဂုလိမာလမထေရ်(ဤသို့ ဝိနည်းပိဋကဌ်လာသော ဧဟိဘိက္ခုရဟန်းပေါင်း ၁၃၅၀-ပါး) သေလပုဏ္ဏားနှင့် တပည့်ပုဏ္ဏား သုံးရာ,မဟာကပ္ပိနမင်းနှင့် ထိုမင်း၏အခြံအရံဖြစ်သော ယောကျ်ားတထောင်,သုဒ္ဓေါဒနမင်းကြီးက ဘုရားပင့်ရန်စေလွှတ်သော ကပိလဝတ်ပြည်သား တသောင်း,ဗာဝရီပုဏ္ဏားကြီး၏တပည့် အဇိတ စသော ယောကျ်ားတသောင်း ခြောက်ထောင် (ဤသို့ သုတ္တန်ပိဋကဌ်လာသော ဧဟိဘိက္ခုရဟန်း ပေါင်း ၂၇၃၀၀-ဖြစ်၍ နှစ်ရပ်ပေါင်း) ဧဟိဘိက္ခုရဟန်းပေါင်း-၂၈၆၅၀ (နှစ်သောင်းရှစ်ထောင် ခြောက်ရာ့ငါးဆယ်)ဖြစ်၏၊ ထင်ရှားသော နေရာမှယူ၍ ပြထားသော စာရင်းသာဖြစ်၍ ထိုထက် အလွန်လည်း ရှိရာသေးသည်၊ ဤဖော်ပြခဲ့သည်မှ တပါးသော ရဟန်းတို့ကား ဧဟိဘိက္ခုအဖြစ် မဟုတ်ပဲ အခြားဥပသမ္ပဒနည်းတို့ဖြင့် ရဟန်းဖြစ်လာသူတို့ချည်း ဖြစ်ကုန်၏။

ဖော်ပြပါ ဧဟိဘိက္ခုုပသမ္ပဒါ ဧဟိဘိက္ခုအဖြစ်ဖြင့် ရဟန်းဖြစ်ခြင်းမှတပါး သရဏဂမနူပ-သမ္ပဒါ, ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ, ပဉှာဗျာကရဏူပသမ္ပဒါနှင့် ဉတ္တိစတုတ္ထကမ္မုုပသမ္ပဒါဟူ၍ ဥပ-သမ္ပဒ-လေးမျိုး ရှိသေး၏။

ထိုလေးမျိုးတို့တွင်—

**သရဏဂမနူပသမ္ပဒါရဟန်း။** ။ဧဟိဘိက္ခုုပသမ္ပဒါ ရဟန်းတို့အား ဧဟိဘိက္ခုအဖြစ်ဖြင့် ရဟန်း အဖြစ် ခွင့်ပြုသကဲ့သို့ပင် သရဏဂုံသုံးပါးဖြင့် ရဟန်းအဖြစ် ခွင့်ပြု တော်မူ၏၊ ဤသို့ သရဏဂုံသုံးပါးဖြင့် ရဟန်းအဖြစ် ခွင့်ပြုသည့်အတိုင်း ဖြစ်လာသော ရဟန်းများကို သရဏဂမနူပသမ္ပဒါရဟန်းဟု ခေါ် ဆိုရလေသည်။

**ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါရဟန်း။** ။အသျှင်မဟာကဿပအား မြတ်စွာဘုရားက "တသ္မာ တိဟ တေ ကဿပ ဧဝံ သိက္ခိတဗ္ဗံ"စသော ဩဝါဒသုံးရပ်ကို ပေး၍ ရဟန်းအဖြစ် ခွင့်ပြုတော်မူခြင်းကို ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါဟု ဆိုရ၏၊ ဤမြတ်စွာဘုရားသာသနာ တော်တွင် အသျှင်မဟာကဿပသည်သာ တပါးတည်းသော ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါရဟန်း ဖြစ် လေသည်။

**ပဉှာဗျာကရဏူပသမ္ပဒါရဟန်း။** ။မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်းတော်၌ စင်္ကြံကြွတော် မူရာမှ သောပါကသာမဏေကို "ဥဒ္ဓုမာတကသညာတိ ဝါ သောပါက'ရူပသညာ'တိ ဝါ ဣမေ ဓမ္မာ နာနတ္ထာ နာနာ ဗျဉ္ဇနာ ဥဒါဟု ဧကတ္ထာ ဗျဉ္ဇနမေဝ နာနံ" စသည်ဖြင့် အသုဘနှင့်စပ်သော ပြဿနာတို့၌ မေးသည်ရှိသော် ခုနစ်နှစ်အရွယ် သောပါက သာမဏေက "ဥဒ္ဓုမာတကသညာတိ ဝါ ဘဂဝါ 'ရူပသညာ'တိ ဝါ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇန-

မေဝ နာနာ”စသဖြင့် ဖြေဆိုသောအခါ သဗ္ဗညုတဉာဏ်တော်နှင့် နှီးနှော၍ ဖြေဆိုနိုင်ပေသည်ဟု နှစ်သက်တော်မူသဖြင့် မြတ်စွာဘုရားက ထိုပြဿနာအဖြေဖြင့်ပင် ရဟန်းအဖြစ် ခွင့်ပြုတော်မူခဲ့၏၊ ဤသို့ ပြဿနာမေးဖြေ၍ ရဟန်းအဖြစ်ခွင့်ပြုခြင်းကို ပဉှာဗျာကရဏူပသမ္ပဒါဟု ခေါ်ဆိုရလေသည်။

**ဥတ္တိစတုတ္ထကမ္မူပသမ္ပဒါရဟန်း။** ။အသျှင် ရာဓမထေရ်မှစ၍ ယခုခေတ်အထိ ဉတ်လျှင် စတုတ္ထမြောက်ကမ္မဝါစာဖြင့် ရဟန်းခံခြင်းကိုကား ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါဟူ၍ ခေါ်ဆိုရ၏။

ထိုမှတပါး အဂ္ဂသာဝက မဟာသာဝက ပကတိသာဝက-အားဖြင့် သုံးမျိုးပြားကုန်၏၊ ထို သုံးမျိုးနှင့် ဆိုင်ရာ သိမှတ်စရာတို့ကို ထေရာပဒါန် ပါဠိတော်မြန်မာပြန် ပဌမတွဲ ကျမ်းဦးမှတ်ဖွယ်၌ ကြည့်ရှုကြပါကုန်။

ပဋိပဒါဟုဆိုအပ်သော အကျင့်ပဋိပတ်ဆိုင်ရာအားဖြင့် ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ, ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ, သုခပဋိပဒါ ဒန္ဓာဘိညာ, သုခပဋိပဒါ ခိပ္ပါဘိညာ ဟူ၍ လေးမျိုးပြားကုန်၏၊ ဆင်းရဲငြိုငြင်စွာကျင့်၍ နှေးနှေးစွာ သိမြင်သောပုဂ္ဂိုလ်, ဆင်းရဲငြိုငြင်စွာကျင့်၍ လျင်မြန်စွာသိမြင်သောပုဂ္ဂိုလ်, ချမ်းသာလွယ်ကူစွာကျင့်၍ နှေးနှေးစွာ သိမြင်သောပုဂ္ဂိုလ်နှင့် ချမ်းသာလွယ်ကူစွာကျင့်၍ လျင်မြန်စွာ သိမြင်သောပုဂ္ဂိုလ်ဟူ၍ အဓိပ္ပါယ်ရ၏။

ဣန္ဒြေလွန်ကဲခြင်း အစွမ်းအားဖြင့် ငါးမျိုးပြား၏၊ ထိုမြတ်စွာဘုရား၏ တပည့်သာဝကတို့အား သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်း၌ တူညီကြလင့်ကစား ဣန္ဒြေလွန်ကဲထူးချွန်ရာ၌ မတူကြပေ၊ ဝက္ကလိမထေရ်ကဲ့သို့ အချို့မထေရ်တို့သည် သဒ္ဓိန္ဒြေလွန်ကဲ၏၊ ကောဏ္ဍိဝိသမဟာသောဏမထေရ်ကဲ့သို့ အချို့မထေရ်တို့သည် ဝီရိယိန္ဒြေလွန်ကဲ၏၊ သောဘိတမထေရ်ကဲ့သို့ အချို့မထေရ်တို့သည် သတိန္ဒြေလွန်ကဲ၏၊ စူဠပန္ထကမထေရ်ကဲ့သို့ အချို့မထေရ်တို့သည် သမာဓိန္ဒြေလွန်ကဲ၏၊ အာနန္ဒာမထေရ်ကဲ့သို့ အချို့မထေရ်တို့သည် ပညိန္ဒြေလွန်ကဲ၏၊ ဤနေရာ၌ ငါးမျိုးပြားသည်မှာ ရှေးအဖို့၌ ရအပ်သော ထူးခြားမှုအစွမ်းဖြင့်သာ ဆို၏၊ အထက်မဂ်ခဏ၌မူ ဣန္ဒြေငါးမျိုးစလုံး၌ပင် ထူးခြားမှု မရှိကြ၊ သဘောအားဖြင့် အတူတူပင်ဟု ယူဆကြရာ၏။

ထို့အတူပင် ပါရမိပ္ပတ္တ, ပဋိသမ္ဘိဒါပတ္တ, ဆဠာဘိညာ, တေဝိဇ္ဇနှင့် သုက္ခဝိပဿက-ဟူ၍ ငါးမျိုးပြားသေးသည်။

**ပါရမိပ္ပတ္တရဟန္တာ။** ။ထိုတွင် အသျှင်သာရိပုတြာ အသျှင်မဟာမောဂ္ဂလ္လာန်တို့ကဲ့သို့ သာဝက ပါရမီဉာဏ်၏ အထွတ်အထိပ်သို့ ရောက်ကုန်သော ရဟန္တာပုဂ္ဂိုလ်တို့ကို ပါရမိပ္ပတ္တ-ဟု ခေါ်ဆိုရကုန်၏။

**ပဋိသမ္ဘိဒါပတ္တရဟန္တာ။** ။အတ္ထပဋိသမ္ဘိဒါ(= အကြောင်းကြောင့်ဖြစ်လာသော အကျိုးတရားစု, နိဗ္ဗာန်, ပါဠိတော်၏ အနက်သဘော, ဝိပါက်စိတ်, ကြိယာစိတ်၊ ၎င်းငါးပါးသောတရားစုကို ပိုင်းခြားဝေဘန်၍ သိသောဉာဏ်), ဓမ္မပဋိသမ္ဘိဒါ (=အကျိုးကို ဖြစ်စေသော အကြောင်းတရားဟူသမျှ, အရိယမဂ်လေးပါး, ပါဠိတော်အစဉ်, ကုသိုလ်, အကုသိုလ်၊ ၎င်းငါးပါးသော တရားစုကို ပိုင်းခြားဝေဘန်၍သိသောဉာဏ်), နိရုတ္တိပဋိသမ္ဘိဒါ (=ဆိုခဲ့ပြီးသော အတ္ထငါးမျိုး ဓမ္မငါးမျိုးတို့နှင့် ဆိုင်ရာသဒ္ဒါပုဒ်ပါဌ် ဆယ်ပါးတို့ကို ကျွမ်းကျင်နားလည်သောဉာဏ်),

ပဋိဘာနပဋိသမ္ဘိဒါ (=ဆိုခဲ့သော ပဋိသမ္ဘိဒါသုံးပါးလုံးကို ထူးထွေကွဲပြား ပိုင်းခြားဝေဘန်၍ သိသောဉာဏ်)ဟူသော ပဋိသမ္ဘိဒါလေးပါးသို့ ရောက်သော ရဟန္တာပုဂ္ဂိုလ်ကို ပဋိသမ္ဘိဒါပတ္တဟု ခေါ်ဆိုရလေသည်။

**ဆဠဘိညရဟန္တာ။** ။ဣဒ္ဓိဝိဓဉာဏ် စသော အဘိညာဉ်ခြောက်ပါးသို့ရောက်သော ရဟန္တာပုဂ္ဂိုလ်ကို ဆဠဘိညဟု ခေါ်ဆိုရ၏။

**တေဝိဇ္ဇရဟန္တာ။** ။ပုဗ္ဗေနိဝါသာနုဿတိ စသော ဝိဇ္ဇာသုံးပါးကိုရသော ရဟန္တာပုဂ္ဂိုလ်ကို တေဝိဇ္ဇဟု ခေါ်ဆိုရ၏။

**သုက္ခဝိပဿက ရဟန္တာ။** ။ဈာနိကသမာဓိမျှ၌ တည်၍ ဝိပဿနာကိုဖြစ်စေသော, ဈာန်မရပဲ အထက်မဂ်တို့ကို ရရှိသော ရဟန္တာပုဂ္ဂိုလ်ကို သုက္ခဝိပဿက-ဟု ခေါ်ဆိုရလေသည်၊ ဤသို့ စသည်ဖြင့် ရဟန္တာယောကျ်ားတို့ကို ဝေဘန် မှတ်သားအပ်ပေ၏။

### ထေရီများနှင့်ဆိုင်သော မှတ်သားဖွယ်ရာများ

ထေရီဟု ဆိုအပ်သော ရဟန္တာမတို့ကား ရဟန်းယောကျ်ားတို့ကဲ့သို့ ဧဟိဘိက္ခုအဖြစ် လုံးဝ မရှိပေ၊ ဤနေရာ၌ လျှဉ်းပါးဖွယ် ရှိနေပေသည်၊ ထေရီဂါထာပါဠိတော် ဘဒ္ဒါကုဏ္ဍလကေသာ ထေရီဝတ္ထုတွင်—

"နိဟစ္စ ဇာဏုံ ဝန္ဒိတွာ၊ သမ္မုခါ အဉ္ဇလိံ အကံ။
'ဧဟိ ဘဒ္ဒေ'တိ မံ အဝစ၊ သာ မေ အာသူပသမ္ပဒါ"။

"ငါသည် ဒူးနှစ်ဖက်ကို ထောက်၍ ရှိခိုးပြီးလျှင် မျက်မှောက်တော်၌ လက်အုပ်ချီခြင်းကို ပြုပြီ၊ (မြတ်စွာဘုရားသည်) 'ဘဒ္ဒါ လာလော့'ဟု ငါ့ကို မိန့်တော်မူ၏၊ ထိုသို့ မိန့်တော်မူခြင်းသည် ငါ့အား ပဉ္စင်းဖြစ်ကြောင်း ဖြစ်ခဲ့ရပါ၏"ဟူ၍ရင်း။

ထို ဘဒ္ဒါကုဏ္ဍလကေသာ ထေရီ၏ အပဒါန်တွင်—

"အာယာစိတော တဒါ အာဟ၊ 'ဧဟိ ဘဒ္ဒေ'တိ နာယကော။
တဒါဟံ ဥပသမ္ပန္နာ၊ ပရိတ္တံ တောယမဒ္ဒသံ"။

"ထိုအခါ (ငါသည် ရှင်အဖြစ် ရဟန်းအဖြစ်ကို) တောင်းပန်ခဲ့၏၊ ထိုအခါ မြတ်စွာဘုရားသည် 'ချစ်သမီးဘဒ္ဒါ လာလော့'ဟု မိန့်ဆိုတော်မူ၏၊ထိုအခါ ငါသည် ပဉ္စင်းဖြစ်ပြီး၍ အနည်းငယ်သော ရေကို တွေ့မြင်၏"ဟူ၍ရင်း ပါရှိ၏။

ထိုစကားရပ်တို့၏ အဓိပ္ပါယ်ကို ဆင်ခြင်လျှင် ဧဟိဘဒ္ဒေ ဟူသည်မှာ ဧဟိဘိက္ခုနီဟု ခေါ်သော စကားရပ်ကဲ့သို့ပင် ဖြစ်နေ၏၊ ထို့ပြင် "သာ မေ အာသူပသမ္ပဒါ, တဒါဟံ ဥပသမ္ပန္နာ=ထိုသို့ မိန့်တော်မူခြင်းသည် ငါ့အား ပဉ္စင်းဖြစ်ကြောင်း ဖြစ်ခဲ့ရပါ၏၊ ထိုအခါ ငါသည် ပဉ္စင်းဖြစ်၍" ဟူသော စကားတို့ကြောင့် မုချ ဧဟိဘိက္ခုနီ ရှိနိုင်ရာသေး၏ဟု စဉ်းစားစရာပင် ဖြစ်နေပေသည်။

သို့သော်လည်း အဋ္ဌကထာဆရာက [၁] ထို ဧဟိဘဒ္ဒေ ဟူသော စကားကို "ချစ်သမီးဘဒ္ဒါ လာလော့၊ ဘိက္ခုနီမတို့ကျောင်းသို့ သွား၍ ဘိက္ခုနီမတို့အထံ၌ ဘိက္ခုနီအဖြစ် ရဟန်းခံယူလော့

၁။ ထေရီဂါထာ ဋ္ဌ-၁၁၀၊၁၀ ၂။

ဟု ငါ (ဘဒ္ဒါကုဏ္ဍလကေသာ) ကို ခိုင်းစေ၏၊ မြတ်စွာဘုရား၏ ထိုခိုင်းစေချက်သည် ငါ့အား ရဟန်းဖြစ်ခြင်းအကြောင်းဖြစ်၏”ဟု ဖွင့်ဆိုထားပြီးလျှင် ဧဟိဘိက္ခုနီဟူ၍ မရှိနိုင်ကြောင်း အခိုင်အမာပြဆိုထား၏။

ထိုနောက် အကယ်၍ မြတ်စွာဘုရားသည် ဘိက္ခုနီအဖြစ် စပ်ယှဉ်လာသော မာတုဂါမအချို့ကို ဧဟိဘိက္ခုနီဟု ခေါ်ခဲ့လျှင် ဘိက္ခုနီအဖြစ် (ဧဟိဘိက္ခုနီရဟန်းမ) ဖြစ်လာစရာ အကြောင်းရှိသည်၊ သို့သော် ကတာဓိကာရ ဟူသော ရှေးက ပြုဘူးသော ကုသိုလ်ပါရမီ အဆောက်အဦ ဆုတောင်းဆုယူမှု မရှိသောကြောင့် ဧဟိဘိက္ခုနီ ခေါ်တော်မမူဟု ပရိကပ္ပ ‘ကြံဆသော စကား’အနေဖြင့် ဖွင့်ပြထားသေး၏။

တဖန်လည်း ဧဟိဘိက္ခုနီနှင့် သရဏဂုံသုံးပါးဖြင့် ‘ရဟန်းမ’ ဖြစ်ရသူတို့ကို အခြားသော ဘုရားများလက်ထက်၌ ရှိကြောင်း အချို့ဆရာများ ဆိုသေး၏ဟု ဝိနည်းဋီကာ[၁] တွင် ပြဆိုပြီးလျှင် ထိုစကားသည် ငါတို့ဘုရားလက်ထက်၌လည်း ဖြစ်သင့်ခြင်း၏ လျှဉ်းပါးဖွယ်ရှိခြင်းကြောင့်၎င်း ဧဟိဘိက္ခုနီအား တားမြစ်ကန့်ကွက်ထားခြင်း၏ အရိပ်ထင်ခြင်းကြောင့်၎င်း မသင့်သကဲ့သို့ ထင်ကြောင်း ဆက်လက်ပြဆိုထားလေသည်။

ဓမ္မပဒဝတ္ထုဝိသာခါဝတ္ထု၌ “ဤသက်န်းဒါန၏ အကျိုးကြောင့် ဤမဟာလတာ ပသာဓန တန်ဆာကို ရရှိ၏၊ မှန်ပေ၏၊ မိန်းမတို့အား သင်္ကန်းဒါနသည် မဟာလတာပသာဓနတန်ဆာကို ရခြင်းဖြင့် အထွတ်အထိပ်သို့ ရောက်၏၊ ယောကျ်ားတို့အား တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းဖြင့် (ဧဟိဘိက္ခုအဖြစ်ဖြင့်) အထွတ်အထိပ်သို့ ရောက်၏”ဟု ဖော်ပြပါရှိလေသည်၊ ဤသို့ဖြင့် ထေရီဝါ-ဘိက္ခုနီတို့၌ ဧဟိဘိက္ခုနီအဖြစ် မရှိသည်ကို မှတ်သားထားအပ်ပေသည်။

ဘိက္ခုနီတို့ ဘိက္ခုနီအဖြစ် ခံယူရခြင်းတို့သည် သုံးပါးအပြားရှိကုန်၏၊ ၎င်းတို့မှာ ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ, ဒူတေနူပသမ္ပဒါနှင့် အဋ္ဌဝါစိကူပသမ္ပဒါတို့တည်း။

**ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ** ဟူသည်မှာ ပဌမဆုံးဘိက္ခုနီဖြစ်လာသော မိထွေးတော် ဂေါတမီအား ဂရုဓမ်တရားရှစ်ပါးတို့ကို ခံယူစေခြင်းဖြင့် ခွင့်ပြုအပ်သော ရဟန်းအဖြစ်တည်း။

**ဒူတေနူပသမ္ပဒါ**မှာ အစ္စကာသိ ပြည့်တန်ဆာမအား တမန်ဖြင့် အထူးခွင့်ပြုအပ်သော ရဟန်းအဖြစ်ကို ဆိုသည်၊ ဤဒူတေနူပသမ္ပဒါမှာ အစ္စကာသိတဦးအတွက်သာ အထူးခွင့်ပြုရခြင်းဖြစ်၏၊ အစ္စကာသိပြည့်တန်ဆာမသည် ဘိက္ခုနီမတို့ထံ၌ ရဟန်းပြုပြီးနောက် မြတ်စွာဘုရားထံ၌ ရဟန်းအဖြစ် ထပ်မံခံယူခြင်းငှါ သာဝတ္ထိပြည်သို့သွားရန် စီစဉ်သည်ကို သေသောက်ကြူးတို့က သိသဖြင့် အစ္စကာသိအား လမ်းမှဖမ်း၍ ဖျက်ဆီးကြမည်ဟု တိုင်ပင်ကြကုန်၏၊ ထိုအကြောင်းကို သိ၍ ဘုရားထံမသွားဝံ့သဖြင့် ရဟန်းအဖြစ် ထပ်မံ ခံယူရန် ခက်ခဲနေသည်ကို ဘုရားရှင် သိတော်မူ၍ “အနုဇာနာမိ ဘိက္ခဝေ ဒူတေနပိ ဥပသမ္ပာဒေတုံ=ရဟန်းတို့ တမန်ဖြင့်လည်း ရဟန်းခံခြင်းငှါ ခွင့်ပြုတော်မူ၏”ဟု အထူးခွင့်ပြု၍ ရဟန်းခံပေးလေသည်။

**အဋ္ဌဝါစိကူပသမ္ပဒါ** ဟူသည်မှာ ဘိက္ခုနီအဖြစ် ခံယူလိုသော မိန်းမသည် ဘိက္ခုနီသံဃာ၌ ဉတ္တိစတုတ္ထကံဖြင့် (ယခုခေတ် ရဟန်းများ ရဟန်းခံသကဲ့သို့) ပဌမတကြိမ် ရဟန်းမိန်းမအဖြစ် ခံယူ၍ ဘိက္ခုသံဃာ၌ ဉတ္တိစတုတ္ထကံဖြင့်ပင် ဒုတိယတကြိမ် ခံယူရပြန်၏။ ဤသို့ ဉတ်လျှင် လေး

---

[၁] ဝဇိရ-ဋီ ၃၅၁။

ကြိမ်မြောက်ကံဖြင့် နှစ်ကြိမ်ရဟန်းခံရသည်ကို အဋ္ဌဝါစိကူပသမ္ပဒါဟု ဆိုရလေသည်။ ဤသို့ ဘိက္ခုနီတို့ ဘိက္ခုနီအဖြစ် ခံယူခြင်း (ဘိက္ခုနီ ပဉ္စင်းခံခြင်း)တို့သည် သုံးပါးအပြားရှိလေသည်။

(ဤသို့လျှင် ဘုရားသာသနာတော်၌ ရဟန်း ရဟန်းမအဖြစ် ခံယူခြင်း ဥပသမ္ပဒါတို့သည် ဘိက္ခု=ရဟန်းယောကျ်ားတို့၌ ငါးပါး, ဘိက္ခုနီ=ရဟန်းမိန်းမတို့၌ သုံးပါးအားဖြင့် ရှစ်ပါး အပြား ရှိလေသည်)။

## ဘိက္ခုနီသာသနာ အစနှင့်အဆုံး

ဘိက္ခုနီဟူသော ထေရီမများနှင့်စပ်၍ ဘိက္ခုနီ၏အစမှာ မိထွေးတော်ဂေါတမီဟုဆိုအပ်သော ဂေါတမီထေရီ ဘိက္ခုနီမကြီးပင်ဖြစ်၏၊ မိထွေးတော်ဂေါတမီ ဘိက္ခုနီမ ပြုလုပ်သော်အခါမှာ မြတ်စွာဘုရား ငါးဝါမြောက် ဝေသာလီပြည်၌ ဝါဆိုတော်မူစဉ်အခါပင် ဖြစ်၏၊ ထိုအကြောင်းနှင့် စပ်၍ ထေရီဂါထာအဋ္ဌကထာတွင် ဤသို့ ဆိုလေသည်[၁]။

"အခါတပါး မြတ်စွာဘုရားသည် ဝေသာလီပြည်ကိုအမှီပြု၍ စုလစ်မွန်းချွန် အဟုတ္တကပ်သော ကျောင်း၌ သီတင်းသုံးတော်မူစဉ် သုဒ္ဓေါဒနမင်းကြီးသည် ထီးဖြူအောက်၌သာလျှင် အရဟတ္တ ဖိုလ်ကိုမျက်မှောက်ပြု၍ ပရိနိဗ္ဗာန်စံဝင်၏၊ ထိုနောက် ရောဟိနီမြစ်ကမ်း၌ ကာ...ပါ...သုတ္တ ဒေသနာ၏အဆုံးတွင် လူ့ဘောင်မှထွက်၍ ရဟန်းပြုကုန်သော သာကီဝင်မင်းသား ...၏ ခြေရင်း အလုပ်အကျွေး(ဇနီးသည်)တို့သည် တပေါင်းတည်းဖြစ်ကာ မိထွေးတော် ဂေါတမီ၏ အထံသို့သွား၍ အားလုံးကပင် "ဘုရားရှင်အထံ၌ ဘိက္ခုနီမ ပြုကြပါကုန်စို့" ဟုပြောဆိုက မိထွေး တော်ကို အကြီးအမှူးပြု၍ မြတ်စွာဘုရားအထံသို့သွားရန် အလိုရှိကြကုန်၏၊ မိထွေးတော်သည် လည်း ရှေးအခါက တကြိမ် မြတ်စွာဘုရားကို ဘိက္ခုနီမ ပြုလုပ်ရန် တောင်းပန်ရာ မရခဲ့ဘူးပေ၊ ထို့ကြောင့် မိထွေးတော်သည် (ယခုတကြိမ် ဘိက္ခုနီမ ပြုလုပ်လိုရာ၌) ဆေတ္တာသည်ကို ခေါ်စေ၍ ဆံပင်တို့ကို ရိတ်စေပြီးလျှင် ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်ဆင်လျက် အလုံးစုံသော သာကီပင် မင်းသမီးတို့ကိုခေါ်ဆောင်၍ ဝေသာလီပြည်သို့သွားပြီးနောက် အာနန္ဒာမထေရ်နှင့်အတူ မြတ်စွာ ဘုရားကို တောင်းပန်ကာ ဂရုဓမ်ရှစ်ပါးကိုခံယူခြင်းဖြင့် ဘိက္ခုနီမအဖြစ်ကို ရရှိလေ၏ ဂေါတမီမှ တပါးသော သာကီဝင်မင်းသမီး အားလုံးတို့သည်လည်း ဘိက္ခုနီမ ဖြစ်ကြကုန်၏၊ ဤဆိုအပ်ခဲ့ပြီး သည်ကား အကျဉ်းတည်း၊ အကျယ်သည်ကား ထိုထိုပါဠိတော်၌ လာသည်သာလျှင်တည်း။

ဤသို့ ဘိက္ခုနီမဖြစ်ပြီးသော မိထွေးတော်ဂေါတမီသည် မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ ရှိခိုး ကာ တခုသောနေရာ၌ ထိုင်နေ၏၊ ထိုအခါ မိထွေးတော်အား မြတ်စွာဘုရားသည် တရားဟော တော်မူ၏၊ မိထွေးတော်သည် ကမ္မဋ္ဌာန်းကိုယူ၍ အရဟတ္တဖိုလ်သို့ ရောက်၏၊ ကြွင်းသော ဘိက္ခုနီမ ငါးရာတို့သည် နန္ဒကောဝါဒသုတ်အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏၊ ဤသို့ ဘိက္ခုနီသံဃာ သည် ကောင်းစွာတည်သည်ရှိသော် ထိုထို ရွာ နိဂုံး မင်းနေပြည်တို့၌ အမျိုးကောင်းသမီးတို့သည် ၎င်း အမျိုးကောင်း ချွေးမတို့သည်၎င်း အမျိုးကောင်း သတို့သမီးငယ်တို့သည်၎င်း မြတ်စွာ ဘုရား၏ ကောင်းသောဘုရားအဖြစ် တရားတော်၏ ကောင်းသော တရားအဖြစ် သံဃာတော်၏ ကောင်းစွာကျင့်သည်၏အဖြစ်ကို ကြားရ၍ အလွန် ကြည်ညိုကြကုန်သည်ဖြစ်၍၎င်း သံသရာ၌

---

၁။ ထေရီဂါထာ ၄-၄။

ငြီးငွေ့ရှုံကြောက်ကြကုန်သည်ဖြစ်၍ရှင်း မိမိ၏ လင်သား မိဘ ဆွေမျိုးတို့ကို ခွင့်ပြုကြစေကုန်၍ သာသနာတော်၌ အသက်ပေးပြီးလျှင် ဘိက္ခုနီမ ပြုလုပ်ကြကုန်၏”။

ဤသို့လျှင် ခေမာထေရီ ဥပ္ပလဝဏ္ဏာထေရီဟူသော အဂ္ဂသာဝိကာထေရီမကြီးများ, မဟာပဇာပတိဂေါတမီထေရီစသော မဟာသာဝိကာထေရီမကြီးများနှင့် ထေရိကာထေရီ, တိဿာထေရီ, ဝီရာထေရီ, မိရာထေရီစသော ပကတိသာဝိကာထေရီမများဟူသော ဘုရားလက်ထက်မှ ထောင်သောင်းမကသော ဘိက္ခုနီထေရီမများဖြင့် ဘိက္ခုနီသာသနာသည် စည်ပင် ပွင့်လင်းခဲ့၏၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက်လည်း ဘိက္ခုနီသာသနာသည် အစဉ်အဆက် မပြတ်ခဲ့ပဲ ပဌမသံဂါယနာ ဒုတိယသံဂါယနာနှင့် တတိယသံဂါယနာတို့အထိ မည့်သိုးမနွမ်း ပွင့်လန်း စည်ပင်ခဲ့ပေသည်။

တတိယသံဂါယနာတင်ပြီးနောက် အသျှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ် အမှူးပြုသော တတိယသင်္ဂီတိကာရကမထေရ်မြတ်တို့သည် သာသနာ့နောင်ရေး မြော်တွေးတော်မူလျက် ကိုးတိုင်းကိုးဌာနတို့၌ သာသနာပြုစေလွှတ်တော်မူခဲ့ရာ သီဟိုဠ်ကျွန်းသို့ အသျှင်မဟိန္ဒမထေရ်ကို စေလွှတ်ခဲ့၏၊ ထိုအခါ သီဟိုဠ်မင်းသမီး အနုဠာဒေဝီသည် သတို့သမီးတထောင်နှင့်တကွ ရဟန်းပြုသဖြင့် သီဟိုဠ်ကျွန်း၌လည်း ဘိက္ခုနီသာသနာ ထွန်းကားခဲ့ပေ၏။

အပရန္တတိုင်းသို့ အသျှင်ယောနကဓမ္မရက္ခိတမထေရ် သာသနာပြုကြွခဲ့၏၊ အပရန္တတိုင်းဟူသည် ယခုခေတ်ဘုံဘေမြို့မှစ၍ မြောက်ဖက်ကမ်းရိုးတန်းတလျှောက် (အိန္ဒိယအနောက်ဖက်ကမ်းရိုးတန်းဒေသ) ပင်ဖြစ်၏၊ ထိုဒေသ၌လည်း အမျိုးသမီးတထောင်ခန့် ဘိက္ခုနီမပြုလုပ်ကြသည်ဟု အဆိုရှိလေသည်၊ ထိုစဉ်အခါ သုဝဏ္ဏဘူမိတိုင်း (သထုံပြည်)သို့ အသျှင်သောဏနှင့် အသျှင်ဥတ္တရတို့ သာသနာပြုကြွရာ အမျိုးသမီးတထောင်ငါးရာ ရဟန်းပြုကြကြောင်းဆို၏[၁]၊ သို့သော် အပရန္တတိုင်းနှင့် သုဝဏ္ဏဘူမိတွင် ဘိက္ခုနီသာသနာ နှစ်ကာလကြာမြင့်စွာတည်ရှိနေသော အထောက်အထားများကိုကား မတွေ့ရပေ၊ ကိုးတိုင်းကိုးဌာနတွင် ဤသီဟိုဠ် အပရန္တနှင့် သုဝဏ္ဏဘူမိမှတပါး အခြားခြောက်တိုင်းတို့၌ကား ဘိက္ခုနီသာသနာပွင့်လင်းခဲ့ကြောင်း စာပေအမှတ်အသား မတွေ့ရသဖြင့် ထိုအခါက ထိုခြောက်တိုင်းတို့၌ ဘိက္ခုနီသာသနာ မပွင့်လင်းဟုသာ မှတ်သားထားသင့်ပေ၏။

ဘိက္ခုနီသာသနာ၏အစနှင့်အလယ်ကို ထိုသို့သိမှတ်နိုင်ကြသော်လည်း ဘိက္ခုနီသာသနာ၏ အဆုံးကို သိမှတ်ရန် မလွယ်ကူချေ၊ ပိဋကစာပေတို့တွင် အတိအကျမပါမရှိသော်လည်း သီဟိုဠ်ကျွန်းသည်သာ ဘိက္ခုနီသာသနာသက် အရှည်ဆုံးဖြစ်ကြောင်းကား သေချာပေသည်၊ သာသနာနှစ်-၄၀၀ ကျော်တွင် သီဟိုဠ်ကျွန်း၌ ဗြာဟ္မဏတိဿသူပုန်ဘေးကြီး ဆိုက်ရောက်နေစဉ်အခါတွင် ဘိက္ခုနီမများ ရှိသေးကြောင်း နာဂထေရီနှင့် အခြားဘိက္ခုနီမများအကြောင်း အဋ္ဌကထာ[၂]တွင် တွေ့ရ၏၊ ထိုအချိန်၌ပင် ဘိက္ခုနီသာသနာမှာ အားနည်း၍နေကြောင်း အရိပ်အမြွက်တွေ့ရပေရာ သာသနာ ၅၅၀ (၉၄-ဘီစီ)၌ ဝဋ္ဋဂါမဏိမင်းကြီး လက်ထက် ပေါတ္ထကာရုဠ (စတုတ္ထသံဂါယနာ) ပြီး၍ နှစ်ပေါင်းမကြာမီ သာသနာ ငါးရာကျော်လောက်တွင်ပင် ဘိက္ခုနီသာသနာ ကုန်ဆုံးပြတ်တောက်ခဲ့မည်ဟု ခန့်မှန်းရပေသည်။

---

၁။ ဝိ ၄-၁-၅၂။ ၂။ ဒီ ၄-၂-၁၂၅။

## ထေရထေရီတို့နှင့် ထေရဂါထာ ထေရီဂါထာများ

ထေရဂါထာ ထေရီဂါထာတို့နှင့်စပ်၍ ယင်းဂါထာများသည် ရဟန္တာဖြစ်တော်မူကြကုန်သော ထေရ ထေရီ ရဟန္တာအရှင် အရှင်မတို့က ဥဒါန်းကျူးရင့်သော အနေအားဖြင့်၎င်း မေးမြန်း ပြေကြားသောအားဖြင့်၎င်း ပရိနိဗ္ဗာန်ပြုခါနီးအချိန်၌ သာသနာတော်၏ နိယျာနိက အဖြစ်ကို ထင်ရှားစေလိုသောအားဖြင့်၎င်း ရွတ်ဆိုတော်မူခဲ့ကြသော ဂါထာများဖြစ်ကြသည်ဟု ဤစာတမ်းအစ၌ ရေးသားခဲ့ပေသည်၊ တခါတရံ အထက်ပါ အကြောင်းများမှ အပ မိမိ၏ အရဟတ္တဖိုလ်ဖြစ်ပေါ်ကြောင်းဖြစ်သော အခြားသူ၏ စကားခွန်းကိုပင် မိမိအဖို့ အကျိုးဖြစ်ထွန်းစေသည့်အားလျော်စွာ ထပ်မံရွတ်ဆိုခဲ့သဖြင့် ထိုဂါထာကိုပင် မှတ်တမ်းတင်ခဲ့ပေသည်။

ပုံစံအားဖြင့် ဤထေရဂါထာ ဘာသာပြန် ကေကနိပါတ် နဝမဝဂ် ဒုတိယဝတ္ထု၌ [၁] ကဿပမထေရ်သည် ၎င်း၏မိခင် ပြောကြားသောစကားကိုပင် ထပ်မံ၍ ဥဒါန်းစကားအနေဖြင့် ရွတ်ဆိုထားပေသည်။

ထိုကဿပမထေရ်သည် မဟာသာဝက အသျှင်မဟာကဿပမဟုတ်ပေ၊ သို့သော် ဥဒိစ္စပုဏ္ဏားမျိုးပင်ဖြစ်၍ ငယ်စဉ်အခါကပင် ဖခင်သေဆုံးခဲ့သဖြင့် မိခင်လက်၌ ကြီးခဲ့ရလေသည်၊ နောက်အဘို့၌ ဘုရားရှင်ထံတွင် တရားနာရ၍ သောတာပန် တည်ပြီးနောက် ရဟန်းပြုကာ ဝါကျွတ်ချိန်တွင် မြတ်စွာဘုရား ဒေသစာရီကြွချီရာသို့ လိုက်ပါရန် မိခင်အား ခွင့်တောင်းရာ မိခင်က——

> "သားငယ် အကြင် အကြင် အရပ်၌ ဆွမ်းရလွယ်ကုန်၏၊ အနာရောဂါမရှိကုန်၊ ခိုးသူဘေးစသော ဘေးရန် မရှိကုန်၊ ထိုထိုအရပ်သို့ သွားပါလေလော့၊ ပူဆွေးမှု 'သောက'ဖြင့် အနှိပ်စက်ခံရသူ မဖြစ်ပါလေလင့်"ဟု ပြောဆို၏။

ထို မိခင်၏ စကားကိုကြား၍ မထေရ်သည် "ငါ၏ အမိသည် ငါ့အား ပူဆွေးမှု'သောက' ကင်းသောအရပ်သို့ သွားရန် တောင့်တ၏၊ ယခု ငါသည် အချင်းခပ်သိမ်း လွန်စွာ့ လွန်စွာ ပူဆွေးမှု'သောက'ကင်းငြိမ်းရာဌာနသို့ သွားခြင်းငှါ သင့်ပေ၏"ဟု ကြံစည် စဉ်းစား၍ ပြင်းစွာသောလုံ့လကိုဖြစ်စေလျက် ဝိပဿနာကိုပွါးကာ မကြာမြင့်မီသာလျှင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏၊ အရဟတ္တဖိုလ်သို့ရောက်ပြီးနောက် "ဤအမိ၏ စကားသည်သာလျှင် အရဟတ္တဖိုလ်ရောက်ခြင်း၏ ချွန်းတောင်း သဖွယ် ဖြစ်ပေ၏"ဟု ဆင်ခြင်ကာ ထိုဂါထာကိုသာလျှင် တဖန်ကျူးရင့်လေသည်၊ ထို့ကြောင့်ပင် ကဿပထေရဂါထာ၌ ဤအမိ၏စကားသည်ပင်လျှင် မထေရ်၏ ဥဒါန်းစကားအဖြစ် ထင်ရှားခဲ့လေသည်။

ကပ္ပဋကုရမည်သော ရဟန်းသည် ရဟန်းဖြစ်ပြီးနောက် ၎င်း၏တထည်တည်းသော ပုဆိုးပိုင်းကိုစွဲ၍ သာသနာတော်၌ မမွေ့လျော်သဖြင့် ခုနစ်ကြိမ်တိုင်တိုင် ရဟန်းပြုလိုက် လူထွက်လိုက်ဖြစ်နေ၏၊ နောက်ဆုံးအကြိမ် ရဟန်းပြုပြီးနောက် တရားသဘင်တွင် တရားနာစဉ် အိပ်ပျော်နေမိလေရာ ဘုရားရှင်က——

> "ကြည်လင်ပြည့်လျှံနေသော အမြိုက်တရားဟူသော ရေအိုးသည် ထိုထို အရပ်ဝယ် ထင်ရှားရှိနေပါလျက် ကပ္ပဋကုရမည်သော ရဟန်းသည် 'ဤကား ငါ၏ အဝတ်စုတ်

---

၁။ ဤထေရဂါထာပါဠိတော်မြန်မာပြန် ၂၀။

ပုဆိုးပိုင်းတည်း (ဤ အဝတ်စုတ် ပုဆိုးပိုင်းကိုဝတ်၍ ဖြစ်သယိုပင် အသက်မွေးအံ့'ဟု ဖြစ်ပေါ်လာသော မိစ္ဆာဝိတက်ရှိသည်ဖြစ်၍) လောကီ လောကုတ္တရာ စျာန်တို့ကို ပွါးများရန် ဘာဝနာလမ်းစဉ်ကို ဆန့်ကျင်သော စိတ်ရှိသူဖြစ်ခဲ့၏။

ကပ္ပဋကုရရဟန်း (ငါ့တရားကို နာမည်ဟု ထိုင်လျက်) အိပ်ငိုက်ခြင်းသို့ မရောက်လင့် (အိပ်ငိုက်ခြင်းသို့ ရောက်သော) သင့်ကို နားအန်း၌ (ဤအခါမှစ၍ ကိလေသာတို့ကို ပယ်ခြင်းငှါ)ငါ ဆုံးမတော့မည် မဟုတ်၊ ကပ္ပဋ သင်သည် သံဃာ့အလယ်၌ တဆတ်ဆတ် ငိုက်မျဉ်းလျက် (ရခဲသော ဒုလ္လဘ ခဏ ဟူသော) အတိုင်းအရှည်ကို မသိမမြင်လေစွာ့ တကား"[၁] ဟု ဆုံးမတော်မူ၏။

ဤသို့ မြတ်စွာဘုရားက ဂါထာနှစ်ပုဒ်ဖြင့် ပြင်းပြင်းထန်ထန်ဖိနှိပ်၍ ဆုံးမခြင်းကိုပြုမှ အရိုးသို့ စူးဝင်အောင် ချွန်းဖြင့် အချိတ်ခံရသော ဆင်ကြမ်းကြီးသည် လမ်းမှန်သို့ သက်ဝင်သကဲ့သို့ ကောင်းစွာ သံဝေဂဖြစ်ပြီးလျှင် ဝိပဿနာကိုပွါး၍ မကြာမြင့်မီ အရဟတ္တဖိုလ်သို့ ရောက်၏၊ အရဟတ္တဖိုလ်သို့ရောက်ပြီးနောက်၌ မြတ်စွာဘုရား ဆုံးမအပ်သော ဂါထာနှစ်ပုဒ်ကိုသာလျှင် မိမိ အဖို့ အရဟတ္တဖိုလ်ရောက်ခြင်း၏ ချွန်းသဖွယ်ဖြစ်၏ဟု နှလုံးသွင်းကာ တဖန် ကျူးရင့်မြွက်ဆို၏၊ ထို့ကြောင့် ကပ္ပဋကုရထေရဂါထာ၌ ဤ ဂါထာနှစ်ပုဒ်ကိုပင် မှတ်တမ်းတင်ထားတော်မူခဲ့ကြ လေသည်။

ထို့အတူပင် အချို့ အချို့ မထေရ်တို့၏ ထေရဂါထာများ၌လည်း အခြားသူ၏ စကားများကို သွင်းယူရွတ်ဆိုထားသည်တို့ကို တွေ့ရလေသည်။

ဥပ္ပလဝဏ္ဏာထေရီဂါထာ၌ ဥပ္ပလဝဏ်ထေရီမ ရွတ်ဆိုသော ဂါထာ ၁၂-ပုဒ်တွင် —

"အမိနှင့် သမီးဖြစ်ကြသူ နှစ်ယောက်ကုန်သော ငါတို့သည် လင်တူမယားတို့ဖြစ်ကြရ ကုန်၏၊ ထိုငါတို့အား မဖြစ်စဘူး ထူးထူးကဲကဲ ကြက်သီးမွေးညှင်းထခြင်းကို ဖြစ်စေတတ်သော ထိတ်လန့်မှု သံဝေဂ ဖြစ်ခဲ့၏။

ကာမဂုဏ်တို့သည် စက်ဆုပ်ဖွယ်ရှိကုန်၏၊ မစင်မကြယ် ရွံရှာဖွယ်ဖြစ်၍ မကောင်းသော အနံ့ရှိကုန်၏၊ များစွာသော ကိလေသာတည်းဟူသော ဆူးငြောင့်ရှိကုန်၏၊ ယင်းသို့ သဘောရှိသော ကာမဂုဏ်၌ အမိနှင့်သမီးဖြစ်ကြသူ ငါတို့သည် (သား မောင်ဖြစ်သော လင်၌)လင်တူမယား ဖြစ်ခဲ့ကြရကုန်၏။

ထိုငါသည် ကာမဂုဏ်တို့၌ အပြစ်ကိုမြင်၍ ကာမဂုဏ်မှထွက်မြောက်ခြင်းကို ဘေးကင်း သောအားဖြင့် ရှုပြီးလျှင် ရာဇဂြိုဟ်ပြည်၌ပင် အိမ်ရာတည်ထောင် လူ့ဘောင်မှထွက်၍ ရဟန်းဘောင်၌ ရဟန်းပြုခဲ့ပြီ"[၂]။

ဟူသော ဂါထာသုံးပုဒ် ပါရှိ၏၊ ထိုဂါထာသုံးပုဒ်ပါ အဓိပ္ပါယ်မှာ လက်ဝဲတော်ရံ တန်ခိုးတေဒဂ်ရ ဥပ္ပလဝဏ်ထေရီမကိုယ်တိုင် ရွတ်ဆိုထားသော်လည်း ဥပ္ပလဝဏ်ထေရီမ၏ အဖြစ်သနစ်မဟုတ်ချေ၊ ဂင်္ဂါတီရိယမထေရ်၏ အမိနှင့်နှစ်မတို့ အဖြစ်အပျက်ဖြစ်ကာ ကာမဂုဏ်တို့၏ အပြစ်ကို ပြလို၍ ဥပ္ပလဝဏ်ထေရီမက ဂင်္ဂါတီရိယမာတာထေရီမ ရွတ်ဆိုသည့်အတိုင်း ရွတ်ဆိုထားခြင်း ဖြစ်လေ သည်။

---

၁။ ဤထေရဂါထာပါဠိတော်မြန်မာပြန်-၄၂။ ၂။ ထေရီဂါထာပါဠိတော်မြန်မာပြန်-၂၁၆။

ဖြစ်စဉ်မှာ ဤသို့တည်း၊ သာဝတ္ထိပြည်၌ ကုန်သည်တဦး၏မယားအား နံနက်မိုးသောက်ယံ၌ ကိုယ်ဝန်တည်၏၊ ထိုမိန်းမသည် ကိုယ်ဝန်တည်သည့်အဖြစ်ကို မသိ၊ ကုန်သည်သည် မိုးလင်းချိန်တွင် လှည်းတို့၌ ကုန်ပစ္စည်းတို့ကိုတင်၍ ရာဇဂြိုဟ်မြို့သို့ ကုန်ရောင်းရန်ရည်ရွယ်၍ ထွက်သွား၏၊ ထိုမိန်းမအား လင်ယောကျ်ား ထွက်ခွါသွားပြီးနောက်ကာလ၌ ကိုယ်ဝန်သည် ရင့်၍ထင်ရှားလာ၏၊ ထိုအခါ၌ ထိုမိန်းမ၏ယောက္ခမ (မိန်းမသူ)က "ငါ့သားသည် ကြာမြင့်စွာက ခရီးထွက်သွား၏၊ (ယခု) သင်သည်လည်း ကိုယ်ဝန်တည်၏၊ သင်သည် ယုတ်မာသောအကျင့်ကို ကျင့်၏" ဟု ဆို၏၊ ထိုမိန်းမက "ကျွန်မသည် သင်၏သားမှတပါး အခြားယောကျ်ားကို မသိပါ"ဟု ပြော၏၊ ထိုသို့ပြောသော်လည်း ယောက္ခမသည် ယုံကြည်မှုမရှိသည်ဖြစ်၍ ထိုမိန်းမကို အိမ်မှ နှင်ထုတ်လိုက်လေ၏၊ ထိုမိန်းမသည် လင်ယောကျ်ားကို ရှာဖွေလျက်သွားလေသော် အစဉ်အားဖြင့် ရာဇဂြိုဟ်မြို့သို့ ရောက်၍လေ၏၊ ထိုခဏ၌ပင် ထိုမိန်းမအား ကမ္မဇလေတို့သည် လှုပ်ရှားကုန်သော် လမ်း၏အနီးရှိ ဇရပ်တဆောင်သို့ဝင်၍ သားဖွားခြင်းကိစ္စကို ပြုရ၏၊ ထိုမိန်းမသည် ရွှေရုပ်အသွင် သားယောကျ်ားကလေးကို ဖွားမြင်၍ ခိုကိုးရာမဲ့တို့ တည်းခိုရာဇရပ်၌ သိပ်ထားခဲ့ပြီး ရေရှာရန် အပြင်သို့ ထွက်ခဲ့၏။

ထိုအခါ သားသမီးမရှိသော လှည်းကုန်သည်ကြီးတဦးသည် ထိုလမ်းခရီးဖြင့်လာရာ (ဇရပ်ပေါ်၌ သူငယ်ကိုမြင်၍)"ပစ်ထားခဲ့သော ကလေးပါတကား ငါ၏သားဖြစ်စေအံ့"ဟု နှလုံးသွင်း၍ ထိုကလေးကို (ယူသွားပြီးလျှင်) နို့ထိန်းလက်သို့အပ်၍ မွေးမြူ၏၊ မကြာမီ ကလေး၏မိခင်သည် ရေဆေးကြောခြင်းကိစ္စကို ပြုပြီး၍ ရေကို ဆောင်ယူပြီးလျှင် ပြန်လာသည်ရှိသော် ထားခဲ့သော သားကို မတွေ့ရသဖြင့် ပူဆွေးမှုသောကဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ငိုကြွေးလျက် ရာဇဂြိုဟ်မြို့သို့ မဝင်ပဲသာလျှင် လမ်းအတိုင်းလျှောက်၍ သွားလေ၏၊ ထိုမိန်းမကို ဓားပြဗိုလ်ကြီးတဦးသည် လမ်းခရီးအကြား၌ တွေ့မြင်သည်ရှိသော် တပ်မက်သောစိတ်ရှိ၍ မယားအဖြစ် သိမ်းပိုက်လေ၏၊ ထိုမိန်းမသည် ဓားပြဗိုလ်ကြီး၏ အိမ်၌ပင် နေထိုင်လျက် သမီးတယောက်ကို မွေးဖွား၏။

ထိုနောက် ထိုမိန်းမသည် တနေ့သ၌ သမီးငယ်ကိုချီလျက် နေစဉ် လင်(ဓားပြဗိုလ်)နှင့် ရန်ဖြစ်လေရာ သမီးငယ်ကို ခုတင်၌ ပစ်ချမိသဖြင့် သမီးငယ်၏ ဦးခေါင်းသည် အနည်းငယ် ကွဲသွားလေ၏၊ ထိုနောက် ထိုမိန်းမသည်လည်း လင်(ဓားပြဗိုလ်)ကို ကြောက်လန့်၍ ရာဇဂြိုဟ်မြို့သို့ တဖန်ပြန်သွားပြီးလျှင် မိမိစိတ်ထင်တိုင်း သွားလာနေထိုင် လုပ်ကိုင်စားသောက်နေလေသည်။

ထိုမိန်းမ၏ (ဇရပ်ပေါ်မှ ပျောက်ဆုံးသွားသော)သားသည် ပဌမအရွယ်၌ တည်၍ ရာဇဂြိုဟ်မြို့၌ နေလေရာ ထိုမိန်းမကို တွေ့လေလျှင် မိခင်ဟူ၍ မသိသဖြင့် မယားအဖြစ် သိမ်းပိုက်လေ၏၊ ထိုမိန်းမ၏ သားလင်သည် နောက်အဖို့၌ ဓားပြဗိုလ်ကြီး၏ သမီး (မိမိနှစ်မ)ကို နှစ်မအဖြစ် မသိပဲ လက်ထပ်၍ အိမ်သို့ခေါ်လာပြန်လေ၏၊ ဤသို့ ထိုသူသည် မိမိ၏အမိနှင့် နှစ်မကို မယားကြီး မယားငယ်ပြု၍ နေလေ၏၊ ထိုအမေနှင့် သမီးသည်လည်း လင်တူမယားဖြစ်၍ နေကုန်၏။

တနေ့သ၌ အမိ(မယားကြီး)သည် သမီး(မယားငယ်)၏ ဆံထုံးကို ဖြေ၍ သန်းရှာစဉ် ဦးခေါင်း၌ အမာရွတ်ကို တွေ့သော် "ဤမိန်းကလေးသည် ငါ၏သမီးပင် ဖြစ်လေသလော"ဟု မေးလေလျှင် အကြောင်းစုံကို သိသဖြင့် နှစ်ဦးသားဖက်၍ ငိုယိုကြလေ၏၊ ယိုစဉ် လင်ဖြစ်သူပြန်လာ၍ အဖြစ်စုံကို ပြောကြားကာ လင်၏ဇာတိ မေးမြန်းမိပြန်သဖြင့် သားအဖြစ် မောင်အဖြစ်ကို

သိရပြန်လေရာ ပြင်းပြစွာ ထိတ်လန့်မှု သံဝေဂဖြစ်၍ သားအမိသုံးယောက်စလုံး ရဟန်းပြုကြလေ၏။

မယားကြီးဖြစ်သော အမိဘိက္ခုနီမသည် အရဟတ္တဖိုလ်သို့ ရောက်ပြီးနောက် ကာမဂုဏ်တို့၌ အပြစ်ကို မြင်သည်၏အစွမ်းဖြင့် ဖော်ပြပါ သုံးဂါထာကို ရွတ်ဆို ဥဒါန်းကျူးလေသည်၊ ထိုကို မြင်၍ ဥပ္ပလဝဏ်ထေရီမသည်လည်း ကာမဂုဏ်၏ အပြစ်တို့ကို ဖော်ပြခြင်းငှါ ထိုသုံးဂါထာတို့ကိုပင် တဖန် ဥဒါန်းသဖွယ် ရွတ်ဆိုခဲ့လေသည်။

## အမည်တူမထေရ်များ

ဤထေရဂါထာပါဠိတော်၌ ပါဝင်သော ရဟန္တာအရှင်တို့၏ ဘွဲ့မည်တော်များနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်တရပ်မှာ အမည်တူ မထေရ်များပါရှိနေခြင်းပင် ဖြစ်၏၊ ထိုမထေရ်များမှာ ပါရာပရိယမထေရ် ၂-ပါး, အဓိမုတ္တမထေရ် ၂-ပါး, ဂေါတမမထေရ် ၃-ပါး, ဇေန္တမထေရ် ၂-ပါး, နန္ဒကမထေရ် ၂-ပါး, သမ္ဘူတမထေရ် ၂-ပါး, သောဏမထေရ် ၃-ပါးနှင့် သောပါကမထေရ် ၂-ပါးတို့ ဖြစ်ကြ၏။

ထိုမထေရ်တို့တွင် ပါရာပရိယမထေရ် ၂-ပါးမှာ ဧကကနိပါတ်မှတပါးနှင့် ဝီသတိနိပါတ်မှတပါး ဖြစ်၏၊ ပါရာပရိယဟူသော အမည်မှာ အမျိုးအနွယ်အမည် ဂေါတ္တနာမဖြစ်၍ အနွယ်တူမထေရ်များဟု သိသာနိုင်၏၊ သို့သော် အဋ္ဌကထာအရ ဧကက ပါရာပရိယမထေရ်မှာ ရာဇဂြိုဟ်မြို့သား ပုဏ္ဏားမျိုးဖြစ်၍ ဝီသတိပါရာပရိယမထေရ်မှာ သာဝတ္ထိမြို့သား မဟာသာလပုဏ္ဏားမျိုးဖြစ်လေသည်၊ အထူးအားဖြင့် ဝီသတိနိပါတ်၌ ပါရာပရိယဟူသော အမည်ဖြင့် ၂-နေရာပါရှိရာ တပါးတည်းပင်ဖြစ်၍ ပဌမပါရာပရိယနေရာ၌ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ် မိမိ၏ ပုထုဇဉ်ဘဝ၌ ဣန္ဒြေခြောက်ပါးတို့အား နှိမ်နင်းရန် ကြံစည်ပုံကို ပြခြင်းငှါ ရွတ်ဆိုခြင်းဖြစ်ပြီးလျှင် ဒုတိယပါရာပရိယနေရာ၌မူ နောက်အဘို့၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် မိမိ (ပါရာပရိယမထေရ်)ကိုယ်တိုင်လည်း ပရိနိဗ္ဗာန်ပြုတော်မူခါနီးတွင် အနာဂတ်သာသနာ၌ ရဟန်းတို့ မကောင်းသော တရားတို့ကို ကျင့်သုံးကြမည့် အကြောင်းကို ပြခြင်းငှါ ရွတ်ဆိုခဲ့ခြင်း ဖြစ်လေသည်။

အဓိမုတ္တမထေရ် ၂-ပါးတွင် ဧကကနိပါတ်မှ အဓိမုတ္တမထေရ်မှာ သာဝတ္ထိမြို့မှ ပုဏ္ဏားမျိုး အဓိမုတ္တမထေရ်ဖြစ်၍ ဝီသတိနိပါတ်လာ အဓိမုတ္တမထေရ်မှာ သာဝတ္ထိမြို့မှပင်ဖြစ်၍ သံကိစ္စမထေရ် မြတ်ကြီး၏ တူတော်ရင်း ဖြစ်လေသည်။

ဂေါတမမထေရ်မှာ ၃-ပါး ပါရှိ၍ ဒုကနိပါတ်လာ ပဌမဂေါတမမထေရ်မှာ ရာဇဂြိုဟ်မြို့သား ဖြစ်၏၊တိကနိပါတ်လာ ဒုတိယဂေါတမမထေရ်မှာ မြတ်စွာဘုရားနှင့်အနွယ်တူ သာကီဝင်မင်းသား ဖြစ်၍ အနွယ်၏အမည်အားဖြင့် ဂေါတမမထေရ်ဟု တွင်လေသည်။ ဒသကနိပါတ်လာ ဂေါတမမထေရ်ကား သာဝတ္ထိမြို့သား ဥဒိစ္စပုဏ္ဏားမျိုး ဖြစ်လေသည်၊ ၎င်းကို အပရဂေါတမမထေရ်ဟု ခေါ် ဆိုလေသည်၊ ၎င်းအပရဂေါတမမထေရ်ရွတ်ဆိုသော ၁၀-ဂါထာမှာ ရဟန်းတို့ ကျင့်ကြံအားထုတ်ရမည့် တရားများကိုချည်း ပြဆိုထားသဖြင့် အလွန်မှတ်သားစရာ ကောင်းလေသည်။

ဇေန္တမထေရ် ၂-ပါးတွင် ဧကကနိပါတ်လာ ဇေန္တမထေရ်မှာ မဂဓတိုင်း ဇေန္တရွာ ရွာစား (သို့မဟုတ် မြို့စား)မင်းသားဖြစ်၍ ဆက္ကနိပါတ်လာ ဇေန္တမထေရ်မှာ သာဝတ္ထိမြို့ ကောသလ

မင်းကြီး၏ ပုရောဟိတ်သားဖြစ်လေရာ ၎င်းကို ပုရောဟိတပုတ္တဇေန္တမထေရ်ဟု ခေါ်ဝေါ်လေသည်။

နန္ဒကမထေရ် ၂-ပါးတွင် ဒုကနိပါတ်လာ နန္ဒကမထေရ်မှာ စမ္ပာမြို့သား သူဌေးမျိုးမှ ရဟန်းပြုသူဖြစ်၍ စတုက္ကနိပါတ်လာ နန္ဒကမထေရ်မှာမူ သာဝတ္ထိမြို့သားဖြစ်ကာ အသီတိမဟာသာဝကဝင် ဘိက္ခုနောဝါဒကတေဒဂ်ရ မထေရ်ကြီးပင် ဖြစ်လေသည်။

သမ္ဘူတမထေရ် ၂-ပါးတွင် ဧကကနိပါတ်လာ သမ္ဘူတမထေရ်မှာ ရာဇဂြိုဟ်မြို့ တဦးသော ပုဏ္ဏားသူဌေးကြီး၏သားဖြစ်ကာ ရဟန်းပြုပြီးနောက် အေးချမ်းသော တောအရပ်၌သာ သီတင်းသုံးလေ့ရှိသဖြင့် သမ္ဘူတမထေရ် ဟူသော အမည်ထက် သီတဝနိယမထေရ် (အေးချမ်းသော တောနေရဟန်း)ဟူသော အမည်ဖြင့်သာ ထင်ရှားလေသည်၊ စတုက္ကနိပါတ်လာ သမ္ဘူတမထေရ်ကား မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက်မှ အသျှင်အာနန္ဒာထံ၌ ရဟန်းပြု၍ ရဟန္တာဖြစ်ရသော မထေရ်ဖြစ်သည်၊ ထိုမထေရ်မှာ အလွန် သက်တော်ရှည်ပေရာ ဘုရားပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း ၁၀၀-ကြာသောအခါ၌ ဖြစ်ပေါ်လာသော ဝေသာလီ ဒုတိယသံဂါယနာပွဲအထိ သက်တော်ထင်ရှား ရှိနေသေးရုံမက ထိုဒုတိယသံဂါယနာပွဲ၌ ကိုယ်တော်တိုင် ပါဝင်တော်မူခဲ့သဖြင့် အထူးတလည် မှတ်သားထိုက်သော ရဟန္တာမထေရ်မြတ်ကြီးတပါးပင် ဖြစ်လေသည်။

သောဏမထေရ် ၃-ပါးတွင် ဒုကနိပါတ်လာ သောဏမထေရ်မှာ ကပိလဝတ်မြို့ ပေါဋိရိယရှာဇာမင်း၏ သားဖြစ်၍ သောဏပေါဋိရိယပုတ္တမထေရ်ဟု အမည်တွင်သည်၊ ပဉ္စကနိပါတ်လာ သောဏမထေရ်မှာမူ အဝန္တိတိုင်း ကုရရဃရမြို့မှ အလွန်ချမ်းသာသော သူဌေးသားဖြစ်၍ တကုဋေတန် နားတန်ဆာ(နားဒှောင်း)ဆင်မြန်းရသူဖြစ်ရာ သောဏဟူသော အမည်ရိုးရိုးထက် သောဏကုဋိကဏ္ဏဟု အမည် ထင်ရှားခဲ့၏၊ ရဟန်းပြုသောအခါ၌လည်း သောဏကုဋိကဏ္ဏ မထေရ်ဟုပင် ထင်ရှားခဲ့ပြီး အဟောအပြောကောင်းရာ၌ ထိပ်တန်းဘွဲ့တံဆိပ် (ကလျာဏဝါက္ကရဏတေဒဂ်) ရသော မထေရ် ဖြစ်၏၊ တေရသနိပါတ်လာ သောဏမထေရ်ကား စမ္ပာမြို့မှ အလွန်ကြွယ်ဝချမ်းသာသော သူဌေးသားဖြစ်၍ ခြေဘဝါး၌ အမွေးနုကလေးများ ပေါက်သည့်အထိ နူးညံ့သိမ်မွေ့သူ ဖြစ်၏၊ ရဟန်းဖြစ်သောအခါ နူးညံ့ သိမ်မွေ့သည်နှင့် မမျှအောင် အားထုတ်သဖြင့် အာရဒ္ဓဝီရိယတေဒဂ်ရသူ အသီတိမဟာသာဝကဝင် မထေရ်မြတ်ဖြစ်လေသည်၊ သောဏမထေရ် သုံးပါးမှာ သောဏပေါဋိရိယ သောဏကုဋိကဏ္ဏ သောဏကောဠိဝိသဟု အသီးသီး အမည်ရကြသည်။

သောပါက ၂-ပါးကား ၂-ပါးလုံးပင် ၇-နှစ်အရွယ် ရဟန္တာဖြစ်သူချည်း ဖြစ်၏၊ ဧကကနိပါတ်လာ သောပါကမှာ ၎င်းမမွေးဖွားမီပင် မိခင်သေ၍ မိခင်အလောင်းကို မီးသင်္ဂြိုဟ်ရာ၌ သားအိမ်တွင်းရှိ 'သောပါက' အလောင်း သားသူငယ်မှာ မီးမလောင်ပဲနေသဖြင့် သုသာန်ရှိ စဏ္ဍာလခေါင်းက မွေးစားထားရသူဖြစ်သည်၊ ၎င်း ၇-နှစ်အရွယ်သို့ရောက်သော် မြတ်စွာဘုရား ကိုယ်တော်တိုင် သုသာန်သို့ကြွလာ၍ တရားဟောတော်မူသဖြင့် သာမဏေဖြစ်ပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်လေသည်၊ သတ္တကနိပါတ်လာ သောပါကမှာ ရာဇဂြိုဟ်မြို့သားဖြစ်၍ လေးလသားကပင် အဖသေခဲ့ပြီး ၇-နှစ်အရွယ်တွင် ၎င်းအား မွေးစားထားသူ ဘထွေးက မိမိသားနှင့် မတည့်သဖြင့် အမျက်ထွက်၍ သုသာန်သို့ခေါ်လာပြီး ကြိုးဖြင့်တုတ်နှောင်ကာ လူသေကောင်ဖြင့်တွဲ၍ချည်လျက် တောခွေးများစားစေရန် ထားခဲ့၏။ သို့သော် ပစ္ဆိမဘဝိကဖြစ်၍

တောခွေးတို့လည်း မစားနိုင် သေလည်း မသေပဲ မြတ်စွာဘုရားကြွလာ၍ တရားဟောရာ ထိုသုသာန်အတွင်း၌ပင် သောတာပတ္တိဖိုလ်သို့ရောက်၍ ဘုရားနှင့်အတူပါသွားကာ နောက်အရဟတ္တဖိုလ်သို့ရောက်ပြီးမှ သာမဏေဖြစ်၏၊ မကြာမီ မြတ်စွာဘုရား၏ ပြဿနာ ၁၀-ချက်ကို ဖြေနိုင်၍ ၇-နှစ်အရွယ်ဖြင့်ပင် ပဥ္စဗျာကရဏူပသမ္ပဒါရဟန်းအဖြစ် ခွင့်ပြုခဲ့သဖြင့် ရဟန်းဖြစ်ရ၏၊ ဤမြတ်စွာဘုရားသာသနာတော်တွင် တပါးတည်းသော ပဥ္စဗျာကရဏူပသမ္ပဒါရဟန်းဖြစ်လေသည်၊ ထို့ကြောင့် သောပါက ၂-ပါးသည် ၂-ပါးစလုံးပင် ဘွဲ့မည်တော်တူသည်နှင့်အမျှ သုသာန်၌ ဘုရားကိုယ်တော်တိုင်ကြွ၍ တရားဟောရခြင်း ၇-နှစ်အရွယ် ရဟန္တာသာမဏေများချည်းဖြစ်ကြခြင်းတို့ တူညီသဖြင့် အထူးတလည် ခွဲခြားမှတ်သားထားရန် အရေးကြီးလေသည်။

## အမည်တူထေရီများ

ထေရီတို့တွင်လည်း အမည်တူထေရီမများ ရှိသေး၏၊ ၎င်းတို့မှာ ဘဒ္ဒါ, မုတ္တာ, သုဘာနှင့် သုမနာ ထေရီများဖြစ်၏၊ ဘဒ္ဒါမှာ ဘဒ္ဒါကုဏ္ဍလကေသာနှင့် ဘဒ္ဒါကာပိလာနီတို့ဖြစ်၏၊ ၎င်းတို့မှာ အလွန်ထင်ရှားကျော်ကြားကြသည်လည်းတကြောင်း ကုဏ္ဍလကေသာနှင့် ကာပိလာနီဟူသော နောက်အမည်များပါတွဲ၍ ခေါ်ဝေါ်ထားသဖြင့်တကြောင်း မမှားမယွင်းနိုင်ပေ၊ မုတ္တာထေရီ ၂-ပါးမှာ ထေရီဂါထာ ဧကကနိပါတ်မှာချည်းဖြစ်၍ ပဌမမုတ္တာထေရီမှာ သာဝတ္ထိပြည်သူ ဗြာဟ္မဏမဟာသာလမျိုးဖြစ်ပြီး အပျိုအရွယ်ကပင် ထေရီမဖြစ်ခဲ့၏၊ ဒုတိယမုတ္တာထေရီကား ကောသလဇနပုဒ်သူဖြစ်ကာ ဆင်းရဲသောပုဏ္ဏားသမီးဖြစ်၍ ခါးကုန်းသော ပုဏ္ဏားအိုကြီး၏ ဇနီးဖြစ်ခဲ့ရပြီး မောင်းဆုံ၌ ကုန်း၍ချည်း ဆန်ထောင်းနေရသဖြင့် ဘိက္ခုနီမဖြစ်သောအခါ လင်ကုန်းနှင့်မောင်းဆုံ၌ ကုန်း၍ဆန်ထောင်းရသော အကုန်းဘေးတို့မှ လွတ်မြောက်ပြီဟု ဥဒါန်းကျူးခဲ့သူ ဖြစ်လေသည်။

သုဘာထေရီ ၂-ပါးမှာ သုဘာကမ္မာရဓီတုထေရီနှင့် သုဘာဇီဝကမ္ဗဝနိကာထေရီတို့ဖြစ်၏၊ သို့သော် ကမ္မာရဓီတု(ပန်းထိမ်သည်သမီး)နှင့် ဇီဝကမ္ဗဝနိကာ (ဇီဝက၏သရက်ဥယျာဉ်၌ နေလေ့ရှိသူ)ဟူသော နောက်တွဲအမည်များဖြင့် မထင်ရှား၊ သုဘာဟူ၍သာ ထင်ရှားသဖြင့် ခွဲခြား၍ သိမှတ်ထားရန်လိုပေသည်၊ ဝီသတိနိပါတ်လာ သုဘာထေရီမမှာ ရာဇဂြိုဟ်ပြည် ပန်းထိမ်ဆရာတဦး၏သမီးဖြစ်၍ အလွန်အဆင်းလှပသူတဦးဖြစ်၏၊ ငယ်ရွယ်စဉ်ကပင် မိထွေးတော်ဂေါတမီအထံ၌ ရဟန်းပြုခဲ့ပြီး အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့၏၊ ၎င်း၏ဂုဏ်ကို မြတ်စွာဘုရားကိုယ်တော်တိုင် ချီးကျူးသဖြင့် သိကြားမင်းက နတ်အပေါင်းဖြင့် လာရောက်၍ ရှိခိုးပူဇော်ခြင်းကိုခံရလေသည်၊ တိံသနိပါတ်လာ သုဘာထေရီကား ရာဇဂြိုဟ်မြို့ ဗြာဟ္မဏမဟာသာလ ပုဏ္ဏားသူဌေးတဦး၏သမီးဖြစ်၏၊ သူသည်လည်း အလွန်လှပ၍ ငယ်ရွယ်စဉ်ကပင် မိထွေးတော်ဂေါတမီအထံ၌ ရဟန်းပြုခဲ့ပြီး အနာဂါမ်အဆင့်သို့ရောက်၍ ဇီဝက၏ သရက်ဥယျာဉ်၌ တရားအားထုတ်၏၊ ထိုစဉ် ပန်းထိမ်သား သေသောက်ကြူးက သွေးဆောင်ဖြားယောင်းရာ ကာမဂုဏ်၏ အပြစ်တရားကို အကျယ်တဝင့်ဟောခဲ့သည်၊ သို့သော် လက်လျှော့၍မသွား လှပသော မျက်လုံးကြောင့် ပိုမိုစွဲလမ်းပါသည်ဟုဆိုသဖြင့် ထိုပန်းထိမ်သားအား မျက်လုံးကိုဖေါက်၍ပေးခဲ့သည်၊ ထို့ကြောင့် ဤသုဘာထေရီသည် ပို၍ ထင်ရှားခဲ့ပေ၏။

သုမနာထေရီ ၂-ပါးစလုံးပင် ဧကကနိပါတ်၌ ပါဝင်၏။ ပဌမသုမနာထေရီမှာ ကပိလဝတ်မြို့မှ သာကီဝင်မင်းသမီးတဦး ဖြစ်၏၊ အရွယ်ရောက်သောအခါ၌ မိထွေးတော်ဂေါတမီ ထေရီထံ၌

ဘိက္ခုနီမပြုလုပ်ခဲ့ပြီး ဝိပဿနာပွါး၍ အရဟတ္တဖိုလ်သို့ ရောက်ခဲ့သည်၊ ဒုတိယသုမနာထေရီကား သာဝတ္ထိမြို့တော် ကောသလမင်းကြီး၏ နှစ်မတော်ဖြစ်၍ ငယ်စဉ်ကပင် ရဟန်းပြုလိုသော်လည်း ဘွားတော်ကြီးကို ငဲ့၍နေရကာ ဘွားတော်ကြီးလွန်မှ ရဟန်းပြုရ၏၊ ထိုသို့ အရွယ်အနည်းငယ် လွန်မှ ရဟန်းဖြစ်သောကြောင့် ဝုဍ္ဎပဗ္ဗဇိတ သုမနာထေရီဟု အမည်တွင်လေသည်။

ဤသို့လျှင် ဤထေရဂါထာ ထေရီဂါထာကျမ်း၌ပါဝင်သော အမည်တူထေရ ထေရီတို့ကိုလည်း မှတ်သားထားကြရာ၏၊ သို့မှသာလျှင် ဖတ်ရှုရာ၌ ရှင်းလင်းသိသာ၍ ဆိုင်ရာတရား ဂါထာတို့၌ အရသာ တွေ့နိုင်မည် ဖြစ်လေသည်။

ဤသို့လျှင် ထေရဂါထာ ထေရီဂါထာ ဘာသာပြန်ကျမ်းနှစ်ကျမ်း၌ ပါဝင်ကြသော တရား ဂါထာများသည် အာသဝေါကုန်ခန်း၍ ရဟန္တာစင်စစ် ဖြစ်တော်မူကြကုန်သော သာဝကသာဝိကာ အရှင်နှင့် အရှင်မကြီးများကိုယ်တော်တိုင် မိမိတို့၏ ဂုဏ်ကျေးဇူးများဖြစ်ကြသည့် အထူးထူး အပြားပြား ဝေဘန်အပ်သော မဂ်ဖိုလ်နိဗ္ဗာန် တရားမှန်များကို ထုတ်ဖော်ဝေဘန်ပြရာ တရားဂါထာ များချည်းလိုလိုဖြစ်ကြသည်၊ ထိုတရားဂါထာများသည်လည်း ရဟန္တာပုဂ္ဂိုလ်ကြီးများ မြွက်ကြား ဟောဖော်တော်မူသည်နှင့်အမျှလည်း လေးနက်မှန်ကန်၍ အသိဉာဏ်တိုးစရာ အနှစ်အရသာနှင့် ပြည့်စုံလျက် နိဗ္ဗာန်ဘုံနန်းအထိ စခန်းညွှန် လမ်းညွှန်ပြုထားပေရာ ဖတ်ရှုကြသူ သူတော်ကောင်း တို့သည်လည်း ရှင်လန်းဝမ်းမြောက်ခြင်း ကျေနပ်နှစ်သိမ့်ခြင်း အားကျနှစ်လိုခြင်း အတုယူ လိုက် နာခြင်းတို့မှစ၍ ကုသိုလ်ကောင်းမှုများကို ကျင့်သုံးအားထုတ် ပြုလုပ်ဆည်းပူးကြကာ ပစ္စုပ္ပန်ဘဝ မျက်မှောက်ကာလ၌ မုချဆတ်ဆတ် တရားမြတ်ကို တပ်အပ်မိမိ ရရှိအောင် အားထုတ်ကြခြင်းဖြင့် ၎င်း တမလွန်နာဂတ် ဘဝဇာတ်တခုခုတွင် အလိုရှိအပ်သော သမ္ဗောဓိဉာဏ်ကို အဓိဋ္ဌာန်မူ တောင်းဆုယူ၍ စင်ဖြူသော စိတ်ထားဖြင့် ပါရမီတရားတို့ကို ကြိုးစားအားထုတ်ကြခြင်းဖြင့်၎င်း ပစ္စုပ္ပန်တမလွန် နှစ်တန်သော အကျိုးတရားတို့ တိုးပွါးနိုင်ကြပါစေသတည်း။

ထေရာပဒါန်ပါဠိတော် မြန်မာပြန်

# ကျမ်းဦးမှတ်ဖွယ်

## အပဒါန်ပါဠိတော်အကြောင်း

သုတ္တန္တပိဋက ခုဒ္ဒကနိကာယ် အဝင်အပါဖြစ်သော အပဒါန်ပါဠိတော်ကြီး၌ ထေရာပဒါန် ထေရီပဒါန်ဟူ၍ အပိုင်းနှစ်ပိုင်းရှိလေသည်၊ ထိုနှစ်ပိုင်းတို့တွင် ဂေါတမမြတ်စွာဘုရား, လေးဆယ့်တပါးသော ပစ္စေကဗုဒ္ဓါများနှင့် အသျှင်သာရိပုတြာအစ အသျှင်ရဋ္ဌပါလအဆုံး ငါးရာ့ငါးဆယ့်ကိုးပါးသော ရဟန္တာမထေရ်များ၏ အကြောင်းအဋ္ဌုပ္ပတ္တိများကို ပြဆိုရာအပိုင်းကို ထေရာပဒါန်ဟုခေါ်ဆိုလေသည်၊ သုမေဓာထေရီအစ ပေသလာထေရီအဆုံး လေးဆယ်သော ရဟန္တာထေရီတို့၏ အကြောင်းအဋ္ဌုပ္ပတ္တိများကို ပြဆိုရာအပိုင်းကို ထေရီပဒါန်ဟု ခေါ်ဆိုလေသည်။

[အပဒါန်ဟူသည်မှာ အပဒါနဟူသော မာဂဓဘာသာမှ မြန်မာဘာသာသို့ ပါဌာနုသာရီ သတ်ပုံနည်းဖြင့် ပြန်ဆိုထားခြင်းပင် ဖြစ်ပေ၏၊ ယင်းအပဒါနသဒ္ဒါသည် အကြောင်းအဋ္ဌုပ္ပတ္တိဟူသော အနက်, ယူခြင်း, ဖဲသွားခြင်း, ဆဲရေးရေရွတ်ခြင်း, အစဉ်, ပိုင်းဖြတ်ခြင်းစသော အနက်တို့၌ ဖြစ်ရာ ဤ၌ အကြောင်းအဋ္ဌုပ္ပတ္တိဟောဖြစ်ကြောင်း အပဒါန်အဋ္ဌကထာ ဗုဒ္ဓဝဂ်-၁၁၃-အပဒါနအဖွင့်၌ ပြဆိုထား၏၊ ဤအပဒါနဟူသော အသုံးကို ဒီဃနိကာယ်စသော နိကာယ်ကြီးတို့၌လည်း အသုံးပြုခဲ့သည်ကို တွေ့ရသည်၊ ဒီဃနိကာယ် မဟာဝဂ္ဂပါဠိတော်၌ မဟာပဒါန (မဟာ+အပဒါန) သုတ်ဟုရှိရာ ၎င်းသုတ်၌ ဝိပဿီစသော ဘုရားခုနစ်ဆူတို့၏ အကြောင်းအဋ္ဌုပ္ပတ္တိကို ဟောထားပေသည်၊ ၎င်းသုတ်၏ အဋ္ဌကထာ (ဒီ-ဋ္ဌ-၂-၇၀၊၇၁) ၌လည်း "ဝိပဿိဿ ဘဂဝတော အပဒါနာနုသာရေန လ္ဘမသ္မိဥ္စ သုတ္တေ ဝိပဿိဿ ဘဂဝတော အပဒါနဝသေန"ဟု သုံးနှုန်းထားသည်ကို တွေ့ရသည်၊ ထို့အတူပင် မူလပဏ္ဏာသပါဠိတော်အဋ္ဌကထာ ဋီကာတို့၌လည်း တွေ့နိုင်ပေသည်၊ ၎င်းပုဒ်ကို မူလပဏ္ဏာသ ဋ္ဌ-၁-၃၇၁၊၌ "အတ္တနော စရိယာ"ဟု ဖွင့်၍ ယင်းဋီကာ (မ-ဋီ-၂-၅၀)၌ကား "ကောင်းသောအားဖြင့်ဖြစ်စေ, မကောင်းသောအားဖြင့်ဖြစ်စေ, ဖြစ်သော ပယောဂ"ဟု အဓိပ္ပါယ်ဆို၏၊ အဘိဓာန်ဋီကာ၌လည်း ထိုနည်းအတိုင်းပင် "ဤသို့ ရှေးက ငါကျင့်ဘူးပြီ"ဟု ဆိုအပ်သော ကောင်း မကောင်းသော အယူကို အပဒါနခေါ်ကြောင်း တွေ့ရပေ၏၊ (ဓာန်-ဋီ-၉၄၄၊ ဂါထာဖွင့်) ထို့ကြောင့် အပဒါနဟူသည် ပုဂ္ဂိုလ်တဦးတယောက်၏ အကောင်းအဆိုး အဖြစ်အပျက်ကိုပင် ဆိုလို၍ ၎င်းအကြောင်းအရာများကို ပြဆိုထားသော ကျမ်းကိုလည်း ဥပစာနည်းအားဖြင့် အပဒါန(အပဒါန်ကျမ်း)ဟုပင် ဆိုအပ်သည်ဟု မှတ်သားသင့်ပေသည်၊ သက္ကတကျမ်းများ၌ကား အဝဒါနဟုသုံး၍ အသောကာဝဒါနကျမ်း, ဒိဗျာဝဒါနကျမ်း, အဝဒါနသတကကျမ်းဟူသော ကျမ်းများ ထင်ရှားရှိနေလေသည်]။

ယင်း ခုဒ္ဒကနိကာယ်၌ပင် ထေရဂါထာ, ထေရီဂါထာဟူသော ပါဠိတော်ကြီးနှစ်ကျမ်းလည်း တခမ်းတနား သီးခြားတည်ရှိနေကြပေသေးသည်၊ ထိုပါဠိတော်ကြီး နှစ်ကျမ်းတို့တွင် သုံဘူတိ မထေရ်စသော ရဟန္တာမထေရ်မြတ်ကြီး တရာ့ရှစ်ဆယ့်ငါးပါးတို့က မိမိတို့ ရရှိခံစားအပ်သော မဂ်ချမ်းသာ, ဖိုလ်ချမ်းသာကို ဆင်ခြင်၍ ဝမ်းသာရွှင်မြူး ဥဒါန်းရင့်ကျူးသောအားဖြင့်ဖြစ်စေ,

သူတပါးမေးမြန်းလျှောက်ထားသည်ကို ပြန်လည်ဖြေကြားသောအားဖြင့်ဖြစ်စေ, ပရိနိဗ္ဗာန်စံလွန်တော်မူခါနီးတွင် သာသနာတော်မြတ်ကြီး၏ ဝဠ်သုံးပါးမှ ထုတ်ဆောင်ကယ်တင်နိုင်သည်၏အဖြစ်ကို ထင်ရှားစေသောအားဖြင့်ဖြစ်စေ ဤသို့စသော အကြောင်းအားဖြင့် ကိုယ်တိုင်ဟောကြားတော်မူကြသော ဂါထာများကို ထေရဂါထာဟု ခေါ်ဆိုသည်၊ အညတရထေရီစသော ရဟန္တာထေရီခုနစ်ဆယ့်သုံးပါးတို့ ကိုယ်တိုင် ဟောကြားတော်မူကြသော ဂါထာများကိုမူ ထေရီဂါထာဟု ခေါ်ဆိုလေသည်။

အပဒါန်ပါဠိတော်နှင့် ထေရဂါထာ, ထေရီဂါထာပါဠိတော်ကြီးများမှာ ဘုရားရှင်လက်ထက်တော်က ထူးချွန်သော ပုဂ္ဂိုလ်များ၏ အဋ္ဌုပ္ပတ္တိတို့ကို ဖော်ပြသောပါဠိတော်ကြီးများဖြစ်ကြသဖြင့် အချင်းချင်း ဆက်စပ်လျက်ရှိနေကြပေသည်၊ ထို့ကြောင့် ထေရဂါထာ ထေရီဂါထာပါဠိတော်တို့၏ အဖွင့်အဋ္ဌကထာကို ပြုစီရင်တော်မူသော အာစရိယဓမ္မပါလမထေရ်မြတ်သည် ဆိုင်ရာရဟန္တာမထေရ်ကျော်, ထေရီကျော်တို့၏ အဋ္ဌုပ္ပတ္တိကို ဖွင့်ပြရာ၌ များသောအားဖြင့် အပဒါန်ပါဠိတော်ဂါထာများကို ထုတ်ဆောင်ကိုးကား၍ ရေးသားဖွင့်ဆိုတော်မူခဲ့လေသည်။

ထိုအပဒါန်နှင့် ထေရဂါထာ, ထေရီဂါထာပါဠိတော်များသည် ပါဠိဘာသာဖြင့်သာ တည်ရှိနေကြသဖြင့် ပါဠိဘာသာ မကျွမ်းကျင်သူတို့အဖို့ ထူးချွန်၍ ကြည်ညိုဖွယ်ရာ အတုယူဖွယ်ရာဖြစ်သည့်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့၏ အကြောင်းအဋ္ဌုပ္ပတ္တိများကို သိရှိနားလည်နိုင်ရန် ခဲခက်လျက်ရှိရာ ယခုအခါ ဆဋ္ဌသံဂါယနာကို အကြောင်းပြု၍ ပါဠိတော်မြန်မာပြန်များ ဖြစ်ထွန်းပေါ်ပေါက်လာပြီဖြစ်သဖြင့် ထိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်ကြသည့် ထေရ ထေရီတို့၏ အကြောင်းအဋ္ဌုပ္ပတ္တိအပြည့်အစုံကို မြန်မာစာ ဖတ်တတ်သူတိုင်းပင် ဖတ်ရှုသိရှိကြည်ညိုနိုင်ကြပြီ ဖြစ်ပေသည်။

ဤအပဒါန်ပါဠိတော် မြန်မာပြန်တွင်ပါရှိကြသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့၏ ပါရမီဖြည့်ကျင့်ရပုံ ဂုဏ်ထူးတေဒဂ်ရရှိပုံ စသည်တို့မှာ ကြည်ညိုဖွယ်ရာ အတုယူလိုက်နာဖွယ်ရာ အဖြာဖြာတို့နှင့် ပြည့်စုံ ကုံလုံလျက်ရှိပေရာ ပါရမီဖြည့်ကျင့်ရပုံ တမျိုးတည်းဖြင့်ပင် သဒ္ဓါပသန္န ဖြစ်ထိုက်လှပေသည်။

## ဗောဓိဆုသုံးမျိုး

ဤအပဒါန်ပါဠိတော်တွင် ဗုဒ္ဓါပဒါန, ပစ္စေကဗုဒ္ဓါပဒါန, ထေရာပဒါန, ထေရီပဒါနဟူ၍ အပိုင်းလေးပိုင်းရှိရာ ဗုဒ္ဓါပဒါနလာ သမ္မာသမ္ဗုဒ္ဓအတွက် သမ္မာသမ္ဗောဓိဆု, ပစ္စေကဗုဒ္ဓါပဒါနလာ ပစ္စေကဗုဒ္ဓါများအတွက် ပစ္စေကဗောဓိဆု, ထေရာပဒါနနှင့် ထေရီပဒါနများ၌လာသော သာဝက သာဝိကာများအတွက် သာဝကဗောဓိဆု ဟူ၍ ဆုပန်စဉ်ကပင် သုံးမျိုးသုံးစားခြားနားခဲ့ပေသည်။

[ဤနေရာ၌ ဗောဓိဟူသည်မှာ ဗောဓိပင်, အရိယမဂ်, နိဗ္ဗာန်နှင့် သဗ္ဗညုတဉာဏ်တော်ဟူသော အနက်လေးမျိုးရနိုင်ကြောင်း စရိယာပိဋကဋ္ဌကထာ, နိဒါနကထာ ၁၈-၌ ဖွင့်ဆိုထား၏၊ ပါရာဇိကဏ်အဋ္ဌကထာ စသော အဋ္ဌကထာကြီးတို့၌လည်း ထိုအတူ ဖွင့်ဆိုထားပေ၏၊ (ဝိ-ဋ္ဌ-၁-၁၀၉၊) "ရုက္ခော ဗောဓိ 'ဗုဇ္ဈတိ ဧတ္ထ' တိ ကတွာ၊ မဂ္ဂေါ ဗောဓိ 'ဗုဇ္ဈတိ ဧတေနာ' တိ ကတွာ၊ သဗ္ဗညုတညာဏံ ဗောဓိ သမ္မာ သာမဉ္စ သဗ္ဗဓမ္မာနံ ဗုဇ္ဈနတော၊ နိဗ္ဗာနံ ဗောဓိ ဗုဇ္ဈိတဗ္ဗတော" ဟူ၍ ဗောဓိ၏ ဝိဂ္ဂြိုဟ်ပြစကားရပ်များကို သံယုတ်ဋီကာ ဒုတိယအုပ်စတုတ္ထဝဂ် ပုဗ္ဗေသမ္ဗောဓသုတ်အဖွင့် ၁၄၇-၌ ဋီကာဆရာ အာစရိယဓမ္မပါလက မိန့်ဆိုထားပေသည်၊ ထို့ပြင် ဤနေရာနှင့်တိုက်ရိုက် မသက်ဆိုင်သော်လည်း အဋ္ဌသာလိနီ၊ဋ္ဌ၊

စိတ္တုပ္ပါဒကဏ္ဍ ၂၆၂။ အင်္ဂုတ္တရ-ဋ္ဌ၊ ကေကနိပါတ အပရအစ္ဆရာသံဃာတဝဂ် ၃၇၉-စသည်တို့၌ ဗောဇ္ဈင်္ဂပုဒ်အဖွင့်တို့၌ "။ပ။ အရိယသာဝကော ဗုဇ္ဈတီတိ ကတွာ ဗောဓီတိ ဝုစ္စတိ"ဟု အရိယာတပည့်သားကိုလည်း ဗောဓိဟု ခေါ်နိုင်ကြောင်း ပြဆိုထားသည်၊ တဖန် "ဗုဇ္ဈနကသတ္တဿ အင်္ဂဘူတာ သတ္တ ဓမ္မာ ယာယ ဝါ ဓမ္မသာမဂ္ဂိယာ သော ဗုဇ္ဈတိ၊ သမ္ဗောဓာနိဒ္ဒေသော ဝါ ဝုဋ္ဌာတိ၊ စတုသစ္စဓမ္မံ ဝါ သစ္ဆိကရောတိ၊ တဿာ ဗောဓိယာ အင်္ဂဘူတာတိပိ ဗောဇ္ဈင်္ဂါ" စသော ကင်္ဂုတ္တရဋ္ဌ၊ ကလျာဏမိတ္တတာဒိဝဂ် ၆၃-စသည်အရ ဗောဓိဟူသော စကားသည် သမ္မာသမ္ဗောဓိ, ပစ္စေကဗောဓိ, သာဝကဗောဓိ တည်းဟူသော ဗောဓိသုံးမျိုးလုံးနှင့်ဆိုင်ကြောင်း သိသာသည်၊ သတိစသော တရားတို့၏ အညီအညွတ်ဖြစ်မှု, မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားမှု, သစ္စာလေးပါးကို မျက်မှောက်ပြုမှုတို့နှင့်ကင်း၍ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်မှု, ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်မှု, အရိယာသာဝကအဖြစ်သို့ ရောက်မှုဟူ၍ မည်သည့်နည်းနှင့်မျှ မရှိစကောင်းပေ၊ ထို့ကြောင့် သုတ်ပါထေယျပါဠိတော် သမ္ပသာဒနီယသုတ် ၇၇-စသည်တို့၌ "သတ္တ သမ္ဗောဇ္ဈင်္ဂေ ယထာဘူတံ ဘာဝေတွာ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈိံသု"ဟူ၍ ဟောတော်မူသည်ကို တွေ့ရပေသည်။ ပဋိသမ္ဘိဒါမဂ်-ဋ္ဌ၊ မဟာဝဂ်၊ဉာဏကထာ၊သုတမယနိဒ္ဒေသဝဏ္ဏနာ ၉၄-၌လည်း "။ပ။ ဗောဇ္ဈင်္ဂါနံ ဗုဇ္ဈနဋ္ဌေန ဗောဓီတိ လဒ္ဓနာမဿ ပုဂ္ဂလဿ ။ပ။ "ဟု ဖွင့်ပြထားလေသည်]။

## သမ္မာသမ္ဗောဓိဆု

ထိုဗောဓိဆုသုံးမျိုးတို့တွင် သမ္မာသမ္ဗောဓိဆုကို ပန်ဆင်သော သဗ္ဗညုမြတ်စွာဘုရားအလောင်းတော်သည်—

(က) ပညာဓိက=ပညာလွန်ကဲသည့် သဗ္ဗညုမြတ်စွာဘုရားအလောင်း၊

(ခ) သဒ္ဓါဓိက=သဒ္ဓါလွန်ကဲသည့် သဗ္ဗညုမြတ်စွာဘုရားအလောင်း၊

(ဂ) ဝီရိယာဓိက=ဝီရိယလွန်ကဲသည့် သဗ္ဗညုမြတ်စွာဘုရားအလောင်းဟူ၍ ဘုရားအလောင်းတော် သုံးမျိုးသုံးစား ကွဲပြားလာလေသည်။

ထိုသုံးမျိုးတို့အနက် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရပြီးသည့်နောက် (က) ပညာဓိက ဘုရားအလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း၊ (ခ) သဒ္ဓါဓိက ဘုရားအလောင်းတော်သည် ရှစ်အသင်္ချေနှင့်ကမ္ဘာတသိန်း၊ (ဂ) ဝီရိယာဓိက ဘုရားအလောင်းတော်သည် တဆဲ့ခြောက်အသင်္ချေနှင့် ကမ္ဘာတသိန်း၊ ဤသို့ အသီးသီး ပါရမီဖြည့်ပြီးမှသာလျှင် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ရလေသည်။

အဘယ်ကြောင့် ဤသို့ သုံးမျိုးသုံးစား ပါရမီဖြည့်ကျင့်ရာ၌ ကာလအထူးအပြား ဖြစ်ပေါ်လာရပါသနည်းဟု ဆိုသော် (က) ပညာဓိက ဘုရားအလောင်းတော်တို့သည် သဒ္ဓါနုန့်၍ ပညာထက်၏၊ (ခ) သဒ္ဓါဓိက ဘုရားအလောင်းတော်တို့သည် ပညာအလတ်စားဖြစ်၏၊ (ဂ) ဝီရိယာဓိက ဘုရားအလောင်းတော်တို့သည် သဒ္ဓါပညာနုန့်၏[၁]၊ ဤသို့ ပညာ၏ အထက် အလတ် အနုန့်ကို

---

. ၁။ ဤအရာအတွက် သုတ္တနိပါတ်၊ဋ္ဌ၊ပ-၄၃ ၌ သဒ္ဓါပါသည်၊ စရိယာပိဋကအဋ္ဌကထာ-၃၂၀ ၌ ကား **"ဝီရိယာဓိကာနံ ပညာ မန္ဒာ"ဟုသာ ပါလေသည်၊ သဒ္ဓါ မပါပေ။**

စွဲ၍ သမ္မာသမ္ဗောဓိဆုသည် လေးအသင်္ချေနှင့်ကမ္ဘာတသိန်း၊ ရှစ်အသင်္ချေနှင့်ကမ္ဘာတသိန်း၊ တဆဲ့ခြောက်အသင်္ချေနှင့်ကမ္ဘာတသိန်းဟူ၍ ပါရမီဖြည့်ကျင့်ရာကာလ အတိုအရှည် ကွဲပြားရပုံကို ရှေးအဋ္ဌကထာကြီးတို့၌ ဆိုထားကြောင်းဖြင့် စရိယာပိဋကအဋ္ဌကထာ-၃၂၀-စသည်တို့၌ ညွှန်ပြတော်မူကြလေသည်။

အပရေဆရာတို့ကမူ ဝီရိယ ထက် လတ် နုန့်၏ အစွမ်းအားဖြင့် ဘုရားအလောင်းတော်တို့၏ ကာလအထူးအပြား ဖြစ်ရပုံကို ပြဆိုကုန်၏၊ သို့သော် ဝဒန္တိဝါဒတွင်မူ သာမန်အားဖြင့် ဝိမုတ္တိဉာဏ်၏ ရင့်ကျက်ကြောင်း ပါရမီတရားတို့၏ အဆင့်အတန်းအားလျော်စွာ ကာလထူးပြားဖြစ်လာနိုင်ကြောင်း စရိယာပိဋက အဋ္ဌကထာစသည်တို့၌ အဆိုရှိပေသည်။

ထိုအတူပင် ဆုတောင်းသည့်အခိုက်အတန့်၌ (၁) ဥဂ္ဃဋိတညူ (၂) ဝိပဉ္စိတညူ (၃) နေယျ ဟူ၍ သုံးမျိုးခွဲနိုင်သေးသည်၊ ထိုသုံးမျိုးတို့တွင် (၁)ဥဂ္ဃဋိတညူသည် နိယတဗျာဒိတ် ခတ်နိုပ်ပေးသနားတော်မူသော ဘုရားရှင်၏ ရှေ့တော်မှာပင် လေးပါဒရှိသော ဂါထာကို နာယူစဉ် တတိယပါဒ မဆုံးမီ အဘိညာဏ်ခြောက်ပါး ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ရန်စွမ်းနိုင်သော ဥပနိဿယရှိလေသည်၊ (၂) ဝိပဉ္စိတညူသည် လေးပါဒရှိသောဂါထာကို နာကြား၍ မဆုံးမီ ဂါထာ၏ စတုတ္ထပါဒအရောက်၌ အဘိညာဏ်ခြောက်ပါး၊ ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်ရန် စွမ်းနိုင်သော ဥပနိဿယ ရှိလေသည်၊ (၃) နေယျသည် လေးပါဒရှိ ဂါထာကို နာကြား၍ ဂါထာ၏ အဆုံး၌ အဘိညာဏ်ခြောက်ပါး၊ ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်ရန် စွမ်းနိုင်သော ဥပနိဿယရှိလေသည်၊ ဤသို့လျှင် ဘုရားအလောင်းတော်တို့သည် နိယတဗျာဒိတ်တော်ကို ခံယူစဉ်အခါကပင်လျှင် သာဝကအဖြစ်ဖြင့် ကျွတ်တမ်းဝင်လိုက ဝင်နိုင်သော ဥပနိဿယရှိလင့်ကစား သတ္တဝါများကို သနားခြင်း ကြီးမားတော်မူလှသဖြင့် ကမ္ဘာအသင်္ချေများစွာ သံသရာကာလပတ်လုံး ကိုယ်၏ ဆင်းရဲခြင်းကို ခံယူလျက် ပါရမီတော်များကို ဖြည့်ကျင့်ကာ ဘုရားအဖြစ်ကို ရယူတော်မူခဲ့လေသည်၊ (စရိယာပိဋက-ဋ္ဌ-ပကိဏ္ဏကကထာ-၃၂၀)။

ထိုသို့ ရယူခဲ့ရာ၌ လျင်မြန်စွာ ဖြစ်ပွင့်နိုင်သော ဖြတ်လမ်းသဘောမျိုး လုံးဝမရှိ၊ အမြန်ဆုံးအထက်ဆုံးဖြစ်သည့် လေးအသင်္ချေနှင့်ကမ္ဘာတသိန်း ပါရမီဖြည့်ရသော ပညာဓိကဘုရားဖြစ်တော်မူမည့်အလောင်းတော်သည် နိယတဗျာဒိတ်ခံယူတော်မူပြီးနောက် နေ့စဉ်နေ့တိုင်း ဝေဿန္တရာမင်း၏ အလှူကြီးမျိုးကို ပေးနေလင့်ကစား ထိုအားလျော်သောသီလ စသည့် ပါရမီတို့ကို လွန်လွန်ကဲကဲ ဖြည့်ကျင့်လင့်ကစား လေးအသင်္ချေနှင့်ကမ္ဘာတသိန်း အချိန်မစေ့သေးသမျှ ဘုရားဖြစ်လာနိုင်ရိုးမရှိချေ၊ အဘယ့်ကြောင့်ဆိုသော် ဗောဓိဉာဏ်၏ ပြန့်ပြောရင့်ကျက်မှု မရှိသေးသောကြောင့်ပင်၊ သုံးလေးငါးလလွန်မှ ပွင့်သီးခြင်းသို့ရောက်မည့် ကောက်စပါးမျိုးကို ထိုလပိုင်းသို့ မရောက်မီ ပွင့်သီးရန် ရေအကြိမ်ပေါင်း ထောင်ကိုးရာလောင်းလင့်ကစား ကောက်စပါး၏ ပြန့်ပြောရင့်ကျက်ခြင်းသို့ မရောက်လာသေးသမျှ မပွင့်သီးနိုင်သကဲ့သို့ပင်တည်း၊ (သုတ္တနိပါတ-ဋ္ဌ-ခဂ္ဂဝိသာဏသုတ်အဖွင့်-၄၃)။

ဤပြဆိုခဲ့ပြီးသော ဘုရားအလောင်းတော်သုံးမျိုးတို့သည် ဗျာဒိတ်ခံယူပြီးနောက် (၁)ဥဿာဟဟူသော လုံ့လထုတ်ခြင်း၊ (၂) ဥမ္မင်္ဂဟူသော ပညာပွါးများစေခြင်း၊ (၃) အဝတ္ထာနဟူသော အဓိဋ္ဌာန်ဆောက်တည်ခြင်း၊ (၄) ဟိတစရိယ ဟူသော မေတ္တာဘာဝနာပွါးခြင်းဖြစ်သည့် ဗုဒ္ဓဘူမိ

လေးပါးနှင့်ညီညွတ်စေလျက် ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူကြရပေသည်။ (သုတ္တနိပါတ-ဋ္ဌ-၄၅)။

## ပစ္စေကဗောဓိဆု

ပစ္စေကဗောဓိ ဟု ဆိုအပ်သော အသီးအခြားသစ္စာတရားတို့ကို ကိုယ်တိုင် ထိုးထွင်း၍သိသည့် ဉာဏ်ကိုရရှိသော ပစ္စေကဗုဒ္ဓါ၏အဖြစ်ကို ဆုတောင်းရာ၌ နှစ်သင်္ချေနှင့်ကမ္ဘာတသိန်း အနည်းဆုံး ပါရမီဖြည့်မှ ပါရမီပြည့်၍ ပစ္စေကဗုဒ္ဓါအဖြစ်ဖြင့် ပွင့်တော်မူရသည်၊ အကယ်၍ သဗ္ဗညုဘုရားလောင်းတို့ကဲ့သို့ ပညာဓိက, သဒ္ဓါဓိက, ဝီရိယာဓိက သုံးမျိုးပြားလျှင်လည်း ပညာဓိကပစ္စေကဗုဒ္ဓါအလောင်းသည် နှစ်သင်္ချေနှင့်ကမ္ဘာတသိန်းအောက် လျော့နည်း၍ ပါရမီဖြည့်ကျင့်ခြင်းဖြင့် ဖြစ်ပွင့်နိုင်ခွင့်မရှိချေ၊ သဒ္ဓါဓိက, ဝီရိယာဓိက ပစ္စေကဗုဒ္ဓါအလောင်းတို့ကသာလျှင် ပညာဓိက ပစ္စေကဗုဒ္ဓါအလောင်းထက် နှစ်ကမ္ဘာ သုံးကမ္ဘာပို၍ ပါရမီဖြည့်ကျင့်ခြင်းဖြင့် ဖြစ်ပွင့်ရလေသည်။ (ထေရဂါထာ-ဋ္ဌ-နိဒါနကထာဖွင့်-၁၁)။

## ဘုရားနှင့် ပစ္စေကဗုဒ္ဓါတို့ခြားနားပုံများ

သမ္မာသမ္ဗုဒ္ဓဘုရားအလောင်းတော်တို့ ဗျာဒိတ်ရကြောင်း ရှစ်ပါးရှိလေသည်၊ ၎င်းတို့ကား (၁) မနုဿတ္တ=လူသားစင်စစ်ဖြစ်ခြင်း၊ (၂) လိင်္ဂသမ္ပတ္တိ=ယောကျ်ားစင်စစ်ဖြစ်ခြင်း၊ (၃) ဟေတု=အရဟတ္တဖိုလ်ရနိုင်သော ဥပနိဿယနှင့်ပြည့်စုံခြင်း၊ (၄) သတ္ထာရဒဿန=ဘုရားကို ဖူးတွေ့ရခြင်း၊ (၅) ပဗ္ဗဇ္ဇာ=(ကမ္မဝါဒီ ကိရိယဝါဒီ ရသေ့ပရိဗိုဇ်အပါအဝင်) ရှင်ရဟန်းဖြစ်ခြင်း၊ (၆) ဂုဏသမ္ပတ္တိ=စျာန်စသော ဂုဏ်ကျေးဇူးကို ရရှိနေခြင်း၊ (၇) အဓိကာရ=အသက်စသည်ကို စွန့်၍ ဆုတောင်းခြင်း၊ (၈) ဆန္ဒတာ=ဘုရားဖြစ်ရန် အားကြီးသော ဆန္ဒရှိခြင်းတို့ပေတည်း။

ပစ္စေကဗုဒ္ဓါတို့၏ ဗျာဒိတ်ရကြောင်းကား ဤရှစ်ပါးအနက် (၁) (၂) (၇) (၈) အချက်တို့မှာ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့နှင့် အတူတူပင်ဖြစ်၍ (၄) သတ္ထာရဒဿနဟူသော အချက်မှာ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားကိုဖြစ်စေ, ပစ္စေကဗုဒ္ဓါကိုဖြစ်စေ, မြတ်စွာဘုရားတပည့်သား သာဝက တပါးပါးကိုဖြစ်စေ ဖူးတွေ့၍ ဆုတောင်းရလျှင် ပြည့်စုံနိုင်ပေသည်၊ (အပဒါန-ဋ္ဌ၊၁၅၈။ သုတ္တ-နိပါတ-ဋ္ဌ-၁၊၄၆)။

ဤသို့ ဆုတောင်းလျက် နိယတဗျာဒိတ်ကို ခံယူရရှိပြီးနောက် ဆိုခဲ့သည့်အချိန်ကာလအတိုင်း ပါရမီတို့ကို ဖြည့်ကျင့်ပြီးကာ နောက်ဆုံးဘဝသို့ ရောက်သော အချိန်၌ မြတ်စွာဘုရားတို့သည် အမျိုးလေးပါးတို့အနက် ခတ္တိယနှင့် ဗြာဟ္မဏအမျိုးတို့မှာသာ ဖြစ်ကုန်၏၊ ပစ္စေကဗုဒ္ဓါတို့သည် ခတ္တိယ ဗြာဟ္မဏနှင့် ဂဟပတိအမျိုးတို့တွင် တမျိုးမျိုး၌ ဖြစ်ကုန်၏၊ အဂ္ဂသာဝကတို့သည်ကား မြတ်စွာဘုရားတို့ကဲ့သို့ပင် ခတ္တိယနှင့် ဗြာဟ္မဏအမျိုးနှစ်ပါးတို့၌သာ ဖြစ်ကြလေသည်။

အလုံးစုံသော မြတ်စွာဘုရားတို့သည် ဝိဝဋ္ဋကပ်၌သာ ပွင့်တော်မူကြကုန်၏၊ သံဝဋ္ဋကပ်၌ ပွင့်တော်မမူကြကုန်၊ ပစ္စေကဗုဒ္ဓါတို့သည်လည်း ထို့အတူ ဝိဝဋ္ဋကပ်၌သာ ပွင့်တော်မူကြကုန်၏၊ သို့သော် ထိုပစ္စေကဗုဒ္ဓါတို့သည် ဘုရားပွင့်တော်မူချိန် (ဘုရားသာသနာ ထွန်းလင်းနေချိန်) တို့၌ကား ပွင့်တော်မမူကြချေ၊ (အပဒါန-ဋ္ဌ-၁၊၁၅၉)။

ပစ္စေကဗုဒ္ဓါတို့တွင် နောက်ဆုံးဖြစ်သော မာတင်္ဂပစ္စေကဗုဒ္ဓါသည် ဂေါတမမြတ်စွာဘုရား လောင်း ဖွားမြင်သည့်အထိ သက်တော်ထင်ရှား ရှိနေသေးကြောင်း, ဘုရားလောင်းကို ပူဇော်ရန်

သွားသော နတ်များ၏ ပြောသံကိုကြားမှ မိမိ၏ အသက် အပိုင်းအခြား ကုန်လေပြီဟုသိ၍ ပရိနိဗ္ဗာန်ပြုကြောင်း အပဒါန်အဋ္ဌကထာ ပစ္စေကဗုဒ္ဓအပဒါန်အဖွင့် ၂၂၂-၌ ပြဆိုထားပေသည်။

ပစ္စေကဗုဒ္ဓါတို့သည် ဘုရားမပွင့်သော သုညကမ္ဘာတို့တွင်လည်း မဖြစ်ပေါ်တော်မူကြပေ၊ ဘုရားပွင့်ရာ ဝိဝဋ္ဋကပ်အခါ၌ ဖြစ်ပေါ်တော်မူလျှင်လည်း များသောအားဖြင့် ဘုရားတဆူနှင့် တဆူအကြား၌သာ ဖြစ်ပေါ်တော်မူသည်ဟု အဆိုရှိပေသည်၊ မြတ်စွာဘုရားတို့သည် သစ္စာလေးပါး တရားအပေါင်းကို မိမိကိုယ်တိုင်လည်း သိတော်မူကုန်၏၊ သူတပါးတို့ကိုလည်း သိစေတော်မူကုန်၏၊ ပစ္စေကဗုဒ္ဓါတို့ကား မိမိတို့ကိုယ်တိုင်သာ သိတော်မူကုန်၏၊ သူတပါးတို့ကို သိစေတော်မမူနိုင်ကုန်၊ အတ္ထရသကိုသာ ထိုးထွင်းနိုင်ကုန်၏၊ ဓမ္မရသကို မထိုးထွင်းနိုင်ကုန်၊ လောကုတ္တရာတရားကို ပညတ်သို့တင်၍ ဟောကြားခြင်းငှါ မစွမ်းနိုင်ကြကုန်၊ မိမိ၏ အိပ်မက်ကို ပြန်လည်မပြောကြားနိုင်သော သူအ ကဲ့သို့ရင်း, မြို့ကြီး ပြကြီးတွင် စားသောက်ခဲ့ရသော စားသောက်ဖွယ်ရာ ဟင်းအရသာကို ပြန်လည်မပြောကြားနိုင်သော တောမှုဆိုးကဲ့သို့ရင်း ဖြစ်သည်ဟု အဋ္ဌကထာဆရာတို့ ဥပမာပြုကုန်၏။

ပစ္စေကဗုဒ္ဓါတို့သည် တန်ခိုး, သမာပတ်, ပဋိသမ္ဘိဒါတို့နှင့် ပြည့်စုံတော်မူကြကုန်၏၊ ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံရာ၌ မြတ်စွာဘုရားတို့၏အောက် သာဝကတို့၏အထက် ဖြစ်ကုန်၏၊ တပါးသူတို့ကို ရဟန်းပြုစေ၍ အာဘိသမာစာရိကဝတ် (အလွန်ကောင်းစွာကျင့်အပ်သောဝတ်)ကို ကျင့်စေနိုင်ကုန်၏၊ မင်းသားနှင့် အမတ်သားတို့ ပစ္စေကဗုဒ္ဓါတို့ထံ၌ ရဟန်းပြုကြောင်း ပစ္စေကဗုဒ္ဓါတို့က "သင်းပိုင်ကို ဤသို့ဝတ်, ကိုယ်ရုံကို ဤသို့ရုံ" စသော အာဘိသမာစာရိကဝတ်ကို ပြောကြားကြောင်း သုတ္တနိပါတ်အဋ္ဌကထာ ခဂ္ဂဝိသာဏသုတ်အဖွင့် ၇၂-သစေ လဘေထ ဂါထာအဖွင့်၌ ဝတ္ထုကြောင်း ပြဆိုထားပေသည်၊ မြတ်စွာဘုရားတို့ကဲ့သို့ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်, ခန္ဓကသိက္ခာပုဒ်တို့ကိုကား ကျင့်စေတော်မမူနိုင်ကုန်၊ ထို့ကြောင့် ရဟန်းပြုစေနိုင်၏ ဆိုသော်လည်း ဥပသမ္ပဒရဟန်းမျိုးမဟုတ်၊ ရသေ့ပရိဗိုဇ် ပဗ္ဗဇ္ဇမျိုးသာဖြစ်ကြောင်း မှတ်သားသင့်ပေသည်။

ထို့ပြင် ဂန္ဓမာဒနတောင် မဉ္ဇူသကနတ်ပန်းပင်ရင်း၌ စုဝေး၍ ပစ္စေကဗုဒ္ဓါတို့ ဥပုသ်ပြုတော်မူကြကြောင်းကိုလည်း သုတ္တနိပါတ်အဋ္ဌကထာ ခဂ္ဂဝိသာဏသုတ်အဖွင့်၌လာလေသည်၊ ခဂ္ဂဝိသာဏသုတ်၌ ပစ္စေကဗုဒ္ဓါလေးဆဲ့တပါးတို့၏ အကြောင်းများကို ဖော်ပြထားပေရာ ထိုသုတ်ကို ပစ္စေကဗုဒ္ဓါများ၏ အဋ္ဌုပ္ပတ္တိသုတ်တော် ဟူ၍ပင် ခေါ် ဆိုနိုင်လေသည်။

ထိုမှတပါးလည်း ပစ္စေကဗုဒ္ဓါတို့သည် ဘုရားတို့ကဲ့သို့ တပါးတည်း ပြိုင်ဖက်မရှိဘဲ ပွင့်တော်မူကြသည့် ထုံးတမ်းစဉ်လာမရှိ၊ တခါတရံ တပါးတည်း ပွင့်သည့်အခါပွင့်၍ တခါတရံ ပစ္စေကဗုဒ္ဓါပေါင်းရာထောင်ပြိုင်၍ ပွင့်သည့်အခါ ပွင့်ပုံများကို တွေ့ရပေသည်။

ပဒုမဒေဝီ၏ သားငါးရာတို့သည် တပြိုင်နက် ပစ္စေကဗုဒ္ဓါအဖြစ် ပွင့်တော်မူကြကြောင်းကိုရင်း, အလောင်းတော် ဆဒ္ဒန်ဆင်မင်းဖြစ်စဉ်အခါ ပစ္စေကဗုဒ္ဓါငါးရာ ကြွဆုံတော်မူကြကြောင်းကိုရင်း, အသျှင်ဘဒ္ဒဇိထေရ်အလောင်း ပါရမီဖြည့်ခဲ့ကာလ၌ ပစ္စေကဗုဒ္ဓါငါးရာတပြိုင်နက် ကြွဆုံကြကြောင်းကိုရင်း, မဟာကပ္ပိနမင်းဝတ္ထု၌ ပစ္စေကဗုဒ္ဓါတထောင် တပြိုင်နက် ကြွဆုံကြကြောင်းကိုရင်း ထိုထိုကျမ်းစာတို့၌ အထင်အရှားတွေ့နိုင်ကြပေသည်။

## သာဝကဗောဓိဆု

(မြတ်စွာဘုရား၏ အထံ၌ဖြစ်စေ, သာဝကတပါးပါး၏ အထံ၌ဖြစ်စေ သစ္စာလေးပါးကမ္မဋ္ဌာန်းတရားကို ကြားနာရပြီးမှ အရဟတ္တမဂ်ကို ရရှိကုန်သော သာဝကဗောဓိဆုကို ပန်ဆင်သည့်) ဘုရားရှင်၏ တပည့်သား သာဝကတို့အဖြစ်၌လည်း (၁) အဂ္ဂသာဝက=တပည့်အများတွင် အမြတ်ဆုံးဖြစ်သောသာဝက၊ (၂) မဟာသာဝက=တပည့်သာဝကကြီး၊ (၃) ပကတိသာဝက=ရိုးရိုးတပည့်သာဝက ဟူ၍ သုံးမျိုးရှိပေသည်။

ထို သုံးမျိုးတို့တွင် (၁) အဂ္ဂသာဝကသည် တသင်္ချေနှင့်ကမ္ဘာတသိန်း ပါရမီဖြည့်ရ၏၊ ယခု ဂေါတမရှင်တော်ဘုရားလက်ထက်၌ အသျှင်သာရိပုတြာနှင့် အသျှင်မဟာမောဂ္ဂလ္လာန်တို့ပေတည်း၊ (၂) မဟာသာဝကသည် ကမ္ဘာတသိန်း ပါရမီဖြည့်ရ၏၊ ယခု ဂေါတမဘုရားလက်ထက်၌ အသျှင်မဟာကဿပစသော အသီတိ မဟာသာဝက ၈၀-တို့ပေတည်း၊ ထို့ပြင် (ခုဂ္ဂဝိသာဏသုတ် အဋ္ဌကထာအရ) ဘုရားရှင်၏ မယ်တော်, ခမည်းတော်, အလုပ်အကျွေး, သားတော်တို့သည်လည်း ကမ္ဘာတသိန်းထက်မနည်း ပါရမီဖြည့်ရကြောင်းကို အထူး မှတ်သားသင့်ပေသည်။

ပကတိသာဝကတို့ကား ကာလအပိုင်းအခြား မရှိချေ၊ ဝဋ္ဋမှလွတ်ရာ(မဂ်ဖိုလ်)ကို တောင့်တ၍ အမှတ်မထား တပါးပါးသော ဘဝကာလများက စ၍ ဖြည့်ကျင့် ဆည်းပူးခဲ့သော ပါရမီအဆောက်အဦနှင့်ပြည့်စုံလျှင် ပကတိသာဝကဉာဏ်ကို ရနိုင်လေသည်။

အမှတ်မထား တပါးပါးသော ဘဝ ကာလဟူသည် ကမ္ဘာ အရာအထောင် ဖြစ်နိုင်ကြောင်း သတိပြုသင့်၏၊ အတ္ထသန္ဒက, သပရိဝါရိယစသောထေရ်တို့သည် ကမ္ဘာတသိန်းထက်၌ ပွင့်တော်မူသည့် ပဒုမုတ္တရဘုရားလက်ထက်မှ စ၍ငင်း, အနုလေပဒါယကထေရ်သည် တသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ ပွင့်တော်မူသည့် အနောမဒဿီဘုရားလက်ထက်မှ စ၍ငင်း, ဧကပသာဒနိယထေရ်သည် တရာ့တဆယ့်ရှစ်(၁၁၈)ကမ္ဘာထက်၌ ပွင့်တော်မူသည့် အတ္ထဒဿီ ဘုရားလက်ထက်မှ စ၍ငင်း, သူစိဒါယကထေရ်သည် ကမ္ဘာသုံးသောင်းထက်၌ ပွင့်တော်မူသည့် သုမေဓာဘုရားလက်ထက်မှ စ၍ငင်း ပါရမီများ ဖြည့်ခဲ့ကြကြောင်း ဆိုင်ရာ ထေရာပဒါန်၌ ပါလေသည်။

ဤကဲ့သို့ အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝကတို့၏ ဆုတောင်း ဆုယူ ပြုပုံများ, ပါရမီဖြည့်ကျင့်ပုံများအပြင် ထူးခြားဆန်းကြယ်သော အဖြစ်တော်များ, (ပညာကြီးမားသော အသျှင်သာရိပုတြာမထေရ် စသည်တို့၏ အဖြစ်မျိုး) သံဝေဂရဖွယ် အဖြစ်တော်များ, (ဉာဏ်လေးသူကို ပြောင်လှောင်ခဲ့မိသဖြင့် ပစ္ဆိမဘဝတွင် ဉာဏ်နုန့်နှေး ထိုင်းမှိုင်းရသော အသျှင်စူဠပန္ထကအဖြစ်မျိုး) သက်တော် နုနုနယ်နယ်ဖြင့် ရဟန္တာဖြစ်တော်မူသော အဖြစ်တော်များ (မိလိန္ဒပဥှာတွင် ၇-နှစ်အောက် ရဟန္တာမဖြစ်ဟု ဆိုသော်လည်း ၄-နှစ်သားအရွယ် ရဟန္တာဖြစ်သော ဧကဒိပိယထေရ်, ငါးနှစ်သားအရွယ် ရဟန္တာဖြစ်သော ပဥ္စသီလသမာဒါနိယထေရ်နှင့် ပဒုမထေရ်တို့၏ အဖြစ်မျိုး)စသော မှတ်သားဖွယ်ရာတို့ကို ဤအပဒါန်ပါဠိတော် မြန်မာပြန်(ပဌမအုပ်)တွင် ဖတ်ရှု တွေ့မြင်ရမည် ဖြစ်ပေသည်။

ထို့ပြင် ယခုဂေါတမမြတ်စွာဘုရားလက်ထက်တော်တွင် လက်ဝဲရံ, လကျာ်ရံ အရှင်မြတ်များနှင့် တကွ တေဒဂ်ရ ထေရ, ထေရီများကို သိလွယ် မှတ်လွယ်ကြစေရန်နှင့် သဒ္ဒါစေတနာပွါးများနိုင်ကြစေရန် အကျဉ်းချုပ်ဖော်ပြလိုက်ပါဦးမည်။

## လက်ျာရံ ရဟန္တာမထေရ်(၄၀)

၁။ အသျှင်သာရိပုတြာ (အဂ္ဂသာဝက)
၂။ အသျှင်အညာသိကောဏ္ဍည
၃။ အသျှင်ဝပ္ပ
၄။ အသျှင်ဘဒ္ဒိယ
၅။ အသျှင်မဟာနာမ်
၆။ အသျှင်အဿဇိ
၇။ အသျှင်နာလက
၈။ အသျှင်ယသ
၉။ အသျှင်ဝိမလ
၁၀။ အသျှင်သုဗာဟု
၁၁။ အသျှင်ပုဏ္ဏဇိ
၁၂။ အသျှင်ဂဝမ္ပတိ
၁၃။ အသျှင်ဥရုဝေလကဿပ
၁၄။ အသျှင်နဒီကဿပ
၁၅။ အသျှင်ဂယာကဿပ
၁၆။ အသျှင်မဟာကဿပ
၁၇။ အသျှင်မဟာကစ္စည်း
၁၈။ အသျှင်မဟာကောဋ္ဌိက
၁၉။ အသျှင်မဟာကပ္ပိန
၂၀။ အသျှင်မဟာစုန္ဒ
၂၁။ အသျှင်အနုရုဒ္ဓါ
၂၂။ အသျှင်ကင်္ခါရေဝတ
၂၃။ အသျှင်အာနန္ဒာ
၂၄။ အသျှင်နန္ဒက
၂၅။ အသျှင်ဘဂု
၂၆။ အသျှင်နန္ဒိယ
၂၇။ အသျှင်ကိမိလ
၂၈။ အသျှင်ဘဒ္ဒိယ
၂၉။ အသျှင်ရာဟုလာ
၃၀။ အသျှင်သီဝလိ
၃၁။ အသျှင်ဥပါလိ
၃၂။ အသျှင်ဒဗ္ဗ
၃၃။ အသျှင်ဥပသေန
၃၄။ အသျှင်ခဒိရဝနိယရေဝတ
၃၅။ အသျှင်မဟာပုဏ္ဏ
၃၆။ အသျှင်စူဠပုဏ္ဏ
၃၇။ အသျှင်သောဏကောဠိကဏ္ဏ
၃၈။ အသျှင်သောဏကောဠိဝိသ
၃၉။ အသျှင်ရာဓ
၄၀။ အသျှင်သုဘူတိ

## လက်ဝဲရံ ရဟန္တာ မထေရ် (၄၀)

၁။ အသျှင်မဟာမောဂ္ဂလ္လာန် (အဂ္ဂသာဝက)
၂။ သျှင်အင်္ဂုလိမာလ
၃။ အသျှင်ဝက္ကလိ
၄။ အသျှင်ကာဠုဒါယီ
၅။ အသျှင်မဟာဥဒါယီ
၆။ အသျှင်ပိလိန္ဒဝစ္ဆ
၇။ အသျှင်သောဘိတ
၈။ အသျှင်ကုမာရကဿပ
၉။ အသျှင်ရဋ္ဌပါလ
၁၀။ အသျှင်ဝင်္ဂီသ
၁၁။ အသျှင်သဘိယ
၁၂။ အသျှင်သေလ
၁၃။ အသျှင်ဥပဝါန
၁၄။ အသျှင်မေဃိယ
၁၅။ အသျှင်သာဂတ
၁၆။ အသျှင်နာဂိတ
၁၇။ အသျှင်လကုဏ္ဍကဘဒ္ဒိယ
၁၈။ အသျှင်ပိဏ္ဍောလဘာရဒ္ဒါဇ
၁၉။ အသျှင်မဟာပန္ထက
၂၀။ အသျှင်စူဠပန္ထက
၂၁။ အသျှင်ဗာကုလ
၂၂။ အသျှင်ကောဏ္ဍဓာန
၂၃။ အသျှင်ဒါရုစီရိယ
၂၄။ အသျှင်ယသောဇ
၂၅။ အသျှင်အဇိတ
၂၆။ အသျှင်တိဿမေတ္တေယျ
၂၇။ အသျှင်ပုဏ္ဏက
၂၈။ အသျှင်မေတ္တဂူ
၂၉။ အသျှင်ဓောတက
၃၀။ အသျှင်ဥပသီဝ
၃၁။ အသျှင်နန္ဒ
၃၂။ အသျှင်ဟေမက
၃၃။ အသျှင်တောဒေယျ
၃၄။ အသျှင်ကပ္ပ
၃၅။ အသျှင်ဇတုကဏ္ဏိ
၃၆။ အသျှင်ဘဒြာဝုဓ
၃၇။ အသျှင်ဥဒယ
၃၈။ အသျှင်ပေါသာလ
၃၉။ အသျှင်ပိင်္ဂိယ
၄၀။ အသျှင်မောဃရာဇ

## ဧတဒဂ်ဘွဲ့ရ ရဟန္တာမထေရ်ကြီးများ (၄၁)

| | | |
|---|---|---|
| ၁။ | အသျှင်ကောဏ္ဍည | ဝါရင့်ခြင်း=ရတ္တညူအရာ။ |
| ၂။ | အသျှင်သာရိပုတြာ | ဉာဏ်ပညာကြီးခြင်း။ |
| ၃။ | အသျှင်မဟာမောဂ္ဂလ္လာန် | တန်ခိုးဣဒ္ဓိပါဒ်ကြီးခြင်း။ |
| ၄။ | အသျှင်မဟာကဿပ | ဓုတင်ဆောင်ခြင်း။ |
| ၅။ | အသျှင်အနုရုဒ္ဓါ | ဒိဗ္ဗစက္ခုအဘိညာဉ်ရခြင်း။ |
| ၆။ | အသျှင်ဘဒ္ဒိယ | အမျိုးမြတ်ခြင်း။ |
| ၇။ | အသျှင်လကုဏ္ဍကဘဒ္ဒိယ | အသံသာယာခြင်း။ |
| ၈။ | အသျှင်ပိဏ္ဍောလဘာရဒ္ဒါဇ | ရဲတင်းသော စကားကို ဆိုခြင်း။ |
| ၉။ | အသျှင်ပုဏ္ဏ | ဓမ္မကထိကအရာ တရားဟောကြားခြင်း။ |
| ၁၀။ | အသျှင်ကစ္စာန | အကျဉ်းကို အကျယ်ဟောခြင်း။ |
| ၁၁။ | အသျှင်စူဠပန္ထက | မနောမယအဘိညာဉ် ဖန်ဆင်းခြင်း။ |
| ၁၂။ | အသျှင်မဟာပန္ထက | အရူပစျာန်မှထ၍ ရဟန္တာဖြစ်ခြင်း။ |
| ၁၃။ | အသျှင်သုဘူတိ | အပြစ်မရှိသော နေခြင်းနှင့် အလှူခံထိုက်ခြင်း။ |
| ၁၄။ | အသျှင်ခဒိရဝနိယရေဝတ | တောရဆောက်တည်ခြင်း။ |
| ၁၅။ | အသျှင်ကင်္ခါရေဝတ | ဈာန်ဝင်စားခြင်း။ |
| ၁၆။ | အသျှင်သောဏကောဠိဝိသ | လုံ့လဝီရိယကြီးခြင်း။ |
| ၁၇။ | အသျှင်သောဏကုဋိကဏ္ဏ | အဟောအပြောကောင်းခြင်း။ |
| ၁၈။ | အသျှင်သီဝလိ | လာဘ်ပေါ်များခြင်း။ |
| ၁၉။ | အသျှင်ဝက္ကလိ | သဒ္ဓါတရား လွန်ကဲခြင်း။ |
| ၂၀။ | အသျှင်ရာဟုလာ | သိက္ခာသုံးပါး ကျင့်ဆောင်ခြင်း။ |
| ၂၁။ | အသျှင်ရဋ္ဌပါလ | သဒ္ဓါ၍ ရဟန်းပြုခြင်း။ |
| ၂၂။ | အသျှင်ကောဏ္ဍဓာန | စာရေးတံမဲ ပဌမယူခြင်း။ |
| ၂၃။ | အသျှင်ဝင်္ဂီသ | ဖွဲ့ဆိုသီကုံးမှု၌ ဉာဏ်ပဋိဘာန်ရှိခြင်း။ |
| ၂၄။ | အသျှင်ဥပသေန | ကြည်ညိုဖွယ်ရာဖြစ်ခြင်း။ |
| ၂၅။ | အသျှင်ဒဗ္ဗ | သံဃာတော်များအတွက် နေရာချထားခြင်း။ |
| ၂၆။ | အသျှင်ပိလိန္ဒဝစ္ဆ | နတ်တို့ ချစ်မြတ်နိုးခြင်း။ |
| ၂၇။ | အသျှင်ဒါရုစီရိယ | လျင်မြန်စွာ ထိုးထွင်းသိခြင်း။ |
| ၂၈။ | အသျှင်ကုမာရကဿပ | ဆန်းကြယ်စွာ တရားဟောခြင်း။ |
| ၂၉။ | အသျှင်မဟာကောဋ္ဌိက | ပဋိသမ္ဘိဒါ ၄-ပါး ရခြင်း။ |
| ၃၀။ | အသျှင်အာနန္ဒာ | အကြားအမြင်များခြင်း၊ သတိကောင်းခြင်း၊ ဉာဏ်ကောင်းခြင်း၊လုံ့လကြီးခြင်း၊ အလုပ်အကျွေး အပြုအစု ဤငါးချက်။ |
| ၃၁။ | အသျှင်ဥရုဝေလကဿပ | အခြံအရံများခြင်း။ |
| ၃၂။ | အသျှင်ကာဠုဒါယီ | ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေခြင်း။ |
| ၃၃။ | အသျှင်ဗာကုလ | ကျန်းမာရေးနှင့် ပြည့်စုံခြင်း။ |
| ၃၄။ | အသျှင်သောဘိတ | ပုဗ္ဗေနိဝါသအဘိညာဉ်။ |
| ၃၅။ | အသျှင်ဥပါလိ | ဝိနည်းဆောင်ခြင်း။ |

၃၆။ အသျှင်နန္ဒက — ဘိက္ခုနီတို့အား ဆုံးမခြင်း။
၃၇။ အသျှင်နန္ဒ — ဣန္ဒြေစောင့်ခြင်း။
၃၈။ အသျှင်မဟာကပ္ပိန — ရဟန်းများအား ဆုံးမခြင်း။
၃၉။ အသျှင်သာဂတ — တေဇောဓာတ်သမာပတ်၌ ဝင်စားခြင်း။
၄၀။ အသျှင်ရာဓ — ဒေသကဘုရားရှင်အား ဒေသနာဉာဏ် အဆင့်ဆင့် ပွင့်စေခြင်း။
၄၁။ အသျှင်မောဃရာဇ — ခေါင်းပါးသော သင်္ကန်းကို ဆောင်ခြင်း။

## တေဒဂ်ဘွဲ့ရ ရဟန္တာထေရီများ

၁။ အသျှင်မ မဟာပဇာပတိဂေါတမီ — ဝါရင့်ခြင်း ရတ္တညူအရာ။
၂။ အသျှင်မ ခေမာ — ဉာဏ်ပညာကြီးခြင်း။
၃။ အသျှင်မ ဥပ္ပလဝဏ္ဏာ — တန်ခိုးဣဒ္ဓိပါဒ် ကြီးခြင်း။
၄။ အသျှင်မ ပဋာစာရီ — ဝိနည်းဆောင်ခြင်း။
၅။ အသျှင်မ ဓမ္မဒိန္နာ — ဓမ္မကထိကအရာ။
၆။ အသျှင်မ နန္ဒာ — ဈာန်ဝင်စားခြင်း။
၇။ အသျှင်မ သောဏာ — လုံ့လဝီရိယကြီးခြင်း။
၈။ အသျှင်မ သကုလာ — ဒိဗ္ဗစက္ခုအဘိညာဉ်ရခြင်း။
၉။ အသျှင်မ ဘဒ္ဒါကုဏ္ဍလကေသာ — လျင်မြန်စွာ သိုးတွင်းသိခြင်း။
၁၀။ အသျှင်မ ဘဒ္ဒါကာပိလာနီ — ပုဗ္ဗေနိဝါသအဘိညာဉ်။
၁၁။ အသျှင်မ ဘဒ္ဒါကစ္စာနာ — အားကြီးသောအဘိညာဉ်။
၁၂။ အသျှင်မ ကိသာဂေါတမီ — ခေါင်းပါးသောသင်္ကန်းကိုဆောင်ခြင်း။
၁၃။ အသျှင်မ သိင်္ဂါလကမာတာ — သဒ္ဓါတရားလွန်ကဲခြင်း။

## အပဒါန်ပါဠိတော် မြန်မာပြန် ဖတ်ရှုခြင်း၏ ကောင်းမှုအကျိုးထူးများ

ဘုရား ပစ္စေကဗုဒ္ဓါ အသျှင်သာရိပုတြာစသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မွန်တို့သည် မည်သည့် အချိန်ကာလက မည်သို့သောကောင်းမှုကိုပြု၍ မည်သို့ ဆက်လက်ကျင့်ဆောင်လာခဲ့ကြသဖြင့် မည်သို့သော အဆင့်အတန်း အထွတ်အထိပ်သို့ ရောက်ရှိလာကြသည် စသော ဘဝဖြစ်စဉ် ဖြာရပ် ကျင့်စဉ် ကျင့်ထုံးများကို ဤအပဒါန်ပါဠိတော် မြန်မာပြန် ကျမ်းစာအုပ်တွင် ကောင်းစွာထင်ထင် စုံလင်စွာ တွေ့မြင်နိုင်သည် ဖြစ်ရာ ယင်းသို့တွေ့မြင်ရခြင်းဖြင့် "သတ္တရိ သပ္ပတိဿော ဟောတိ သဂါရဝေါ" စသည်ဖြင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပဌမတွဲ (၂၀၆)၌ ပြဆိုအပ်သော ရတနာသုံးပါး၌ အတိုင်းမသိ ကိုင်းရှိုင်းရိုသေခြင်း, သဒ္ဓါတရားကြီးထွားခြင်း, သတိအားကောင်းခြင်း, ပညာဉာဏ်ပြန့်ပြောခြင်း, ကောင်းမှုတိုးပွါးခြင်း, ပီတိပါမောဇ္ဇ အားကြီးခြင်း, အကြောက်အလန့် ကင်းစင်ခြင်း, ဆင်းရဲခံနိုင်ရည်ရှိခြင်း, ရတနာသုံးပါး အာရုံဖြင့် တမုဟုတ်မျှ ကင်းကွာမှုမရှိခြင်း, ရတနာသုံးပါး အာရုံဖြင့် ထုံထားသည့် ကိုယ်ခန္ဓာရှိသဖြင့် စေတီတော်မြတ် ကိန်းဝပ်ရာ ဂန္ဓကုဋိ တိုက်တော်ကဲ့သို့ အပူဇော်ခံထိုက်ခြင်း, လွန်ကျူးအပ်သော ဝတ္ထုအာရုံမျိုးနှင့် တွေ့ဆုံကြုံကြိုက်လာချိန်တွင် ဘုရားစသော ပုဂ္ဂိုလ်တို့ မိမိရှေ့မှောက် ရောက်ရှိနေသည့်အလား ကျူးလွန်ရန် ရှက်ကြောက်သည့်စိတ်ဓာတ်မပြတ် ဖြစ်ပေါ်လာခြင်း, ထိုပုဂ္ဂိုလ်ထူးများ ရရှိအပ်သော ဂုဏ်ထူးဝိသေသကို ၎င်းတို့ကဲ့သို့ ရရှိလိုသောဆန္ဒ ပြင်းပြစွာ ဖြစ်ပေါ်

ခြင်းစသော မြောက်မြားစွာသော အကျိုးများကို လက်ငင်း ရရှိခံစားရမည့် အပြင် ထိုပုဂ္ဂိုလ်ထူး အာဇာနည်ဘို့သို့ အတုလိုက် ကျင့်ကြံခြင်းဖြင့် ယင်းပုဂ္ဂိုလ်တို့ကဲ့သို့ ထူးချွန်သော ဂုဏ်ထူးဝိသေသ များကို ရရှိပြီးလျှင် သံသရာဤမှာဘက်ကမ်းမှ နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းသို့ တက် လှမ်းကူးခပ်နိုင်မှု ဖြစ်နိုင်ပေရကား အထက်တန်းကျကျ မျက်နှာပန်းလှလှဖြင့် နိဗ္ဗာန်ကူးလိုသူ အမျိုးကောင်းသားသမီး သူတော်စင်တို့သည် ဤ**အပဒါန်ပါဠိတော် မြန်မာပြန်ကျမ်းကြီး**ကို အဖန် ဖန် အထပ်ထပ် သုံးသပ်လေ့လာကြရန် အထူးသင့်လျော်လှပေသတည်း။

## ထေရာပဒါန်ပါဠိတော် မြန်မာပြန်

### ပဋိဝိဇသာဓက ဆရာတော်များ

၁။ ဆရာတော် ဦးနန္ဒိယ အဂ္ဂမဟာပဏ္ဍိတ ဟသ်ာတမြို့။
၂။ ဆရာတော် ဦးဉာဏုတ္တရ အဂ္ဂမဟာပဏ္ဍိတ သာသနာ့ရိပ်သာ ပဲခူးမြို့။
၃။ ဆရာတော် ဦးဥတ္တမဗုဒ္ဓိ အဂ္ဂမဟာပဏ္ဍိတ မုံရွေး ဇေတဝန်ဆရာတော် မုံရွာမြို့။
၄။ ဆရာတော် ဦးပါလိတ မင်းကျောင်းဆရာတော် မြစ်သားမြို့။
၅။ ဆရာတော် အရှင်စန္ဒဇောတိ သိရီသောမာရုံကျောင်း ကံကြီး မလှိုင်မြို့။
၆။ ဆရာတော် ဦးဓမ္မာလောက မြတောင်ချောင်ဆရာကော် စစ်ကိုင်းတောင်ရိုး။
၇။ ဆရာတော် ဦးဣန္ဒာစာရ သာသနောဒယကျောင်း သရက်တောတိုက် ရန်ကုန်မြို့။
၈။ ဆရာတော် ဦးဝိသုတ ခေမာသီဝံတိုက် နတ်တလင်းမြို့ သာယာဝတီခရိုင်။
၉။ ဆရာတော် အရှင်တိလောကသာရ ရွှေစာရံကျောင်း ပေါင်းတလည်မြို့ ပြည်ခရိုင်။

## ထေရာပဒါန်ပါဠိတော် မြန်မာပြန်

### ဩဿနသောဓေယျပတ္တပါဌကအဖွဲ့ဝင် ဆရာတော်များ

၁။ ဆရာတော် ဦးနန္ဒိယ အဂ္ဂမဟာပဏ္ဍိတ ငါးဖယ်တူ ဟသ်ာတမြို့။
၂။ ဆရာတော် ဦးဇောတိက ဇမ္ဗူ့မိတ်ဆွေကျောင်း အရှေ့ပိန္နဲကုန်းတိုက် ရန်ကုန်မြို့။
၃။ ဆရာတော် ဦးဝိသုတ ခေမာသီဝံ ကျောင်းတိုက် နတ်တလင်းမြို့။
၄။ ဆရာတော် အရှင်တိလောကသာရ ရွှေစာရံကျောင်း ပေါင်းတလည်မြို့ ပြည်ခရိုင်။

### ဗုဒ္ဓဝင်နှင့် စရိယာပိဋကပါဠိတော် မြန်မာပြန်များပါဝင်သည့်

### အပဒါန်ပါဠိတော် မြန်မာပြန်

### (ဒုတိယအုပ်)

# ကျမ်းဦးမှတ်ဖွယ်

---

## ထေရာပဒါန်ပါဠိတော် မြန်မာပြန် ဒုတိယတွဲအကြောင်း

သုတ္တန္တပိဋက ခုဒ္ဒကနိကာယ်အဝင်အပါဖြစ်သော အပဒါန်ပါဠိတော်တွင် ဗုဒ္ဓါပဒါန, ပစ္စေကဗုဒ္ဓါပဒါန, ထေရာပဒါန, ထေရီပဒါနဟူသော အပိုင်းလေးပိုင်းရှိရာ ဗုဒ္ဓါပဒါန, ပစ္စေကဗုဒ္ဓါပဒါနဟူသောအပိုင်းနှစ်ပိုင်းနှင့် ထေရာပဒါန-လာ အသျှင်သာရိပုတြာမထေရ်အစ အသျှင်မဥ္စဒါယကမထေရ်အဆုံးရှိသော ရဟန္တာမထေရ်(၄၂၀)တို့၏ အကြောင်း အဋ္ဌုပ္ပတ္တိများကို ပဌမတွဲတွင် ထည့်သွင်းပုံနှိပ်ခဲ့ပါသည်။

ဤဒုတိယတွဲ၌ကား အသျှင်သကိံသမ္မဇ္ဇကမထေရ်အစ အသျှင်ရဋ္ဌပါလမထေရ်အဆုံး ရဟန္တာ(၁၄၁)တို့၏ အကြောင်း အဋ္ဌုပ္ပတ္တိများကို ပြဆိုသောအပိုင်းများပါရှိသည့်အပြင် သုမေဓာထေရီအစ ပေသလာထေရီအဆုံး ရဟန္တာထေရီ(၄၀)တို့၏ အကြောင်းအဋ္ဌုပ္ပတ္တိများကိုလည်း ထေရီအပဒါန်ဟူ၍ တခမ်းတနား ပြဆိုထားပါသည်၊ ဤထေရာ ထေရီတို့၏ ပါရမီဖြည့်ရပုံစသည့် အကြောင်းအဋ္ဌုပ္ပတ္တိအကျယ်ကို ပဌမတွဲ ကျမ်းဦးမှတ်ဖွယ်၌ ကြည့်ရှုကြပါကုန်။

ဤထေရာပဒါန်ပါဠိတော် မြန်မာပြန်ကျမ်း (ဒုတိယအုပ်)၌ ဖော်ပြပါရှိသော ရဟန္တာပုဂ္ဂိုလ်တို့တွင် အလွန်ကြည်ညိုစဖွယ်ကောင်းသော ငါးနှစ်အရွယ်မျှဖြင့် ရဟန္တာအဖြစ်သို့ ရောက်တော်မူသည့် အသျှင်စန္ဒနမာလိယမထေရ်, ခုနစ်နှစ်အရွယ်မျှဖြင့် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြသည့် အသျှင်ကေဓမ္မသာဝနိယမထေရ်, အသျှင်ဉာဏထဝိကမထေရ်, အသျှင်ပုလိနထူပိယမထေရ်, အသျှင်တိကဏိကာရပုပ္ဖိယမထေရ်, အသျှင်ဒဗ္ဗမလ္လပုတ္တမထေရ်နှင့် အသျှင်သီဝလိမထေရ်တို့၏အတိတ်, ပစ္စုပ္ပန် အကြောင်း အကျိုး အပြည့်အစုံကို အလွန်ကြည်ညိုဖွယ်ရာ ဖတ်ရှုရမည်ဖြစ်ပေသည်၊ ထို့ပြင် ကြီးမားသော ကုသိုလ်သမ္ဘာရရှိပါလျက် တခုသောစစ်ဗိုလ်ချုပ်ကြီးဘဝတွင် စေတီတော်ကြီးကြီးတည်ထားလိုသူတို့အား ဟန့်တား၍ သေးသေးတည်စေမိခဲ့သဖြင့် ပစ္ဆိမဘဝိက ရဟန္တာဘဝတွင် ပုက္ကုသေးငယ် လူမလေးလောက်စဖွယ်သောကိုယ်ဖြင့် နိဗ္ဗာန်ဝင်ရရှာသော အသျှင်လကုဏ္ဍဘဒ္ဒိယမထေရ်အကြောင်းကိုလည်း သံဝေဂရဖွယ် ဖတ်ရှုရပေဦးမည်။

အထူးအားဖြင့် သိမှတ်ဖွယ်ရာကောင်းလှသော သဲပုံစေတီတည်ထားရသော အကျိုးတရားနှင့် သဲပုံစေတီကိုတည်ထား၍ ပူဇော်ပုံ ပူဇော်နည်းများကိုပါ အသျှင်ပုလိနုပ္ပါဒကမထေရ်၏ အပဒါန်၌ ပါရှိပေရာ ဗဟုသုတပွါးများဖွယ်ရာ ဖတ်ရှုသင့် ဖတ်ရှုထိုက်လှပေ၏။

ထေရီအပဒါန်ဆိုင်ရာ အခဏ်းအပိုင်း၌လည်း ရှေးရဟန္တာမကြီးများအား ဆဲရေးရေရွတ်မိသဖြင့် ပစ္ဆိမဘဝတွင် ပြည့်တန်ဆာမဖြစ်လာရသော အဍ္ဎကာသိထေရီမအကြောင်းကို သံဝေဂ

ယှူဖွယ်ရာတွေ့ရမည်ဖြစ်ပြီး ခေမာထေရီမကြီးကဲ့သို့ ပညာအထူးကြီးမားတော်မူသော ရဟန္တာမကြီးများ ဥပ္ပလဝဏ်ထေရီမကြီးကဲ့သို့ တန်ခိုးဣဒ္ဓိပါဒ်ကြီးမားတော်မူသော ရဟန္တာမကြီးများအပြင် သက်တော်နုနယ် ခုနစ်နှစ်အရွယ်မျှဖြင့် ရဟန္တာမအဖြစ်သို့ ရောက်တော်မူသွားကြသော ရဟန္တာမကလေးသုံးဦးအကြောင်းကိုလည်း အမျိုးသမီးတိုင်း အားကျနည်းယူဖွယ်ရာ တွေ့မြင်ဖတ်ရှုရပေဦးမည်၊ ထိုထက်ကား မိန်းမဟူသည် ယောကျ်ားလောက် ပညာဉာဏ်မကြီးကျယ် အရာရာတွင် အောက်ကျနောက်ကျ ဖြစ်ရသည်ဟု ထင်မြင်သူများအဖို့ အချို့မိန်းမက ယောကျ်ားထက် ပညာဉာဏ်ကြီးကျယ်၍ "အလုံးစုံသောအရာတို့၌ ယောကျ်ားသည်သာ ပညာရှိသည်မဟုတ်၊ မိန်းမသည်လည်း လျင်မြန်စွာ အကျိုးကို ကြံစည်နိုင်သောပညာရှိ၏"ဟု အထူးပင်ချီးကျူးရသော မိန်းမတဦးအကြောင်းမှာ ဘဒ္ဒါကုဏ္ဍလကေသာထေရီ အပဒါန်၌ပါရှိပေရာ အမျိုးသမီးတို့အဖို့ အလွန်အားတက်ဖွယ်ရာ ကောင်းလှပေသည်။

ဗုဒ္ဓဝံသပါဠိတော်နှင့် စရိယာပိဋကပါဠိတော်များကိုလည်း ဤအပဒါန်ပါဠိတော် ဒုတိယတွဲ၌ပင် တပါတည်းတွဲ၍ပုံနှိပ်ထားသောကြောင့် ထိုဗုဒ္ဓဝံသနှင့် စရိယာပိဋကပါဠိတော်များ၏ အကြောင်းအဋ္ဌုပ္ပတ္တိများနှင့်စပ်လျဉ်း၍ မှတ်သားဖွယ်ရာ အဖြာဖြာတို့ကို ဤ၌ ဖတ်ရှု တွေ့မြင်ကြရမည် ဖြစ်လေသည်။

## ဗုဒ္ဓဝင်နှင့် စရိယာပိဋက

သစ္စာလေးပါး မြတ်တရားကို ဆရာမရှိ မိမိကိုယ်တိုင် သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်းကုန်စင် သိမြင်တော်မူသော တရားမင်းသခင် ဘုရားရှင်ကိုယ်တော်မြတ်သည် (၁) သဗ္ဗညုတဉာဏ်တော်အတွက် အားထုတ်တော်မမူသေးမီ ဆုတောင်းတော်မမူသေးမီ ကာလအတွင်း၌ သာမညသတ္တဝါ တဦးမျှသာလျှင် ဖြစ်တော်မူသေးသည်၊ (၂) သဗ္ဗညုတဉာဏ်တော်အတွက် အားထုတ်မှု ဆုတောင်းမှု ပြုတော်မူသည့် အချိန်ကစ၍ "ဗောဓိသတ္တ" (=ဘုရားအလောင်းတော်)ဟူသော အမည်ကို ရတော်မူလေသည်၊ (၃) သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသည့်အချိန်ကစ၍ "ဗုဒ္ဓ" (=ဘုရား)ဟူသော အမည်ကို ရတော်မူလေသည်*။

ဗုဒ္ဓဝံသပါဠိတော် (=ဗုဒ္ဓဝင်ကျမ်းကြီး)နှင့် စရိယာပိဋကပါဠိတော် (=မြတ်စွာဘုရားအလောင်းတော်၏ ကျင့်စဉ်ကျမ်းကြီး)တို့သည် ဗုဒ္ဓဂေါတမရှင်တော်ဘုရား၏ ဂုဏ်တော်ကိုးပါးတို့တွင် **သုဂတ** ဂုဏ်တော်ကြီးကို အထူးတလည် ပေါ်လွင်ထင်ရှားစေသည့် ပါဠိတော်ကြီးများ ဖြစ်ပါသည်၊ သုဂတဂုဏ်တော်၏ အနက်လေးချက်တို့တွင် အနက်အဓိပ္ပါယ် တပါးမှာမူကား "လေးသင်္ချေနှင့်ကမ္ဘာတသိန်းထက်၌ ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်းဝယ် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းပန်ဆင်တော်မူသည့် အချိန်ကစ၍ မဟာဗောဓိမဏ္ဍိုင်အထိ သမ္မာပဋိပတ်ကောင်းမွန်သည့် အကျင့်မြတ်ဖြင့် သတ္တလောကကြီးတခုလုံး၏ ကောင်းကျိုးချမ်းသာကို ပြုတော်မူလျက် ကိုယ်တော်တိုင် (သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ကာမသုခလ္လိကာနုယောဂ အတ္တကိလမထာနုယောဂတည်းဟူသော)အယုတ်တရားများသို့ မလားမကပ် မစပ်မနွယ်ဘဲ တင့်တယ်ကောင်းမွန်စွာ

---

* ယာဝ ဗောဓိဉာဏတ္ထာယ န ဝါယမတိ ပဏိဓာနံ န ကရောတိ၊ တာဝ သတ္တောတွေဝ **သင်္ခံ ဂစ္ဆတိ**။ ယတော ပဋ္ဌာယ ဗောဓိဉာဏတ္ထာယ ဝါယမတိ ပဏိဓာနံ **ကရောတိ**၊ တဒါ ဗောဓိသတ္တော **နာမ ဟောတိ**၊ သော ယဒါ ဗောဓိဉာဏံ ပဋိလဘတိ၊ တဒါ ဗုဒ္ဓေါ **နာမ ဟောတိ**။

ဇိနာလင်္ကာရဋီကာ ဝတ္ထုပိဿောဒ္ဒေါဂါထာအဖွင့်-၂၂။

ကြွရောက်တော်မူသော အကြောင်းကြောင့် သုဂတမည်တော်မူ၏”ဟူ၍ ဖြစ်ပေရာ ယင်းသုဂတ ဂုဏ်တော်နက်ကို ဤဗုဒ္ဓဝင်နှင့် စရိယာပိဋကပါဠိတော် မြန်မာပြန်ကျမ်းကြီးက ထင်ရှားစေပေလိမ့်မည်။

ထိုမျှမက ဗုဒ္ဓဝင်ပါဠိတော်သည် ဒီပင်္ကရာစသော ရှေးဘုရားရှင်တို့၏ အဋ္ဌုပ္ပတ္တိတို့ကိုလည်း ပြဆိုထားသည့် ပါဠိတော်ကျမ်းမြတ်တဆူ ဖြစ်ပါပေသည်။

## ဗုဒ္ဓဝင်နှင့်စရိယာပိဋကတို့ကို ဟောတော်မူသည့်အကြောင်း ဌာနနှင့် ကာလ

ဗုဒ္ဓရှင်တော်ဘုရားသည် ဘုရားအဖြစ်သို့ ဆိုက်ရောက်တော်မူပြီးနောက် ပဌမဝါကို ဗာရာဏသီပြည် မိဂဒါဝုန်တော၌၎င်း ဒုတိယဝါကို ရာဇဂြိုဟ်ပြည်၌၎င်း [၁] သီတင်းသုံးတော်မူပြီးလျှင် ခမည်းတော်သုဒ္ဓေါဒနမင်းကြီး၏ အကြိမ်ကြိမ် ပင့်လျှောက်ချက်အရ ဖွားမြင်တော်မူရာ ဇာတိမြေဖြစ်သော ကပိလဝတ်ပြည်သို့ ကြွတော်မူလေသည်။

ကပိလဝတ်ပြည်သို့ ဆိုက်ရောက်တော်မူပြီးနောက် နိဂြောဓာရုံဥယျာဉ်တော်၌ ရဟန္တာ အရှင်မြတ်ပေါင်း နှစ်သောင်းမျှ ခြံရံကာ သီတင်းသုံးတော်မူသည်။

ထိုအခါ သာကီဝင်မင်းတို့သည် ခက်ထန်သော မာန်မာနရှိကြသူများ ဖြစ်ကြသည့်အတိုင်း “သိဒ္ဓတ်မင်းသားသည် အသက်အရွယ်အားဖြင့် ငါတို့အောက် ငယ်လှပေ၏၊ ငါတို့ တူမျှသာ ဖြစ်ပေ၏၊ ငါတို့ သားမျှသာ ဖြစ်ပေ၏၊ ငါတို့ ညီမျှသာ ဖြစ်ပေ၏”ဟု သဘောထားကြကာ မင်းသားငယ် မင်းသမီးငယ်များကိုသာ ရှိခိုးဦးခိုက်စေပြီးလျှင် မိမိတို့မှာမူကား ပရိသတ်၏ အစွန်အဖျား နောက်ဖက်မှ ထိုင်ကြကာ ရှိခိုးဦးခိုက်မှုကို မပြုဘဲ နေကြလေသည်။

ဗုဒ္ဓရှင်တော်ဘုရားသည် ထိုသူတို့မာန်မာနကျိုး၍ရှိခိုးကြစေရန် အဘိညာဉ်၏အခြေဖြစ်သော စတုတ္ထစျာန်ကို ဝင်စားတော်မူပြီးနောက် ကောင်းကင်သို့ ပျံတက်တော်မူကာ သာကီဝင်မင်းတို့၏ ဦးခေါင်း၌ ဘဝါးမြေမှုန့်ကိုကြဲသကဲ့သို့ပြု၍ ရေအစုံ မီးအစုံသော ယမိုက်ပြာဋိဟာကို ပြတော်မူလေသည်၊ ထိုသို့သော အံ့ဖွယ်ကိုမြင်ကြရသောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကိုယ်တိုင်သားတော်ကို (သုံးကြိမ်မြောက် ရှိခိုးသည့်အဖြစ်) ရှိခိုးတော်မူလေသော် သာကီဝင်အပေါင်းတို့သည် တဦးမကျန် ရှိခိုးကြလေသည်။

## ဗုဒ္ဓဝင်ကိုဟောကြားတော်မူခြင်း

ထိုအခါ အရှေ့အနောက် စကြဝဠာတိုက်တသောင်းကို ကျော်လွန်သည့် ရတနာစင်္ကြံတော်ကြီးကို ဖန်ဆင်းတော်မူကာ လူးလာ စုန်ဆန် အဖန်ဖန်ကြွတော်မူ၍ တရားတော်ကို ဟောကြားတော်မူလေသည်၊ ဤသို့သော အခြင်းအရာအားလုံးကို ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ကျောင်း၌ သီတင်းသုံးတော်မူနေသည့် လကျ်ာတော်ရံ အသျှင်သာရိပုတြာ ကိုယ်တော်မြတ်ကြီးက ဖူးမြင်တော်မူ၍လေရာ “သမ္မာသမ္ဗုဒ္ဓ အတုလထွတ်တင် ဘုရားရှင်၏ ဖြစ်စဉ်ကျင့်ထုံး အားလုံးမကျန် ဟောပါရန်ကို တောင်းပန် လျှောက်ထားရပါမူ ကောင်းပေမည်တကား”ဟု အကြံရတော်မူကာ နောက်ပါ ရဟန်းတော်ငါးရာတို့နှင့်အတူ ဘုရားရှင်ရှိရာသို့ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူ

---

၁။ ရာဇဂြိုဟ်၌ ဒုတိယဝါဆိုတော်မမူမီ ကပိလဝတ်သို့ ကြွတော်မူသည်ဟုလည်း ဝါဒကွဲရှိသည်။

ပြီးလျှင် တည်ခြင်း ငါးမျိုးဖြင့် ရှိခိုးတော်မူလျက် "ကီဒိသော တေ မဟာဝီရ၊ အဘိနီဟာရော နရုတ္တမ"စသော ဂါထာတို့ဖြင့် ဗုဒ္ဓရှင်တော်ဘုရား၏ ဆုတောင်းတော်မူခဲ့ပုံ ပါရမီဖြည့်တော်မူခဲ့ပုံ စသည်တို့ကို ဟောကြားတော်မူပါမည့်အကြောင်း လျှောက်ထား တောင်းပန်တော်မူလေသည်။

ထိုအခါ ဗုဒ္ဓရှင်တော်ဘုရားသည်လည်း ရတနာ စင်္ကြံတော်၌ သီတင်းသုံးတော်မူလျက်ပင် လျှင် လကျ်ာရံအကျော် သားတော်ကြီး အသျှင်သာရိပုတြာကို မျက်မှောက် သက်သေ ပြုတော်မူ၍ လူ ပရိသတ်အပေါင်းနှင့်တကွ စကြဝဠာတိုက်တသောင်းရှိ နတ် ဗြဟ္မာတို့အား ကိုယ်တော်မြတ်၏ ဗုဒ္ဓါနုဘာဝ ဘုရားအာနုဘော်ကို ပြကာ "ဗုဒ္ဓဝံသ" ဘုရားနွယ်လာ မဟာသမိုင်းတော်ကြီးကို ဟောကြားတော်မူလေသည်။

ဤသို့လျှင် ဗုဒ္ဓရှင်တော်ဘုရားကိုယ်တော်တိုင် ဟောကြားတော်မူသည့် ဗုဒ္ဓဝင်ပါဠိတော်ကြီး၌ (ပေယျာလများကိုပါ ထုတ်ဖော်ခဲ့ပါလျှင်)ဂါထာပေါင်း ၁၄၅၈-မျှ ရှိလေသည်။

ဤသို့ ဟောကြားတော်မူရင်းအတိုင်းဖြစ်သော ဗုဒ္ဓဝင်ပါဠိတော်ကို မြန်မာဘာသာဖြင့် ဤ အပဒါန်ပါဠိတော် မြန်မာပြန်(ဒုတိယအုပ်)၌ ဖတ်ရှုကြရပေမည်၊ အကျယ်တဝင့် ဖွင့်ဆိုရေးသား ချက် ဗုဒ္ဓဝင်တော်ကြီးကိုကား ဗုဒ္ဓသာသနာ့အဖွဲ့မှ ရိုက်နှိပ်ပြီးဖြစ်သော နိုင်ငံတော်ဗုဒ္ဓသာသနာ့ မဟာဗုဒ္ဓဝင်အတွဲများ၌ အပြည့်အစုံ ကြည့်ရှု ကြည်ညိုနိုင်ကြပေသည်။

[ ထို ဗုဒ္ဓဝင် ပါဠိတော်ကြီး၏ အဖွင့် **မဓုရတ္ထဝိလာသိနီ** မည်သော အဋ္ဌကထာပါဠ်ကို ဇမ္ဗုဒီပ(အိန္ဒိယတောင်ပိုင်း)စောဠတိုင်း(=ချိုလာနိုင်ငံ)တမ္ဗပဏ္ဏိမြစ် ဥရဂမြို့တွင် ဖွားမြင် တော်မူသည့် အသျှင်ဗုဒ္ဓဒတ္တသည် ကဏှဒါသဥပါသကာ၏ ကောင်းမှုဖြစ်သော ကာဝီရ- ပဋ္ဋနဆိပ်ကမ်းကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရေးသားပြုစုတော်မူလေသည်။

အဆိုပါ ဗုဒ္ဓဝင်အဋ္ဌကထာ၏အဖွင့် ဗုဒ္ဓဝင်ဋီကာပါဠ်ကို မြန်မာသက္ကရာဇ် ၁၂၁၁-ခုနှစ်၌ အရှင်သောဘိတမည်သော အသျှင်မြတ်က ရေးသား ပြုစုတော်မူခဲ့လေသည်။

ဗုဒ္ဓဝင်ပါဠိတော် နိဿယဟောင်းကို ကုန်းဘောင်ခေတ် နောင်တော်ကြီးမင်း (၁၁၂၂- ၂၅)လက်ထက် စစ်ကိုင်းမြို့ တောရနေ အသျှင်သဒ္ဓမ္မဇောတ ရေးသား ပြုစုတော်မူလေ သည်။

ဗုဒ္ဓဝင်ပါဠိတော် နိဿယသစ်တစောင်ကို အမရပူရ ပဉ္စမ မြို့တည် နန်းတည် ဘိုးတော် ဘုရား(၁၁၄၃-၈၁) လက်ထက် ပြာသာဒ်ကျောင်းဆရာတော် သုဓမ္မာဘိသီရိဇေမဟာဓမ္မ ရာဇဂုရု အသျှင်သာရဒဿီ ရေးသားပြုစုတော်မူခဲ့လေသည်။

ဗုဒ္ဓဝင်ပါဠိတော်နိဿယသစ်တစောင်ကို ကဝိန္ဒာဘိဝံသ စသော တံဆိပ်တော်နှစ်ထပ်ရ ပင်းဆရာတော်ကလေး ဦးလွှမ်းပြေ ရေးသားပြုစုတော်မူခဲ့လေသည်။

ဗုဒ္ဓဝင်ပါဠိတော်နိဿယသစ်တစောင်ကို ၁၂၇၃-ခုနှစ်တွင် မော်ပီမြို့ အရှေ့ ရွှေပြည် ညောင်တောရ အသျှင်ဥတ္တရဇီဝထေရ် ရေးသားပြုစုတော်မူခဲ့လေသည်။

ဗုဒ္ဓဝင်ပါဠိတော်နိဿယသစ်တစောင်ကို ၁၂၈၈-ခု၌ မန္တလေးမြို့ မိုးထိတိုက် ကျောက် စာကြပ်ဆရာတော် အသျှင်ဇာဂရမဟာထေရ် ရေးသားပြုစုတော်မူခဲ့လေသည်။

မဇ္ဈိမဒေသပက္ကာသနီခေါ် ဗုဒ္ဓဝင်ပါဠိတော်၏ သီဟိုဠ်ဘာသာပဒတ္ထဗျာချာနိဿယတစောင်ကို သာသနာ ၂၄၃၃-ခု(သက္ကရာဇ် ၁၂၅၁-ခု)၌ သီဟိုဠ်ကျွန်း သေလဗိမ္ဗာရာမ ဝိဟာရနေ အသျှင်သီလက္ခန္ဓသည် ၂၄-ရက်နှင့်အပြီး ပြုစုတော်မူခဲ့လေသည်။

ဗုဒ္ဓဝင်အဋ္ဌကထာနိဿယကို ရတနာပူရ စတုတ္ထမြို့တည် နန်းတည် ဘကြီးတော်ဘုရား (၁၁၈၁-၉၉)လက်ထက် အာဒိစ္စဝံသာဘိဓဇ မဟာဓမ္မရာဇဂုရုတံဆိပ်တော်ရ ပဋမငါးခုန်ဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူလေသည်။

ဤမှတပါး ဗုဒ္ဓဝင်ပါဠိတော် အဋ္ဌကထာတို့ကို အမှီပြု ရေးသားစီရင်တော်မူကြသည့် စကားပြေ ကဗျာ အဖြာဖြာတို့ကား လွန်စွာပင် များပြားလှပါပေသည်။]

## စရိယာပိဋကကို ဟောကြားတော်မူခြင်း

ဤသို့ ဗုဒ္ဓဝင်ပါဠိတော်ကြီးကို ကြားနာရပြီးနောက် အသျှင်သာရိပုတြာ မဟာထေရ်မြတ်ကြီးသည် "ဗုဒ္ဓဝင်တော်ကြီး၌ ကြားနာရသည့် မြတ်စွာဘုရား၏ဂုဏ်တော် ကျေးဇူးတော်တို့သည်ကား အတိုင်းမသိ ကြီးမားပြန့်ကျယ်လှပါပေ၏၊ ထိုဂုဏ်တော် ကျေးဇူးတော်တို့၏ အကြောင်းဖြစ်သည့် ဘုရားဖြစ်ကြောင်း ပါရမီတရားအပေါင်းတို့သည်ကား အလွန် အာနုဘော် ကြီးပါပေစွ၊ ထိုပါရမီတရားတို့ကို ဘဝပေါင်း အဘယ်မျှ ဖြည့်ကျင့်ဆည်းပူးခဲ့ရပြီး အဘယ်ကဲ့သို့ ရင့်ကျက်ပြည့်စုံသည့် အဖြစ်သို့ ရောက်တော်မူခဲ့ရပါသနည်း၊ ထိုအကြောင်းကို ဤနေရာ၌ ငါမေးမြန်းလျှောက်ထား၍ မြတ်စွာဘုရားက ဟောကြားမိန့်မြွက်တော်မူခဲ့ပါလျှင် လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းဝယ် မြတ်စွာဘုရား၏ အာနုဘော်တော်သည် ပိုမိုထင်ရှားတော်မူပေလတ္တံ့"ဟု ဆင်ခြင်နှလုံးသွင်းတော်မူပြီးလျှင် "ရွှေဘုန်းတော် သခင် ရှင်တော်မြတ်ဘုရား ဤဘုရားဖြစ်ကြောင်း ပါရမီတရားအပေါင်းကို ဘဝပေါင်း အဘယ်မျှကြာအောင် ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ရပါသနည်း၊ အဘယ်ကဲ့သို့ ရင့်ကျက်ပြည့်စုံသည့်အဖြစ်သို့ ရောက်တော်မူခဲ့ရပါသနည်း"ဟု မေးလျှောက်ခဲ့လေသည်။

ထိုအခါ မြတ်စွာဘုရားသည် ထိုရတနာစင်္ကြံတော်ကြီး၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် ယုဂန္ဓိုရ်တောင်ထိပ်မှ ထွက်သစ်စဖြစ်သော နေလုလင်ကဲ့သို့ တင့်တယ်စွာ သီတင်းသုံးတော်မူရာမှ "သားတော်ကြီး သာရိပုတြာ ငါ၏ဘုရားအဖြစ်သို့ ရောက်ကြောင်း ပါရမီတရားတို့သည် ဒီပင်္ကရာမြတ်စွာဘုရား၏ ရှေ့တော်၌ မိမိကိုယ်ကို တံတားပမာပြုကာ ဆုတောင်းဆောက်တည်ခဲ့သည်မှအစပြု၍ မပြတ် အလေးအမြတ်ပြုလျက် အားထုတ်ခဲ့ခြင်းကြောင့် အလုံးစုံသော ကပ် ကမ္ဘာတို့၌ တဘဝထက် တဘဝ တဇာတိထက် တဇာတိ ရင့်ကျက်ပြည့်စုံ၍ လာခဲ့ပေသည်၊ ဤ ဘဒ္ဒကမ္ဘာ၌ကား ဤမည် ဤမည်သော ဘဝဇာတ် ဘဝဇာတ်တို့၌ ထို ပါရမီတရားတို့သည် အထူးသဖြင့် ရင့်ကျက်ပြည့်စုံခြင်းသို့ ရောက်ခဲ့လေကုန်ပြီ"ဟု နိဒါန်းသွယ်တော်မူကာ ဒုတိယဗုဒ္ဓါပဒါန်ဟု အမည်တပ်အပ်သည့် ဤစရိယာပိဋကပါဠိတော်ကြီးကို ဟောတော်မူခဲ့လေသည်။

(အပရေဆရာတို့ကား နတ် လူ ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံထိုက်သော မြတ်စွာဘုရားသည် ရတနာစင်္ကြံတော်၌ စင်္ကြံကြွတော်မူပြီးနောက် နိဂြောဓာရုံကျောင်းတော်သို့ သက်ကြွတော်မူကာ ရဟန္တာပေါင်း နှစ်သောင်းခြံရံတော်မူလျက် ခင်းထားအပ်သော ဘုရားနေရာတော်၌ ထိုင်တော်မူပြီးလျှင် အထက်၌ ပြဆိုခဲ့သည့်အတိုင်း အသျှင်သာရိပုတြာ၏ မေးလျှောက်ချက်ဖြင့် စရိယာပိဋကပါဠိတော်ကို ဟောတော်မူ၏ဟု ဆိုကြလေသည်)။

## စရိယာပိဋကနှင့် ပါရမီတော်များ

ပါရမီတော်တို့သည် ဒါနပါရမီ သီလပါရမီ နေက္ခမ္မပါရမီ ပညာပါရမီ ဝီရိယပါရမီ ခန္တီပါရမီ သစ္စာပါရမီ အဓိဋ္ဌာန်ပါရမီ မေတ္တာပါရမီနှင့် ဥပေက္ခာပါရမီဟူ၍ ၁၀-ပါးရှိရာ တပါးတပါး၌ ရိုးရိုး ကျင့်စဉ်အတိုင်း ဖြည့်ကျင့်ရသောပါရမီ, ကိုယ်အင်္ဂါ အစိတ်အပိုင်းကို စွန့်လွှတ်၍ ဖြည့်ကျင့်ရသော ဥပပါရမီနှင့် အသက်ကိုပင် စွန့်လွှတ်၍ ဖြည့်ကျင့်ရသော ပရမတ္ထပါရမီဟူ၍ သုံးပါးစီ ပြားသော ကြောင့် သုံးပါးဆယ်လီ ပါရမီတော် သုံးဆယ်ရှိပေသည်။

ထိုပါရမီတရားတို့ကို ဖြည့်ကျင့်ရာ၌ ဤစရိယာပိဋက၌ပါရှိသော အကိတ္တိပုဏ္ဏား သင်္ခပုဏ္ဏား စသော ဘဝတို့၌ကဲ့သို့ ဒါနပါရမီ(ရိုးရိုး)ကို ဖြည့်ကျင့်ခဲ့သော ဘဝတို့ကား အတိုင်း အရှည် အရေ အတွက် မည်သည်ပင် မရှိတော့ပေ၊ ထို့ပြင် သိဝိမင်းကြီးဘဝ စသည်တို့၌ မျက်လုံးကဲ့သို့သော အင်္ဂါကြီးငယ်ကို စွန့်လှူခြင်းစသည့် ဒါနဥပပါရမီဖြည့်ကျင့်ခဲ့သော ဘဝတို့သည်လည်း များပြား လှစွာ၏၊ ယုန်မင်းဘဝ၌မူကား မိမိကိုယ်ကို အလှူခံပုဂ္ဂိုလ်အတွက် အသားဟင်းလျာအလို့ငှါ မီးပုံ ကြီးအတွင်းသို့ ခုန်ဆင်းခဲ့သည်အထိ အတ္တပရိစ္စာဂခေါ် ကိုယ်နှင့်အသက်ကို မငဲ့မကွက် စွန့်လှူခဲ့ လေသည်၊ ယင်း ပါရမီကိုကား ဒါနပရမတ္ထပါရမီဟူ၍ ခေါ်ဆိုရပေသည်။

စမ္ပေယျနဂါးမင်း ဘူရိဒတ်နဂါးမင်းစသော ဘဝတို့၌ကဲ့သို့ သီလပါရမီကို ဖြည့်ကျင့်သောဘဝ တို့သည်လည်း အတိုင်း အရှည် အရေ အတွက် မရှိ၊ အထူးအားဖြင့် သင်္ခပါလဇာတ်၌ သီလ- ပရမတ္ထပါရမီကို အံ့ဖွယ်သရဲ ဖြည့်ကျင့်တော်မူခဲ့ပုံများကို ဤ စရိယာပိဋက၌ တွေ့မြင် ဖတ်ရှုရ ပေမည်၊ ဤသို့လျှင် စူဠသုတသောမဇာတ် သေနကပဏ္ဍိတဇာတ် မဟာဇနကဇာတ် ခန္တီဝါဒီ ဇာတ် တေမိယကုမာရဇာတ် မဟာသုတသောမဇာတ် သုဝဏ္ဏသာမဇာတ် မဟာလောမဟံသ ဇာတ်တို့၌ ရိုးရိုး နေက္ခမ္မ, ပညာ, ဝီရိယ, ခန္တီ, အဓိဋ္ဌာန်, သစ္စာ, မေတ္တာနှင့် ဥပေက္ခာပါရမီတို့ထက် လွန်ကဲသော နေက္ခမ္မပရမတ္ထပါရမီစသည့် ပရမတ္ထပါရမီတို့ကို ဖြည့်ကျင့်တော်မူခဲ့ပေသည်။

ထိုပါရမီတရားတို့ကို ဖြည့်ကျင့်ပုံဇာတ်တော်တို့အနက် ဤစရိယာပိဋကပါဠိတော်(မြန်မာပြန်) ၌ ဒါန သီလ နေက္ခမ္မ အဓိဋ္ဌာန် သစ္စာ မေတ္တာနှင့် ဥပေက္ခာပါရမီ ဖြည့်ကျင့်ပုံတို့ကို ဖော်ပြထား လေသည်၊ ဒါနပါရမီဆိုင်ရာ၌ ဇာတ်တော်ပေါင်း ၁၀-ဇာတ် (ပဌမဝဂ် တဝဂ်လုံး)၊ သီလပါရမီ ဆိုင်ရာ၌ ဇာတ်တော်ပေါင်း ၁၀-ဇာတ် (ဒုတိယဝဂ် တဝဂ်လုံး)နှင့် နေက္ခမ္မပါရမီဆိုင်ရာ၌ ဇာတ် တော် ၅-ဇာတ်၊ အဓိဋ္ဌာန်ပါရမီဆိုင်ရာ၌ ဇာတ်တော် ၁-ဇာတ်၊ သစ္စာပါရမီဆိုင်ရာ၌ ဇာတ်တော် ၆-ဇာတ်၊ မေတ္တာပါရမီဆိုင်ရာ၌ ဇာတ်တော် ၂-ဇာတ်နှင့် ဥပေက္ခာပါရမီဆိုင်ရာ၌ ဇာတ်တော် ၁-ဇာတ်အားဖြင့် ပါရမီ ၅-မျိုးအတွက်(တတိယဝဂ်၌) စုစုပေါင်း ဇာတ်တော် ၁၅-ဇာတ် ပါဝင် လေသည်။

ဤ၌ ဒါနပါရမီဆိုင်ရာ ဇာတ်တော်, သီလပါရမီဆိုင်ရာ ဇာတ်တော်ဟု ဆိုသည်မှာ အထူးပြု၍ ဟောတော်မူရာ ပါရမီတော်ကိုသာ စွဲမှတ်၍ ခေါ်ဝေါ်ခြင်းဖြစ်ရာ စင်စစ်အားဖြင့်မူ ဇာတ်တော် တိုင်းတွင် ပါရမီ ၁၀-ပါးလုံးပင် ထိုက်သင့်သလို ပါရှိသည်ချည်းပင် ဖြစ်ပေသည်။

သို့သော် မှတ်သားထားသင့်သောအချက်မှာ ဤစရိယာပိဋကပါဠိတော်၌ ပညာပါရမီ ဝီရိယ- ပါရမီနှင့် ခန္တီပါရမီ ဤပါရမီ ၃-ပါးဆိုင်ရာဇာတ်တော်များမပါရှိခဲ့ပေ၊ အဘယ့်ကြောင့် ဤပါရမီ ၃-ပါးဆိုင်ရာ ဇာတ်တော်များ မပါရှိကြောင်း အဋ္ဌကထာကလည်း ဖွင့်ပြမထားခဲ့သဖြင့် အတိ

အကျ သိခွင့် မရှိဟု ဆိုရပေမည်၊ ပညာပါရမီ ဝီရိယပါရမီနှင့် ခန္တီပါရမီတော်တို့မှာ ဒါန သီလ စသော ပါရမီတော်တို့တွင် မပါလျှင် မပြီး ပါနိုင်သော ပါရမီတော်ချည်းပင် ဖြစ်သဖြင့် အထူး ဟောတော်မမူခဲ့လေသလော မသိ၊ ဤစရိယာပိဋကပါဠိတော်၌ မပါရှိခဲ့သည်ကိုကား အထူး သတိ ချပ်၍ မှတ်သားဖွယ်ရာပင် ဖြစ်ပေသည်။

## စရိယာပိဋကနှင့် ဇာတ်ပါဠိတော်

ဤစရိယာပိဋကပါဠိတော်၌ ပါဝင်သော ဇာတ်တော် ၃၅-ဇာတ်မှာ ဇာတ်ပါဠိတော်(၅၅၀-ခေါ် သောဇာတ်များ)၌ ပါဝင်သော ဇာတ်တော်များပင် ဖြစ်ပေ၏၊ သို့ပင် ဖြစ်လင့်ကစား တဇာတ် တော်တည်းပင် ဖြစ်သော်လည်း အချိန်ကာလ ဟောတော်မူရာဌာန အကြောင်း နိဒါန်း စသည် ကွာခြားသကဲ့သို့ပင် ဟောတော်မူပုံ အခြင်းအရာချင်းလည်း မတူပေ။

စရိယာပိဋကပါဠိတော်ကို မြတ်စွာဘုရားသည် ဝါတော်နှစ်ဝါရ ဘုရားဖြစ်တော်မူစ အချိန်တွင် ကပိလဝတ်ပြည်၌(ရှေ့ပိုင်းတွင်ဖော်ပြခဲ့သည့် အတိုင်း)အသျှင်သာရိပုတြာ မေးမြန်း လျှောက်ထား ချက်အရ ဟောတော်မူခဲ့၏၊ ဇာတ်ပါဠိတော်လာ ဇာတ်တော်များကား ဘုရားဖြစ်တော်မူသည်မှ စ၍ ပရိနိဗ္ဗာန်စံဝင်တော်မမူမီအတွင်း ထိုထိုအရပ် ထိုထိုအကြောင်း နိဒါန်းတို့ကြောင့် ထိုက်သင့် သလို ခွဲ့ထွင်ဟောပြတော်မူခဲ့သော ဇာတ်တော်များဖြစ်ပေသည်။

သာဓကအနေဖြင့် ဤစရိယာပိဋကပါဠိတော်မှ အဦးဆုံးဖြစ်သော အကိတ္တိဇာတ်ကို ကြည့်ရှု နိုင်ပေသည်၊ ဤ၌ အကိတ္တိဇာတ်ပုံသဏ္ဌာန်မှာ မြတ်စွာဘုရားသည် အသျှင်သာရိပုတြာအား မိမိ အကိတ္တိရသေ့ဖြစ်စဉ်က တွေ့ကြုံရပုံ ဒါနပါရမီဖြည့်ကျင့်ရပုံကို ရိုးရိုးကလေး ဟောပြသွားလေသည်၊ ဇာတ်ပါဠိတော်တွင်ကား ဤကဲ့သို့မဟုတ်ပေ၊ ဤအကိတ္တိဇာတ်ကို ဇာတ်ပါဠိတော် တေရသက နိပါတ်၌ တွေ့ရှိနိုင်၏၊ဇာတ်ပါဠိတော်လာ အကိတ္တိဇာတ်ကား မြတ်စွာဘုရားဝါတော်နှစ်ဆယ်ကျော် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူချိန် သာဝတ္ထိပြည်၌ အလှူရှင်တဦးကို အကြောင်းပြု၍ အနုမောဒနာတရား ဟောတော်မူရာတွင် ဟောပြတော်မူခဲ့ခြင်း ဖြစ်သည်၊ ဟောတော်မူသည့် ပုံသဏ္ဌာန်မှာ အချင်းချင်း စကားဆိုဟန်တို့ဖြင့် ဇာတ်တော်များ ဟောရိုး အတိုင်း ဟောထားသည်ကို တွေ့ရသည်။

ထို့ပြင်လည်း ဤစရိယာပိဋကပါဠိတော်၌ ဝေဿန္တရာဇာတ်ကို ဂါထာ ၅၇-ဂါထာမျှဖြင့် ဒါန ပါရမီသဘော ပေါ်လွင်အောင် အကျဉ်းသာမည ရိုးရိုးကလေးသာ ဟောပြခဲ့သော်လည်း ဇာတ် ပါဠိတော် မဟာနိပါတ်၌မူ ဝေဿန္တရာဇာတ်တော်ကို ဂါထာပေါင်း ၉၇၅-ဂါထာတို့ဖြင့် အဆန်း တကြယ် ဟောကြားထားခဲ့လေသည်၊ အချုပ်မှာ ဤစရိယာပိဋကပါဠိတော်၌ ဇာတ်တော် ဟောရိုးအတိုင်းမဟုတ်ဘဲ ပါရမီဖြည့်ပုံသဘော ပေါ်လွင်ရုံမျှသာ ပါရမီတော်အစဉ်အတိုင်း(ပညာ ဝီရိယ ခန္တီမှ တပါး)ရိုးရိုးကလေး လိုရင်းကိုချုပ်၍ ဟောပြတော်မူခဲ့၍ ဇာတ်ပါဠိတော်၌ကား အကြောင်းနိဒါန်းအားလျော်စွာ သိုင်းဝိုင်းခွဲ့ထွင် တန်ဆာဆင်၍ နာချင်စဖွယ် ဟောပြတော် မူကြောင်း ခွဲခြားမှတ်သားထားသင့်ပေသည်။

ယင်းသို့ လကျာ်တော်ရံ အဂ္ဂသာဝကကြီး အသျှင်သာရိပုတြာ တောင်းပန်လျှောက်ထားသဖြင့် ကပိလဝတ်ပြည် နိဂြောဓာရုံဥယျာဉ်တော်၌ ဆွေတော်မျိုးတော်တို့အလယ် ပြာဋိဟာပွဲတွင် ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားအပ်သော ဗုဒ္ဓဝံသနှင့် စရိယာပိဋကပါဠိတော်တို့၏ မြန်မာ

ပြန် ကျမ်းကြီးနှစ်ဆူကို ထေရာ ထေရီ အပဒါန်မြန်မာပြန်များနှင့်တွဲ၍ ပြည်ထောင်စုမြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့မှ ဆိုင်ရာ အဋ္ဌကထာ ဋီကာ နိဿယတို့နှင့်၎င်း မြန်မာဝေါဟာရဆိုင်ရာ ကျမ်းဂန်များနှင့်၎င်း ညှိနှိုင်းကာ အပိုအလိုမရှိ ပြေပြစ်စွာ မြန်မာဘာသာ ပြန်ဆိုထားပေသည်။

ထို့ကြောင့် သဒ္ဒါအရသာ, အနက်အရသာ နှစ်ဖြာပြည့်စုံသည့် ဤဗုဒ္ဓဝင်နှင့် စရိယာပိဋကပါဠိတော်မြန်မာပြန်များကို ပါဠိဘာသာကို မလေ့လာ မတတ်ကျွမ်းသည့် သူတော်စင်ပုဂ္ဂိုလ်တို့ လေ့လာတိုးပွါး အကျိုးများနိုင်ကြစေရန် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှ ရိုက်နှိပ်ဖြန့်ချိလိုက်ရခြင်း ဖြစ်ပေသတည်း။

[ စာဖတ်သူ ကလျာဏအပေါင်း သူတော်ကောင်းတို့ အလွယ်တကူ သိမှတ်ကြစေခြင်းငှါ ဂေါတမရှင်တော်ဘုရားအလောင်း (နိယတဗျာဒိတ်ရသည့် အချိန်က စ၍) ဆုတောင်းဆုယူပြုခဲ့သည့် ဘုရား ၂၄-ဆူတို့၏စာရင်းကို ပါရမီဖြည့်ရာကာလ ပွင့်တော်မူသည့်ကမ္ဘာ စသည်တို့နှင့်တကွ တဖက်တွင် ဇယားကွက်ဖြင့် ဖော်ပြလိုက်ပါသည် ]။

# ဗုဒ္ဓဝင်အချုပ်ဇယား

| ဘုရားဘွဲ့တော် | ၁-ဒီပင်္ကရာ | ၂-ကောဏ္ဍည* | ၃-မင်္ဂလ* |
|---|---|---|---|
| ၁-ကမ္ဘာအမည် | သာရမဏ္ဍ | သာရ | သာရမဏ္ဍ |
| ၂-ကမ္ဘာအရေအတွက် | ၄-သင်္ချေနှင့်ကမ္ဘာ ၁-သိန်းထက် | ၃-သင်္ချေနှင့်ကမ္ဘာ ၁-သိန်းထက် | ၂-သင်္ချေနှင့်ကမ္ဘာ ၁-သိန်းထက် |
| ၃-ပြည်တော် | ရမ္မာဝတီ | ရမ္မာဝတီ | ဥတ္တရ |
| ၄-ခမည်းတော် | သုဒေဝ | သုနန္ဒ | ဥတ္တရ |
| ၅-မယ်တော် | သုမေဓာ | သုဇာတာ | ဥတ္တရာ |
| ၆-ပြာသာဒ်သုံးဆောင် | ဟံသ, ကောဉ္စ, မယူရ | သုစိ, သုရုစိ, သုဘ | ယသဝါ, ရုစိမာ, သိရိမာ |
| ၇-မိဖုရား | ပဒုမာ | ရုစိဒေဝီ | ယသဝတီ |
| ၈-သားတော် | ဥသဘက္ခန္ဓ | ဝိဇိတသေန | သီဝလ |
| ၉-စည်းစိမ်စံနှစ် | ၁-သောင်း | ၁-သောင်း | ၉-ထောင် |
| ၁၀-နိက္ခမယာဉ် | ဆင်ယာဉ် | ရထားယာဉ် | မြင်းယာဉ် |
| ၁၁-ဒုက္ကရစရိယာ | ၁၀-လ | ၁၀-လ | ၈-လ |
| ၁၂-ဗောဓိပင် | ညောင်ကြတ်ပင် | နပဲပင် | ကံ့ကော်ပင် |
| ၁၃-လက်ျာရံထေရ် | သုမင်္ဂလ | ဘဒ္ဒ | သုဒေဝ |
| ၁၄-လက်ဝဲရံထေရ် | တိဿ | သုဘဒ္ဒ | ဓမ္မသေန |
| ၁၅-အလုပ်အကျွေး | သာဂတ | အနုရုဒ္ဓ | ပါလိတ |
| ၁၆-လက်ျာရံထေရီမ | နန္ဒာ | တိဿာ | သီဝလာ |
| ၁၇-လက်ဝဲရံထေရီမ | သုနန္ဒာ | ဥပတိဿာ | အသောကာ |
| ၁၈-ညဏ်တော် | အတောင်-၈၀ | ၈၈-တောင် | ၈၈-တောင် |
| ၁၉-အသက်တမ်း | အနှစ် ၁-သိန်း | အနှစ် ၁-သိန်း | အနှစ် ၉-သောင်း |
| ၂၀-စေတီအမြင့် | ၃၆-ယူဇနာ | ၇-ယူဇနာ | ယူဇနာ-၃၀ |
| ၂၁-ဘုရားအလောင်း | သုမေဓာရသေ့ | ဝိဇိတာဝီစကြာမင်း | သုရုစိပုဏ္ဏား |
| ၂၂-ပါရမီဖြည့်ရာကာလ | ............................ | ၁၆-သင်္ချေနှင့်ကမ္ဘာ တသိန်း | ၁၆-သင်္ချေနှင့်ကမ္ဘာ တသိန်း |

| ဘုရားအဲ့တော် | ၄-သုမန | ၅-ရေဝတ | ၆-သောဘိတ* |
|---|---|---|---|
| ၁-ကမ္ဘာအမည် | သာရမဏ္ဍ | သာရမဏ္ဍ | သာရမဏ္ဍ |
| ၂-ကမ္ဘာအရေအတွက် | ၂-သင်္ချေနှင့်ကမ္ဘာ ၁-သိန်းထက် | ၂-သင်္ချေနှင့်ကမ္ဘာ ၁-သိန်းထက် | ၂-သင်္ချေနှင့်ကမ္ဘာ ၁-သိန်းထက် |
| ၃-ပြည်တော် | မေခလ | သုဓညဝတီ | သုဓမ္မ |
| ၄-ခမည်းတော် | သုဒတ္တ | ဝိပုလ | သုဓမ္မ |
| ၅-မယ်တော် | သိရိမာ | ဝိပုလာ | သုဓမ္မာ |
| ၆-ပြာသာဒ်သုံးဆောင် | စန္ဒ,သုစန္ဒ,ဝဋံသ | သုဒဿန,ရတနဂ္ဃိ, အာဝေဠ | ကုမုဒ,နာဠိန,ပဒုမ |
| ၇-မိဖုရား | ဝဋံသိကာ | သုဒဿနာ | မဏိလာ |
| ၈-သားတော် | အနုပမ | ဝရုဏ | သီဟ |
| ၉-စည်းစိမ်စံနှစ် | ၉-ထောင် | ၆-ထောင် | ၉-ထောင် |
| ၁၀-နိက္ခမယာဉ် | ဆင်ယာဉ် | ရထားယာဉ် | ပြာသာဒ်ယာဉ် |
| ၁၁-ဒုက္ကရစရိယာ | ၁၀-လ | ၇-လ | ၇-ရက် |
| ၁၂-ဗောဓိပင် | ကံ့ကော်ပင် | ကံ့ကော်ပင် | ကံ့ကော်ပင် |
| ၁၃-လက်ျာရံထေရ် | သရဏ | ဝရုဏ | အသမ |
| ၁၄-လက်ဝဲရံထေရ် | ဘာဝိတတ္တ | ဗြဟ္မဒေဝ | သုနေတ္တ |
| ၁၅-အလုပ်အကျွေး | ဥဒေန | သမ္ဘဝ | အနောမ |
| ၁၆-လက်ျာရံထေရီမ | သောဏာ | ဘဒ္ဒါ | နကုလာ |
| ၁၇-လက်ဝဲရံထေရီမ | ဥပသောဏာ | သုဘဒ္ဒါ | သုဇာတာ |
| ၁၈-ဉာဏ်တော် | အတောင်-၉၀ | အတောင်-၈၀ | ၅၈-တောင် |
| ၁၉-အသက်တမ်း | အနှစ် ၉-သောင်း | အနှစ် ၆-သောင်း | အနှစ် ၉-သောင်း |
| ၂၀-စေတီအမြင့် | ၄-ယူဇနာ | စေတီအများ | စေတီအများ |
| ၂၁-ဘုရားအလောင်း | အတုလနဂါးမင်း | အတိဒေဝပုဏ္ဏား | သုဇာတပုဏ္ဏား |
| ၂၂-ပါရမီဖြည့်ရာကာလ | .... .... .... .... | .... .... .... .... | ၄-သင်္ချေနှင့်ကမ္ဘာ တသိန်း |

| ဘုရားဘွဲ့တော် | ၇-အနောမဒဿီ* | ၈-ပဒုမ | ၉-နာရဒ* |
|---|---|---|---|
| ၁-ကမ္ဘာအမည် | ဝရ | ဝရ | ဝရ |
| ၂-ကမ္ဘာအရေအတွက် | ၁-သင်္ချေနှင့်ကမ္ဘာ ၁-သိန်းထက် | ၁-သင်္ချေနှင့်ကမ္ဘာ ၁-သိန်းထက် | ၁-သင်္ချေနှင့် ကမ္ဘာ တသိန်းထက် |
| ၃-ပြည်တော် | စန္ဒဝတီ | စမ္ပက | ဓညဝတီ |
| ၄-ခမည်းတော် | ယသဝါ | အသမ | သုဒေဝ |
| ၅-မယ်တော် | ယသောဓရာ | အသမာ | အနောမာ |
| ၆-ပြာသာဒ်သုံးဆောင် | သိရိ,ဥပသိရိ,ဝဍ္ဎ | နန္ဒုတ္တရ,ဝသုတ္တရ, ယသုတ္တရ | ဇိတ,ဝိဇိတ,အဘိရာမ |
| ၇-မိဖုရား | သိရိမာ | ဥတ္တရာ | ဝိဇိတသေနာ |
| ၈-သားတော် | ဥပဝါဏ | ရမ္မ | နန္ဒုတ္တရ |
| ၉-စည်းစိမ်စံနှစ် | ၁-သောင်း | ၁-သောင်း | ၉-ထောင် |
| ၁၀-နိက္ခမယာဉ် | ရွှေထမ်းစင်ယာဉ် | ရထားယာဉ် | ခြေကျင် |
| ၁၁-ဒုက္ကရစရိယာ | ၁၀-လ | ၈-လ | ၇-ရက် |
| ၁၂-ဗောဓိပင် | ဖောက်ကြံ့ပင် | ကြောင်လျှာပင် | ကြောင်လျှာကြီးပင် |
| ၁၃-လကျာ်ရံထေရ် | နိသဘ | သာလ | ဘဒ္ဒသာလ |
| ၁၄-လက်ဝဲရံထေရ် | အနောမ | ဥပသာလ | ဝိဇိတမိတ္တ |
| ၁၅-အလုပ်အကျွေး | ဝရုဏ | ဝရုဏ | ဝါသေဋ္ဌ |
| ၁၆-လကျာ်ရံထေရီမ | သုန္ဒရီ | ရာမာ | ဥတ္တရာ |
| ၁၇-လက်ဝဲရံထေရီမ | သုမနာ | သုရာမာ | ဖဂ္ဂုနီ |
| ၁၈-ဉာဏ်တော် | ၅၈-တောင် | ၅၈-တောင် | ၈၈-တောင် |
| ၁၉-အသက်တမ်း | အနှစ် ၁-သိန်း | အနှစ် ၁-သိန်း | အနှစ် ၉-သောင်း |
| ၂၀-စေတီအမြင့် | ၂၅-ယူဇနာ | စေတီအများ | ၄-ယူဇနာ |
| ၂၁-ဘုရားအလောင်း | ဘီလူးစစ်သူကြီး | ခြင်္သေ့မင်း | ရသေ့ရဟန်း |
| ၂၂-ပါရမီဖြည့်ရာကာလ | ၁၆-သင်္ချေနှင့်ကမ္ဘာ တသိန်း | .... .... .... | ၄-သင်္ချေနှင့် ကမ္ဘာ တသိန်း |

| ဘုရားအဆွဲတော် | ၁၀-ပဒုမုတ္တရ | ၁၁-သုမေဓ | ၁၂-သုဇာတ |
|---|---|---|---|
| ၁-ကမ္ဘာအမည် | သာရ | မဏ္ဍ | မဏ္ဍ |
| ၂-ကမ္ဘာအရေအတွက် | ကမ္ဘာ ၁-သိန်းထက် | ကမ္ဘာသုံးသောင်းထက် | ကမ္ဘာ ၃-သောင်းထက် |
| ၃-ပြည်တော် | ဟံသဝတီ | သုဒဿန | သုမင်္ဂလ |
| ၄-ခမည်းတော် | အာနန္ဒ | သုဒတ္တ | ဥဂ္ဂတ |
| ၅-မယ်တော် | သုဇာတာ | သုဒတ္တာ | ပဘာဝတီ |
| ၆-ပြာသာဒ်သုံးဆောင် | နရဝါဟန, ယသဝါဟန, ဝသဝတ္တိ | သုစန္ဒန, ကဥ္စန, သိရိဝဍ္ဎန | သိရိ, ဥပသိရိ, နန္ဒ |
| ၇-မိဖုရား | ဝသုဒတ္တာ | သုမနာ | သိရီနန္ဒာ |
| ၈-သားတော် | ဥတ္တရ | ပုနဗ္ဗသု | ဥပသေန |
| ၉-စည်းစိမ်စံနှစ် | ၁-သောင်း | ၉-ထောင် | ၉-ထောင် |
| ၁၀-နိက္ခမယာဉ် | ပြာသာဒ်ယာဉ် | ဆင်ယာဉ် | မြင်းယာဉ် |
| ၁၁-ဒုက္ကရစရိယာ | ၇-ရက် | ၁၅-ရက် | ၉-လ |
| ၁၂ ဗောဓိပင် | ထင်းရှူးပင် | မအူကြီးပင် | ကြခတ်ဝါးပင် |
| ၁၃-လကျာ်ရံထေရ် | ဒေဝလ | သရဏ | သုဒဿန |
| ၁၄-လက်ဝဲရံထေရ် | သုဇာတ | သဗ္ဗကာမ | သုဒေဝ |
| ၁၅-အလုပ်အကျွေး | သုမန | သာဂရ | နာရဒ |
| ၁၆-လကျာ်ရံထေရီမ | အမိတာ | ရာမာ | နာဂါ |
| ၁၇-လက်ဝဲရံထေရီမ | အသမာ | သုရာမာ | နာဂသမာလာ |
| ၁၈-ညာဏ်တော် | ၅၈-တောင် | ၈၈-တောင် | အတောင်-၅၀ |
| ၁၉-အသက်တမ်း | အနှစ် ၁-သိန်း | အနှစ် ၉-သောင်း | အနှစ် ၉-သောင်း |
| ၂၀-စေတီအမြင့် | ၁၂-ယူဇနာ | စေတီအများ | ၃-ဂါဝုတ် |
| ၂၁-ဘုရားအလောင်း | ဇဋိလမင်း | ဥတ္တရလုလင် | စကြဝတေးမင်း |
| ၂၂-ပါရမီဖြည့်ရာကာလ | .... .... .... | .... .... .... | .... .... .... |

| ဘုရားဘွဲ့တော် | ၁၃-ဝိယဒဿီ | ၁၄-အတ္ထဒဿီ | ၁၅-ဓမ္မဒဿီ |
|---|---|---|---|
| ၁-ကမ္ဘာအမည် | ဝရ | ဝရ | ဝရ |
| ၂-ကမ္ဘာအရေအတွက် | ၁၁၈-ကမ္ဘာထက် | ၁၁၈-ကမ္ဘာထက် | ၁၁၈-ကမ္ဘာထက် |
| ၃-ပြည်တော် | သုဓညဝတီ | သောဘဏ | သရဏ |
| ၄-ခမည်းတော် | သုဒတ္တ | သာဂရ | သရဏ |
| ၅-မယ်တော် | စန္ဒာ | သုဒဿနာ | သုနန္ဒာ |
| ၆-ပြာသာဒ်သုံးဆောင် | သုနိမ္မလ, ဝိမလ, ဂိရိဂုဟ | အမရ, ဂိရိ, သုဂိရိဝါဟန | အရဇ, ဝိရဇ, သုဒဿန |
| ၇-မိဖုရား | ဝိမလာ | ဝိသာခါ | ဝိစိကောဠီ |
| ၈-သားတော် | ကဉ္စနာဝေဠ | သေလ | ပုညဝဍ္ဎန |
| ၉-စည်းစိမ်စံနှစ် | ၉-ထောင် | ၁-သောင်း | ၈-ထောင် |
| ၁၀-နိက္ခမယာဉ် | ရထားယာဉ် | မြင်းယာဉ် | ပြာသာဒ်ယာဉ် |
| ၁၁-ဒုက္ကရစရိယာ | ၆-လ | ၈-လ | ၇-ရက် |
| ၁၂-ဗောဓိပင် | ရေခံတက်ပင် | စကားပင် | သံသတ်ပင် |
| ၁၃-လကျ်ာရံထေရ် | ပါလိတ | သန္တ | ပဒုမ |
| ၁၄-လက်ဝဲရံထေရ် | သဗ္ဗဒဿီ | ဥပသန္တ | ဖုဿဒေဝ |
| ၁၅-အလုပ်အကျွေး | သောဘိတ | အဘယ | သုနေတ္တ |
| ၁၆-လကျ်ာရံထေရီမ | သုဇာတာ | ဓမ္မာ | ခေမာ |
| ၁၇-လက်ဝဲရံထေရီမ | ဓမ္မဒိန္နာ | သုဓမ္မာ | သစ္စနာမာ |
| ၁၈-ညဏ်တော် | အတောင်-၈၀ | အတောင်-၈၀ | အတောင်-၈၀ |
| ၁၉-အသက်တမ်း | အနှစ် ၉-သောင်း | အနှစ် ၁-သိန်း | အနှစ် ၁-သိန်း |
| ၂၀-စေတီအမြင့် | ၃-ယူဇနာ | စေတီအများ | ၃-ယူဇနာ |
| ၂၁-ဘုရားအလောင်း | ကဿပပုဏ္ဏား | သုသိမရသေ့ | သိကြားမင်း |
| ၂၂-ပါရမီဖြည့်ရာကာလ | .... .... .... | .... .... .... | .... .... .... |

| ဘုရားအင်္ဂါတော် | ၁၆-သိဒ္ဓတ္ထ | ၁၇-တိဿ | ၁၈-ဖုဿ |
|---|---|---|---|
| ၁-ကမ္ဘာအမည် | သာရ | မဏ္ဍ | မဏ္ဍ |
| ၂-ကမ္ဘာအရေအတွက် | ၉၄-ကမ္ဘာထက် | ၉၂-ကမ္ဘာထက် | ၉၂-ကမ္ဘာထက် |
| ၃-မြို့တော် | ဝေဘာရ | ခေမက | ကာသိက |
| ၄-ခမည်းတော် | ဥဒေန | ဇနသန္ဓ | ဇယသေန |
| ၅-မယ်တော် | သုဖဿာ | ပဒုမာ | သိရိမာ |
| ၆-ပြာသာဒ်သုံးဆောင် | ကောက,သုပ္ပလ, ကောကနဒ | ဂုဟာသေလ,နာရိသယ, နိသဘ | ဂရုဠပက္ခ,ဟံသ,သုဝဏ္ဏ-သာရ |
| ၇-မိဖုရား | သောမနဿာ | သုဘဒ္ဒါ | ကိသာဂေါတမီ |
| ၈-သားတော် | အနုပမ | အာနန္ဒ | အနုပမ |
| ၉-စည်းစိမ်စံနှစ် | ၁-သောင်း | ၇-ထောင် | ၉-ထောင် |
| ၁၀-နိက္ခမယာဉ် | ရွှေထမ်းစင်ယာဉ် | မြင်းယာဉ် | ဆင်ယာဉ် |
| ၁၁-ဒုက္ကရစရိယာ | ၁၀-လ | ၈-လ | ၆-လ |
| ၁၂-ဗောဓိပင် | မဟာလှေကားပင် | ပိတောက်ပင် | သျှိသျှားပင် |
| ၁၃-လက်ျာရံထေရ် | သမ္ဗလ | ဗြဟ္မဒေဝ | သုရက္ခိတ |
| ၁၄-လက်ဝဲရံထေရ် | သုမိတ္တ | ဥဒယ | ဓမ္မသေန |
| ၁၅-အလုပ်အကျွေး | ရေဝတ | သမင်္ဂ | သဘိယ |
| ၁၆-လက်ျာရံထေရီမ | သီဝလာ | ဖုဿာ | စာလာ |
| ၁၇-လက်ဝဲရံထေရီမ | သုရာမာ | သုဒတ္တာ | ဥပစာလာ |
| ၁၈-ဉာဏ်တော် | အတောင်-၆၀ | အတောင်-၆၀ | ၅၈-တောင် |
| ၁၉-အသက်တမ်း | အနှစ် ၁-သိန်း | အနှစ် ၁-သိန်း | အနှစ် ၉-သောင်း |
| ၂၀-စေတီအမြင့် | ၄-ယူဇနာ | ၃-ယူဇနာ | စေတီအများ |
| ၂၁-ဘုရားအလောင်း | မင်္ဂလရသေ့ | သုဇာတမင်း | ဝိဇိတာဝီမင်း |
| ၂၂-ပါရမီဖြည့်ရာကာလ | .... .... .... | .... .... .... | .... .... .... |

| ဘုရားဘွဲတော် | ၁၉-ဝိပဿိ | ၂၀-သိခီ | ၂၁-ဝေဿဘူ |
|---|---|---|---|
| ၁-ကမ္ဘာအမည် | သာရ | မဏ္ဍ | မဏ္ဍ |
| ၂-ကမ္ဘာအရေအတွက် | ၉၁-ကမ္ဘာတက် | ၃၁-ကမ္ဘာထက် | ၃၁-ကမ္ဘာထက် |
| ၃-ပြည်တော် | ဗန္ဓုမတီ | အရုဏဝတီ | အနောမ |
| ၄-ခမည်းတော် | ဗန္ဓုမ | အရုဏ | သုပ္ပတိတ |
| ၅-မယ်တော် | ဗန္ဓုမတီ | ပဘာဝတီ | ယသဝတီ |
| ၆-ပြာသာဒ်သုံးဆောင် | နန္ဒ,သုနန္ဒ,သိရိမာ | သုစန္ဒက,ဂိရိ,ဝသဘ | ရုစိ,သုရုစိ,ရတိဝဍ္ဎန |
| ၇-မိဖုရား | သုဒဿနာ | သဗ္ဗကာမာ | သုစိတ္တာ |
| ၈-သားတော် | သမဝတ္တက္ခန္ဓ | အတုလ | သုပ္ပဗုဒ္ဓ |
| ၉-စည်းစိမ်စံနှစ် | ၈-ထောင် | ၇-ထောင် | ၆-ထောင် |
| ၁၀-နိက္ခမယာဉ် | ရထားယာဉ် | ဆင်ယာဉ် | ရွှေထမ်းစင်ယာဉ် |
| ၁၁-ဒုက္ကရစရိယာ | ၈-လ | ၈-လ | ၆-လ |
| ၁၂-ဗောဓိပင် | သခွတ်ပင် | သရက်ဖြူပင် | အင်ကြင်းပင် |
| ၁၃-လက်ျာရံထေရ် | ခဏ္ဍ | အဘိဘူ | သောဏ |
| ၁၄-လက်ဝဲရံထေရ် | တိဿ | သမ္ဘဝ | ဉတ္တရ |
| ၁၅-အလုပ်အကျွေး | အသောက | ခေမင်္ကရ | ဉပသန္တ |
| ၁၆-လက်ျာရံထေရီမ | စန္ဒာ | သခိလာ | ရာမာ |
| ၁၇-လက်ဝဲရံထေရီမ | စန္ဒမိတ္တာ | ပဒုမာ | သမာလာ |
| ၁၈-ဉာဏ်တော် | အတောင်-၈၀ | အတောင်-၇၀ | အတောင်-၆၀ |
| ၁၉-အသက်တမ်း | အနှစ် ၈-သောင်း | အနှစ် ၇-သောင်း | အနှစ် ၆-သောင်း |
| ၂၀-စေတီအမြင့် | ၇-ယူဇနာ | ၃-ယူဇနာ | စေတီအများ |
| ၂၁-ဘုရားအလောင်း | အတုလနဂါးမင်း | အရိန္ဒမမင်း | သုဒဿနမင်း |
| ၂၂-ပါရမီဖြည့်ရာကာလ .... | ... .... | .... .... .... | .... .... .... |

| ဘုရားဘွဲ့တော် | ၂၂-ကကုသန် | ၂၃-ကောဏာဂုံ | ၂၄-ကဿပ | ၂၅-ဂေါတမ* |
|---|---|---|---|---|
| ၁-ကမ္ဘာအမည် | ဘဒ္ဒ | ဘဒ္ဒ | ဘဒ္ဒ | ဘဒ္ဒ |
| ၂-ကမ္ဘာအရေအတွက် | ဤဘဒ္ဒကကမ္ဘာ | ဤဘဒ္ဒကကမ္ဘာ | ဤဘဒ္ဒကကမ္ဘာ | ဤဘဒ္ဒကကမ္ဘာ |
| ၃-ပြည်တော် | ခေမဝတီ | သောဘဝတီ | ဗာရာဏသီ | ကပိလဝတ် |
| ၄-ခမည်းတော် | အဂ္ဂိဒတ္တ | ယညဒတ္တ | ဗြဟ္မဒတ္တ | သုဒ္ဓေါဒန |
| ၅-မယ်တော် | ဝိသာခါ | ဥတ္တရာ | ဓနဝတီ | မဟာမယာ |
| ၆-ပြာသာဒ်သုံးဆောင် | ကာမ,ကာမဝဏ္ဏ, ကာမသုဒ္ဓိ | တုသိတ,သန္တုသိတ,သန္တုဋ္ဌ | ဟံသ,ယသ, သိရိနန္ဒ | ရမ္မ,သုရမ္မ,သုဘ |
| ၇-မိဖုရား | ရောစိနီ | ရုစိဂတ္တာ | သုနန္ဒာ | ဘဒ္ဒကစ္စနာ |
| ၈-သားတော် | ဥတ္တရ | သတ္ထဝါဟ | ဝိဇိတသေန | ရာဟုလာ |
| ၉-စည်းစိမ်စံနှစ် | ၄-ထောင် | ၃-ထောင် | ၂-ထောင် | ၂၉-နှစ် |
| ၁၀-နိက္ခမယာဉ် | ရထားယာဉ် | ဆင်ယာဉ် | ပြာသာဒ်ယာဉ် | မြင်းယာဉ် |
| ၁၁-ဒုက္ကရစရိယာ | ၈-လ | ၆-လ | ၇-ရက် | ၆-နှစ် |
| ၁၂-ဗောဓိပင် | ကုက္ကိုပင် | ရေသဖန်းပင် | ပညောင်ပင် | ညောင်ဗုဒ္ဓဟေပင် |
| ၁၃-လကျ်ာရံထေရ် | ဝိဓုရ | ဘိယျောသ | တိဿ | ဥပတိဿ |
| ၁၄-လက်ဝဲရံထေရ် | သဥ္စိဝ | ဥတ္တရ | ဘာရဒွါဇ | ကောလိတ |
| ၁၅-အလုပ်အကျွေး | ဗုဒ္ဓိဇ | သောတ္ထိဇ | သဗ္ဗမိတ္တ | အာနန္ဒ |
| ၁၆-လကျ်ာရံထေရီမ | သာမာ | သမုဒ္ဒါ | အနုဠာ | ခေမာ |
| ၁၇-လက်ဝဲရံထေရီမ | စမ္ပာ | ဥတ္တရာ | ဥရုဝေဠာ | ဥပ္ပလဝဏ္ဏာ |
| ၁၈-ဉာဏ်တော် | အတောင်-၄၀ | အတောင်-၃၀ | အတောင်-၂၀ | ၁၈-တောင် |
| ၁၉-အသက်တမ်း | အနှစ် ၄-သောင်း | အနှစ် ၃-သောင်း | အနှစ် ၂-သောင်း | အနှစ်-၁၀၀ |
| ၂၀-စေတီအမြင့် | ၁-ဂါဝုတ် | စေတီအများ | ၁-ယူဇနာ | စေတီအများ |
| ၂၁-ဘုရားအလောင်း | ခေမမင်း | ပဗ္ဗတမင်း | ဇောတိပါလ လုလင် | |
| ၂၂-ပါရမီဖြည့်ရာကာလ | .... .... | .... .... | .... .... | လေးသင်္ချေနှင့် ကမ္ဘာတသိန်း |

---

ဘုရားရှင်အသီးသီးတို့၏ ပါရမီဖြည့်ရာ ကာလများကို ရှာဖွေသောအခါ *ဤခရေပွင့်ပြရာ ဘုရားရှင်ခြောက်ဆူတို့၏ ပါရမီဖြည့်ရာကာလများကိုသာ ဗုဒ္ဓဝင်အဋ္ဌကထာ၌ ပြဆိုထားသည်ကို တွေ့ရ၏။

ကပ်ကမ္ဘာသည် (၁) သာရ (၂) မဏ္ဍ (၃) ဝရ (၄) သာရမဏ္ဍ (၅) ဘဒ္ဒဟူ၍ ၅-မျိုး ရှိသည်။ ထို ၅-မျိုးအနက် (၁) သာရ၌ ဘုရား ၁-ဆူသာပွင့်သည် (၂) မဏ္ဍ၌ ၂-ဆူ (၃) ဝရ၌ ၃-ဆူ (၄) သာရမဏ္ဍ၌ ၄-ဆူ (၅) ဘဒ္ဒ၌ ၅-ဆူ အသီးသီး ပွင့်တော်မူကြလေသည်။

ပ-မ-ဗ-သ-စ- ၁၂၈-၂၀-၂၆၅-၁၀,၀၀၀။

# အမှန်တရားထင်ရှားရမည်

လူ့သဘာဝစရိုက်ဆိုးများကို ပယ်ရှားပြီး စရိုက်ကောင်းများကို ဖော်ဆောင်မည့်

## တော်လှန်ရေးအစိုးရဗုဒ္ဓသာသနာအဖွဲ့မှ

## ပိဋကတ်မြန်မာပြန်များကိုဖတ်ပါ

မြန်မာစာဖတ်တတ်သူတိုင်း ဗုဒ္ဓရှင်တော်ဘုရား၏ နိကာယ်ငါး[illegible] ဖတ်ပါ[illegible]တော်

၅၂-ကျမ်းတို့ကို [illegible]ဖတ်ရှုနားလည်နိုင်ကြပြီ

# မြန်မာပြန်ကျမ်းများ

၁။ ဒီဃနိကာယ် (သုတ္တန်) ပါ၊ ဒု၊ ဟ (၃-ကျမ်း) ၃-အုပ်

၂။ မဇ္ဈိမနိကာယ် (သုတ္တန်) ။ (၃-ကျမ်း) ၃-အုပ်

၃။ သံယုတ္တနိကာယ် (သုတ္တန်) ။ (၅-ကျမ်း) ၃-အုပ်

၄။ အင်္ဂုတ္တရနိကာယ် (သုတ္တန်) ။ (၁[illegible]-ကျမ်း) ၃-အုပ်

၅။ ခုဒ္ဒကနိကာယ် (ကျမ်း ၃၀) မှ

ဝိနည်း (၅-ကျမ်း) ၅-အုပ်

အဘိဓမ္မာ (၇-ကျမ်း) ၄-အုပ်

အခြားသုတ္တန် (၁၄-ကျမ်း) ၈-အုပ်

အစိုးရဝန်ထမ်းများအား ဆင္ဃသံဂါယနာတင်ပါဠိတော် မြန်မာပြန် ကျမ်းစာအုပ်များကို အရစ်ကျဆပ်ငွေစနစ် ( **Instalment System** ) အရ ရောင်းချသည်။

---

ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီဝန်း—ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင်
(ဆဋ္ဌသံဂါယနာတင် ဝန်ဆောင်သံဃအဖွဲ့က တည်းဖြတ်ပြီး) ပုံနှိပ်ရေးအရာရှိချုပ် ဝဏ္ဏကျော်ထင်
ဦးချစ်ဟင် (မှတ်ပုံတင်အမှတ်-၀၁၂၂/၁၁၀၆) က ပုံနှိပ်ထုတ်ဝေသည်။